
www.burmeseclassic.com

လုံးချင်းဝတ္ထုဆိုစ

သိန်းမင်းစာပေ



# မုန်းရာလျှိုးဝေ

## နှလုံးသားကိုသက်သေပြုမယ်

www.burmeseclassic.com

www.burmeseclassic.com

ဘာသာပြန်ခွင့်ပြုချက်အမှတ် ၃၃၂/၂၀၀၀ (၅)
အဖုံးခွင့်ပြုချက်အမှတ် ၅၃/၂၀၀၁ (၁)
ပုံနှိပ်ခြင်း (ပထမအကြိမ်)
၂၀၀၁ ခုနှစ်၊
အုပ်ရေ ၅၀၀
တန်ဖိုး ၂၂၀ ကျပ်
ထုတ်ဝေသူ ဒေါ်ရွှေအိမ် (တိုင်းလင်းစာပေ)
အမှတ် ၈/၆၅၊ အုပ်စု (၃)၊
အောင်သိဒ္ဓိလမ်း၊ စော်ဘွားကြီးကုန်း၊
အင်းစိန်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ်သူ ဦးမြတ်ကျော် (မြတ်ကျော်ပုံနှိပ်တိုက်)
အမှတ် ၂၀၇၊ လမ်း ၃၀၊
ပန်းဘဲတန်းမြို့နယ်။
အဖုံးပုံနှိပ်သူ ဦးကျော်စိန် (၀၂၉၀၉)
ကျောက်စိမ်းအော့ဖ်စက်
၁၇၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

# မိုးလာလျှန်းဝေ

# နှလုံးသားကို သက်သေပြုမယ်

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ဇလပ်မြိုင်မှာ ဝင်းမွန်သီက ဒုတိယအကြိမ် ခြေချမိပါပြီ။ ပထမအကြိမ်နှင့် ဒုတိယအကြိမ်သည် အခြေအနေအရပ်ရပ် အားလုံးက မတူညီတော့ပါ။

ပထမအကြိမ် ဇလပ်မြိုင်မှာ ခြေချမိသည့် အချိန်က ဝင်းမွန်သီသည် ဇလပ်မြိုင်ရဲ့ အလုပ်သမားတစ်ဦးအနေဖြင့် ဇရပ်မြိုင်ကို ရောက်လာခြင်းပါ။

ထိုအချိန်က ဝင်းမွန်သီရဲ့ ရင်ထဲမှာ ကြည်လင်အေးမြနေခဲ့သည်။ စိတ်ထဲမှာ ရှင်းရှင်းလင်းလင်းနှင့် သာယာချမ်းမြေ့စွာ ဝင်လာခဲ့သည်။

ယခုဒုတိယအကြိမ် ဇလပ်မြိုင်ကို ဝင်ခဲ့သည့်ပုံစံက ဇလပ်မြိုင်ရဲ့ အရှင်သခင်အနေနှင့်ပါ။ ဇလပ်မြိုင်ရဲ့ ထိတ်လန့်မှု အတိတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပ်များက ပြန်ဝင်လာသော ဝင်းမွန်သီအပေါ်မှာ အရိပ်မည်းကြီးလို အုပ်မိုးလိုက်ပါသည်။

ဇလပ်မြိုင်ကို ရောက်ပြီး စိတ်ထဲမှာ ကြည်လင်ခြင်းမရှိဘဲ ချောက်ချားစိတ်တွေ စိုးမိုးနေသည်မို့ ဝင်းမွန်သီက တစ်စုံတစ်ယောက်ကိုမျှ ဖွင့်ဟပြောကြားခြင်းမရှိပါ။

မကြည်လင်၊ မရှင်းလင်းသော စိတ်နှင့် တစ်ယောက်တည်း ကြိတ်မှိတ်ခံစားလိုက်သည်။ ဇလပ်မြိုင်သို့ ရောက်ပြီး သုံးရက်မြောက်ခဲ့ပါပြီ။ ထိုသုံးရက်အတွင်းမှာ ဝင်းမွန်သီ ပျော်ရွှင်ခဲ့သည့် အချိန်က အလွန်နည်းပါးလှသည်။

* * *





## အခန်း (၂)

"မွန်းသီရေ ညနေကျရင် ဒေါ်မေရီရဲ့ ဘုရားကိုးဆူ ဖိတ်ထားတာ သွားလိုက်ဦးနော်"

ချစ်လင်ရဲ့ ရှပ်အင်္ကျီကြယ်သီးတွေကို တပ်ပေးရင်းကနေ ဝင်းမွန်သီက ပြန်မေးသည်။

"ဟင် မွန်သီတစ်ယောက်တည်း သွားရမှာလား ကိုနောင်ရော မလိုက်ဘူးလား"

"ညနေ အလုပ်တွေမအားဘူး လားဖြစ်ချင်မှ လာဖြစ်မယ် လာရင်လဲ မိုးချုပ်လိမ့်မယ်"

"မွန်သီတစ်ယောက်တည်း မသွားချင်ဘူး"

မျက်နှာလေးမသာမယာနှင့် ဝင်းမွန်သီက ပြောသည်။

"ဘာလို့လဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်မေရီတို့ဆိုတာ မွန်သီနဲ့ သိပ်စိမ်းတဲ့လူတွေပါ ပြီးတော့ သူတို့က မမမေမျိုးရဲ့ အပေါင်းအသင်းတွေလေ"

"သူတို့က မမမေရီရဲ့ အပေါင်းအသင်းတွေဖြစ်သလို ကိုနောင်ရဲ့ အသိမိတ်ဆွေတွေပါပဲ မွန်သီရယ် သူတို့အသိုင်းအဝိုင်းလဲ မွန်သီ ဝင်ဆံ့ရမှာပေါ့"

"ကောင်းပါပြီ ကိုနောင်က သိပ်ပြီးသွားချင်စေချင်ရင် မွန်သီ သွားလိုက်ပါ့မယ်"

"မွန်သီရဲ့ကားနဲ့ပဲ သွားလိုက်နော်"

"ဟုတ်ကဲ့"

စောနောင်က မကြည်မလင်ဖြစ်နေသော ဝင်းမွန်သီရဲ့ မေးဖျားလေးကို လက်ချောင်းတွေနှင့် ပင့်တင်ပြီး အကြည့်ချင်းဆုံလိုက်သည်။

"သိပ်ပြီး စိတ်ရှုပ်နေသလား မွန်သီ"

"ဟုတ်တယ်"

"ပတ်ဝန်းကျင်ကို ကြောက်မနေပါနဲ့မွန်သီရယ် ရဲရဲဝံ့ဝံ့ ရင်ဆိုင်လိုက်ပါ ချိုးမွှမ်းခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက်ပေါ့ကွာ"

"မမမေမျိုးရဲ့ ပတ်ဝန်းကျင်က ခုနစ်ရက်တည်းနဲ့ ကဲ့ရဲ့လို့ ဖြစ်မှာမဟုတ်ဘူး"

"ကဲပါ မိန်းမရယ် ဘယ်သူတွေဘာပြောပြော ဂရုမစိုက်နဲ့ သတ္တိတွေမွေးပြီး ရင်ဆိုင်လိုက်စမ်းပါ"





အလုပ်သွားခါနီး ခင်ပွန်းသည်ကို စိတ်မရှုပ်စေချင်၍ ဝင်းသီမွန်က ဘာမှထပ်မပြောတော့ပါ။ ဒါပေမယ့် စိတ်ထဲတွင် နောက်ကျိနေသည်။

"ကဲ ကိုနောင် သွားမယ် ကားအနားထိ လိုက်ပို့ဦးလေ"

"ဟုတ်ကဲ့"

"ဖေဖေ အလုပ်သွားတော့မလား"

အခြားအခန်းထဲက ကလေးတစ်ယောက် လှေကားဆီသို့ ဦးတည်နေသော စောနောင်ဆီသို့ ပြေးထွက်လာပါသည်။

"ဟုတ်တယ် သားလေးသွားတော့မယ်"

"အပြန်ကျရင် သားကို မုန့်တွေဝယ်ခဲ့နော်"

"ဝယ်ခဲ့မှာပေါ့ အိမ်မှာ ကောင်းကောင်းနေနော်"

"နေပါတယ် ဖေဖေရဲ့ သားက မမေသီကို ဒုက္ခမပေးပါဘူး"

"ဟုတ်ပြီ ဒါဆို ဖေဖေသွားမယ်"

သားဖြစ်သူရဲ့ပါးကို ငုံ့နမ်းပြီး အိမ်ဆင်ဝင်ဆီသို့ စောနောင်က သွားသည်။ ဝင်းမွန်သီနှင့် သားလေးဆန်ဆန်က စောနောင်ကို ကားအနားဆီသို့ လိုက်ပို့ပြီး လက်တပြပြနှင့် ကျန်ရစ်ခဲ့သည်။

"မမေသီ ဖေဖေက အရမ်းအလုပ်များတယ်နော်"

"ဟုတ်တယ်သားရဲ့ အဲ့ဒီအလုပ်တွေကို ဖေဖေပိုင်ထားတာ ကြာပြီလေ ဒါကြောင့် အခု အတိုးချပြီး လုပ်နေရတာ"

www.burmeseclassic.com



"ပုသိမ်မှာ နေရတာ သားသားပျော်တယ် ချောင်းသာကို သွားရတာလဲ ပျော်တယ်"

ဆန်ဆန်က ခြောက်လခန့် ပုသိမ်မြို့မှာ နေခဲ့သည်များကို သတိရ တမ်းတစွာ ပြောနေသည်။

"ဒီမှာက သားမှာအဖော်လဲမရှိဘူး"

"ဟိုဘက်ခြံက အတူး ရှိသားပဲ သားရယ်"

"အတူးအမေက သားနဲ့ အတူးကို သိပ်ပြီး ပေးမဆော့ဘူး"

ဝင်းမွန်သီစိတ်ထဲတွင် မကောင်းဖြစ်သွားရသည်။ လူကြီးတွေကြောင့် ကလေးအပေါ်မှာ ပတ်ဝန်းကျင်က နှိမ့်ချစွာ ဆက်ဆံမှုကို ဝင်းမွန်သီက စိုးရိမ်လှပါသည်။

အတူးရဲ့အမေသည် မေမျိုးရဲ့မိတ်ဆွေအပေါင်းအသင်းတွေပဲ မဟုတ်ပါလား။

"မမမေမျိုးရဲ့ အပေါင်းအသင်းတွေက ငါ့ကို အထင်သေးကြတယ် ဒါကြောင့် ဆန်ဆန်လေးကိုပါ အဲ့ဒီဂယက်က ရိုက်နေပြီလားမသိဘူး"

စိတ်အားငယ်တတ်ပြီး မကျန်းမာတဲ့ ဆန်ဆန်လေးကို နောက်ထပ် စိတ်ဆင်းရဲစရာတွေ မရှိအောင် ငါ ကာကွယ်ရမယ်"

"သူတို့အိမ်မှာ သွားကစားတာ မကြိုက်ရင် အတူးကို ဒီခေါ်ကစားပေါ့သားရယ်"

"ဟုတ်တယ် ခေါ်ကစားမယ်နော်"





"ခေါ်ကစားပေါ့သားရယ် ပြီးတော့ သားတို့စားချင်တာပြော မေမေသီ လုပ်ကျွေးမယ်"

"ရပါတယ် မေမေသီ ကျင်ကျင်ကို သားက လုပ်ခိုင်းမှာပေါ့"

"ဘာလဲ မေမေသီလုပ်ပေးတာ မကြိုက်လို့လား"

"မဟုတ်ပါဘူး မေမေသီ မောမှာစိုးလို့"

"ကြည့်စမ်း ဒီကလေး မေမေသီချစ်အောင် ပြောပြန်ပြီ"

ဝင်းမွန်သီက ဆန်ဆန်ကို ငုံ့နမ်းပြီး ချစ်စနိုးနှင့်ပြောသည်။

"သား ဒီဘက်ခြံကနေပဲ အတူးကို လှမ်းခေါ်လိုက်မယ်နော်"

"အေးပါသားရယ်"

ဆန်ဆန်က ဝင်းမွန်သီရဲ့အပါးမှ ပြေးထွက်သွားသည်။

"အရမ်းမပြေးနဲ့ ချော်လဲမယ်သား"

"ဟုတ်ကဲ့"

ဆန်ဆန်က တစ်ဖက်ခြံစည်းရိုးအစပ်ဆီသို့ ပြေးသွားသည့် အတူးကို ခေါ်လိုက်သည်။ အတူက ချက်ချင်း ပြေးလာသည်။

"ဘာလဲ ဆန်ဆန်"

"ငါတို့ခြံမှာ လာကစားပါလား မေမေသီက မုန့်ကျွေးမယ်တဲ့"

"နေဦး မေမေ့ရှိတယ် မေမေအလုပ်သွားမှ လာခဲ့မယ်"

"အေး ဒါဆို ငါစောင့်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



အတူးက ခပ်သွက်သွက်လေး ပြောပြီး ပြန်ပြေးသွားသည်။ ဆန်ဆန်က ဝမ်းသာကျေနပ်စွာ အိမ်ထဲပြန်ဝင်လာသည်။

"မေမေသီရေ အတူးက အန်တီအလုပ်သွားမှ လာမယ်တဲ့"

"အေးအေး သားစားဖို့ မေမေသီ မုန့်တင်းဖုတ်ပေးမယ်နော်"

"စပျစ်သီးခြောက် များများထည့်နော်"

"ထည့်ပေးမယ်"

ဝင်းမွန်သီက မီးဖိုဆောင်ထဲသို့ ဝင်လိုက်သည်။ ကျောင်ကျောင်နှင့် မီးဖိုထဲတွင် ချက်ပြုတ်လုပ်ကိုင်လိုက်သည်။

"ဒီအိမ်ကြီးက ဒေါ်မေမျိုးဆုံးပြီးမှ ထွက်ထွက်နေရတာ တစ်မျိုး ကြီးပဲ မမရယ်"

"အင်း"

အိမ်ကြီးကို ဝေဖန်နေ၍ ကျောင်ကျောင်ကို စကားတိုတိုနှင့်ပင် ထောက်ခံလိုက်သည်။

"အိမ်ကြီးက ကြီးလွန်းပြီး လူနည်းနည်းလေးနဲ့ဆိုတော့ မမတို့ ပြန်မလာခင် ခြောက်ချားလိုက်တာ"

ဧလပ်မြိုင်မှာဖြစ်ပြီးခဲ့သော ရုပ်ဆိုးအကျည်းတန်သည့် အဖြစ် များကို ကျောင်ကျောင်က အစဖော်နေပြီလားလို့ ဝင်းမွန်သီက စိုးရိမ် သွားသည်။

"ဘာကို ကြောက်နေတာလဲ ကျောင်ကျောင် အိမ်ကြီး ကြီးတာ ကြောက်စရာမှ မဟုတ်တာ"





"ဟုတ်ပါတယ် မမပြန်လာတော့ ကျောင်ကျောင်အားရှိသွားပါပြီ"

"ကိုနောင်က သူ့မိဘအမွေအနှစ်မို့ ဒီအိမ်ကြီးကို သိပ်ပြီး သံယောဇဉ်ရှိတယ် ပေါက်ကရတွေ လျှောက်မပြောနဲ့ သူကြိုက်မှာ မဟုတ်ဘူး"

"ဟုတ်ကဲ့ပါမမ နောက်ကို မပြောတော့ပါဘူး"

ဝင်းမွန်သီကိုယ်တိုင်က စိတ်ခြောက်ချားနေသဖြင့် ကျောင်ကျောင် ကြောင့် သူ့စိတ်တွေ ပိုပြီး ခံစားသွားရမှာစိုး၍ ကာကွယ်လိုက်ခြင်း ဖြစ်သည်။

ကျောင်ကျောင်ကို ကူပြီး ချက်ပြုတ်ပေးကာ အပေါ်ထပ်သို့ တက်ခဲ့သည်။ ပြောင်လက်နေသော ကျွန်းလှေကားကြီးကို တက်ရ ဆင်းရသည့်အခါတိုင်း ဝင်းမွန်သီရဲ့စိတ်ထဲမှာ မသိုးမသန့်ကြီး ဖြစ်ဖြစ်သွားရသည်မှာ သူ့ကိုယ်သူ အသိဆုံးပါ။

"ဒီအိမ်ကြီးမှာ ပြန်လာနေတာ ငါမှားပြီလား"

"ဧလပ်မြိုင်ရဲ့ အရိပ်ထဲကို ဝင်လိုက်တာနဲ့ ငါ့ရဲ့စိတ်ချမ်းသာမှု ပျော်ရွှင်မှုတွေ သိသိသာသာ လျော့သွားတယ်"

"ကိုနောင်က ဒီအိမ်ကြီးကို သိပ်မြတ်နိုးတာ ငါ့ရဲ့ ခံစားမှု တွေကို ပြောပြရင် ကိုနောင် ကြိုက်မှာမဟုတ်ဘူး"

"ဧလပ်မြိုင်ကို ပြန်မလာချင်ပေမယ့် သူ့ကို သိပ်ချစ်လို့ ငါလိုက်ခဲ့တာ မှားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်သက် သုံးလသာရှိသေးသော ဝင်းမွန်သီက ချစ်လင်ကို အလိုလိုက် အကြိုက်ဆောင်ခဲ့သည်။ စောနောင် စိတ်မချမ်းမြေ့မည့်ကိစ္စမှန်သမျှကို သူရှောင်ရှားခဲ့သည်။

လေပ်မြိုင်ကို သိပ်ပြီး သံယောဇဉ်ကြီးသော စောနောင်ကို လေပ်မြိုင်သို့ မပြန်ပါနှင့်လို့ မပြောရက်ပါ။

"ညနေကျရင်လဲ မတွေ့ချင်တဲ့လူတွေနဲ့ တွေ့ရဦးမယ်၊ စိတ်မောလိုက်တာနော်"

ဝင်းမွန်သီက သက်ပြင်းတစ်ချက်ရှိုက်ပြီး သူတို့အခန်းထဲသို့ ဝင်လာသည်။

အခန်းကို သန့်ရှင်းရေးလုပ်လိုက်သည်။ လှေကားနှင့်ကပ်လျက်ရှိသော အခန်းကို ဖြတ်လာရလေတိုင်း သူ့ရင်မှ မငြိမ်းချမ်းလှပါ။

"ကိုနောင်က ဘာလို့ မမမေမျိုးရဲ့အခန်းကို ပိတ်ထားလဲ မသိဘူး - သူမှမရှိတော့ဘဲ သူ့အဝတ်အစားတွေ အသုံးအဆောင်တွေ အားလုံး သူများကိုပေးလိုက်ရင်ပြီးရော"

မေမျိုးနေခဲ့သော အခန်းထဲမှာ မေမျိုးရဲ့ အငွေ့အသက်များ ရှိနေသေးသည်လို့ ခံစားမိသည်။ ထိုအငွေ့အသက်သည် သောကမျိုးစုံကို ဖန်တီးနေသည်လို့လည်း ထင်သည်။

ညနေစောင်းမှာ ဝင်းမွန်သီက ဘုရားကိုးဆူသွားရန် ရေမိုးချိုးပြင်ဆင်နေသည်။ ထိုစဉ်မှာ အခန်းထဲသို့ ဆန်ဆန်က ရောက်လာသည်။

"မေမေသီ လှလိုက်တာ ဘယ်သွားမလို့လဲ"





"ဘုရားကိုးဆူ ဖိတ်ထားလို့လေ"

"သား၊ ဂျာ လိုက်ရမလား"

"သား မလိုက်ပါနဲ့ကွယ် ဟိုမှာ လူကြီးတွေချည်းပဲရှိတယ်"

"ဒါဆို သားကစားလို့ မရဘူးပေါ့"

"မရဘူး ဘုရားရှိခိုးရမှာ"

"ဒါဆို နေခဲ့မယ်နော်"

"ကျင်ကျင်နဲ့နေခဲ့ပါသားရယ် မေမေသီ စောစောပြန်လာခဲ့မယ်"

"ဟုတ်ကဲ့ ဖေဖေက မလိုက်ဘူးလား"

"လိုက်လာမယ်ပြောတာပဲ"

ဝင်းမွန်သီက မှန်တင်ခုံပေါ်က ပိုက်ဆံအိတ်ကလေးကို ဆွဲပြီး အခန်းပြင်သို့ ဆန်ဆန်နှင့်အတူ ထွက်ခဲ့သည်။

"သား ကျင်ကျင်နဲ့ကောင်းကောင်းနေခဲ့နော်"

"ဟုတ်ကဲ့"

ဝင်းမွန်သီက စောနောင် သူ့အတွက် သီးသန့်ဝယ်ပေးထားသော ရူပါစလွန်းကားလေးနှင့် သိပ်မဝေးလှသော ဒေါ်မေရီရဲ့ အိမ်သို့ မောင်းထွက်လာသည်။

ဒေါ်မေရီရဲ့ ကျယ်ဝန်းသော ခြံကြီးထဲသို့ မောင်းဝင်လာပြီး ကားများရပ်ထားရာ နေရာမှာ ရပ်လိုက်သည်။ ကားပေါ်မှ ဆင်းပြီး ဝတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲမှာ ဧည့်သည်များနှင့် ပြည့်နှက်နေသည်။ မီးရောင်စုံအောက်က သူတို့ကို လှမ်းကြည့်ပြီး ဝင်းမွန်သီရဲ့ ရင်ထဲမှာ အားငယ်စိတ်တွေ ဖိတ်လျှံသွားသည်။

"ဒီလူတွေအားလုံးက မမမေမျိုးရဲ့ အပေါင်းအသင်းမိတ်ဆွေတွေပါပဲ"

"မမမေမျိုးကို သိပ်ခင်ကြတဲ့သူတွေက ငါ့ကို မမမေမျိုးနေရာမှာ အစားဝင်တာကို ကြည်ဖြူကြပါ့မလား"

စောနောင်နှင့်သူတို့ လက်ထပ်လိုက်သည့်အတွက် ဝေဖန်ရှုတ်ချပြစ်တင်သံတွေကို ဝင်းမွန်သီက နားမဆံ့အောင် ကြားခဲ့ရသည်။ သူ့ကို ဝေဖန်ခဲ့သည်မှာ သည်အသိုင်းအဝိုင်းပါ။

ဒါကြောင့် သူတို့တွေကို ရင်ဆိုင်ရမှာ ဝင်းမွန်သီ ရင်လေးလှပါသည်။

နောက်ကြောင်းပြန်လှည့်ချင်စိတ်ကို မနည်းကြီးပင် တားလိုက်ရသည်။

"ကိုနောင်က ငါ့ကို ပွဲတိုးစေချင်တယ် သူတို့အသိုင်းအဝိုင်းမှာ ဝင်ဆံ့စေချင်တယ် ဒါကြောင့် သတ္တိမွေးပြီး သူနဲ့ရင်ဆိုင်ရမှာပဲ"

အားငယ်နေသော သူ့စိတ်ဓာတ်တွေကို မာန်တင်းပြီး ဝင်းမွန်သီက ဧည့်သည်များ စုဝေးရာနေရာသို့ လျှောက်လာခဲ့သည်။ ချောချောငယ်ငယ်၊ ဝင်းဝင်းသွယ်သွယ်နှင့် ဝင်းမွန်သီကို ဒေါ်မေရီက ပထမဦးဆုံး သတိပြုမိသွားသည်။





"ဟော ဝင်းမွန်သီ တစ်ယောက်တည်းလား ကိုစောနောင် ပါဘူးလား"

"ဟုတ်ကဲ့ မမမေရီ ကိုနောင်က အလုပ်များလို့ သူမိုးချုပ်မှ ရောက်လာမယ်ပြောတယ်"

"ဝင်းမွန်သီရေ လာ ဘုရားအရင်ကန်တော့လိုက်ပါဦး"

ဘုရားကိုးဆူစင် ပြင်ဆင်ထားသော အခန်းဆီသို့ ဒေါ်မေရီက ဝင်းမွန်သီကို ခေါ်သွားသည်။ ဝင်းမွန်သီက ဘုရားကန်တော့ပြီး ဒေါ်မေရီခေါ်ဆောင်ရာ ခြံထဲသို့ ပြန်လိုက်လာသည်။

ဝင်းမွန်သီ ခြံထဲသို့ ဆင်းလာသည်ကို မျက်လုံးပေါင်းများစွာက အကြည့်အမျိုးမျိုးနှင့် ကြည့်နေကြသည်ကို ခံစားလိုက်ရသည်။ အချို့က ကြည့်ရုံမကသေး။ အချင်းချင်း တီးတိုးအတင်းပြောနေကြသည်ကို ဝင်းမွန်သီက တွေ့ရသည်။

ထိုမြင်ကွင်းကို မျက်စိကနေတစ်ဆင့် ရင်ထဲအထိ ရောက်မသွားအောင် တားဆီးလိုက်သည်။ ဘယ်သူတွေဘာတွေပြောပြော ပြောချင်တာပြောကြပါစေ သူဂရုမစိုက်ဘူး ဆိုသည်ကို ပြရပေတော့မည်။

"ငါဟာ ဘယ်လိုအပြစ်တစ်စုံတစ်ရာမှ မကျူးလွန်တဲ့အတွက် သိမ်ငယ်နေစရာ ကြောက်နေစရာမလိုပါဘူးလေ"

သူ့ကိုယ်သူ အားပေးပြီး ဝင်းမွန်သီက လူကုံထံဧည့်သည်လို့ သူတို့ကိုယ်သူတို့ ကြွားကြော်နေသော အုပ်စုနားသို့ ဝင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝင်းမွန်သီတို့ ပြန်လာတာ ကြားလိုက်တယ်"

"ဟုတ်ကဲ့ပါ ရန်ကုန်ပြန်ရောက်တာ သုံးရက်ပဲရှိပါသေးတယ်"

"ဒီမှာအမြဲနေတော့မှာပေါ့"

"ဟုတ်ကဲ့"

"အိမ်ကို မေမျိုး ပြင်ဆင်ထားတဲ့အတိုင်း လက်ရာမပျက် ရှိသေး တယ်နော်"

"ဟုတ်ကဲ့"

"မေမျိုးက အိမ်အလှဆင်တဲ့နေရာမှာ သိပ်တော်တာပဲ တို့တောင် မေမျိုးကို အတုယူရတယ်"

မေမျိုးရဲ့အကြောင်းတွေကိုသာ ထပ်တလဲလဲ ပြောနေသော မေမျိုးရဲ့အပေါင်းအသင်းတွေကို အပြုံးမပျက် မျက်နှာလေးနှင့် ဝင်းမွန် သီက ကြည့်နေသည်။

"မမမေမျိုးသာ မြင်တွေ့နေမယ်ဆိုရင် သူ့အပေါင်းအသင်း တွေ သူ့အပေါ် သိပ်ပြီး သံယောဇဉ်ရှိတာကိုတွေ့ပြီး ဝမ်းသာနေမှာပဲ"

"ဟုတ်တယ် ဝင်းမွန်သီ ပြီးတော့ သူ မဖြစ်ချင်တာတွေကို မြင်နေရပြီး စိတ်ဆင်းရဲရင် ဆင်းရဲနေမှာပါ"

အနှောင့်အသွားမလွတ်သော စကားများကို ဝင်းမွန်သီ မကြားဟန်ပြုလိုက်သည်။

"ဝင်းမွန်သီ ဒီမှာထိုင်ပါကွယ်"





အားလုံးထဲမှာ လိုက်လျောမှုများရှိနေသော ဒေါ်မေရီက ဝင်းမွန်သီကို ကုလားထိုင်အလွတ်တစ်ခုမှာ နေရာပေးသည်။ စားသောက်ဖွယ်ရာများနှင့် ဧည့်ခံကျွေးမွေးသည်။

"ဝင်းမွန်သီ တစ်ယောက်တည်းလား"

မေမျိုးရဲ့ အရင်းနှီးဆုံး အချစ်ခင်ဆုံး၊ သင်းသင်းကြူက ဝင်းမွန်သီရဲ့ စားပွဲသို့ ရောက်လာသည်။

"ဟုတ်ကဲ့ မမသင်း"

"ကိုနောင် ဘာလို့ မပါတာလဲ"

"အလုပ်မအားသေးလို့ နောက်မှ လိုက်လာမယ်တဲ့"

"ဘယ်လိုလဲ ဇလပ်မြိုင်မှာနေရတာ စိတ်ချမ်းသာရဲ့လား"

"ဟုတ်ကဲ့"

"ဇလပ်မြိုင်ကို ပြန်လာတော့ မေမျိုးကို သတိရကြမှာပဲနော် အထူးသဖြင့် ကိုနောင်က သတိရမှာပေါ့"

သွယ်ဝိုက်သောနည်းနှင့် သူစိတ်ဆင်းရဲအောင် ထိုးနှက်နေသော ပတ်ဝန်းကျင်မှနေ ဝင်းမွန်သီက ပြေးချင်စိတ်ပင် ပေါက်သွားသည်။

"မနေ့ကတောင် ကိုနောင်နဲ့ တွေ့ဖြစ်ကြသေးတယ်"

"ဩော်"

ကိုနောင် မနေ့ညက အိမ်ပြန်ရောက်ပြီး သင်းသင်းကြူနှင့် တွေ့ခဲ့သည့်အကြောင်းကို မပြောပါလားလို့ ဝင်းမွန်သီက တွေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ရုံးကို သင်းသင်းရောက်သွားတယ် ကားမပါလို့ ကိုနောင်က ပြန်လိုက်ပို့ပေးတယ်"

ဝင်းမွန်သီရဲ့ ရင်ထဲမှာ တစ်ဆို့ဆို့ကြီး ဖြစ်သွားသည်။

စားနေသော အစားအသောက်ကိုပင် ဆက်မစားနိုင်လောက်အောင် နင်သွားသည်။

"ကိုနောင်က သင်းသင်းကြူနဲ့ တွေ့ခဲ့တာကို ငါ့ကို ဘာလို့ မပြောတာလဲ"

ဝင်းမွန်သီရဲ့ ရင်ထဲသို့ သံသယအစွန်းအစလေး တိုးဝင်လာသည်။ သင်းသင်းကြူက စကားတစ်ခွန်းနှစ်ခွန်းပြောပြီး ဝင်းမွန်သီရဲ့အပါးမှ ထသွားသည်။

သူ့အနားက သင်းသင်းကြူ ထသွား၍ ဝင်းမွန်သီရဲ့ ရင်ထဲမှာ အနည်းငယ် စိတ်သက်သာရာ ရသွားသည်။ သင်းသင်းကြူ သွားလို့မှ မကြာသေး။ ဝင်းမွန်သီအနားသို့ တစ်ယောက် ရောက်လာပြန်သည်။

အသားလတ်လတ်နှင့် ယောကျ်ားတစ်ယောက်အတွက် ချောလွန်းနေသော မောင်မောင်တင်က ဝင်းမွန်သီအနားသို့ ရောက်လာသည်။ မိန်းမတွေကျလောက်သော အပြုံးနှင့် မောင်မောင်တင်က ဝင်းမွန်သီကို ပြုံးပြီး နှုတ်ဆက်သည်။

"တစ်ယောက်တည်းလား ဝင်းမွန်သီ"

ထပ်တလဲလဲကြားနေရသော မေးခွန်းကို ဝင်းမွန်သီက ဖြေလိုက်သည်။





"ဟုတ်ကဲ့"

"ကိုစောနောင်တို့မှာ ချောချောလှလှ ဇနီးအသစ်စက်စက်လေးကို တစ်ယောက်တည်း လွှတ်လိုက်တယ်ပေါ့"

"သူ မအားလို့ပါ နောက်ကလိုက်လာမှာပါ"

"ဟုတ်လား ဝင်းမွန်သီတို့ ပြန်ရောက်လာတာ ကြားတယ် ဆိုယ်လာလည်မလို့ပဲ မအားတာနဲ့ မရောက်လာဘူး"

မောင်မောင်တင်သည် အလွန်ချောသော ယောကျ်ားတစ်ယောက်ပါ။ ဒါပေမယ့် ဝင်းမွန်သီရဲ့ ရင်ထဲမှာ ဘာကြောင့်မှန်းမသိအောင် မောင်မောင်တင်ကို သဘောမတွေ့လှပါ။

"ကိုစောနောင်ကို တစ်ယောက်တည်း သိပ်လွှတ်မထားနဲ့နော် ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်လေ"

"အဲ့ဒီအတွက်တော့ မပူပါနဲ့ ကျွန်မယောကျ်ားကို ကျွန်မ ထိုးဝ စိတ်ချတယ်"

"သိပ်ပြီး စိတ်ချမနေနဲ့ ဟိုမှာ ကြည့်လိုက်ပါဦး"

မောင်မောင်တင် လှမ်းပြသည့်နေရာသို့ ကြည့်လိုက်သည်။ စောနောင် ရောက်လာသည်ကို သင်းသင်းကြူက အပြေးအလွှား သွားကြိုနေပါလား။

"တွေ့လား သင်းသင်းကြူ ခေါ်တဲ့နေရာမှာ သွားကိုင်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



စောနောင်ကို သင်းသင်းကြူက ဝင်းမွန်သီနှင့် အလှမ်းကွာသောသော စားပွဲမှာ ထိုင်ခိုင်းသည်။

သင်းသင်းကြူက ရေပက်မဝင်အောင် စကားတွေပြောဆိုနေသည်ကို ဝင်းမွန်သီက လှမ်းကြည့်နေသည်။

"သတိထားဦးနော် အဲ့ဒီလိုမျိုး မိန်းမတွေက ရှိသေးတယ်"

"ကိုမောင်မောင်တင်က လူကြီးလူကောင်းတစ်ယောက်ပါ ဒီလိုစကားမျိုးတွေ မပြောသင့်ပါဘူး"

"ကိုယ်က မင်းအတွက် စိုးရိမ်လို့ပါ ဝင်းမွန်သီ မင်းမကျွမ်းကျင်တဲ့ ပတ်ဝန်းကျင်ထဲ တိုးဝင်ပြီး ဒုက္ခရောက်မှာစိုးလို့ ကြိုသတိပေးတာပါ"

"ကျေးဇူးတင်ပါတယ် ကျွန်မမှာလဲ ဆင်ခြင်တွေးခေါ်တဲ့ အတွေးအခေါ်တွေ ရှိပါသေးတယ်"

"ကြည့် ကိုယ့်စေတနာကို ဝင်းမွန်သီက တစ်မျိုးထင်နေပြီ"

"ရပါတယ် ရှင့်စေတနာတွေ အလကားဖြစ်ကုန်လိမ့်မယ် ပြန်သိမ်းထားလိုက်ပါ"

"ကဲ ကိုယ့်ကိုခွင့်ပြုဦးနော် နောက်များမှ တွေ့ကြတာပေါ့ ကိုယ့်ကို မိတ်ဆွေရင်းချာတစ်ယောက်လို သဘောထားပါ ဝင်းမွန်သီ"

မောင်မောင်တင်ကို မနှစ်မြို့သော်လည်း ဝင်းမွန်သီက ယဉ်ယဉ်ကျေးကျေးပင် ဆက်ဆံလိုက်သည်။ မောင်မောင်တင်က သူ့စားပွဲမှ ထသွားသည်။





စောနောင်က သူ့ဆီပါမလာလို့ တမျှော်မျှော်နှင့် ရှိနေသော်လည်း စောနောင်က ရောက်မလာပါ။ သင်းသင်းကြူနှင့် စကားတွေပြောနေကြသည်။

သည်းခံနိုင်သည့်အတိုင်းအတာ ကုန်ဆုံးသွားသော ဝင်းမွန်သီက စားပွဲမှ ထလိုက်သည်။

ဒေါ်မေရီကို နှုတ်ဆက်ပြီး စောနောင်ရှိသည့် စားပွဲဆီသို့ လျှောက်လာခဲ့သည်။

"ဟော မွန်သီလာ"

စောနောင်ကွ သူ့ကိုတွေ့သည်နှင့် အနားက ခုံအလွတ်မှာ ထိုင်ခိုင်းသည်။

"ထိုင်လေ မွန်သီ"

"မွန်သီ ပြန်တော့မယ်ကိုနောင်"

"ကိုနောင်ပါ လိုက်မယ် ခဏစောင့်ဦးလေ"

"ကိုနောင်နေခဲ့ပါ မွန်သီရောက်နေတာကြာပြီ အိမ်မှာ သားကို စိတ်မချဘူး"

"ဒါဆိုလဲ သူပြန်နှင့်ပါစေလား ကိုနောင် သင်းကားမပါဘူး ကိုနောင်ပြန်လိုက်ပို့ပေးဦး"

"တခြားတစ်ယောက်ယောက်ကို ပို့ခိုင်းပါ သင်းသင်း ကိုယ် ငင်ဝန်းလာလို့ ပြန်ချင်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့် ကိုနောင်တို့က ကပ်စရာမရှိ ကပ်တယ် သူငယ်ချင်း အချင်းချင်း ဒီလောက်လေးတောင် မကူညီချင်ဘူး"

"သင်းသင်းကြူက နှုတ်ခမ်းစူပြီး ပြောသည်။

"ကဲပါကိုနောင်ရယ် နေခဲ့ပါ မွန်သီပြန်နှင့်မယ်"

ရဲတင်းပြီး အရှက်မရှိပါသော သင်းသင်းကြူကို အမြင်က... လာသဖြင့် ဝင်းမွန်သီက စာကားဖြတ်ပြီး လှည့်ထွက်ခဲ့သည်... ကားထဲထိုင်ပြီး စက်မနှိုးမီ စောနောင်မှာနောက်ကလိုက်လာ... မလားလို့ လှမ်းကြည့်သည်။ စောနောင်ကား ပင့်ကူအိမ်မှာ ငြိတွ... နေသော ပိုးကောင်လေးတစ်ကောင်လို သင်းသင်းကြူရဲ့အနား... ရုန်းမထွက်နိုင်ပါလား။

"ဟူး စိတ်မောစရာကြီးပါလား"

ပင့်သက်တစ်ချက်ကို လေးလေးဖင့်ဖင့် ချလိုက်ပြီး ကားစက်နှိုး... ဒေါ်မေရှိရဲ့ ခြံဝင်းထဲမှ မောင်းထွက်လာသည်။

* * *

အိမ်ပြန်ရောက်ပြီး သူ့အခန်းကို တန်း၍သွားသည်။ အဝ... အစားလဲနေစဉ်မှာ အခန်းတံခါးလေးဟပြီး ခေါင်းသေးသေး... ပြူဝင်လာသည်။





"ဟင် သား မအိပ်သေးဘူးလား"

"မအိပ်သေးဘူး မေမေမွန်လာတာ စောင့်နေတာ"

"မိုးချုပ်ပြီ အိပ်နှင့်ရောပေါ့သားရယ်"

"မေမေကမှ ပုံမပြောရသေးတာ သားမအိပ်သေးဘူးပေါ့"

ညစဉ် ပုံပြောသိပ်ရသည်။ သည်နေ့တော့ ဆန်ဆန်အိပ်နှင့် နေပြီထင်သော်လည်း မအိပ်ဘဲ စောင့်နေသဖြင့် ဝင်းမွန်သီက စိတ် မကောင်းဖြစ်သွားသည်။

"ကဲလာ မေမေပုံပြောသိပ်မယ်"

အသက်ခြောက်နှစ်အရွယ် ဆန်ဆန်လေးရဲ့ လက်ကိုဆွဲပြီး သူ့ အိပ်ခန်းဆီသို့ ခေါ်ခဲ့သည်။

ဝင်းမွန်သီက ခုတင်ပေါ်တွင် ဆန်ဆန်နှင့်အတူ လှဲအိပ်လိုက် သည်။ ပြီးတော့ ဆန်ဆန်ရဲ့ နူးညံ့ပျော့ပျောင်းသော ဆံနွယ်များကို ပွတ်သပ်ပေးလိုက်သည်။

"ကဲ ဒီနေ့ ဘာပုံပြောရမှာလဲ"

"စန်းဝိုက်နဲ့ လူပုလေးခုနစ်ယောက်အကြောင်း ပြောပြပါ"

"ဟာ အဲ့ဒီပုံကြီးက ရိုးနေပြီ ဟို ပုဂံခေတ်က သူရဲကောင်း ကြီး ကျန်စစ်သားအကြောင်း ပြောပြမယ်"

"ဟင့်အင်း အဲဒါ နားမထောင်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြုလို့လဲကွယ်"

"မေမေကပြောဖူးတယ် သားသားက ဘယ်တော့မှ သန့်မာတဲ့ ယောက်ျားတစ်ယောက် ဖြစ်လာမှာမဟုတ်ဘူးတဲ့"

"အဲ့ဒါနဲ့ ဘာဆိုင်လို့လဲကွယ်"

"ဟို မေမေကပြောသေးတယ်လေ သူ့ရဲကောင်းတွေကို အားမကျနဲ့ အပိုပဲတဲ့"

"သားရယ်"

ဝင်းမွန်သီက ရင်ထဲမှာ အလွန်နာကျင်သွားသည်။ နေမကောင်းသော သားသမီးအပေါ် ရက်ရက်စက်စက် ပြောသော မေမျိုးကို နားမလည်အောင် ဖြစ်သွားသည်။

ဆန်ဆန်ရဲ့ ရင်ထဲမှာ မေမျိုးပြောလိုက်သော စကားကဖျက်မရသော အစွဲကြီးတစ်ခုလို ဖြစ်နေသည်ကို ဝင်းမွန်သီက သိလိုက်သည်။

"မေမေက သားကို ချစ်လို့စတာပါကွယ်"

"မဟုတ်ဘူး ဟို မေမေက သားကို မချစ်ဘူး နင့်လို ရောဂါသည်ကို မွေးမိတာ ငါ သိပ်မှားတယ်လို့ ခဏခဏပြောတယ်"

"ခြော် သားရယ် ဖြစ်ရလေကွယ်"

မိခင်ရင်းဖြစ်ပါလျက် ထိုသို့ရက်ရက်စက်စက် ပြောသော မေမျိုးကို နားမလည်အောင် ဖြစ်သွားသည်။





"ကဲ အဲ့ဒါတွေ မေ့ထားလိုက် သားက အခု ကျန်းမာရေး ကောင်းနေပြီပဲ နောင်နှစ် ကျောင်းဖွင့်ရင် ကျောင်းတက်ရတော့မှာ"

"တကယ်လားဟင်"

"တကယ်ပေါ့သားရယ်"

"မေမေပြောပါဦး သားက ကြီးလာရင် သူ့ရဲကောင်းကြီး ဖြစ်နိုင်မလားဟင်"

"ဖြစ်မှာပေါ့သားရယ်"

"ဒါဆို ခဏနေဦးနော်"

ဆန်ဆန်က ခုတင်ပေါ်မှ ပြေးဆင်းသွားပြီး သူ့အရုပ်ဗီရိုကို ဖွင့်သည်။ အထဲမှ အရုပ်တွေကို မွှေနှောက်ရှာပြီး နိုင်ငံခြားက ဝိုက်ခေါ်သော သူ့ရဲကောင်းအရုပ်တစ်ခုကို ထုတ်လာသည်။

"အဲ့ဒီအရုပ်လေးကို သား ဝှက်ထားတာ"

"ဘာလို့လဲသားရယ်"

"အဲ့ဒီအရုပ်လိုချင်လို့ သား ပူဆာတော့ မေမေက ဝယ်လို့မရဘူးလို့ ဆိုပြီး ဝယ်မပေးဘူး"

"သားက ဘယ်မှာတွေ့ခဲ့လို့ ပူဆာတာလဲ"

"အတူးဆီမှာ တွေ့လို့ မေမေ့ကို ဝယ်ခိုင်းတာ မေမေက သားနေ့တိုင်း ပူဆာတော့ စိတ်ဆိုးပြီး သားကိုဆူတယ် ခေါင်းလဲ ခေါက်တယ် ပြီးတော့ စောစောကလို ပြောသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ယယ်ရွယ်နနယ်သော ကလေးကို နစ်နစ်နာနာ ပြောသော မေမျိုးကို ဝင်းမွန်သီက အံ့သြသွားသည်။

"မမမေမျိုးက တစ်ဖက်သားကို ရက်ရက်စက်စက်ပြောတတ်တဲ့ အကျင့်ရှိတာပဲ"

"ဖေဖေ့ကို ပူဆာတော့ ဖေဖေက ရအောင်ရှာဝယ်ပေးတာ ဒါကြောင့် မေမေမသိအောင် သား ဝှက်ထားတာ"

"ကဲ လာ သူရဲကောင်းပုံပြင် ပြောပြမယ်"

"ပြောနော် သား ဒီအရုပ်လေးကိုဖက်ပြီး နားထောင်မယ်"

ဝင်းမွန်သီက ပုဂံသူရဲကောင်းများအကြောင်းကို ဆန်ဆန်အား ပြောပြသည်။ ဆန်ဆန်က ပုံပြင်နားထောင်ရင်းနှင့် အိပ်ပျော်သွားသည်။

ဆန်ဆန်ကို သေချာစွာ စောင်ခြုံပေးခဲ့ပြီးမှ ဝင်းမွန်သီတာ သူ့အခန်းသို့ ပြန်ခဲ့သည်။ အခန်းထဲ ပြန်ရောက်ပြီး တော်တော် ကြာသည်အထိ စောနောင်က ပြန်မလာသေးပါ။

"ကိုနောင် ဘာလို့ နောက်ကျနေတာလဲ"

"ကိုမောင်မောင်တင်ပြောသလို သင်းသင်းအနားက ကိုနောင် မခွာနိုင်ဖြစ်နေပြီလား"

အပင့်အထောင် ကြားစကားများကြောင့် ဝင်းမွန်သီရဲ့ ရင်ထဲမှာ သံသယတစ်စွန်းတစ်စ ဝင်သွားသည်။ သိပ်ချစ်ရသော လင်ယောကျ်ား ကို စိတ်မချနိုင်အောင် ဖြစ်လာသည်။





ခုတင်ပေါ် လှဲပြီး အိပ်မပျော်ဘဲ အတွေး တစ်စစီ ပျံ့ကြဲနေသည်။ ဝင်းမွန်သီရဲ့ အတွေးရိုပ်က အတိတ်ဆီသို့ တရိပ်ရိပ်နှင့် ပြန်ပြေး သွားသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

ဝင်းမွန်သီသည် တစ်ဦးတည်းအားကိုးစရာဖြစ်သော ဖခင်ကြီး ကွယ်လွန်သွားပြီးနောက် မွေးချင်းများကလည်း မရှိ၍ ဆွေမျိုးသားချင်း တွေထံတွင် ခိုလှုံနေရသည်။

ဝိဇ္ဇာဘွဲ့ တစ်ခုလုံးကို ပိုင်ဆိုင်ထားပြီး အလုပ်ရှာဖွေနေရင်းနှင့် ဖခင်ကြီးက ကွယ်လွန်ခဲ့သည်။ ဆွေမျိုးသားချင်းများရဲ့ထံမှာ မှီခိုနေ ရင်းကနေ ဝင်းမွန်သီက အလုပ်ရှာသည်။

တစ်နေ့မှာ သတင်းစာထဲတွင် အလုပ်ခေါ်သည့် ကြော်ငြာ တစ်ခုကို တွေ့သည်။

မကျန်းမာသည့် ကလေးတစ်ယောက်ကို ပြုစုပေးပြီး စာပါ သင်ပေးရမည်ဆိုသော အလုပ်ပါ။

နေစရိတ် စားစရိတ်အပြီး– လစာကလည်း အလွန်သင့်တင့် ၍ ဝင်းမွန်သီက ထိုအလုပ်ကို လျှောက်ရန် စိတ်ဝင်စားသည်။





သတင်းစာထဲပါသော လိပ်စာအတိုင်း ဝင်းမွန်သီက ဇလပ်မြိုင် ဆိုသော အိမ်ကြီးကို ရောက်သွားသည်။ ထိုအိမ်ကြီးရဲ့ ခမ်းနားသော ဧည့်ခန်းမှာ အလုပ်ရှင် ဦးစောနောင်နှင့် တွေ့ဆုံသည်။

ဦးစောနောင် ကိုယ်တိုင်ကပဲ ဝင်းမွန်သီကို လူတွေ့ စစ်ဆေးသည်။

သိမ်မွေ့နူးညံ့သော ဝင်းမွန်သီကို မြင်မြင်ချင်း သဘောတွေ့ သွားသည်။

မကျန်းမာသော သူ့သားလေးအတွက် ဝင်းမွန်သီသည် အသင့် တော်ဆုံးဆိုတာ သိလိုက်သည်။

"ကောင်းပြီ မဝင်းမွန်သီ မင်းကို ဒီနေ့ပဲ အလုပ်ခန့်လိုက်ပြီ မနက်ဖြန်ကစပြီး ဒီကိုပြောင်းလာနေပါ"

"ကျွန်မ ပြုစုရမယ့် သင်ကြားပေးရမယ့် ကလေးကို တွေ့ချင် ပါတယ်"

"ဟုတ်သားပဲ ကိုယ်သဘောကျရုံနဲ့ မဖြစ်သေးဘူး သားလက်ခံ ဖို့လဲ အရေးကြီးတယ်"

စောနောင်က ထိုသို့ပြောပြီး သူတို့ရဲ့ အိမ်ဖော်မနီကို လှမ်း၍ အမိန့်ပေးလိုက်သည်။

"မနီရေ သားလေးဆန်ဆန်ကို ခေါ်ခဲ့ပါ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



မနီဆိုသော ပြည့်ပြည့်ဖြိုးဖြိုးနှင့် ကြည့်ပျော်ရှင်ပျော်ရှိသော အိမ်ဖော်က ကလေးကို သွားခေါ်ခဲ့သည်။

"ဖေဖေ သားကိုခေါ်လား"

မနီနှင့်အတူ ညှော်ခန်းဆီသို့ ရောက်လာသော ကလေးကို ဝင်းမွန်သီက စိတ်ဝင်တစား ကြည့်ကြည့်လိုက်သည်။ ကလေးက ပိန်လှီ၍ သေးသေးကွေးကွေး ဖြူဖတ်ဖြူရော်လေးပါ။

"ဒီမှာ သားနဲ့အတူနေမယ့် သားရဲ့ဆရာမလေး"

ဆန်ဆန်ကား မျက်လုံးလေးလှန်ပြီး ဝင်းမွန်သီကို စူးစူးစိုက်စိုက် ကြည့်နေသည်။

"သားလေး အန်တီ့ဆီကိုလာပါဦးကွယ်"

ဝင်းမွန်သီကား အချိုသာဆုံးအပြုံးတွေနှင့် ဆန်ဆန်ကို လှမ်းခေါ်လိုက်သည်။ ဆန်ဆန်က ဝင်းမွန်သီအနားသို့ မလာဘဲ သူ့ရဲ့ဖခင်အနားဆီသို့ ကပ်သွားသည်။ ဆန်ဆန်ကို ကြည့်ရသည်မှာ လူကြောက်သည့်ပုံစံပါ။

"လာပါဦး သားရဲ့နာမည် ဘယ်လိုခေါ်လဲဟင်"

ဆန်ဆန်က မပြောဘဲ ခေါင်းငုံ့ထားသည်။ ဝင်းမွန်သီက ထပ်ပြီးပြောသည်။

"သားကို မြင်မြင်ချင်း အန်တီက ချစ်သွားတယ်သိလား ဒါကြောင့် သားရဲ့နာမည်ကို သိချင်တာပဲ"

"သားကို တကယ်ချစ်လို့လား"





"သားက ချစ်စရာလေးဆိုတော့ ချစ်တာပေါ့"

"ဖေဖေ ဒီအန်တီက သားကို တကယ်ပြောနေတာလား"

"တကယ်ပေါ့သားရဲ့ ဒီအန်တီက မနက်ဖြန်ကစပြီး သားနဲ့ အတူတူလာနေတော့မယ်"

"ဟုတ်လားအန်တီ"

"ဟုတ်ပါတယ် သားရယ် သားနဲ့ အမြဲအတူတူနေဖို့ လာမှာပါ"

"သားကို ပုံပြောပြမှာလား"

"ပုံလဲပြောပြမယ် စာလဲသင်ပေးမယ်"

"သားက စာသင်လို့မရဘူး လို့ မေမေကပြောတယ်"

"ဘာဖြစ်လို့လဲ သားရယ်"

"ဟုတ်တယ် သားက သိပ်ဉာဏ်တုံးတယ်လို့ မေမေက ပြောတယ်"

"သားမေမေအကြောင်း ပြောမနေပါနဲ့သားရယ် သားကို ဖေဖေချစ်တယ် ပြီးတော့ ဒီအန်တီကလဲ သားကိုချစ်နေပြီပဲကွယ်"

"မေမေက သားကိုမချစ်ဘူး"

"ချစ်ပါတယ်ကွယ်"

"မချစ်ပါဘူး ဖေဖေရယ် မေမေ့အနားသွားရင် သားကို မေမေက အမြဲမောင်းထုတ်တယ် အော်တယ် တစ်ခါမှ သားကို မနမ်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



စောနောင်က သားကိုကြည့်ပြီး မျက်နှာက အလွန်ငြိုးကျသွားသည်။ ဝင်းမွန်သီရဲ့ ရင်ထဲမှာ ဆန်ဆန်ရဲ့စကားကို ကြားရပြီး နင့်ခနဲ နာကျင်သွားသည်။

နုနယ်သော သည်ကလေးကို ဘယ်လိုမိခင်မျိုးက ပစ်ပယ်ထားပါလိမ့်လို့ စိတ်မကောင်းစွာနှင့် တွေးသည်။

"ကဲပါသားရယ် မေမေ့အကြောင်းမပြောနဲ့တော့ နောက်နေ့ကစပြီး အန်တီက သားအနားမှာ ရှိနေမယ် သားလုပ်ချင်တာ အကုန်လုံး လုပ်ပေးမယ် ပြီးတော့ သားကိုလဲ ချစ်မယ်တဲ့"

"အန်တီကခုပဲ သားနဲ့နေပါလား"

"ဒီနေ့ အိမ်ကိုပြန်ရဦးမယ်သားရယ် အန်တီရဲ့ အဝတ်အစားတွေ ပြန်ယူရဦးမယ် မနက်ဖြန်ကျရင် အန်တီ ဆက်ဆက်လာမယ် စိတ်ချပါကွယ်"

"အန်တီ မညာနဲ့နော်"

"အင်းပါသားရယ် အန်တီလာရင် သားအတွက် မုန့်ဝယ်လာမယ်နော်"

"ဟုတ်ကဲ့ သားက ဆီးထုပ်စားချင်တာ"

"ဆီးထုပ်က သားနဲ့မတည့်ဘူးလေ အန်တီကို မပူဆာရဘူးသား"

"သားက ဆီးထုပ်ပဲစားချင်တာ ဖေဖေ"

"သားနဲ့တည့်တာ အန်တီဝယ်လာပါ့မယ်ကွာ"





ဆန်ဆန်ကို ချော့မော့ပြီး ဝင်းမွန်သီက နှုတ်ဆက်ထွက်လာသည်။ ဆန်ဆန်လေးကို မြင်မြင်ချင်း သနားကရုဏာသက်သွားသည်။ နုနုငယ်ငယ်နှင့် မကျန်းမာသော ကလေး၊ ဘယ်လိုအတွက်ကြောင့် မိခင်က ကြင်နာယုယမှုရော မေတ္တာဖြ မပေးနိုင်ရသည်လဲ။

ဝင်းမွန်သီက အစ်မဝမ်းကွဲအိမ်သို့ ပြန်လာသည်။ အလုပ်ရတဲ့အကြောင်း ပြောပြပြီး သူ့အဝတ်အစားနှင့် အသုံးအဆောင်ပစ္စည်းများကို သေတ္တာထဲ စီစီရီရီ ထည့်လိုက်သည်။

* * *

နောက်တစ်နေ့နံနက်မှာ အငှားကားဖြင့် ဖလပ်မြိုင်သို့ ဝင်းမွန်သီ ထွက်လာခဲ့သည်။ အိမ်ရဲ့ ဆင်ဝင်အောက်မှာ တက္ကစီကို ရပ်ခိုင်းပြီး ကားပေါ်က ပစ္စည်းတွေကို ချကာ ငွေရှင်းပေးသည်။

အုတ်လှေကား ငါးထစ်ကိုတက်ပြီး လူခေါ်ဘဲလ်ကို တီးလိုက်သည်။ အိမ်ထဲကနေ အသားညိုညို ပိန်ပိန်ပါးပါး အိမ်ဖော်တစ်ယောက် ထွက်လာသည်။

"မဝင်းမွန်သီထင်တယ်"

"ဟုတ်ပါတယ် ဦးစောနောင်ရှိလား မသိဘူး"

"ရှိပါတယ် ဧည့်ခန်းထဲမှာ စောင့်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ထိုအိမ်ဖော်အမျိုးသမီးက ဝင်းမွန်သီရဲ့ သေတ္တာကို လာကူဆွဲသည်။

"ရပါတယ် ကျွန်မနိုင်ပါတယ်"

"ဦးစောနိုင်နဲ့ စကားသွားပြောပါ ဒီသေတ္တာကို မဝင်းမွန်သီရဲ့ အခန်းထဲမှာ ထားလိုက်ပါ့မယ်"

ထိုအမျိုးသမီးက အသံပြတ်ပြတ်နှင့်ပြောပြီး သွက်လက်စွာ ဝင်းမွန်သီရဲ့ သေတ္တာကို ဆွဲယူသွားသည်။ ညှော့ခန်းထဲမှာ စောင့်နေသည်ဆိုသော စောနောင်ထံသို့ ဝင်းမွန်သီ လာခဲ့သည်။

"သားလေးက ဝင်းမွန်သီလာမယ်ဆိုလို့ မနက်ကတည်းက မျှော်နေရှာတယ်"

"ဟုတ်ကဲ့ ဆန်ဆန်ကို ကျွန်မသွားတွေ့လိုက်ပါ့မယ် သူ့အခန်းကို ပြပေးပါ"

"ပထမဦးဆုံး မင်းနေမယ့်အခန်းကိုကြည့်ပါ ပြီးမှ သားဆီသွားကြရအောင်"

ဧလပ်မြိုင်သည် ကျယ်ဝန်းသော သုံးထပ်တိုက်ကြီးပါ။ အထဲရောက်မှ ခမ်းနားထည်ဝါသော ဧလပ်မြိုင်ရဲ့ အရှိန်အဝါကို ဝင်းမွန်သီက တွေ့မြင်ရသည်။

"ဧလပ်မြိုင်ရဲ့ အရှင်သခင်တွေက အတော်ချမ်းသာတာပဲ"





အိမ်ရှင်တွေကို အထင်ကြီးစွာ တွေ့သည်။ ဧလပ်မြိုင်ထဲ ရောက်လာပြီး ဝင်းမွန်သီက သူ့ကိုယ်သူ ပို၍ သိမ်ငယ်သွားသလို ခံစားလိုက်ရသည်။

ညှော့ခန်းရဲ့ အနောက်ဘက် များပြားလှသော အခန်းတွေကို တံခါးပိတ်လျက်သား ဝင်းမွန်သီက တွေ့ရသည်။ အခန်းတံခါးတစ်ချပ် ပွင့်နေသော အခန်းရှေ့မှာ စောနောင်က ရပ်လိုက်သည်။

"ဒါ မင်းအခန်းပဲ"

"ဩော် ဟုတ်ကဲ့"

"ဝင်ကြည့်ဦးလေ"

"ဟုတ်ကဲ့"

ဝင်းမွန်သီက အခန်းထဲ ဝင်ကြည့်စဉ် စောနောင်က အခန်းတံခါးဝမှာပဲ စောင့်နေသည်။ ခုတင်နှင့်တကွ အသုံးအဆောင်ပစ္စည်းအားလုံး ခေတ်မီသပ်ရပ်စွာ ပြင်ထားသည်ကို တွေ့ရသည်။

အဝတ်ဗီရိုရဲ့ ရှေ့မှာ သူ့ရဲ့ သားရေ သေတ္တာလေးကို ချထားသည်။

အခန်းကို ခပ်သွက်သွက်လေး ဝေ့ဝဲကြည့်သည်။

"ငါ့လို အလုပ်သမားတစ်ယောက်အတွက် အတော်ခမ်းခမ်းနားနား ပြင်ပေးထားတာပဲ သူတို့အခန်းတွေဆိုရင် ဒီထက် အများကြီးသာနေပြီး ဘယ်လောက်လှနေမယ် မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရပ်စောင့်နေသော စောနောင်ကို အားနာပြီး ခပ်သွက်သွက်လေး အခန်းထဲမှ ပြန်ထွက်လာသည်။ သူ့ကို တည့်တည့်မတ်မတ်ကြည့်ပြီး စောနောင်က မေးသည်။

"ဘယ်လိုလဲ အခန်းကိုကြိုက်ရဲ့လား"

"ဟုတ်ကဲ့ပါ"

"ဒါဆိုလာ မင်းအခန်းနဲ့ ကပ်လျက် ဒီအခန်းက သားရဲ့ အခန်းပဲ"

"ဟုတ်ကဲ့"

စောနောင်က စေ့ထားသော တံခါးကို သာသာလေး တွန်းဖွင့်လိုက်သည်။ အခန်းဝကနေ စောနောင်နှင့် ဝင်းမွန်သီက အခန်းထဲသို့ ကြည့်သည်။

အခန်းရဲ့ ပါကေးကြမ်းပြင်ပေါ်မှာ ဆန်ဆန်က ထိုင်ပြီး သူ့ဘေးပတ်လည်မှာ ကစားစရာများ ပြန့်ကြဲနေသည်။ ဘက်ထရီနှင့်သွားသော ကားလေးကို ဆော့ကစားနေသည်။ အခန်းဝတွင် ရောက်နေသူများကို ဆန်ဆန်က မတွေ့ပါ။

"သားလေး"

စောနောင်က ကြင်နာမှုပြည့်ဝသော အသံနှင့်ခေါ်သည်။ ဆန်ဆန်က လှမ်းကြည့်သည်။ ဝင်းမွန်သီကိုတွေ့တော့ သူ့မျက်နှာလေးက ကြည်လင်ဝင်းပသွားသည်။

"ဟာ အန်တီ"





ဝင်းမွန်သီတို့အနားသို့ ပြေးလာသည်။ ဖခင်ရဲ့လက်ကိုဖက်ပြီး ဝမ်းသာအားရ ပြောသည်။

"ဖေဖေက သားအတွက် တကယ်ပဲ အန်တီကို ခေါ်လာခဲ့တယ်နော်"

"အင်းပေါ့ သားကို ကတိပေးထားတာ ဖေဖေက ဘယ်ဖျက်မလဲကွာ"

"ဒါကြောင့် သားက ဖေဖေ့ကိုချစ်တာ"

ဖခင်ရဲ့လက်ကို ရွှတ်ခနဲ နမ်းလိုက်သည်။ စောနောင်က သားကို ကောက်ယူပွေ့ချီလိုက်သည်။

"သားနဲ့အတူနေဖို့ ဖေဖေက ဒီအန်တီလေးကို ခေါ်ပေးတာနော် အန်တီ့စကားကို သားနားထောင်ရမယ် စိတ်ညစ်အောင် မလုပ်ရဘူးနော်"

"ဟုတ်ကဲ့ ဖေဖေ"

"ဒါဆို ဖေဖေသွားမယ်၊ အလုပ်က ပြန်ရင် ဘာဝယ်လာရမလဲ"

"သားအတွက် စစ်သားအရုပ်တွေ ဝယ်ခဲ့နော်"

"အင်း ဝယ်ခဲ့မယ် ဖေဖေသွားမယ်နော်"

ဆန်ဆန်ရဲ့ပါးကို တစ်ချက်နမ်းပြီး ကြမ်းပြင်ပေါ် ပြန်ချပေးသည်။

စောနောင်က ဝင်းမွန်သီကိုပါ တစ်ခါတည်း နှုတ်ဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်သွားမယ် သားအတွက် အစားအသောက်ကိစ္စရော အစစအရာရာ မင်းကို တာဝန်ပေးလိုက်ပြီး မင်းကြိုက်သလို စီစဉ်နိုင်ပါတယ်"

"ဟုတ်ကဲ့"

စောနောင်က ပြောဆိုမှာကြားပြီး ထွက်သွားသည်။ ဝင်းမွန်သီက ဆန်ဆန်ရဲ့လက်ကိုဆွဲပြီး အခန်းအလယ်သို့ ခေါ်ခဲ့သည်။

"သားက တစ်ယောက်တည်း ကစားနေတာလား"

"ဟုတ်တယ် သားမှာ အဖော်မှမရှိတာ"

"ဒါဆို အန်တီအဖော်လုပ်ပေးမယ် ကစားမလား"

"ကစားမယ်"

"ဘာတမ်းကစားမှာလဲ"

"စစ်တိုက်တမ်း"

"သားက စစ်တိုက်တတ်လို့လား"

"တိုက်တတ်တာပေါ့ သားက စစ်ဗိုလ်ကြီးပဲ"

"ဒါဆို အန်တီက ဘာလုပ်ရမလဲ စစ်သားလုပ်ရမလား"

"ဟင့်အင်း ရန်သူလုပ်"

"ဩော် ဒါဆို သားနဲ့အန်တီက တစ်ဖက်ဆီ စစ်တိုက်ရမယ်ပေါ့"

"အင်း"





"အင်းလို့ မပြောရဘူးလေ လူကြီးတွေနဲ့ စကားပြောရင် ဟုတ်ကဲ့လို့ပဲ ပြောရတယ်"

"ဟုတ်ကဲ့အန်တီ"

"ကဲ တစ်နှစ်သုံး စပြီးတိုက်မယ်"

"နေဦးလေ အန်တီရဲ့ အန်တီလဲ သေနတ်တစ်ခုယူလေ"

ဝင်းမွန်သီကို မတ်ခဲနှင့် ကစားရသော သေနတ်တစ်လက်ပေးသည်။

"ဒီမှာကြည့် ဒီခလုတ်လေးကို ညှစ်လိုက်တာနဲ့ အသံထွက်လာတယ် သိလား"

"ဟုတ်လား"

"လာအန်တီ ကစားကြမယ်"

"ဘယ်လိုကစားရမလဲ ပြောဦးလေ"

"အန်တီက ပုန်းလေ သားက သေနတ်နဲ့ လိုက်ပစ်မယ်"

"ဟုတ်ပြီ ပုန်းပြီ"

ဝင်းမွန်သီက အခန်းတံခါးကွယ်အနောက်မှာ ဝင်ပုန်းသည်။ ဆန်ဆန်က သေနတ်နဲ့ လိုက်ပစ်သည်။

"ဒိုင်း ဒိုင်း ဒိုင်း အန်တီသေနတ်နဲ့ထိပြီလေ လဲတော့"

"လဲလိုက်ရတော့မလား"

"ကျည်ဆန်ထိသွားပြီလေ လဲတော့"

"လဲပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဝင်းမွန်သီက ကြမ်းပြင်ပေါ် လှဲချလိုက်သည်။ ဆန်ဆန်က သဘောကျစွာ ထခုန်သည်။

"ရန်သူသေသွားပြီဟေ့ ရန်သူသေသွားပြီ"

ဝင်းမွန်သီက ရယ်မောပြီး ထလိုက်သည်။ ဆန်ဆန်နှင့် နာရီဝက်လောက်အကြာ ကစားပြီး ဆန်ဆန်က မောသွားသည်။

"ဆန်ဆန်လေးကြည့်ရတာ ဖြူဖပ်ဖြူရော်နဲ့ တခြားကလေးတွေလိုတောင် ကြာကြာမကစားနိုင်ရှာပါလား"

ချွေးတွေနှင့် အင်္ကျီက ရွဲနစ်နေ၏။ ဝင်းမွန်သီက ဆန်ဆန်ကို အင်္ကျီလဲပေးလိုက်သည်။ နံနက်စာ စားချိန်မှာ ကျင်ကျင်က လာခေါ်သည်။

ဆန်ဆန်လေးနှင့်အတူ နံနက်စာကို စားကြသည်။ ဧလပ်မြိုင်ကို ရောက်နေသည်မှာ နေ့ဝက်ရှိသွားပြီဖြစ်သော်လည်း ဆန်ဆန်ရဲ့မိခင်ကို မတွေ့သေးပါ။

* * *





## အခန်း (၄)

သည်နေ့ ဆန်ဆန်နှင့် စတွေ့ရသည့်နေ့မို့ စာမသင်သေးပါ။ ဆန်ဆန်သူ့ကို ခင်မင်ရင်းနှီးအောင် အလျင်ကြိုးစားခြင်းပါ။

ဆန်ဆန်သည် ဘယ်လိုကလေးမျိုးလဲဆိုတာ သူ ပထမ လေ့လာရဦးပါမည်။ စောနောင်က ဆန်ဆန်ကို မှတ်ဉာဏ်ရည်နည်းသော ကလေးလို့ ပြောခဲ့သည်။ ဆန်ဆန်သည် ဉာဏ်ရည် ဘယ်လောက်ရှိသလဲဆိုတာကို သိအောင် လေ့လာရပါဦးမည်။

ထမင်းစားသောက်ပြီး ဆန်ဆန်က ကစားနေသေးသည်။ နေ့လယ်ဘက်မှာ ဝင်းမွန်သီက ဆန်ဆန်ကို အိပ်ခိုင်းသည်။ ဆန်ဆန် အိပ်နေစဉ်မှာ ဆန်ဆန်ရဲ့အခန်းကို ရှင်းသည်။ ကစားစရာအရုပ်များကို စနစ်တကျ သိမ်းပေးထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇလပ်မြိုင်ဂေဟာရဲ့ ကျယ်ဝန်းသော အိမ်တွင်းကို လှေ့လာ အကဲခတ်ချင်သော်လည်း ဝင်းမွန်သီက မပြုလုပ်ပါ။ သူ့အတွက် သတ်မှတ်ထားသောအခန်း ဆန်ဆန့်ရဲ့အခန်း ပြီးတော့ ထမင်းစား ခန်းကလွဲ၍ အခြားအခန်းများသို့ မသွားရဲပါ။

အိမ်သာရေချိုးခန်းကလည်း အိပ်ခန်းတွေနှင့် တွဲလျက်မို့ အခြားနေရာသို့ သွားစရာမလိုပါ။ ဆန်ဆန့်ရဲ့ ကစားစရာတွေကို ရှင်းပြီး အခန်းထဲမှာပဲ ခဏနားနေသည်။

ဆန်ဆန်က အိပ်ရာမှ ပြန်နိုးလာသည်။ ဝင်းမွန်သီက ဆန်ဆန့်ရဲ့ ခုတင်အနားသို့ လျှောက်သွားသည်။

"နိုးပြီလားဆန်ဆန်"

"ဟုတ်ကဲ့"

လူကြီးတွေကို အင်းလို့ မပြောဘဲ ဟုတ်ကဲ့ဟု ဖြေရမည်ကို ဝင်းမွန်သီက သင်ခဲ့သည်။ ဆန်ဆန်က သူသင်ထားသည်ကို မှတ်မိ နေ၍ ဝင်းမွန်သီက ပျော်သွားသည်။

"ဆန်ဆန်က မဆိုးဘူး မှတ်ဉာဏ်ကောင်းတယ်"

"သားက ဉာဏ်မကောင်းပါဘူး"

"ဆန်ဆန့်ကို ဘယ်သူက အဲ့လိုပြောလို့လဲ"

"မေမေလေ မေမေပေါ့ သားကို သိပ် ဉာဏ်ထိုင်းတယ်တဲ့ သားကို သင်လို့မရရင် မေမေက စိတ်ဆိုးပြီး ခေါင်းခေါက်တယ် ငတုံးငအလို့ ခေါ်တယ်"





ဆန်ဆန်က ပီပီသသနှင့် သူပြောခံရသည့် စကားကို ပြန်ပြော သည်။ ဆန်ဆန့်စိတ်ထဲတွင် မိခင်ပြောခဲ့သော စကားကို စွဲနေသည် ဆိုတာ ရိပ်စားမိသည်။

"သားရယ် မေမေကချစ်လို့ သားကို ကျိစားတာနေမှာပါကွယ်"

"မဟုတ်ပါဘူး မေမေက သားကို သိပ်မုန်းတယ် နင့်လို ရောဂါသည်ကို မွေးမိတာ ငါသိပ်မှားတယ်လို့ ပြောဖူးတယ်"

ဝင်းမွန်သီက ဆန်ဆန်အတွက် ရင်ထဲမှာ နင့်အောင် ခံစား လိုက်ရသည်။

မိခင်ရဲ့ အမှတ်တမဲ့ပြောလိုက်သောစကားက ကလေးရဲ့ ရင်ထဲမှာ မပျောက်ကင်းသော ဒဏ်ရာဖြစ်နေပါလား။

"ဖေဖေကပဲ သားကိုချစ်တယ် မေမေက လုံးဝ မချစ်ဘူး"

"ကဲပါသားရယ် အဲ့ဒါတွေမပြောနဲ့တော့ အိပ်ရာထပြီးရင် ခါးစပ်ဆေးပြီးတော့ မုန့်စားမယ် ဟုတ်လား"

"ဟုတ်ကဲ့"

ဝင်းမွန်သီက ဆန်ဆန်ကို ပါးစပ်ဆေးပေးသည်။ ပြီးတော့ ထမင်းစားခန်းကို သွားရန်ဖြစ်သည်။

"ကဲ ထမင်းစားခန်းမှာ သွားပြီး မုန့်စားကြမယ်နော်"

"ဟင့်အင်း မသွားဘူး ဒီမှာစားမယ်"

"ဘာဖြုလို့လဲ ဆန်ဆန်"

www.burmeseclassic.com



"မေမေက သားကို ဒီအခန်းမှာပဲ ထမင်းရောမုန့်ရော စားရမယ်တဲ့"

"ဟုတ်လား ဒါဆို အန်တီသွားယူပေးမယ်နော်"

ဇလပ်မြိုင်ရဲ့ အိမ်ရှင်မ ချမှတ်ထားသော အမိန့်ကို ဝင်းမွန်သီက မလွန်ဆန်ချင်ပါ။ ဘာကြောင့် ဆန်ဆန်ကို ထမင်းစားခန်းထဲ မစားစေချင်ကို တွေး၍မရပါ။

ထမင်းစားခန်းဆီသို့ ဝင်းမွန်သီက လျှောက်လာခဲ့သည်။ ကျင်ကျင်ကို ထမင်းစားပွဲကြီးပေါ်မှာ လင်ပန်းတစ်ချပ်ပေါ်တွင် စားသောက်ဖွယ်ရာများ ပြင်ဆင်နေသည်ကို တွေ့ရသည်။

"ဟင် မမက ကိုယ်တိုင်လာယူတာကိုး"

"ဟုတ်တယ် ဒီလာစားမလို့ အဲ့ဒါကို ဆန်ဆန်က သူ့အခန်းမှာပဲ စားရမယ်ဆိုလို့ လာယူတာ"

"ဟုတ်တယ် မမကြီးက ဆန်ဆန်ကို ထမင်းစားခန်းထဲမှာ စားတာ မကြိုက်ဘူး"

"ဘာပြုလို့လဲဟင်"

"ဆန်ဆန်က ထမင်းစားရင် သပ်သပ်ရပ်ရပ်မရှိဘူး၊ ထမင်းစေ့ ပေပွပြန့်ကြဲနေတာပဲ ညစ်ညစ်ပေပေဖြစ်လို့ ညည့်သည်တွေရှိတဲ့အခါ သရုပ်ပျက်တယ်ဆိုပြီး အခန်းထဲမှာပဲ စားခိုင်းတယ်"

"အခန်းက အကျယ်ကြီးဆိုတော့ အခန်းထောင့်တစ်နေရာမှာ ထမင်းစားပွဲကို စီစဉ်ပေးလို့ အဆင်ပြေပါတယ်"





"ကောင်းပါပြီကွယ် ကျင်ကျင် အဲ့ဒီစားပွဲမှာပဲ ဆန်ဆန်ကို ကျွေးလိုက်မယ်နော်၊ မနက်တုန်းက မမမသိလို့ ဒီအခန်းထဲ ဆန်ဆန့်ကို ခေါ်လာမိတာ ခွင့်လွှတ်ပါ"

"မမကြီးအိမ်မှာမရှိလို့ ကျင်ကျင်ကပဲ ဘာမှမပြောလိုက်တာပါ"

"ဆန်ဆန့်အမေက အိမ်မှာမရှိဘူးလား"

"မိုးလင်းကတည်းက ဖြီးလိမ်းပြင်ဆင်ပြီး ထွက်သွားတယ်"

"ထမင်းစားပြန်မှာပေါ့နော်"

"ဟင့်အင်း အဲ့ဒီလိုထွက်သွားပြီး များသောအားဖြင့် ညမိုးချုပ်မှပဲ ပြန်တတ်တယ်"

"တစ်နေကုန် တစ်နေခန်း အပြင်ထွက်တယ်ဆိုတော့ ဆန်ဆန့်အမေက အလုပ်လုပ်တယ်ထင်ပါရဲ့"

ဇလပ်မြိုင်ရဲ့သခင်မအကြောင်းကို သိချင်စိတ်တွေ ရှိနေသော်လည်း ကျင်ကျင်ကို ထပ်ပြီး မမေးရဲပါ။ ကျင်ကျင်က သူ့ကို အလွန်စပ်စုသည်လို့ ထင်သွားမှာ မလိုလားပါ။

ဆန်ဆန့်အတွက်ရော သူ့အတွက်ပါ ပြင်ဆင်ထားသော စားသောက်ခန်းကို ဝင်းမွန်သီက ယူလိုက်သည်။

"ဒါတွေ မမယူသွားမယ်နော် စားပြီးရင် ပြန်လာပို့မယ်"

"ရပါတယ် ကျွန်မလာသိမ်းပါ့မယ်"

"မမလာပို့တော့ ကျင်ကျင်အလုပ်သက်သာတာပေါ့ကွယ် လာပို့ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့စွာ ပြောဆိုဆက်ဆံမှုဖြင့် ကျင်ကျထံမှုလည်း ခင်မင်ရင်းနှီးမှုကို ရယူလိုက်သည်။ ထမင်းစားခန်းမှ ဝင်းမွန်သီက ထွက်လာသည်။ ဆန်ဆန်ရဲ့အခန်းမှာ ဆန်ဆန်ကို ကျွေးရင်းနှင့် သူပါစားသောက်သည်။

စားသောက်ပြီး ဆန်ဆန်က ကစားပြန်သည်။ ဝင်းမွန်သီက ဆန်ဆန်ကို ရေမိုးချိုး အဝတ်အစားလဲပေးသည်။

"အန်တီ ခြံထဲသွားမယ်"

"ခဏစောင့်နော် အန်တီရေချိုးဦးမယ်"

"ဟုတ်ကဲ့"

ဝင်းမွန်သီရဲ့အခန်းသို့ ဆန်ဆန်က လိုက်ခဲ့သည်။ ဝင်းမွန်သီက ရေချိုးပြီး သနပ်ခါးလိမ်းသည်ကို ထိုင်ကြည့်ပြီး ဆန်ဆန်က ပြောသည်။

"သားလဲ အန်တီ့လို သနပ်ခါးလိမ်းချင်တယ်"

"ဟုတ်လား သားက လိမ်းချင်တယ်"

"ဟုတ်တယ်"

"ကဲ ဒါဆို လာ သနပ်ခါးကို လှလှလေး လိမ်းပေးမယ်"

ဝင်းမွန်သီက သနပ်ခါးလိမ်းပေးပြီး ပါးပေါ်မှာပါ ပါးကွက်လေး တင်ပေးလိုက်သည်။

"သားလှလား မှန်ထဲမှာကြည့်မယ်"

"ကြည့်ပါရှင် ကြည့်ပါ"





ဝင်းမွန်သီက ရယ်မောပြီး မှန်ရှေ့သို့ ခေါ်သွားသည်။ ဆန်ဆန်က သနပ်ခါးအဖွေးသားနှင့် သူ့ကိုယ်သူ ကြည့်ပြီး သဘောကျစွာ ရယ်သည်။

"သားက တစ်ခါမှ သနပ်ခါးမလိမ်းဖူးဘူး"

"ဟုတ်လား – သားကြိုက်ရင် ရေချိုးပြီးတိုင်း အန်တီ လိမ်းပေးမယ်လေ"

"ဟုတ်ကဲ့"

သနပ်ခါးအဖွေးသားနှင့် နှစ်ယောက်သား ခြံထဲသို့ ဆင်းလိုက်ကြသည်။

ခြံထဲရောက်ပြီး ဆန်ဆန်က ပြေးတမ်းလိုက်တမ်း ကစားချင်သည်လို့ ပူဆာသည်။

"သားက ပြေးနိုင်လို့လား"

"ပြေးနိုင်ပါတယ် ဒီမှာကြည့်"

ဆန်ဆန်က ပြေးရင်းနှင့် ပြောသည်။

"အန်တီရေ စိန်"

စိန်ခေါ်ပြီး ဝင်းမွန်သီကို လိုက်ခိုင်းသည်။ ဝင်းမွန်သီက နောက်ကနေ မမီအောင် လိုက်ရင်းနှင့် ရင်တထိတ်ထိတ်ပါ။ ဆန်ဆန်က ခဏသာ ကစားပြီး မောသည်ဆိုပြီး ထိုင်သည်။

ဆန်ဆန်သည် အခြားကလေးများနည်းတူ မကစားနိုင်သည်ကို ဝင်းမွန်သီက တွေ့ရှိရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားကမောနေပြီ ထိုင်ပါဦးကွယ်"

"ဒန်းပေါ်မှာထိုင်မယ်"

"ဟုတ်ပြီလား"

ဒန်းဆီသို့ ခေါ်သွားပြီး ထိုင်စေသည်။ ဝင်းမွန်သီက ဆန်ဆန်ရဲ့ ဘေးမှာ ထိုင်ပြီး ဒန်းကို ခြေထောက်နှင့် ထောက်ပြီး လွှဲလိုက်သည်။

"ဆန်ဆန် အရမ်းမောနေလား အန်တီရေသွားခပ်ပေးရမလား"

"ဟင့်အင်း ရေမသောက်ဘူး"

"အေးအေး ဒါဆို ခဏငြိမ်ငြိမ်ထိုင်ဦးနော်"

"တော်ပြီ သားမကစားတော့ဘူး ထိုင်နေတော့မယ်"

ဆန်ဆန်လေးကိုကြည့်ပြီး ဝင်းမွန်သီက အတော်စိတ်မကောင်းဖြစ်နေသည်။ သိပ်ချမ်းသာသော စောနောင်က သားရဲ့ကျန်းမာရေးကို သည်အတိုင်း ကြည့်နေသည်လားလို့ စိတ်ထဲက အပြစ်တင်လိုက်သည်။

"သားကို ဖေဖေက ဆရာဝန်မပြဘူးလား"

"ပြတယ် ဦးဦးဒေါက်တာက ခဏခဏလာတယ် သားကို ဆေးတွေအများကြီး သောက်ခိုင်းတယ် အဲ့ဒီဆေးတွေ သားမသောက်ချင်ဘူး"

"ဘာဖြစ်လို့လဲ ဆန်ဆန်ရဲ့ နေကောင်းအောင် ဆေးသောက်ရမှာပေါ့"

"နေ့တိုင်းသောက်နေရတာ မုန်းတယ်"





ဆေးတွေ နေ့တိုင်း သောက်ရ၍ ဆန်ဆန်လေး ငြီးငွေ့နေသည်ကိုသိပြီး ကလေးကို ဝင်းမွန်သီက လွန်စွာ သနားသွားသည်။ သူတို့နှစ်ယောက် ထိုင်နေသည့်အနားသို့ စောနောင်နှင့်အတူ လူတစ်ယောက်ပါ ရောက်လာသည်။

"ဟာ ဟိုမှာ ဦးဦးဒေါက်တာ ဖေဖေနဲ့ ပါလာတယ်"

ဆန်ဆန်က လှမ်းမြင်ပြီး စိတ်ညစ်သွားသည့်ဟန်လေးနှင့် ပြောသည်။ ဝင်းမွန်သီက စောနောင်နှင့် ရွယ်တူလောက်ရှိမည့် ဆရာဝန်ကို တွေ့လိုက်သည်။

"တို့ ခြံထဲဆင်းထိုင်နေတာလား"

"ဟုတ်ကဲ့"

"ဒီနေ့ ဦးဦးက သားကိုလာကြည့်တာကွ"

"သား ဆေးမသောက်ချင်ဘူး"

"ဦးဦးကိုမြင်တာနဲ့ ဆေးမသောက်ချင်ဘူး ပြောပြီလားကွာ"

ဆန်ဆန်ရဲ့ ဆံပင်လေးတွေကို ဆွဲဖွပြီး ဒေါက်တာမြဖူးက နောက်ပြောင်ကျီစယ်လိုက်သည်။

"ဝင်းမွန်သီ ဒါ ဒေါက်တာမြဖူးပါ သားကို ကုသပေးနေတဲ့ ကိုယ့်သူငယ်ချင်း ဆရာဝန်ပါ"

"ဟုတ်ပါတယ် ဝင်းမွန်သီ ဆန်ဆန်အတွက် နပ်(စ်) ဆရာမယောက် ရနေပြီလို့ စောနောင်က ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဒီနေ့ပဲ ကျွန်မ အလုပ်ဝင်ပါတယ်"

"ကျွန်တော်က ဆန်ဆန်ကို တစ်လတစ်ခါ လာကြည့်ပြီး လိုအပ်တဲ့ ကုသမှုကို ပေးပါတယ်"

"ဟုတ်တယ် ဝင်းမွန်သီ ကြားထဲမှာလဲ အရေးကြီးရင် ကြီးသလို သားကို သူလာကြည့်ပေးပါတယ် ကိုယ်တို့ရဲ့ ဖန်မလီ ဒေါက်တာပဲပေါ့"

"ကဲ ဆန်ဆန်ရေ အိမ်ထဲသွားရအောင်ကွာ သားကို ဦးဦး စမ်းသပ်ကြည့်ဦးမယ်"

"ဟင့်အင်း မစမ်းချင်ဘူး"

"ဆန်ဆန် အဲ့ဒီလို မလုပ်ရဘူးလေ သားနေကောင်းအောင် ဦးဦးက လုပ်ပေးမှာ ဦးဦးရဲ့စကား နားထောင်ရမှာပေါ့"

ဝင်းမွန်သီက ဆန်ဆန်ကို ချော့မော့ပြီး ဇွေ့ခနဲ ကောက်ချီ လိုက်သည်။

"သားကို အခန်းထဲအထိ အန်တီလေး ချီသွားမယ်နော်"

"အသက်ငါးနှစ်နှင့် မညီမျှသော ကြုံလှီသေးကွေးသည့် ဆန်ဆန်ရဲ့ ကိုယ်လေးကို ဝင်းမွန်သီက ကောက်ချီလိုက်သည်။ သူ့နောက်ပါးက ဒေါက်တာမြဖူးနှင့် စောနောင်တို့ လိုက်ပါလာ ကြသည်။





ဝင်းမွန်သီက ဆန်ဆန်ကို ခုတင်ပေါ်သို့ တင်ပြီး လှဲသိပ် လိုက်သည်။ ဒေါက်တာမြဖူးက နားကြပ်ဖြင့်ရော လက်ဖြင့်ပါ ဆန်ဆန်ကို စမ်းသပ်ကြည့်သည်။

"အားလုံးကောင်းတယ် ဒါပေမယ့် သားဆေးသောက်မပျင်း ရဘူးနော် ဦးဦးပေးတဲ့ဆေးတွေ သောက်ရမယ်"

"အမြဲသောက်နေရတာ သားမသောက်ချင်တော့ဘူး"

"နေကောင်းချင်ရင် အမြဲသောက်ရမှာပေါ့သားရယ်"

"သူ့ကို ဘာဆေးတွေ တိုက်ရမယ်ဆိုတာ ကျွန်မကို ပေးခဲ့ပါ ဒေါက်တာ အချိန်မှန်မှန် ကျွန်မတိုက်ပါ့မယ်"

"ဟုတ်ပြီ ဆန်ဆန်အတွက် ဒီလို ဂရုတစိုက် လုပ်ပေးမယ့်သူ ရှိတာ ဟန်ကျပြီ"

ဒေါက်တာမြဖူးက ဆန်ဆန်အတွက် လိုအပ်သည့်ဆေးများကို ပေးပြီး ဆေးတိုက်ရမည့်အညွှန်းကိုပါ ဝင်းမွန်သီကို ပေးသည်။

"ငယ်ငယ်ကထက်စာရင် သူတစ်နေ့တခြား သူ တိုးတက် လာပါပြီ ဦးနောင့်ဖွံ့ဖြိုးမှုက နှေးပေးမယ့် တဖြည်းဖြည်း ကောင်း လာမှာပါ အမိကက သူ့ကို အနီးကပ် ဂရုစိုက်ပေးဖို့လိုတယ်"

"စိတ်ချပါဒေါက်တာ ဒီကလေးကို မြင်မြင်ချင်း ကျွန်မ သံယောဇဉ်ဖြစ်နေပါပြီ။ ဒီကလေးအတွက် ကျွန်မ ဘာမဆို လုပ်ပေး နိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမြဖူးရဲ့ အထင်ကြီးလေးစားသော အကြည့်ကို ဝင်းမွန်သီက ရလိုက်သည်။

အမြဲတမ်းလိုလို ညှိုးငယ်အရောင်ဖျော့နေသော စောနောင်ရဲ့ မျက်ဝန်းမှာ ဝမ်းသာကြည်နူးမှု အရောင်တွေဖြင့် တောက်ပပါသည်။

ဒေါက်တာမြဖူးက နှုတ်ဆက်ပြီး ပြန်သည်။ စောနောင်က သူတို့အိမ်ရဲ့ ဆင်ဝင်အောက်အထိ လိုက်ပို့သည်။

* * *





## အခန်း (၅)

"ဟင် ဦးဦးဒေါက်တာက သားကို ဆေးတွေအများကြီး ပေးခဲ့ပြန်ပြီ သားမသောက်ချင်ဘူး"

ဒေါက်တာမြဖူးပေးခဲ့သော ဆေးများကို ဝင်းမွန်သီက သိမ်းနေသည်ကို မြင်ပြီး ဆန်ဆန်က ဂျီနေသည်။

"သားကလဲ အဲ့ဒီလို မဆိုးရဘူးလေ သား တခြားကလေးတွေလို ကစားချင်တယ်မဟုတ်လား လျှောက်လည်ချင်တယ် မဟုတ်လား"

"ဟုတ်ကဲ့"

"ဒါဆို သားနေကောင်းသွားအောင် သောက်ရမှာပေါ့ အန်တီတို့ တောင် နေကောင်းအောင် သောက်ရတာပဲ"

"ဟုတ်လား အန်တီရော ဆေးသောက်ရလား"

"သောက်ရတာပေါ့ သားဖေဖေလဲ သောက်ရတာပဲ"

"ဒါဆို အားလုံး ဆေးသောက်ရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဒါမှ ကျန်းမာတာပေါ့"

ဆန်ဆန် ဆေးသောက်ချင်အောင် ဝင်းမွန်သီက ချော့မော့ ပြောဆိုတော့ ဆန်ဆန်က အငိုတိတ်သွားသည်။ အခန်းထဲမှာ ဆန်ဆန့်ကို ထမင်းခွံ့ကျွေးနေစဉ် စောနောင်က အခန်းထဲ ပြန်ရောက်လာသည်။

"သား ထမင်းစားနေပြီလား"

"ဟုတ်ကဲ့ ဖေဖေရော်စားလေ"

"ဖေဖေက ရေချိုးပြီးမှပဲစားမယ် စားလို့ကောင်းလား"

"အန်တီက ခွံ့ကျွေးတော့ စားလို့ကောင်းတယ်ဖေဖေ"

"အေး စားလို့ကောင်းရင် များများစားနော် ဒါမှ သားက အကြီးကြီးဖြစ်လာမှာ"

"သားက အလေးမတဲ့လူကြီးတွေလို အကြီးကြီးဖြစ်လာမှာပါ ဖေဖေ"

"ဖြစ်မှာပေါ့သားရ ဆေးလဲသောက် အစားလဲစားရင် သား အဲ့ဒီအလေးမသမားကြီးတွေလို ဗလကြီးတွေ ဖြစ်လာမှာ"

"ဟုတ်လား–ဒါဆို သား ဆေးသောက်မယ်"

ပိန်လှီချုံချာသော သားကိုကြည့်ပြီး အားပေးလိုက်ပေမယ့် စောနောင် ရင်ထဲမှာ နာကျင်နေသည်။ စားပွဲပေါ်က ထမင်းပန်းကန် ဟင်းပန်းကန်များကိုကြည့်ပြီး စောနောင်က မေးသည်။





"ဝင်းမွန်သီပါ ဒီမှာ ထမင်းစားတာပါ"

"ဟုတ်ကဲ့"

"ထမင်းစားခန်းထဲမှာ ဘာလို့ မစားချင်တာလဲ၊ စားခွင့် ရှိပါတယ်"

"ဟုတ်ကဲ့ ကျွန်မ ဆန်ဆန်နဲ့ အတူစားချင်လို့ပါ ဒီမှာ စားရတာ ပိုပြီး အဆင်ပြေလို့ပါ"

"ဒါဆိုလဲ ဝင်းမွန်သီသဘောပါ ဒီအိမ်မှာ ဘာမလုပ်ရဘူး ဘာမကိုင်ရဘူးလို့ မသတ်မှတ်ထားပါဘူး ဝင်းမွန်သီ လွတ်လွတ်လပ်လပ် နေနိုင်ပါတယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

"သားလေး ဖေဖေအလုပ်ကိစ္စရှိလို့ အပြင်သွားမယ် မိုးချုပ်မှ ပြန်လာမယ် သားအိပ်နှင့်နော်"

"ဟုတ်ကဲ့"

အရယ်အပြုံးမရှိသော မျက်နှာနှင့် နှုတ်ဆက်ပြီး စောနောင်က ထွက်ခွာသွားသည်။

"ဦးစောနောင်ကို ကြည့်ရတာ ပျော်ရွှင်မှုပျောက်ဆုံးနေတဲ့ လူတစ်ယောက်လိုပဲ သူတို့အိမ်ထောင်ရေးက ဘယ်လိုပါလိမ့်"

ဒေါ်မေမျိုးကို မတွေ့ရသေးဘဲ ဝင်းမွန်သီက သူ့စိတ်ကူးနှင့်သူ တွေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားသောက်ပြီး ပန်းကန်များကို ထမင်းစားခန်းသို့ ပြန်ယူသွားသည်။ ဆေးကြောမည်ပြုစဉ် ကျင်ကျင်ကတားသည်။

"မဆေးပါနဲ့မမ ထားခဲ့ပါ"

"ရပါတယ် မမ ဆေးပေးချင်လို့ပါ"

"မလုပ်ပါနဲ့ မမရယ် ဆရာသိရင် ကျွန်မကို ဆူလိမ့်မယ် ကျွန်မအလုပ်ကို ကျွန်မ လုပ်ပါရစေ"

ကျင်ကျင်က သူ့လက်ထဲက ပန်းကန်များကို လုယူသွားသည်။

ဝင်းမွန်သီက ကျင်ကျင်တားမြစ်နေ၍ ရှေ့မတိုးတော့ပါ။ ပန်းကန်များကို ထားခဲ့ပြီး ထမင်းစားခန်းမှ ထွက်လာသည်။

ဆန်ဆန်က အခန်းထဲမှာ ကစားမည်ဆို၍ ဆန်ဆန်နှင့်အတူ ကစားနေသည်။ ကစားရင်းနှင့် အရုပ်များကို စနစ်တကျ ထားရန် သင်သည်။

"သားကစားချင်တဲ့ အရုပ်ကို ယူကစားပြီးရင် သူ့နေရာနဲ့သူ ပြန်ထားရတယ် ပြီးတော့ အရုပ်တွေက အားလုံး ပြန့်ကြဲအောင် လုပ်မထားရဘူး ကစားမယ့်အရုပ်လောက်ပဲ အနားမှာ ယူထားနော်"

"ဟုတ်ကဲ့"

ကစားပြီး ညမအိပ်ခင်ဆေးကို နွားနို့နှင့်အတူ ချော့မော့ပြီး တိုက်လိုက်သည်။ ဆန်ဆန် အိပ်ပျော်သွားတော့မှ ကစားစရာများကို သိမ်းလိုက်သည်။





အခန်းထဲမှာ ခြင်ဆန်ခါတပ်ထားပေမယ့် ခြင်ဝင်နေမှာစိုးပြီး ခြင်ကို ရှာသည်။

ထိုစဉ်မှာပင် အခန်းတံခါးက ဖြည်းဖြည်းနှင့် ပွင့်သွားပြီး ဇာနောင်က အခန်းတံခါးကို တွန်းဖွင့်ပြီး ဝင်လာသည်။

"သားအိပ်သွားပြီလား"

"ဟုတ်ကဲ့"

"သူ့ကို ဆေးတိုက်လိုက်တယ်နော်"

"ဟုတ်ကဲ့ တိုက်လိုက်ပါတယ်"

"သားလေးက မွေးကတည်းက မကျန်းမာခဲ့ဘူး မွေးပြီး ဆေးရုံမှာ ခြောက်လလောက်ထားပြီး စိတ်ချရမှ အိမ်ကို ခေါ်ခွင့်ပေးခဲ့တယ်"

"ကိုယ်ခန္ဓာမဖွံ့ဖြိုးသလို သူ့ရဲ့ ဦးနှောက်ကလဲ ဖွံ့ဖြိုးမှု နှေးတယ် ကိုမြဖူးက ကြပ်ကြပ်မတ်မတ် ကုသပေးလို့ အခု အတော်တိုးတက်နေပြီ"

"ငါးနှစ်ပြည့်ပေမယ့် ကျောင်းထားလို့ မရသေးဘူးလို့ ပြောတယ် ဉာဏ်ရည်မမီတော့ ကျောင်းထားရင် အခြားကလေးတွေလို စာမလိုက်နိုင် စာမရရင် စိတ်ဓာတ်ကျသွားမှာစိုးတယ် ဒါကြောင့် ဒီနှစ် အိမ်မှာပဲ သူ့ကို နည်းနည်းသင်ပေးဖို့ ကိုမြဖူးက အကြံပေး;တယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ကျွန်မကို သုံးလေးရက်လောက်ဆိုရင် သူ့ပိုပြီး ရင်းနှီးသွားမယ် အဲဒီအခါကျမှ သူ့ကို စာစသင်ပါ့မယ်"

"သားကို ဝင်းမွန်သီလက်ထဲ အပ်ထားပါပြီ အဆင်ပြေသလို လုပ်ပါ။ သားလေးက တစ်ရက်တည်းနဲ့ ဝင်းမွန်သီကို အတော် ခင်မင်သွားတယ်နော်"

"ဟုတ်ကဲ့"

"ကျေးဇူးတင်ပါတယ် ဝင်းမွန်သီရှိနေတော့ ဒီနေ့ ကျွန်တော် စိတ်ဖြောင့်ဖြောင့်နဲ့ အလုပ်လုပ်နိုင်တယ် ခါတိုင်းဆို သူ့ကိုကြည့်ပေး ကြပေးမယ့် ကျင်ကျင်က အလုပ်တစ်ဖက်နဲ့ဆိုတော့ လစ်ဟင်းမှုတွေ ရှိတယ်လေ"

"ကျွန်တော့်မှာ အလုပ်ကို မသွားမဖြစ်လို့ သွားသာသွားရတယ် အမြဲ နောက်ဆံတင်းနေတာပါပဲ"

"ခုအချိန်ကစပြီး ဦးစောနောင် စိတ်ဖြောင့်ဖြောင့်နဲ့ အလုပ်လုပ် ပါ ဆန်ဆန်လေးကို ကျွန်မ သေသေချာချာ ဂရုစိုက် ပြုစုပါ့မယ်"

"ကောင်းပါပြီ ဝင်းမွန်သီ"

"ညအိပ်ရင်လဲ အခန်းကူးတဲ့တံခါးကို ကျွန်မ ဖွင့်ပြီး အိပ်မှာပါ"

"ကျေးဇူးပါပဲ"

စောနောင်က ပြောဆိုပြီး သူ့သားအနားသို့ တိုးကပ်သွား ကာ သားငယ်ကို ကရုဏာသက်လွန်းသော အကြည့်နှင့်ကြည့်ပြီး





နဖူးပြင်ကို ငုံ့နမ်းလိုက်သည်။ အခန်းထဲမှ ခပ်ဖြည်းဖြည်းပင် စောနောင်က ထွက်သွားသည်။

ဝင်းမွန်သီက ဆန်ဆန်ကို စောင်ခြုံပေးပြီး လေအေးစက်ကို လည်း တိုင်မာပေးပြီး အရှိန်လျှော့ပြီး သူ့အခန်းကို ပြန်သည်။

ခုတင်ပေါ်သို့ လှဲလိုက်ပြီး တစ်နေ့လုံး သားထံသို့ တစ်ချက် လေးမှ မရောက်လာသော မေမျိုးအကြောင်း စဉ်းစားနေသည်။

"ဒေါ်မေမျိုးက ဘာအလုပ်အကိုင်တွေလုပ်လို့ ဒီလောက်မအား မလပ် ဖြစ်နေရတာလဲ မသိဘူး"

"တစ်နေ့လုံးနေလို့ သားကို တစ်ခေါက်လေးတောင် လာကြည့် ဖော်မရပါလား"

"ဦးစောနောင်က ရုပ်ရည်ခန့်ခန့်ညားညားနဲ့ အတော် ကြည့်ကောင်းတဲ့လူ ဒါပေမယ့် သူ့မျက်နှာမှာ ပျော်ရွှင်မှုတွေ ပျောက်နေပုံရတယ် မျက်လုံးတွေထဲမှာလဲ ညှိုးငယ်မှုက ရှိနေတယ် သူတို့နှစ်ယောက် အိမ်ထောင်ရေးအဆင်မှ ပြေရဲ့လားမသိဘူး"

"ဆန်ဆန်လေးက အတော်သနားစရာကောင်းတာ အမှန်ပဲ ဒီကလေးလေးဘဝ သာယာအေးချမ်းဖို့ ငါအတတ်နိုင်ဆုံး ကူညီမယ်"

ဝင်းမွန်သီက တွေးရင်းနှင့် သူ့ကိုယ်သူ ပြန်သုံးသပ်နေသည်။

"တစ်သက်နဲ့တစ်ကိုယ် ဒီလောက်ကောင်းတဲ့ အိပ်ရာအိပ်ခန်းကို ငါမပိုင်ဖူးသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မအိပ်ဖူးတဲ့အိပ်ရာပေါ်မှာ အိပ်လို့ထင်တယ် ငါအိပ်မပျော်ဘူး"

ဘယ်လှည့်လိုက် ညာလှည့်လိုက်နှင့် အိမ်မပျော်ဘဲ မိုးလင်းခါနီးမှ အိပ်ပျော်သွားသည်။

* * *

သတိထားပြီး အိပ်သည်မို့ စောစောပင် အိပ်ရာကနိုးသည် ရေချိုးခန်းဝင် သွားတိုက်မျက်နှာသစ်ရင်းနှင့် ရေချိုးပြီး အမြန်ဆုံးဖြီးလိမ်းပြင်ဆင်လိုက်သည်။

ဆန်ဆန်နိုးလျှင် အဆင်သင့်ဖြစ်စေရန် မီးဖိုဆောင်သို့ ဝင်ပြီး ဆန်ဆန်အတွက်ရော သူ့အတွက်ပါ ပြင်ဆင်နေသော ကျင်ကျင်ထီးကူလုပ်ပေးသည်။ သူတို့နှစ်ယောက်စာ နံနက်စာကို အခန်းထဲသို့ သယ်လာခဲ့သည်။

ဝင်းမွန်သီက ဆန်ဆန်မနိုးသေးသဖြင့် သူအလျှင် စားသောက်ထားလိုက်သည်။ ဆန်ဆန်နိုးသည်နှင့် ဆန်ဆန်အား သွားတိုက်မျက်နှာသစ်ပေးပြီး နံနက်စာကျွေးသည်။

"ဖေဖေက သားဆီကို မလာဘူး"

စားသောက်နေရင်းက နံနက်တိုင်း သူ့အခန်းသို့ လာတတ်သော ဖခင်ကို သတိတရနှင့် တွေ့မယ်တဲ့"

"ဖေဖေကလဲ တစ်ချိန်လုံး အလုပ်တွေပဲ လုပ်နေတာပဲ"



"အဲ့ဒါ သားအတွက် ပိုက်ဆံရှာနေတာပေါ့ သားလိုချင်တာစားချင်တာတွေကို ပိုက်ဆံနဲ့မှ ဝယ်လို့ရတာမဟုတ်လား"

"ဟုတ်တယ် ဟို ရိုက်အရုပ်လေးကို ဖေဖေက ပိုက်ဆံတွေအများကြီး ပေးဝယ်ထားတာ သားတွေ့တယ်"

သံခေါင်းစွပ်သံကျပ်ကာအဝတ်အစားများနှင့် နိုင်ငံခြားကနိုက်ခေါ်သော သူရဲကောင်းအရုပ်လေးကို ဆန်ဆန်က လက်ညှိုးထိုးပြီး ပြောသည်။

"ကဲ စားပြီးပြီ ဒီမှာ ခဏနေဦးနော် အန်တီ ပန်းကန်တွေသွားဆေးလိုက်ဦးမယ်"

"ဟုတ်ကဲ့"

ဝင်းမွန်သီကား ထမင်းစားခန်းမှာ စားသောက်ပြီးသားခွက်ပန်းကန်များကို ထားခဲ့ပြီး ဆန်ဆန်ရဲ့အခန်းကို ပြန်လာသည်။

"တီတီလေး သားနဲ့ အိမ်ဆောက်တမ်းကစားနော်"

ဆန်ဆန်က ပလတ်စတစ်ရောင်စုံတုံးလေးတွေကို ထုတ်လာသည်။ စက္ကူဘူးထဲက အတုံးလေးတွေကို ကြမ်းပြင်ပေါ်သို့ သွန်ချသည်။

"သားနဲ့ အန်တီ အိမ်ပြိုင်ဆောက်မယ်နော်"

"တစ်ယောက်တစ်လုံး ဆောက်ရမှာလား"

"ဟုတ်ကဲ့"

"အိမ်ကြီးကြီးလား သေးသေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်သလိုဆောက်လေ"

"ဟုတ်ပြီ ဒါဆို စပြီနော်"

"စတော့"

ဆန်ဆန်က စတော့လို့ပြောပြီး သဘောကျစွာ ရယ်သည်။ ပြီးတော့ အိမ်ကို စတင်ဆောက်သည်။ ထိုအချိန်မှာ အခန်းဝတွင် မေမျိုးနှင့် သူ့ရဲ့ လူယုံအပါးတော်မြဲ မညိုတို့က အခန်းဝသို့ ရောက်လာသည်။

ခြေသံကြား၍ ဝင်းမွန်သီက မော့ကြည့်လိုက်သည်။ အမျိုးသမီး နှစ်ယောက်ကိုတွေ့ပြီး အံ့အားသင့်သွားသည်။

အဖိုးတန်အဝတ်အစား လက်ဝတ်ရတနာများနှင့် ခြယ်သ ပြင်ဆင်ထားသော နှစ်ယောက်ထဲက ပို၍ အသက်ကြီး ပို၍ချောသော အမျိုးသမီးကြီးက ဝင်းမွန်သီကို စူးစိုက်စွာကြည့်ရင်း ပြောသည်။

"ဆန်ဆန်အတွက် လူငှားထားတယ်ပြောတာ မင်းလား"

"ဟုတ်ပါတယ်"

"မင်းက အသက်ငယ်ငယ်လေး ရှိသေးတာပဲ"

ဝင်းမွန်သီက သူ့ကို စူးစိုက်စွာ ကြည့်နေ၍ မနေတတ်အောင် ဖြစ်နေသည်။

"မင်းလုပ်ရတဲ့အလုပ်က တာဝန်မသေးဘူးနော် နိုင်နင်းအောင် လုပ်နိုင်မှာမလား"

"ဟုတ်ကဲ့ လုပ်နိုင်ပါတယ်"





"မေမေ အန်တီက သိပ်သဘောကောင်းတယ် အန်တီ့ကို သားချစ်တယ်"

စောစောက မေမျိုးဟုရိပ်မိသော်လည်း အသေအချာမသိသေးပါ ဆန်ဆန်က မေမေလို့ ခေါ်လိုက်၍ မေမျိုးသည် ဆန်ဆန်ရဲ့မိခင် ဆိုတာ သိလိုက်သည်။

"တယ်ပြီး စည်းရုံးရေးကောင်းပါလား ရောက်တာမှ နှစ်ရက် မရှိသေးဘူး ဆန်ဆန်က သူ့ကို ကျနေပြီ"

မေမျိုးရဲ့ အပြောကို သဘောမကျပေမယ့် အသာငြိမ်ပြီး ခံနေသည်။

"မမမျိုး ဆန်ဆန်အတွက် သူက သိပ်ကို ငယ်လွန်းနေတယ် ထင်တယ်"

ဘေးက အသားညိုညိုနှင့် ပိန်ပိန်ပါးပါး မိန်းမက ပြောသည်။

"စောနောင်က သူ့သားအတွက် သင့်တော်တယ်ထင်လို့ ငှားပြီးပြီပဲ ရှိပါစေပေါ့မညို"

"မေမေ အန်တီ့ကို မောင်းမထုတ်လိုက်နဲ့နော်"

"အင်းပါ"

ဆန်ဆန်က မဝံ့မရဲပုံစံနှင့် ပြောနေသည်။ ဆန်ဆန်သည် မိခင်ကို ဖခင်လောက် မရင်းနှီးသည်ကို ဝင်းမွန်သီ တွေ့ရသည်။ အမျိုးနှင့်အဖော်က အခန်းထဲမှ ပြန်ထွက်သွားသည်။

"အဲ့ဒီအန်တီညိုကြီးက မကောင်းဘူးသိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲသားရဲ့"

"သားကိုမချစ်ဘူး ဖေဖေ့ကိုလဲ မကောင်းဘူးလို့ ပြောတယ်"

"ဟုတ်လား"

"သူတို့က အန်တီ့ကို ဒီအိမ်မှာ မနေနဲ့လို့ပြောရင် သားကို ထားပြီး ထွက်မသွားနဲ့နော်"

"စိတ်ချပါကွယ် သားနဲ့အတူ အန်တီအမြဲနေမယ်"

"ဖေဖေလဲပြောတယ် သားကို ဘယ်တော့မှ မထားခဲ့ဘူးတဲ့"

"သားဖေဖေက သားကို သိပ်ချစ်တာ ဘယ်ထားခဲ့မလဲကွယ်"

"မေမေက သားကို မချစ်ဘူး မုန်းတယ်"

"မဟုတ်တာကွယ် ချစ်မှာပါ"

"ဟင့်အင်း မချစ်ဘူး သားကိုမုန်းတယ်လို့ ပြောသေးတယ်"

မေမျိုး အမှတ်တမဲ့ ပြောလိုက်သောစကားကို ဆန်ဆန်က အသည်းစွဲအောင် မှတ်ထားပါလား။ နုနယ်သော ကလေးရဲ့ နှလုံးသားထဲမှာ ဒဏ်ရာဒဏ်ချက်တွေ ရှိနေပြီဆိုသောအသိနှင့် ဆန်ဆန်လေးကို လွန်စွာ စာနာသနားမိသည်။

"အဲဒီ အန်တီညိုကလေ မေမေ့အနားမှာပဲနေပြီး အားလုံးကို မကောင်းဘူးလို့ ပြောတယ်"

"ကဲပါသားရယ် သူတို့အကြောင်းတွေ မပြောနဲ့တော့ အိမ်ကို ပြီးအောင်ဆောက်နော်"

"ဟုတ်ကဲ့"





"ကဲ ပြိုင်ပွဲစပြီ ဘယ်သူအရင်ပြီးမလဲ ကြည့်ရအောင်"

ဆန်ဆန်က အလောတကြီး အားသွန်ခွန်စိုက်နှင့် အိမ်လေး ပြီးအောင် ဆောက်သည်။ ဝင်းမွန်သီက သူ့ကို အလျှော့ပေးပြီး ဖြည်းဖြည်းနှင့်ဆောက်သည်။

အသဲအသန် ဆောက်ပြီး ဆန်ဆန်က အလျှင်ပြီးသွားသည်။

"ဟော သားနိုင်ပြီ"

"အန်တီက မပြီးသေးဘူး"

"ဒါဆို အန်တီရှုံးပြီ"

"ဟုတ်ပါတယ် သိပ်တော်တဲ့ ဆန်ဆန်ကို အန်တီ မနိုင်ဘူးပေါ့"

ဝင်းမွန်သီက ဆန်ဆန်ရဲ့အကြိုက်ကို လိုက်ပြီးပြောတော့ ဆန်ဆန်က သဘောကျစွာ ရယ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

ဆန်ဆန်က တစ်နေကုန် ဆော့ကစားပြီး ညနေရောက်တော့ အတော်ငြိမ်နေသည်။ ညစာထမင်းစားပြီး ခြံထဲမှာ ခဏဆင်းထိုင်သည်။

"အန်တီဟိုမှာ ငှက်ကလေးတွေအော်ပြီး တစ်ကောင်ကို တစ်ကောင် ဘာပြောတာလဲ"

သစ်ပင်ပန်းမာလာတွေကြားမှာ အသံလေးတွေပြုပြီး ပျံဝဲနေသည်ကိုတွေ့ပြီး ဆန်ဆန်က မေးသည်။

"မိုးချုပ်တော့မယ် အိပ်တန်းဝင်ဖို့ တစ်ကောင်ကိုတစ်ကောင် နှုတ်ဆက်ကြတာလေ"

"အိမ်တန်းဝင်တယ်ဆိုတာ ဘာလဲဟင်"

"ညအိပ်တော့မှာကို ပြောတာပေါ့"

"သူတို့က ညဆိုရင် ဘယ်မှာအိပ်လဲဟင်"





"အချို့က အသိုက်ထဲမှာ အိပ်တယ် အချို့က သစ်ပင်တွေပေါ်မှာပေါ့ကွယ်"

"ဟုတ်လား သစ်ပင်ပေါ်မှာ အိပ်တော့ သူတို့ ပြုတ်မကျဘူးပေါ့"

"သူတို့ရဲ့သဘာဝပဲ ဘယ်ပြုတ်ကျမလဲ"

"သဘာဝဆိုတာ ဘာလဲဟင်"

"သားလိုပဲပေါ့ အိမ်နဲ့နေတယ်၊ အိပ်ရာနဲ့အိပ်တယ်၊ အချိန်တန်ရင် ရေချိုး ထမင်းစားတယ် အဲ့ဒါတွေအားလုံးက လူတွေရဲ့ သဘာဝပေါ့"

"ဟုတ်လား"

"နောက်ပြီး လူတွေလုပ်ရတဲ့ အလုပ်ထဲမှာ စာသင်တာလဲ ပါတယ်"

"ငှက်ကလေးတွေကရော စာမသင်ဘူးလား"

"တိရစ္ဆာန်တွေက စာမသင်ဘူးလေ လူတွေသာ စာသင်တာကွယ့်"

"ဒါဆို သားလဲ စာသင်ရမှာလား"

"သင်ရမှာပေါ့ အန်တီမနက်ဖြန်ကျရင် သားကိုစပြီး စာသင်ပေးမယ်"

"သားက ဉာဏ်တုံးတယ်လို့ အန်တီညိုကပြောတယ် စာသင်လို့ ရမှာမဟုတ်ဘူးတဲ့"

"မဟုတ်တာကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"နုနယ်သော ကလေးရဲ့စိတ်မှာ အနာတရဖြစ်အောင် မညှာမတာ ပြောကြသူတွေကို ဝင်းမွန်သီက အတော်လေး ဒေါသဖြစ်သွားသည်။

"သားက ဉာဏ်ကောင်းပါတယ် အန်တီ သင်ထားတာကို မှတ်ထားနိုင်တာ ဉာဏ်ကောင်းလို့ပေါ့"

"ဟုတ်လား ဒါဆို သားစာသင်လို့ရမှာပေါ့နော်"

"ရတာပေါ့ သားစာတတ်အောင် အန်တီသင်ပေးမယ် သိလား"

"ဟုတ်ကဲ့"

ဆန်ဆန်ရဲ့ မျက်နှာပေါ်မှာ ဝမ်းသာမှုအရောင်လေးတွေ ထင်ဟပ်လာသည်။

"ကဲ မှောင်ပြီ အိမ်ပေါ်တက်ကြရအောင်"

"ဟုတ်ကဲ့"

ဆန်ဆန်ရဲ့ လက်ကလေးကို ဆွဲပြီး အိမ်ပေါ်တက်လာခဲ့သည်။ အခန်းထဲ ပြန်ရောက်တော့ ဆန်ဆန်က ကုလားထိုင်လေးမှာ ဖင်ထိုင်လိုက်သည်။

"အန်တီ သား ကာတွန်းကားကြည့်မယ်"

"အန်တီ ဖွင့်ပေးရမလား"

"ဟင့်အင်း သားဖွင့်တတ်တယ်"

"ဟော တွေ့လား သားဉာဏ်ကောင်းလို့ ဖွင့်တတ်တာ"



ဆန်ဆန်က သဘောကျစွာ ရယ်သည်။ သူ့အခန်းထဲမှာ ကြည့်ရန် စောနောင်က အပေါ်စက်အောက်စက် ဝယ်ပေးထားသည်။ ကာတွန်းအခွေများကိုလည်း ဝယ်ပေးထားပြီး တီဗွီ၊ ဒက်(ခ) ဖွင့်နည်းကိုပါ သင်ပေးထားသည်။

"သား ဘာစားဦးမလဲ"

"မစားတော့ဘူး"

"ဒါဆို အန်တီ ထမင်းစားလိုက်ဦးမယ်နော်"

"ဟုတ်ကဲ့"

ဝင်းမွန်သီက သူ့အတွက် ထမင်းမယူထား၍ ထမင်းစားရန် ထမင်းစားခန်းဆီသို့ ထွက်လာသည်။

"ဟော မမမွန် ထမင်းစားတော့မလား"

"စားတော့မယ်ကျင်ကျင်"

ကျင်ကျင်က ခူးခပ်ပေးသည်။ ဝင်းမွန်သီက တစ်ယောက်တည်း ထမင်းစားပြီး သူစားသော ပန်းကန်တွေကို ဆေးကြောပေးပြီးမှ ထမင်းစားခန်းမှ ပြန်ထွက်လာသည်။

ဆန်ဆန်ရဲ့အခန်းသို့ ပြန်လာခဲ့သည်။ ဆန်ဆန်က ကာတွန်းကြည့်နေဆဲပါ။ တစ်ယောက်တည်း သဘောကျပြီး ရယ်လိုက် လက်ခုပ်တီးလိုက် လုပ်နေသည်။

"အန်တီ တွန်နဲ့ ဂျယ်ရီက သိပ်ရယ်ရတာပဲ လာကြည့်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ကြွက်နှင့်ကြောင် ကာတွန်းကိုကြည့်ပြီး သဘောကျစွာ ရယ်နေပြန်သည်။

ဝင်းမွန်သီကိုပါ အဖော်ခေါ်၍ ဝင်းမွန်သီက သူ့အနားမှာ သွားထိုင်သည်။

သည်ကားကို ဆန်ဆန်က အကြိမ်ပေါင်းများစွာ မရိုးနိုင်အောင် ကြည့်နေသည် ဆိုသည်ကိုလည်း ဝင်းမွန်သီက နားလည်ပြီးသား ပါ။

"အန်တီ ဒီကာတွန်းကြည့်ပြီးသားလား"

"ဟင့်အင်း"

"အဲဒီမှာကြည့်နေ ကြောင်ကြီး ကြမ်းပြင်ကပေါက်ပြီး အောက်ကျသွားလိမ့်မယ်"

"ဟုတ်လား ဘာကြောင့်လဲ"

"ကြွက်ကလေးက ကြမ်းပြင်ကို အောက်ကနေ လွှနဲ့ဝိုင်းပြီး ဖောက်လိုက်လိမ့်မယ်"

ဆန်ဆန်ပြောပြပြီး မကြာခင်မှာပဲ ကြွက်ကလေးက လွှနှင့် ဖောက်ထားသော ကြမ်းပြင်က အဝိုင်းလိုက် ကျွံကျသည်။ ထိုအဝိုင်း ပေါ်မှာရှိနေသော ကြောင်က အဝိုင်းကြီးနှင့်အတူ အောက်သို့ ပြုတ်ကျသွားသည်။

"တွေ့လား သားပြောတယ်မဟုတ်လား ကြောင်ပြုတ်ကျ မယ်လို့"





"သားက သိပ်တော်တာပဲ ကြည့်ပြီးသားကို အားလုံး မှတ်မိ တယ်နော်"

"ဟုတ်ကဲ့"

"အဲဒါ သားမှတ်ဉာဏ်ကောင်းလို့ မှတ်မိတာလား"

"အင်းပေါ့"

ဆန်ဆန်က ကျေနပ်ပီတိဖြာစွာနှင့် ပြုံးနေသည်။ ဝင်းမွန်သီက ဆန်ဆန်စိတ်ဓာတ် တက်ကြွအောင် အားပေးလိုက်ခြင်းပါ။

"သားက ဉာဏ်ကောင်းပြီဆိုတော့ ကျောင်းနေရမှာလား"

"သားက ကျောင်းနေချင်လို့လား"

"ဟုတ်ကဲ့"

"နေရမှာပေါ့၊ အန်တီသင်တဲ့စာတွေကို အရင်ရအောင် လုပ်ပြီးရင် ကျောင်းနေရမယ် ဟုတ်ပြီလား"

"ဟုတ်ကဲ့၊ သား စာတွေကို အများကြီးသင်ချင်တယ်"

"သင်ရမှာပေါ့ကွယ်"

ဆန်ဆန်က ကာတွန်းဆီသို့ စိတ်ပြန်ရောက်သွားပြန်သည်။ ရယ်စရာတစ်ခုတွေ့တော့မည်ဆိုလျှင် ဝင်းမွန်သီကို ကြိုပြောသည်။ ပြီးတော့ သူပြောသည့်အခန်းကိုရောက်လျှင် ဝင့်ကြွားစွာ ပြောပြန် သည်။

"သားပြောတယ်လေ၊ ရယ်ရမယ်လို့"

"ဟုတ်ပါ့ကွယ်၊ ဒီကာတွန်းက ရယ်စရာသိပ်ကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



"နောက်ထပ် အခွေတွေအများကြီးရှိသေးတယ်၊ အဲ့ဒါတွေလဲ ရယ်စရာတွေပါတယ်"

"ဟုတ်လား၊ နောက်နေ့ကျရင် ကြည့်မယ်နော်"

"အန်တီ့ကို နေ့တိုင်း သား တစ်ခုတစ်ခုပြမယ်"

"ကောင်းပါပြီကွယ်"

အပြင်က ပြန်လာပြီး စောနောင်က သူ့အခန်းသို့မသွားသေးဘဲ ဆန်ဆန့်ရဲ့ အခန်းကို အလျင်ဝင်သည်။ တံခါးဖွင့်သံကြောင့် ဝင်းမွန်သီရော ဆန်ဆန်ပါ လှည့်ကြည့်သည်။

"ဟော ...ဖေဖေပြန်လာပြီ"

"သား ကာတွန်းကြည့်နေတာလား"

"ဟုတ်ကဲ့"

ဆန်ဆန်က ဖခင့်ကို ပြေးဖက်ပြီး ဖခင်ရဲ့မျက်နှာကို မော့်ကြည့်သည်။

"မနက်က ဖေဖေ သားဆီမလာဘူး"

"မနက်အစောကြီး အလုပ်ကိစ္စရှိလို့ ဖေဖေက နှုတ်ဆက်လို့ မရဘူးလေ"

"ဖေဖေ ဘယ်တော့အားမှာလဲ"

"ဘာလို့လဲ သား"

"ဖေဖေရယ် သားရယ် အန်တီရယ် လျှောက်လည်မယ်လေ"

"ဒီ တနင်္ဂနွေတော့ အားမယ်ထင်တာပဲ"





"ဟာ ... ဖေဖေကလဲ အားလိုက်ပါ"

"သားက သိပ်ပြီး လျှောက်လည်ချင်နေတာလား"

"ဟုတ်ကဲ့"

စောနောင်က သားနှင့် ခဏတစ်ဖြုတ် စကားပြောပြီး သားထံမှ ခွင့်တောင်းလိုက်သည်။

"ကဲ ဖေဖေ ရေချိုးလိုက်ဦးမယ်၊ ပြီးမှ သားဆီပြန်လာခဲ့မယ်"

"သားက အိပ်တော့မှာ"

"ဟုတ်လား၊ အိပ်ချင်ရင့်အိပ်တော့လေ၊ ဖေဖေ့ကို မစောင့်နဲ့ တော့နော်"

"သား အိပ်နေရင်လဲ ဖေဖေ လာကြည့်ပြီး ဝွတ်နိုက်လုပ်နော်"

"ကောင်းပါပြီ သားရယ်"

စောနောင်က ဆန်ဆန်ရဲ့အခန်းထဲမှ ပြန်ထွက်သွားသည်။

"တွေ့လား၊ ဖေဖေက သားကို သိပ်ချစ်တယ်"

ဆန်ဆန်က ဝင့်ကြွားသည့်ဟန်လေးနှင့် ပြောသည်။ ဆန်ဆန် ဆိုကြည့်ပြီး ဝင်းမွန်သီက သနားလည်း သနား၊ ရယ်လည်း ရယ်ချင်သွားသည်။

ခဏအကြာမှာ ဆန်ဆန်က အိပ်ချင်ပြီဆို၍ သွားနို့နှင့် ဆေးတိုက်ပြီး သိပ်လိုက်သည်။ ဆန်ဆန်အိပ်ပျော်သွားပြီး ဆယ့်ငါး မိနစ်လောက်အကြာမှာ စောနောင်က ပြန်ရောက်လာသည်။

"သားက အိပ်သွားပြီကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

စောနောင်က ခုတင်ပေါ်တွင် တင်ပါးလွှဲထိုင်ပြီး သားငယ်ရဲ့ ဆံစတွေကို ကြည်နူးစွာ ပွတ်သပ်ပေးသည်။

"သားလေးက သိပ်သနားဖို့ကောင်းတယ်၊ အဖေအမေနဲ့ နေရတဲ့အချိန် သိပ်မရှိရှာဘူး၊ ကိုယ်က သူ့အနားမှာ အချိန်အတော်များများ နေပေးချင်ပေမယ့် အလုပ်အရမ်းများတော့ နေမပေးနိုင်ဘူး"

"ဦးစောနောင် အလုပ်များတာကို ဆန်ဆန်က နားလည်ရှာပါတယ်"

"ဝင်းမွန်သီ သားနဲ့အဆင်ပြေတယ်နော်"

"ပြေပါတယ်၊ မနက်ဖြန် စာသင်မယ်ပြောတော့ သူ လိုလိုလားလား လက်ခံပါတယ်၊ ကျောင်းနေချင်တယ်လဲ ပြောပါတယ်"

"ဒေါက်တာမြဖူးက ဒီအခြေအနေနဲ့ ကျောင်းထားလို့ မဖြစ်သေးဘူးတဲ့၊ တစ်နှစ်လောက် သူ စောင့်ကြည့်ဦးမယ် ပြောတာပဲ"

"သူငယ်တန်းစာလောက်ကို သူဖတ်နိုင်အောင် ကျွန်မ ကြိုးစားပြီး သင်ပေးပါ့မယ်"

"ဝင်းမွန်သီက အသက်ငယ်ပေမယ့် ကလေးအပေါ်မှာ စိတ်ရှည်သားပဲနော်"

"ကျွန်မက ကလေးချစ်တတ်တယ်၊ ပြီးတော့ ဆန်ဆန်လေးဆို မြင်မြင်ချင်းပဲ ခင်ပြီး သံယောဇဉ်ဖြစ်နေပါပြီ"





"သားအပေါ် စေတနာထားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဝင်းမွန်သီ"

ဝင်းမွန်သီအား ကျေးဇူးတင်သောအကြည့်နှင့် ကြည့်သည်။ စောနောင်ရဲ့ ညှိုးလှသော အသွင်အပြင်ကိုကြည့်ပြီး ဝင်းမွန်သီက မသိမသာ သက်ပြင်းရှိုက်လိုက်သည်။

စောနောင်က နှုတ်ဆက်ပြီး အခန်းထဲမှထွက်သွားသည်။

စိမ်မချမ်းမြေ့နေသော ဖခင်နှင့်မိခင် မေတ္တာကို အလွမ်းငတ်နေရှာသော သားကိုကြည့်ပြီး ဝင်းမွန်သီရင်ထဲမှာ ထိထိခိုက်ခိုက် ခံစားသွားရပါသည်။

"ဦးစောနောင်က ငွေကြေးပြည့်စုံပေမယ့် စိတ်ချမ်းသာမှုက သိပ်ကို ဆင်းရဲရှာတယ်"

ဝင်းမွန်သီက တစ်ဖက်ကသူ့အခန်းကို ကူးလိုက်သည်။ အိပ်ရာပေါ်လှဲပြီး မေမျိုးအကြောင်းကို တွေးနေသည်။

"ကလေးဆိုကို တစ်နေ့နေလို့ တစ်ခေါက်လာမကြည့်နိုင်လောက်အောင် ဒေါ်မေမျိုးက ဘာတွေလုပ်လို့ မအားနေတာလဲ"

"လင်မယားနှစ်ယောက်ရော ပြေပြေလည်လည်မှ ရှိကြရဲ့လား"

"အို...ငါဘာတွေ လျှောက်တွေးနေပါလိမ့်၊ သူတို့လင်မယားအရေး ငါနဲ့ ဘာဆိုင်လဲ၊ ငါ့အလုပ်က ဆန်ဆန်လေးကို ကြည့်ဖို့ပဲ"

ဝင်းမွန်သီက တွေးတောရင်းနှင့် ငိုက်မျဉ်းလာပြီး အိပ်ပျော်သွားသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

နောက်တစ်နေ့နံနက် ဆန်ဆန်ကို နံနက်စာကျွေးပြီး ဝင်းမွန်သိက စာစသင်ရန်စီစဉ်သည်။

"ဆန်ဆန်လေး ဒီနေ့ စာသင်မယ် မဟုတ်လား"

"ဟုတ်ကဲ့"

"ကဲ ဒါဆို စားပွဲမှာထိုင်၊ အန်တီက သားကို ကကြီးခကွေး သင်ပေးမယ်နော်"

"ဟုတ်ကဲ့"

ဝင်းမွန်သိက သင်ပုန်းကြီးစာအုပ်ကိုထုတ်ပြီး စ၍သင်ပေးသည်။

ပထမဦးဆုံး အဆိုကိုရပြီးမှ အရေးကို သင်ပေးရန် စိတ်ကူးသည်။





"ဒီနေ့ သားကို ငါးလုံးပဲ အရင်သင်ဦးမယ်၊ အဲ့ဒါကို ရအောင်ကျက်ထားနော်"

"ဟုတ်ကဲ့"

ဝင်းမွန်သိက ရှေ့ကတိုင်ပေးသည်။ ဆန်ဆန်က လိုက်ဆိုသည်။ ထမင်းစားချိန်အထိကျတော့ ဆန်ဆန်က ကမှညင်းငါးလုံး စလုံးကို ရသွားသည်။

"ဆန်ဆန်လေးက တော်လိုက်တာ၊ အခုဆိုရင် စာငါးလုံး တတ်သွားပြီ"

"နောက်ထပ် သင်ဦးမယ်နော်"

"ဒီနေ့အတွက် ဒါပဲသင်ပါဦး သားတယ်၊ မနက်ဖြန်ကျမှ နောက်ထပ်ငါးလုံး သင်ပေးမယ်နော်"

"ဟုတ်ကဲ့"

"ကဲ အခု ထမင်းစားချိန်ရောက်ပြီ၊ သားကို အန်တီ ထမင်း ခွံကျွေးမယ်နော်"

"ဒီနေ့ သား ဘာနဲ့စားရမှာလဲ"

"သားပဲ ပုစွန်စားချင်တယ်ဆိုလို့ ကျင်ကျင်ကို ပြုတ်ကြော် လုပ်ခိုင်းထားတယ်လေ"

"ဟုတ်ကဲ့"

ဝင်းမွန်သိက ထမင်းစားခန်းသို့သွားပြီး ဆန်ဆန်အတွက် ဟင်းလျာများကို ယူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာပဲ ချွကျွေးသည်။ ဆန်ဆန်က ထမင်းစားရင်းနှင့် အရုပ်လေးတွေဖြင့် ကစားသည်။ ဝင်းမွန်သီက ဂရုတစိုက် ချော့ကျွေးတော့ ဆန်ဆန် ထမင်းတစ်ပန်းကန် ကုန်သွားသည်။

"သားက လိမ္မာလိုက်တာ၊ ထမင်းကုန်တယ်၊ နေ့တိုင်း အဲဒီလိုစားရင် သား ဝလာမှာ"

"ဟုတ်လား"

"ဝပြီး ပိုချစ်စရာကောင်းလာလိမ့်မယ်"

"အဲ့ဒါဆိုရင် မေမေက သားကိုချစ်မှာလား"

မျှော်လင့်တကြီးနှင့် မေးနေသော ဆန်ဆန်ကို ကြည့်ပြီး ဝင်းမွန်သီရဲ့ ရင်ထဲမှာ နင့်သိပ်စွာ ခံစားလိုက်ရသည်။

"သားကို မေမေက ချစ်မှာပေါ့ကွယ်၊ သားသမီးတိုင်းကို မိဘတွေက ချစ်ပါတယ် သားရယ်"

"မေမေက သားကိုမချစ်ပါဘူး၊ သူ့အနားသွားရင် အမြဲအော်ငေါက်ထုတ်တယ်"

"မေမေက အလုပ်များလို့ စိတ်မရှည်တာ ဖြစ်ပါလိမ့်မယ် သားရယ်"

"နင့်လို ရောဂါသည်မျိုးကို မွေးမိတာ မှားတယ်လို့ အမြဲပြောတယ်"





"သားကို စတာနေမှာပါကွယ်"

မျက်ရည်လေးဟာဝဲဝဲဖြစ်နေသော ဆန်ဆန်ကို စိတ်ပြောင်းစေရန် အခြားစကားများကို ပြောသည်။

"ထမင်းစားပြီးရင် ဘာလုပ်မလဲ"

"ကစားမယ်"

"မကစားခင် ဟောဒီအားဆေးလေး သောက်လိုက်ပါဦးကွယ်"

"ဟုတ်ကဲ့"

ဆန်ဆန်ကို အားဆေးတိုက်ပြီး ဝင်းမွန်သီက စားပြီးသားပန်းကန်တွေကို သိမ်းလိုက်သည်။

"သား ကစားနေနော်၊ အန်တီလေး ထမင်းသွားစားလိုက်ဦးမယ်"

"ဟုတ်ကဲ့"

ဆန်ဆန်ကိုထားခဲ့ပြီး ထမင်းစားခန်းဆီသို့ ဝင်းမွန်သီက ဆင်းလာခဲ့သည်။

"မမ ထမင်းစားတော့မလား"

"စားတော့မယ် ကျင်ကျင်"

ကျင်ကျင်က ဝင်းမွန်သီကို ထမင်းခူးခပ်ကျွေးသည်။ ဝင်းမွန်သီ စားနေသည့်အနားမှာ လာထိုင်ပြီး ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆန်ဆန်လေးက မမရောက်လာမှ ထမင်းစားတယ်နော်
နည်းနည်းလဲ ပြည့်လာတယ်"

"ချော့ကျွေးတော့ သူစားရှာပါတယ်"

"အရင်က ကျင်ကျင်က သူ့ကို ကျွေးပေမယ့် ချော့
ချိန်မရဘူး မမရယ်"

"ဟုတ်တာပေါ့၊ တစ်အိမ်လုံးအလုပ် လုပ်ရသေး
ကျင်ကျင် ဘယ်အားမလဲ"

"ကလေးကို သနားပေမယ့် ကျင်ကျင်က သူ့အ
အချိန်မပေးနိုင်ခဲ့ဘူးလေ"

"မိဘတွေက အလုပ်များပြီး သူ့ကို သိပ်ပြီးလှည့်မကြည့်
တော့ ကလေးက သနားစရာလေးပါ"

"ဦးစောနောင်က အလုပ်အတော်များတာ ဟုတ်ပါ
ဒေါ်မေမျိုးကတော့ လည်ပတ်နေရတာနဲ့ မအားတာ"

ကျင်ကျင်လေးက စိတ်ထဲမှာရှိနေသော မကျေနပ်ချက်
လွှတ်ခနဲ ပြောလိုက်သည်။

"မမမေမျိုးက အလုပ်လုပ်တာ မဟုတ်ဘူးလား"

"မလုပ်ပါဘူး မမရယ်၊ တစ်နေ့တစ်နေ့ အပေါင်းအသင်း
အချိန်ကုန်နေတာပဲ"





"ဩော်"

"နောက်ကျရင် မမ တွေ့ပါလိမ့်မယ်၊ ဒီအိမ်မှာ ဝိုင်းရှိရင်
အပေါင်းအသင်းစုံတယ်လေ"

"ဝိုင်းဆိုတာ ဘာလဲ"

"ဂဏာန်းပေါင်းတဲ့ ဝိုင်းလေ"

"ဘာလဲ ကျင်ကျင်ရဲ့"

ဝင်းမွန်သီက သဘောမပေါက်ဘဲ ထပ်၍မေးလိုက်သည်။
ကျင်ကျင်က သဘောကျစွာရယ်ပြီး ရှင်းပြသည်။

"လှကုံထံတွေရဲ့ တိုးတိုးကျိတ်ကျိတ် ဖဲဝိုင်းလေ မမရဲ့"

"ဟင် ...မမမေမျိုးက ဖဲကစားတယ်၊ ဟုတ်လား"

"ကစားတာမှ သိပ်ကစားပေါ့"

"ပိုက်ဆံကုန်တော့ ဦးစောနောင်က မပြောဘူးလား"

"ဒေါ်မေမျိုးကိုယ်တိုင်က ချမ်းသာတယ်လေ၊ သူ့ပိုက်ဆံနဲ့
သူ ကစားတာပေါ့"

"ဩော် ဒီလိုလား"

"ဒီအိမ်မှာ ဝိုင်းအလှည့်ကျတဲ့အခါကျရင် ကျင်ကျင်လဲ
မချောင်ဘူး မမရေ၊ အရမ်းပင်ပန်းတာပဲ"

ဝင်းမွန်သီက နားထောင်ရင်းနှင့် ဒေါ်မေမျိုးရဲ့ အကျင့်စရိုက်
တွေကို တဖြည်းဖြည်းသိလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးစောနောင်ကရော ကစားလားဟင်"

"ဦးစောနောင်က မစားပါဘူး၊ ဒါပေမယ့် ဒေါ်မေမျိုးရဲ့ အပေါင်းအသင်းတွေနဲ့ အလိုက်အထိုက်တော့ ဆက်ဆံပါတယ်"

ဒေါ်မေမျိုးသည် အပေါင်းအသင်းများသော အလွန်ဆိုရှယ်ကျသော သူတစ်ယောက်လို့ ခန့်မှန်းမိသည်။ ကျင်ကျင်က စကားပြောနေရင်းကနေ အသံတစ်ခုကို ကြားသည်။

"ဘယ်သူပါလဲ မသိဘူး"

ထိုသို့ပြောနေစဉ် ထမင်းစားခန်းဝမှ အသက်နှစ်ဆယ်လောက်ရှိသော ချောမောလှပ ခေတ်ဆန်သော အမျိုးသမီးတစ်ယောက်ကို ဘွားခနဲ တွေ့လိုက်ရသည်။

"ဟင် ...မျိုးမျိုး၊ ဘယ်တုန်းကရောက်နေတာလဲ"

"အခုပဲ တံခါးဖွင့်ပြီး ဝင်ခဲ့တာလေ"

"ဟုတ်သားပဲ၊ မျိုးမျိုးမှာ သော့တစ်ချောင်းရှိတာ မေ့သွားတယ်"

"မမမေရော၊ ထုံစံအတိုင်း သူငယ်ချင်းတွေနဲ့ အရုပ်သွားကြည့်နေတာလား"

"ဟုတ်တယ်"

"သူက ဘယ်သူလဲ"





ဝင်းမွန်သီကို စူးစမ်းလေ့လာသောအကြည့်တွေနှင့် ကြည့်ပြီး မေးသည်။

"ဆန်ဆန်ကိုကြည့်ဖို့ ငှားထားတဲ့ ဝင်းမွန်သီပါ"

"ဟုတ်လား၊ ဘယ်တုန်းက ငှားလိုက်တာလဲ"

"သုံးလေးရက်ပဲ ရှိပါသေးတယ် မျိုးမျိုး"

"မျိုးကို သူ မသိသေးဘူးနော်"

"ဟုတ်ကဲ့၊ ပြောမပြမိသေးဘူး"

"ဒါဆို မှတ်ထားလိုက်နော်၊ မျိုးမျိုးက မမမေမျိုးရဲ့ ညီမ အငယ်ဆုံး မျိုးမျိုးမြတ်လေ"

"သြော် ...ဟုတ်ကဲ့"

ဝင်းမွန်သီက လေးလေးစားစား ပြန်ဖြေလိုက်သည်။

"ပြင်ဦးလွင်က အစ်ကိုနဲ့သွားနေတာ နှစ်လရှိပြီ၊ ပျင်းတာနဲ့ ပြန်လာခဲ့တာ"

မျိုးမျိုးမြတ်က ထမင်းစားပွဲမှာဝင်ထိုင်ရင်းနှင့် ကျင်ကျင်ကို ပြောသည်။

"မျိုး ထမင်းစားမယ် ကျင်ကျင်"

"ဟုတ်ကဲ့"

ကျင်ကျင်က မျိုးမျိုးမြတ်ကို ထမင်းခူးခပ်ပေးသည်။ ဝင်းမွန်သီ က ဆမင်းကို လက်စသတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မျိုးအခန်းကို ရှင်းပေးဦးနော် ကျင်ကျင်"

"အခုပဲ ရှင်းပေးမယ်နော် မျိုးမျိုး"

ဝင်းမွန်သီက ထမင်းစားခန်းထဲမှ သွက်သွက် ထွက်လာခဲ့သည်။

မျိုးမျိုးမြတ်သည် စကားပြောဆိုသည်မှာ မာကျွတ်ကျွတ်နဲ့ ထောင့်မကျိုးသော မိန်းကလေးတစ်ယောက်ဆိုတာ သိလိုက်သည်။

ဆန်ဆန်ရဲ့အခန်းထဲကို ဝင်လိုက်တော့ ဆန်ဆန်က ကစားရင်းနှင့် သင်ထားသော အက္ခရာငါးလုံးကို အပြန်ပြန်အလှန်လှန် သီဆိုနေသည်။ ဝင်းမွန်သီက ဆန်ဆန်ကိုကြည့်ပြီး သဘောကျနေသည်။

"အန်တီ ထမင်းစားပြီးပြီလား"

"အင်း ပြီးပြီ"

"ဒါဆို သားနဲ့လာကစားနော်"

"ကစားမှာပေါ့"

ဆန်ဆန်ရဲ့အလိုကိုလိုက်ပြီး သူကစားချင်သည့် ကစားနည်းကို လိုက်ကစားနေသည်။ ထိုစဉ်မှာ ထမင်းစားပြီးသော မျိုးမျိုးမြတ်က သူတို့အခန်းကို ရောက်လာသည်။

"ဟော့ ဆန်ဆန်"





အခန်းဝက ခေါ်သံကြောင့် ဆန်ဆန်က လှမ်းကြည့်လိုက်သည်၊

"ဟော ... အန်တီမျိုးပြန်လာပြီလား"

"အေး"

"သားဖို့ ဘာဝယ်လာလဲ"

"ဘာမှ မပါဘူး၊ အန်တီမျိုး မြန်မြန်ပြန်လာခဲ့တာ"

"အန်တီမျိုးက အဲဒီလိုပဲ၊ သားအတွက် ဘယ်တော့မှ သတိမရဘူး"

"ဆန်ဆန့်ဆီမှာ ဒီလောက် စားစရာတွေများနေတာ အားလုံးပြည့်စုံနေတာ ဘာလိုသေးလို့လဲကွာ"

"ဒါဆို သားတို့နဲ့ လာကစားလေ"

"မအားသေးဘူး၊ အပြင်သွားရဦးမှာ"

မျိုးမျိုးမြတ်သည်လည်း သူ့အစ်မလိုပင် တူလေးအား လုံးဝအချိန်မပေးနိုင်သူတစ်ယောက်ပါလား။

မျက်နှာလေးညှိုးကျသွားသော ဆန်ဆန်ကိုကြည့်ပြီး ဝင်းမွန်သီက စိတ်မကောင်းပါ။

"အန်တီမျိုးသွားမယ်၊ နှစ်လလောက်ကင်းကွာနေတဲ့ သူငယ်ချင်းတွေဆီ သွားလိုက်ဦးမယ်"

မျိုးမျိုးမြတ်က ရေမိုးချိုးပြီး ကြော့မော့နေအောင် ပြင်ဆင်ကာ အိမ်မှ ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအန်တီမျိုးကလဲ မေမေ့လိုပဲ၊ သားကို မချစ်ဘူး သိလား"

ဆန်ဆန်လေးကို ကရုဏာသက်သောအကြည့်နှင့် ဝင်းမွန်သီက ကြည့်လိုက်သည်။ ဆန်ဆန်လေးအပေါ် ဖခင်ကလွဲပြီး မေတ္တာပေး မယ့်သူ မရှိပါလား"

"သားဖေဖေက သားကိုသိပ်ချစ်နေပြီပဲကွယ်၊ သူများတွေ မချစ်လဲ အရေးမကြီးပါဘူး"

"ဟုတ်တယ်၊ ဒါကြောင့် သားကလဲ ဖေဖေ့ကိုသိပ်ချစ်တယ်"

"ချစ်ရင် နေ့ခင်း ခဏအိပ်လိုက်နော်"

"ဖေဖေက သား နေ့ခင်းအိပ်မှ ပိုချစ်မှာလား"

"နေ့ခင်းအိပ်တော့ သားက အားရှိပြီး နေကောင်းတော့ ဖေဖေက ပိုချစ်မှာပေါ့"

"ဒါဆို သားအိပ်မယ်"

ဝင်းမွန်သီက ဆန်ဆန်ကို အိပ်ရာပေါ်သို့ တင်ပေးလိုက်သည်။ ဆန်ဆန်က ခဏအကြာမှာ အိပ်ပျော်သွားသည်။

ဝင်းမွန်သီက ကစားစရာများကို ရှင်းပြီး သူ့အခန်းသို့ ပြန်ခဲ့သည်။

ခုတင်ပေါ်တွင် ခဏလှဲရင်းနှင့် မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ဖတ်နေသည်။





ဆန်ဆန် အိပ်ရာကနိုးသည်နှင့် နေ့လယ်စာ သစ်သီးဖျော်ရည်နှင့် မုန့်ကိုကျွေးသည်။ ခဏတစ်ဖြုတ် ကစားပြီးမှ ရေချိုးပေးသည်။ ညနေဘက်မှာ ခြံထဲတွင် ဆော့ကစားစေသည်။ ထိုအချိန်မှာ စောနောင်က ပြန်ရောက်လာသည်။

"သားရေ"

"ဟော်...ဖေဖေပြန်လာပြီ"

ဆန်ဆန်က ဖခင်ထံသို့ ဟပ်ထိုးလဲမတတ် ပြေးသွားသည်။

"လဲကျဦးမယ်၊ ဆန်ဆန် ဖြည်းဖြည်းသွားလေ"

"သာရေ ဒီမှာဘာလဲ ကြည့်စမ်း"

စောနောင်က လက်ထဲက ကားလေးကိုပြသည်။

"ဟာ ...ဖေဖေက သားအတွက် ကားတစ်စီး ဝယ်လာပြန်ပြီလား"

"ဟုတ်တယ်၊ ဒီကားလေးက မနေ့ကမှ ဆိုင်ပေါ်ရောက်တာတဲ့"

"ဟုတ်လား ဖေဖေ"

"သားကိုချစ်လို့ ဖေဖေက ပိုက်ဆံတွေအများကြီးပေးဝယ်လာတာ"

"ဒါကြောင့် သားကလဲ ဖေဖေ့ကိုချစ်တယ်"

ဆန်ဆန်က ဖခင်ကိုဖက်ပြီး ရယ်မောပြောသည်။

"ဖေဖေ သား စာတတ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ဘာတွေတက်နေတာလဲ"

"သားဆိုပြမယ်၊ ဖေဖေနားထောင်"

"ဟုတ်ပါပြီသားရယ်၊ ဆိုပြပါ"

ဆန်ဆန်က သူတတ်နေသော သင်ပုန်းကြီးငါးလုံးကို ဆိုပြသည်။

"ဟာ . . . ဖေဖေ့သားက သိပ်တော်ပါလား"

"နောက်နေ့ကို အန်တီက အများကြီးထပ်သင်ပေးဦးမယ်တဲ့"

"ဟုတ်လား"

ပျော်ရွှင်နေသော သားကိုကြည့်ပြီး စောနောင်က ပျော်နေသည်။ တစ်နေ့တည်း အက္ခရာငါးလုံးကို တတ်မြောက်ပြီး ပျော်ရွှင်ကြည်နူးနေသော သားကို ကောက်ချီလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဝင်းမွန်သီ"

တစ်ဆက်တည်းမှာပဲ ဝင်းမွန်သီကို လှမ်းကြည့်ပြီး ကျေးဇူးတင်လိုက်သည်။

"ဖေဖေ အန်တီမျိုးပြန်လာတယ်"

"ဟုတ်လား၊ ဘယ်တုန်းကလဲ"

"နေ့လယ်က"

"အိမ်မှာ လျှော်ကက်လည်တဲ့လူတစ်ယောက် တိုးတာပေါ့ကွာ"

"အိမ်ထဲမှာ ကားအသစ်လေးနဲ့ သွားကစားမယ်"





"ဟုတ်ပြီ၊ ဒါဆို မေမေလိုက်ခဲ့မယ်"

သားအဖနှစ်ယောက် အခန်းဆီသို့ သွားနေစဉ်မှာ ဝင်းမွန်သီက ထမင်းစားခန်းသို့သွားပြီး ဆန်ဆန်အတွက် ထမင်းသွားယူသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

နောက်တစ်နေ့ နံနက်စာကို ဝင်းမွန်သီက ထမင်းစားခန်းထဲမှာ စားနေစဉ် ကျင်ကျင်က သူ့အနားလာထိုင်သည်။ အိမ်တွင် မေမျိုးရော မျိုးမျိုးမြတ်ပါ မရှိပါ။ လူလစ်တုန်း ကျင်ကျင်က မကျေမနပ်ချက်တွေ ဖော်ထုတ်ပြန်သည်။

"မမရေ၊ ဒေါ်ခင်မျိုးနဲ့ မျိုးမျိုးက ညီအစ်မလို့ မပြောရဘူး တစ်ပုံစံတည်းပဲ သိလား"

"ဟုတ်လား"

"တစ်နေ့တစ်နေ့ အိမ်မကပ်ဘူး၊ လျှောက်လည်နေကြတာပဲ ဆန်ဆန့်အနားမှာ တစ်ယောက်မှ နေမပေးဘူး"

"မညိုကရော အိမ်မှာ နေမပေးဘူးလား"





"ဝေးပါသေးတယ်၊ ဒေါ်မေမျိုးရဲ့ အပါးတော်မြဲလေ၊ ဒေါ်မေမျိုးရဲ့ အလုပ်က လွဲပြီးအိမ်မှာ ဘာမှမလုပ်ဘူး၊ သူ့ရဲ့ဝေယျာဝစ္စတောင် ကျင်ကျင်က လုပ်ပေးရသေးတယ်"

"ကျင်ကျင့်အလုပ်တွေကို မမ ကူလုပ်ပေးမယ်"

"ရပါတယ် မမရယ်၊ ဆန်ဆန့်က ပိုပြီး မမကို လိုအပ်ပါတယ်၊ သူ့အနားမှာပဲ နေပေးလိုက်ပါ"

"နေ့လယ်စာစားပြီး သူအိပ်တဲ့အချိန်မှာ မမ အားပါတယ်၊ ဘာလုပ်ပေးရမလဲ၊ ပြောပါ"

"နေပါစေ မမရယ်၊ ကျင်ကျင့်အလုပ်ကို ကျင်ကျင် နိုင်ပါတယ်"

"မမက အားနေတာပဲကွယ်၊ ကူညီပါရစေ"

"မမက အရမ်းသဘောကောင်းတာပဲနော်၊ အိမ်အလုပ်ကို စိတ်ဝင်စားတယ်၊ ဒေါ်မေမျိုးတို့ မျိုးမျိုးမြတ်တို့က အိမ်အလုပ်ဆိုတာ သူတို့နဲ့ လုံးဝမသက်ဆိုင်ဘူးလို့ သတ်မှတ်ထားကြတာလေ"

ဝင်းမွန်သီက အိမ်ရှင်တွေရဲ့အကြောင်းကို ဝေဖန်မပြောလို၍ နှုတ်ဆိတ်နေလိုက်သည်။ စားပြီးသား ပန်းကန်များကို ဆေးကြောပြီး ဝင်းမွန်သီက ထမင်းစားခန်းမှ ထွက်လာခဲ့သည်။

ဆန်ဆန်နှင့် ခဏကစားပြီး ဆန်ဆန်ကို နေ့လယ်အိပ်ချိန်မှာ အိပ်စေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆန်ဆန် အိပ်သွားသည့်အချိန်မှာ ကျောင်းကျောင်းထံသို့ ထွက်လာသည်။

ကျောင်းကျောင်းက တစ်အိမ်လုံးရဲ့ အဝတ်တွေကို မီးပူတိုက်နေသည်။

"အဲ့ဒါတွေ မမ လုပ်ပေးမယ်"

"ရပါတယ် မမရယ်"

"တခြားအလုပ်ကို ကျောင်းကျောင်းသွားလုပ်ပါ၊ မမ ဒီအဝတ်တွေ တိုက်ပေးမယ်"

ဝင်းမွန်သီက အလုပ်ကို အတင်းဝင်လုပ်သည်။ ကျောင်းကျောင်းက အဝတ်တစ်ပုံနှင့် ဝင်းမွန်သီကို ထားခဲ့သည်။

"မမရေ နိုင်သလောက်ပဲ တိုက်နော်၊ ကျန်တာကို ကျောင်းကျောင်း တိုက်လိုက်မယ်"

"ကောင်းပါပြီကွယ်"

အဝတ်တွေကို မီးပူတိုက်ပေးပြီးထားခဲ့ကာ ဆန်ဆန်ဆီသို့ ထွက်လာသည်။ ဆန်ဆန်က အိပ်ရာက နိုးနေပြီဖြစ်သည်။

"ဟော ... ဆန်ဆန်လေးတောင် နိုးပြီကိုး၊ ဘာဖျော်ရည် သောက်မလဲ"

"စတော်ဘယ်ရီဖျော်ရည်သောက်မယ်"

"ကောင်းပြီ၊ ယူလာခဲ့မယ်၊ မုန့်ရော ဘာမုန့်စားမလဲ"





"ကိတ်မုန့်"

"ဟုတ်ပြီ၊ အားလုံးယူလာခဲ့မယ်နော်"

ဆန်ဆန်က ဒီနေ့ အသစ်ထပ်တက်ထားသော အက္ခရာလေးတွေကို အစာစားရင်းနှင့် သီဆိုနေသည်။ ဆယ်လုံးသော ဗျည်းအက္ခရာကို တတ်ပြီမို့ အလွန်ပျော်နေသည်။

"အန်တီ မေမေမလာသေးဘူးလား"

"မလာသေးဘူးကွယ့်"

"သားက အိပ်ချင်ပြီ"

"အိပ်ချင်ရင် အိပ်လေ၊ ဖေဖေက ပြန်လာရင် အမြဲလာကြည့်ပြီး နှုတ်ဆက်တယ်"

"သားအိပ်နေတာကို လာကြည့်တယ်၊ ဟုတ်လား"

"ဟုတ်တယ်၊ ဂွတ်နိုက်ဆိုပြီး သားရဲ့နဖူးလေးကိုလဲ နမ်းသေးတယ်"

"ဟုတ်လား"

ဆန်ဆန်ရဲ့မျက်နှာပေါ်ဝယ် ကျေနပ်ပြုံးတွေဖြစ်နေသည်။ ဝင်းမွန်သီပြောပြသော ပုံပြင်ကို နားထောင်ရင်းနှင့် ဆန်ဆန်က အိပ်ပျော်သွားသည်။

ဆန်ဆန် အိပ်ပျော်သွားတော့ လေအေးစက်ကို အရှိန်လျှော့ပြီး ဆန်ဆန်ကို စောင်ခြုံပေးလိုက်သည်။ အခန်းထဲမှာ ခြင်ရှိမရှိ ရှာကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ စောနောင်က အပြင်ကပြန်လာလာချင်း သားထံသို့ လာသည်။

"သားအိပ်နေပြီလား ဝင်းမွန်သီ"

"ဟုတ်ကဲ့၊ ခုလေးတင် အိပ်သွားတာပါ"

"စောစောပြန်မလို့ဘဲ၊ နိုင်ငံခြားက ဧည့်သည်တွေရောက်နေတာနဲ့ အလုပ်ကမပြတ်လို့ နောက်ကျသွားတယ်၊ ပင်ပန်းနွမ်းနယ်နေသလို ရှင်ပျခြင်းကင်းနေသောမျက်နှာနှင့် နှုတ်ဆက်ပြီး အခန်းထဲမှ ပြန်ထွက်သွားသည်။

"ဩော် ငွေကြေးချမ်းသာပြီး စိတ်မချမ်းသာရတာလဲ ဝဋ်ကြွေးတစ်ခုပါလား"

သားအအဖနှစ်ယောက်စလုံးကို ဝင်းမွန်သီကကြည့်ပြီး သနားနေသည်။ အခန်းထဲရောက်ပြီးမှ အိပ်ချင်စိတ်မရှိသေး၍ ကျင်ကျင်ထံသို့ ထွက်လာခဲ့သည်။

"ကျင်ကျင်ရေ၊ အလုပ်တွေ မပြီးသေးဘူးလား"

"ဆရာအတွက် ပြင်ဆင်ထားတာ မစားတော့ဘူးဆိုလို့ သိမ်းမလို့"

"အိမ်မှာ ထမင်းဟင်းတွေကို အမြဲလိုလို အလကားဖြစ်တယ်နော်"





"ဟုတ်တယ် မမရဲ့၊ သူတို့က စာချင်တဲ့နေ့စားတယ်၊ မစားချင်ရင်လဲ မစားပြန်ဘူး၊ အဲ့ဒီတော့ ကျင်ကျင်က လျှော့ချက်လို့ဖြစ်ဘူး၊ စားစား မစားစား ပုံမှန်ပဲချက်ရတယ်လေ"

"ခါတိုင်း ဦးစောနောင်က စားသာပဲ၊ ဒီနေ့မစားဘူးလား"

"အပြင်က စားခဲ့တယ်တဲ့"

"ဒေါ်မေမျိုးနဲ့ မျိုးမျိုးရော မစားဘူးလား"

"မနက်စာစားပြီးကတည်းက ထွက်သွားကြတာလေ၊ ဒီအချိန်အထိပြန်ရောက်ဦးမလဲ၊ သူတို့အတွက် စောသေးတာပဲ"

ကျင်ကျင်က ဟင်းပန်းကန်တွေ သိမ်းရင်းကနေ မကျေမနပ်နှင့် ပြောနေပြန်သည်။

"မမ ကူလုပ်ပေးမယ်"

"ရပါတယ် မမရယ်"

"ဆန်ဆန် အိပ်သွားပြီ၊ အားနေတာပဲ၊ ကူလုပ်ပေးမယ်နော်"

ကျင်ကျင်ကို ကူညီပြီး ပန်းကန်ခွက်ယောက်များကို ဆေးကြောဆေးလိုက်သည်။ အားလုံး ကူညီပေးပြီးမှ အခန်းသို့ ပြန်လာသည်။ ဆီဗွီကြည့်ချင်စိတ် မရှိတော့၍ အိပ်ရာသို့ဝင်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ထက်တစ်နေ့ ဆန်ဆန်ကို စာလုံးရေတွေ ပိုသင်ပေး သည်။ ဆန်ဆန်က ကြိုးကြိုးစားစား လိုက်ပါလာ၍ ဝင်းမွန်သီ ဝမ်းသာနေသည်။

ဒေါက်တာမြဖူးက ဆန်ဆန်ကို လာကြည့်သည့်အခါ ဆန်ဆန် က သူတတ်နေပြီဖြစ်သော စာများကို ဆိုပြသည်။

"သားက ဘယ်ဆိုးလို့လဲ၊ ဉာဏ်ကောင်းသားပဲ"

"ဟုတ်လား၊ သား ဉာဏ်ကောင်းတယ်လား"

"ဉာဏ်ကောင်းလို့ စာတွေ မှတ်မိတာပေါ့ကွ"

ဆန်ဆန်က ဝမ်းသာစွာနှင့် ရယ်လိုက်သည်။ ဒေါက်တာမြဖူး က ဆန်ဆန်ကိုကြည့်ပြီး လိုအပ်သည့်ဆေးများပေးကာ ပြန်သွား သည်။

ညမိုးချုပ် စောနောင် အိမ်ပြန်ရောက်သည့်အချိန်ကိုမှန်းပြီး ဒေါက်တာမြဖူးက ဖုန်းဆက်သည်။

"စောနောင်ရေ ဒီနေ့ မင်းသားဆီ ငါရောက်တယ်"

"ဝင်းမွန်သီပြောပြလို့ သိတယ်"

"မင်းသားလေးက တော်တော် တိုးတက်လာပြီကွ"

"ဟုတ်လား၊ သူ ဒီလိုတိုးတက်လာတော့ ဝမ်းသာတယ်ကွာ"

"အဲ့ဒါ ဝင်းမွန်သီကြောင့်၊ မင်း သူ့ကို ကျေးဇူးတင်ရမယ်"

"သူ့ကို ငါ အမြဲ ကျေးဇူးတင်စကား ပြောပါတယ်ကွာ"





"စိတ်ရင်းစေတနာသိပ်ကောင်းတဲ့ မိန်းကလေးပဲ၊ ဆန်ဆန် လေးမှာ အဲ့ဒီလို မိခင်မျိုးသာရှိရင် ဘယ်လောက်ကောင်းလိုက်မလဲ နော်"

"ဟုတ်ပါတယ် မြဖူးရယ်၊ မေမျိုးကို လက်ထပ်လိုက်တာ ငါ သိပ်မှားသွားပြီ"

"အေးလေ၊ ဖြစ်ပြီးမှ ဘာတတ်နိုင်မှာလဲ၊ မင်းမိန်းမက အိမ်မှာသာ မတွေ့ရတာ. ညှော်ခံပွဲ၊ ပါတီပွဲတိုင်းလိုလိုမှာတော့ တွေ့နေရတယ်လို့ ကြားတယ်"

"ဟုတ်တယ်လေ၊ အဲ့ဒါတွေပဲ သူက အလေးထားနေတာ"

"ဒါနဲ့ မင်းခယ်မ ပြန်ရောက်နေတယ်ဆို"

"ဟုတ်တယ်၊ ငါနဲ့ တစ်ခါမှ မဆုံသေးဘူး"

"တစ်အိမ်တည်းနေပြီး မတွေ့ရဘူးဆိုတော့"

"ဟုတ်တယ်၊ အပေါ်ဆုံးထပ်မှာ ငါက နေတယ်၊ အလယ် ထပ်မှာ သူတို့ညီအစ်မ နေတယ်လေ၊ ငါအလုပ်သွားတဲ့အချိန် သူတို့ အိပ်ရာက မနိုးသေးဘူး၊ ငါပြန်လာတဲ့အချိန် သူတို့အိမ်မှာ မရှိဘူး၊ သူတို့ပြန်လာတော့ ငါအိပ်ပြီလေ"

"ကောင်းကွာ၊ ဒါနဲ့ မင်းမိန်းမရဲ့ မျက်နှာကိုတောင် မှတ်မိသေးရဲ့လား စောနောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့ငါ အခန်းခွဲနေတာ သုံးနှစ်တောင် ကျော်နေပါပြီ မြဖူးရာ၊ လင်မယားချင်း မျက်နှာချင်းဆိုင်မိတဲ့အချိန်က ရှားပါးသားပဲ"

"အင်း…မင်းအိမ်ထောင်ရေးကြီးကို စိတ်ပျက်လိုက်တာကွာ"

"အေး ဟုတ်တယ်၊ ငါလဲ စိတ်ပျက်တာပဲ"

"မပြေလည်ရင်လဲ ကွာရှင်းလိုက်ကြပါလား"

"သူ့ဘက်က မတောင်းဆိုသေးဘဲ ငါကစပြီး မပြောချင်ဘူး"

"မင်းတို့ဟာကလဲ မလွယ်ပါလားကွာ"

"ဟုတ်တယ် မြဖူးရာ၊ ငါ့ဘဝက နွံနစ်နေသလိုပဲ၊ ရုန်းလေ မြုပ်လေပါပဲ"

"ကဲပါ သူငယ်ချင်းရယ်၊ စိတ်ညစ်စရာတွေ တွေးမနေပါနဲ့ ယောက်ျားပဲကွာ ဖြစ်နေတဲ့ဘဝကို ရဲရဲကြီးပဲ ရင်ဆိုင်လိုက်ကြပေါ့ မင်းမှာ သိပ်ချစ်စရာကောင်းတဲ့ သားလေးလဲ ရှိသားပဲ"

"ဟုတ်တယ်၊ သားရဲ့မျက်နှာကိုထောက်ပြီး အရာရာကို သည်းခံနေပါတယ်"

"မေမျိုးနဲ့ ကွာရှင်းပြီး နောက်တစ်ယောက် မိန်းမယူမယ်ဆိုရင် ဝင်းမွန်သီလို မိန်းမမျိုးရှာယူနော်"

"ဟာ…မင်းကလဲ ဟိုကကြားသွားရင် မကောင်းပါဘူး"

"မကြားပါဘူးကွာ၊ သိပ်ကြီးအဖြစ်သဲမနေနဲ့၊ ဒါပဲနော်"





ဒေါက်တာမြဖူးက ပြောချင်တာပြောပြီး တယ်လီဖုန်းခွက်ကို ချလိုက်သည်။

"တော်တော်ဆိုတဲ့လူ"

အစအဆုံးနောက်သန်သော သူငယ်ချင်းကို သဘောကျစွာ ရယ်ပြီး စောနောင်က တယ်လီဖုန်းခွက်ကို ချလိုက်သည်။ စိတ်ထားဖြူစင်သလို အေးအေးကြည်ကြည်လှနေသော ဝင်းမွန်သီကို မျက်စိထဲ မြင်ယောင်လိုက်သည်။

"ဟုတ်တယ်၊ ဝင်းမွန်သီလေးက သဘောကောင်းသလို ချစ်စရာလဲ ကောင်းတယ်၊ ဒါပေမယ့် ငါ့အတွက် မစားကောင်းတဲ့ အသီးပဲ၊ အိမ်ထောင်ရှိနေတဲ့ ငါဟာ ဝင်းမွန်သီလေးအပေါ်မှာ ဖြူစင်ရိုးသားရမယ်"

ညစ်နွမ်းသောအတွေးများ သူ့စိတ်ထဲသို့ မရောက်လာအောင် အောင်းထုတ်ပြီး အိပ်ပျော်အောင် ကြိုးစားလိုက်သည်။

နောက်တစ်နေ့နံနက် ဆန်ဆန်က အိပ်ရာနိုးပြီး နံနက်စာ စားနေစဉ်မှာ စောနောင်က ရောက်လာသည်။

"ဖေဖေ့သားလေး မုန့်စားနေပြီလားကွ"

"ဟုတ်ကဲ့ ဖေဖေ"

"သား စာတွေအများကြီး တတ်နေပြီလား"

"အများကြီးတတ်နေပြီ၊ သားဆိုပြမယ်၊ ဖေဖေနားထောင်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဆန်ဆန်က သူတတ်ပြီးသည်များကို စိတ်ပါလက်ပါ ရွတ်ပြသည်။

"သားက တကယ်တော်တာပဲ၊ စာတွေအများကြီးကို တတ်နေပြီ"

"အန်တီက နောက်ထပ် သင်ပေးဦးမယ်တဲ့"

"သင်ရမှာပေါ့သားရဲ့၊ ဒါမှ သား ပညာတတ်ကြီးဖြစ်မှာ"

"သား ပညာတတ်ကြီးဖြစ်ရင် ဖေဖေက ချစ်မှာလား"

"အခုလဲ သားကိုချစ်တယ်၊ ပညာတတ်ကြီးဖြစ်ရင် ပိုချစ်မယ်"

"ဒါဆို သား စာတွေအများကြီး သင်မယ်နော်"

"သင်ရမှာပေါ့ သားရဲ့"

စောနောင်က ဆယ့်ငါးမိနစ်လောက် သားနှင့်စကားပြောပြီး သားကို နှုတ်ဆက်သည်။

"ဖေဖေ အလုပ်သွားတော့မယ် ညနေကျရင် သားကို ဘာဝယ်လာရမလဲ"

"ဘာမှမဝယ်နဲ့ ဖေဖေ၊ ဟိုကားလေးနဲ့ပဲ ဆော့ဦးမယ်"

"သားက အရုပ်တောင် မပူဆာတော့ပါလား၊ သိပ်ကို လိမ္မာနေတာကိုး"

"အန်တီက အရုပ်တွေ ခဏခဏ ဖေဖေ့ကို မပူဆာနဲ့တဲ့"

"ဘာလို့လဲသားရဲ့"





"ရှိပြီးသားတွေကို ဖေဖေက ထပ်ထပ်ဝယ်လာတော့ ပိုက်ဆံကုန်မယ်တဲ့"

"ဟုတ်လား၊ အန်တီက အဲ့လိုသင်တယ်"

"ဟုတ်တယ် ဖေဖေ"

"သားက အန်တီ့စကားကို နားထောင်တယ်ပေါ့"

"ဟုတ်ကဲ့၊ သား စကားနားမထောင်ရင် အန်တီ စိတ်ဆိုးပြီး ထွက်သွားမှာကြောက်တယ်"

ဆန်ဆန်က ထိုသို့ပြောလိုက်တော့ ဝင်းမွန်သီက စိတ်မကောင်းဖြစ်သွားသည်။

"အန်တီက သားကို ဘယ်တော့မှ ပစ်မသွားပါဘူးကွယ်"

"တကယ်လား အန်တီ"

"တကယ်ပေါ့၊ သားကိုချစ်လို့ သားစိတ်မကောင်းမယ့် အလုပ်ကို အန်တီ မလုပ်ပါဘူး"

"တွေ့လား၊ သားကိုချစ်တဲ့ အန်တီတစ်ယောက်ရပြီ၊ သားလေး ပျော်တယ်မဟုတ်လား"

"ပျော်တယ် ဖေဖေ"

"ပျော်ရင် အိမ်မှာကောင်းကောင်းနေခဲ့နော်၊ ဖေဖေ အလုပ်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ဆန်ဆန်ကို ငုံ့နမ်းပြီး ဝင်းမွန်သီအား ကျေးဇူးတင်သော ကြည်လင်သည့်အကြည့်နှင့်ကြည့်ပြီး အခန်းထဲမှ ထွက်သွားသည်။

* * *





## အခန်း (၉)

နေ့လယ်ခင်းမှာ ဆန်ဆန်အိပ်ပျော်နေသည့်အချိန်မှာ ဝင်းမွန်သီက ထမင်းစားခန်းသို့ ရောက်သွားသည်။ ကျင်ကျင်က ထမင်းစားခန်းကို ကြမ်းတိုက်နေသည်။

"ကျင်ကျင်ရေ့၊ မမအားပြီ၊ ဘာလုပ်ပေးရမလဲ"

"ရပါတယ်၊ ဒီကြမ်းတိုက်ပြီးရင် ဧည့်ခန်းကို ဖုန်သုတ်မလို့"

"မမ လုပ်ပေးမယ်"

"ကျင်ကျင်လုပ်ပါ့မယ်၊ ထားလိုက်ပါ မမရယ်"

ကျင်ကျင်က ကြမ်းတိုက်သောတုတ်နှင့် တိုက်ရင်းကနေ ဝင်းမွန်သီကို ပြောသည်။

"မမရေ၊ ဒီ စနေနေ့ညမှာ အိမ်မှာ ပါတီရှိတယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာပါတီလုပ်မယ် ဟုတ်လား၊ ဘယ်သူက လုပ်မှာလဲ"

"ဒေါ်မေမျိုးက မျိုးမျိုးရဲ့မွေးနေ့ပါတီလုပ်ပေးမလို့တဲ့"

"ဟုတ်လား၊ ကျင်ကျင် အလုပ်များဦးမှာပေါ့"

"ရှင်းလင်းပြင်ဆင်ပေးရမှာပါ၊ အကျွေးအမွေးအတွက် ကျင်ကျင်လုပ်စရာမလိုဘူး"

"ဩော်"

"သူတို့က ဟိုတယ်က လူငှားပြီး ဒီမှာလာချက်ပြုတ်ပေးကြမှာ"

"ပိုက်ဆံ အတော်ကုန်မှာပဲနော်"

"ကုန်သလားမပြောနဲ့၊ ထမင်းစားကြ၊ သီဆိုကခုန်ကြသေးတယ်"

"အရမ်းကိုရှုပ်လုတဲ့ လူတွေပါလား၊ အနောက်တိုင်း ယဉ်ကျေးမှုကို ပြည့်ပြည့်ဝဝ လက်ခံနေကြတာကိုး"

ဝင်းမွန်သီက စိတ်ထဲကနေ ကောက်ချက်ချလိုက်သည်။

"ကျင်ကျင်ဖြင့် သူတို့ကခုန်နေတာ မျက်စိနောက်လို့ လုပ်ပေးစရာရှိတာ လုပ်ပေးပြီး ရှောင်နေလိုက်တယ်"

"မွေးနေ့ပွဲက အိမ်ထဲမှာ လုပ်မှာလား"

"မဟုတ်ဘူး၊ ခြံထဲမှာလုပ်မှာ၊ ခြံထဲမှာ မီးရောင်စုံတွေ ထွန်းမှာလေ၊ ပြီးတော့ ကကြရင်း မီးက မှိန်သွားရော"





ကျင်ကျင်က သူ့ရဲ့အတွေ့အကြုံတွေကို ကောင်းကောင်းကြီး ဖောက်သည်ချနေသည်။

"ဦးစောနောင်ကရော ဝင်ကလား"

"ဟင့်အင်း၊ ဧည့်သည်တွေကို အလိုက်အထိုက်ဆက်ဆံပြီး သူ့အခန်း သူပြန်အောင်းနေတော့တာပဲ၊ ဒေါ်မေမျိုးနဲ့ မျိုးမျိုးမြတ်သာ မိုးလင်းလုနီးပါး ခြံထဲမှာနေကြတာပဲ"

စောနောင်နှင့် မေမျိုးသည် အသွင်မတူဘဲ အိမ်ထောင်ဖက်ဖြစ်နေပါလားလို့ ဝင်းမွန်သီက သုံးသပ်သည်။ ကျင်ကျင်က ပါးစပ်က ပေါက်ပေါက်ဖောက်သလို ပြောရင်း အလုပ်ကိုလည်း တရစပ်လုပ်နေသည်။

"ဧည့်ခန်းကို သွားရှင်းဦးမယ်"

"မမပါ လိုက်ကူလုပ်ပေးမယ်"

အလွန်ကျယ်၍ ခမ်းနားထည်ဝါလှသော ဇလပ်မြိုင်ရဲ့ ဧည့်ခန်းကို ဒုတိယအကြိမ် ဝင်းမွန်သီကရောက်သည်။ ခြံထဲဆင်းလျှင် သူတို့က အိမ်ရှေ့တံခါးမကြီးမှ မဆင်းပါ။ အိမ်ဘေးတံခါးပေါက်များကသာဆင်းလျှင် ဧည့်ခန်းကို ဖြတ်စရာအကြောင်းမရှိပါ။ ဇလပ်မြိုင်သို့ စရောက်သည့်နေ့က တစ်ခါရောက်ပြီးသည့်နေ့မှ ဒုတိယအကြိမ် ဧည့်ခန်းဆီသို့ ရောက်သည်။

ကျင်ကျင်က ဧည့်ခန်းထဲတွင် အလှထားသော ပန်းပုရုပ်တွေကို ဖုန်သုတ်ရင်း ဝင်းမွန်သီကပါ ကူလုပ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျင်ကျင် ဒီအိမ်မှာနေတာ ကြာပြီလား"

"နှစ်နှစ်ကျော်ပဲ ရှိပါသေးတယ်"

"ဩော်"

ဝင်းမွန်သီက စောနောင်နှင့် မေမျိုးတို့ ဘယ်လိုလက်ထပ်ခဲ့ကြသည်ကို စိတ်ဝင်စားပြီး ကျင်ကျင်များ သိလေမလားလို့ တီးခေါက်ကြည့်မည့်အစီအစဉ် ပျက်သွားသည်။

"ဒါဆို ဆန်ဆန်လေး နှစ်နှစ်ခွဲလောက်ကမှ ရောက်တာပေါ့"

"ဟုတ်တယ်၊ ဆန်ဆန်လေးက အဲဒီအချိန်တုန်းက အခုထက် အခြေအနေအများကြီး ဆိုးတယ်"

"ဟုတ်လား၊ ကျင်ကျင်က သူ့ကိုကြည့်ခဲ့ရတာလား"

"ရောက်ကတည်းက ကျင်ကျင်က အိမ်အလုပ်ပါ၊ ဆန်ဆန် အတွက် အဲဒီတုန်းက သူနာပြုဆရာမ ငှားထားရတယ်လေ"

"ဦးစောနောင်က သားကို သိပ်ပြီးဂရုစိုက်တာပဲ၊ ဆန်ဆန် အတွက် ထားတဲ့လူကို စိတ်တိုင်းမကျရင် အသစ်လဲပစ်လိုက်တာပဲ"

"သူ့သားလေးကို အတော်ချစ်တာပဲနော်"

"သားအဖနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတယ်၊ သူတို့က နှစ်ယောက်တစ်ကမ္ဘာလေ၊ ဒေါ်မေမျိုးက သီးခြားကမ္ဘာပေါ့"





ကျင်ကျင်က သူ့ဘာသာ သူပြောပြီး သဘောကျစွာ ရယ်နေသည်။ ဝင်းမွန်သီရဲ့ ရင်ထဲမှာ စောနောင်တို့သားအဖအတွက် ကရုဏာစိတ်တွေ တစ်နေ့တခြား တိုးနေသည်။

"ဒီမှာ ကြာကြာနေရင် ဇလပ်မြိုင်ရဲ့ စိတ်မချမ်းသာစရာ အကြောင်းတွေ မမ တွေ့လာမှာပါ"

"ဒေါ်မေမျိုးနဲ့ မျိုးမျိုးမြတ်က အသက်အတော်ကွာတယ်နော်"

"ဟုတ်တယ်၊ သူတို့က မောင်နှစ်မသုံးယောက် ရှိတာလေ၊ အကြီးဆုံးအစ်ကို ဦးမျိုးမြင့်က ဒေါ်မေမျိုးနဲ့ အသက်သိပ်မကွာဘူး"

"မျိုးမျိုးမြတ်ကို အလိုလိုက်ထားပုံရတယ်နော်"

"ဒေါ်မေမျိုးက သူ့ပုံစံဝင်နေတဲ့ ညီမကို အပြစ်ဘယ်မြင်မှာလဲ၊ သူ့ခြေရာကို တစ်ထပ်တည်းနင်းနိုင်တယ်ဆိုပြီး ဝမ်းတောင်သာနေဦးမှာ"

"အင်းလေ၊ ဆိုရှယ်ကျမှ လူရာဝင်တယ်လို့ ထင်နေကြတဲ့ သူတွေအတွက် မျိုးမျိုးမြတ်ကို ဘယ်အပြစ်မြင်မလဲနော်"

"အဲဒီဆိုရှယ်ကျတယ်ဆိုတာကြီးကို ကျင်ကျင်တော့ မကြိုက်ပါဘူး၊ အပိုပိုက်ဆံတွေကုန်ပြီး ယောက်ျားမိန်းမတွေ ဒွေးရောယှက်တင်နဲ့၊ ရှက်စရာကြီးပါ"

ရိုးသားသော တောသူတောင်သားပီပီ ကျင်ကျင်ကတော့ ဒေါ်မေမျိုးတို့ နေထိုင်ပုံကို မျက်စိရိုင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျင်ကျင်ရယ်၊ မမတို့က သူတို့အလုပ်သမားတွေဆိုတော့ ဝေဖန်ပိုင်ခွင့် မရှိဘူးလေ"

"ဟုတ်ပါတယ် မမရယ်၊ ကျင်ကျင်မှာလဲ ရင်ဖွင့်စရာ မမပဲ ရှိလို့ ပြောရတာပါ"

"ကျင်ကျင်က မညိုနဲ့ မခင်ဘူးလား"

"ဝေးပါသေးတယ်၊ သူက စိန်နားကပ်ရောင်နဲ့နေတာ မမရဲ့၊ ဒေါ်မေမျိုးထက်တောင် မောက်မာချင်သေးတယ်၊ ကျင်ကျင့်ကိုဆိုရင် အမြဲတမ်း အပေါ်စီးနဲ့ပဲဆက်ဆံတယ်"

"အိမ်အလုပ်လဲ ဘာမှ မလုပ်ရဘူးနော်"

"ဒေါ်မေမျိုးရဲ့ အချစ်တော်ပဲ၊ ဒေါ်မေမျိုးက ဖူးဖူးမှုတ်ထားတယ်လေ"

"အသက်က ဒေါ်မေမျိုးထက် ငယ်တယ်နော်"

"တော်တော်ငယ်ပါတယ်၊ ဦးစောနောင်တောင် ဒေါ်မေမျိုးထက် ငါးနှစ်လောက်ငယ်တယ်"

"ဟုတ်လား၊ ဒါကြောင့် ဦးစောနောင်က ပိုနုနေတယ်လို့ မမထင်သား"

"ဦးစောနောင်က သုံးဆယ်ကျော်ကျော်လေးပဲ ရှိသေးတာ"

"ဟုတ်လား"

ဝင်းမွန်သီက ဆိုဖာဆက်တီများကို ဖုန်ခါရင်းနှင့် ကျယ်ဝန်းသောဧည့်ခန်းကြီးကို ဝေ့ဝဲကြည့်လိုက်သည်။





"ဇလပ်မြိုင်ဂေဟာကြီးက ကြီးလဲကြီးတယ်၊ သိပ်လဲ ခမ်းနားတာပဲနော်၊ အပြင်အဆင်ကလဲ အရမ်းအဆင့်မြင့်တယ်"

"ပြင်ဆင်ထားတဲ့ လက်ရာအားလုံးက ဒေါ်မေမျိုးရဲ့ အစီအမံလေ၊ သူက အဲဒါမျိုးက သိပ်ဖြစ်တာ၊ ပိုက်ဆံကို အောချသုံးနိုင်တယ်မဟုတ်လား"

"တော်တော်ချမ်းသာတဲ့ လူတွေပဲနော်"

"ဒေါ်မေမျိုးတို့က အစကတည်းက ချမ်းသာတာတဲ့လေ၊ ဦးစောနောင်က ဒေါ်မေမျိုးနဲ့ရပြီးမှ သူ့ဘာသာသူ စီးပွားလုပ်ပြီး ချမ်းသာလာတာတဲ့"

"ဒါဆို ဇလပ်မြိုင်ကို ဒေါ်မေမျိုးတို့ဘက်က ပိုင်ခဲ့တာပေါ့နော်"

"မဟုတ်ဘူး၊ ဆရာဦးစောနောင်ကို သူ့ဦးလေးတစ်ယောက်က အမွေပေးခဲ့တယ်လေ၊ ဦးလေးက သားသမီးမရှိဘူး၊ ဇနီးအရင်ဆုံးတယ်၊ အဲဒီမှာ သူမရှိရင် ဦးစောနောင် ဇလပ်မြိုင်ကို အမွေဆက်ခံဖို့ လွှဲခဲ့တယ်"

သူတစ်ပါးရဲ့အတွင်းရေးကို မစပ်စုသင့်ဘူးဆိုတာကို သိသော်လည်း စောနောင်နှင့်ပတ်သက်သော အကြောင်းများကို ဝင်းမွန်သီက သိလိုစိတ် ပြင်းပြစွာနှင့် မေးနေမိသည်။

"အသွင်မတူဘဲ ဘယ်လိုများ အိမ်ထောင်ကျခဲ့လဲမသိဘူးနော်"

www.burmeseclassic.com



"ဒီအိမ်မှာ အရင်လုပ်သွားတဲ့ အဒေါ်ကြီးက ဦးစောနောင်တို့ အိမ်ထောင်စကျကတည်းက နေခဲ့တာလေ၊ သူမမာတုန်း ကျင်ကျင်ကို စခေါ်လိုက်တဲ့ အချိန်ကစပြီး သူနဲ့ဆုံခဲ့ရတယ်၊ သူ့ဆီကတစ်ဆင့် ကျင်ကျင် သိခဲ့တာတော့ ဦးစောနောင်နဲ့ ဒေါ်မေမျိုးကို လူကြီးချင်း စပ်ပြီးပေးစားခဲ့တာတဲ့"

"ဪ အချစ်မပါဘဲ တည်ထောင်ခဲ့တဲ့ အိမ်ထောင်ရေးကိုး၊ ဒါကြောင့် မသာမယာ ဖြစ်နေတာပေါ့နော်"

"တချို့ကျလဲ မိဘပေးစားတာယူပြီး ပြေလည်နေတဲ့သူတွေ အများကြီးပါ မမရယ်၊ အခုဟာက ဦးစောနောင်က ပြည့်ဝသလောက် ဒေါ်မေမျိုးက ထောင်လွှားမောက်မာပြီး ထင်တိုင်းကျဲနေတာလေ"

"ကြားထဲက ကလေးလေးက သနားစရာနော်"

"အဲဒီကလေးကို ဒေါ်မေမျိုးက မသနားဘဲ အပြစ်မြင်တယ်၊ ဒီကလေးမျိုးမွေးတဲ့အတွက် သူ အရှက်ရတယ်လို့တောင် ပြောခဲ့သေးတယ်"

"ဒီကလေးကြောင့် သူများကဲ့ရဲ့တာခံရတယ်တဲ့၊ ဒါကြောင့် ဒီလို လူစဉ်မမီတဲ့ ကလေးကိုမွေးခဲ့တာ မှားတယ်တဲ့လေ"

"ဟယ် ...အဲ့လိုကြီး ပြောလား"

"ပြောတာပေါ့၊ ကျင်ကျင့်နားနဲ့ ဆတ်ဆတ်ကြားခဲ့တာ၊ အဲ့ဒီမှာ လင်မယားနှစ်ယောက် အကြီးအကျယ် စကားများပြီး အခန်းခွဲနေလိုက်ကြတာပဲ"





"ကြာပြီလားဟင်"

"ကြာပြီပေါ့၊ ကျင်ကျင်ရောက်စက ဖြစ်တာလေ"

ဒေါ်မေမျိုးသည် ဘာကြောင့်များ သည်လောက် မိမိရဲ့သားသမီးအပေါ် အကြင်နာတရား ခေါင်းပါးရသည်ကို ဝင်းမွန်သီက နားမလည်နိုင်အောင် ရှိနေသည်။

သားသမီးအပေါ် ရက်စက်ကြမ်းကြုတ်သော မိဘများ လောကတွင် မရှိသလောက် ရှားပါးပါသည်။ ထိုရှားပါးသည့်အထဲမှာ ဒေါ်မေမျိုး ပါနေသည်ကတော့ သေချာလှသည်။

လူ့ဘဝထဲ သို့အပြစ်မဲ့စွာ ရောက်လာရပြီး မကျန်းမာရှာသော သားလေးကို ဒေါ်မေမျိုးက စိတ်နာမုန်းတီးနေသည်မှာ အလွန်ကို ရက်စက်ရာကျလှပါသည်။

ဝင်းမွန်သီက တွေးလေ၊ ဆန်ဆန်လေးကို သနားလို့မဆုံးအောင် ခံစားရလေ ဖြစ်နေသည်။

"မမရောက်လာမှ ဆန်ဆန်လေး တော်တော်ပျော်နေတယ်၊ အဲ့ဒါကိုမြင်ပြီး ကျင်ကျင် ဝမ်းသာနေတာ၊ ဆန်ဆန်လေးကို မေတ္တာပေးတဲ့ မမကိုလဲ သိပ်ပြီးကျေးဇူးတင်ပါတယ်"

"ဆန်ဆန်လေးကို ကြည့်ရှုရမှာ မမတာဝန်ပါ၊ ဒါပေမဲ့ မမှာဘာပဲလုပ်လုပ် စေတနာပါ ထည့်လုပ်တယ်လေ၊ ပြီးတော့ မြင်မြင်ချင်း ဆန်ဆန်ကိုသနားပြီး သံယောဇဉ်ဖြစ်သွားတာယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေလိုလူမျိုး ဆန်ဆန်အနားမှာရှိနေတော့ ဦးစောနောင်က အလွန်ကို စိတ်ဖြောင့်ဖြောင့်နဲ့ လုပ်နိုင်တာပေါ့"

"မမရဲ့တာဝန်ကို မလစ်ဟင်းစေရပါဘူးကွယ်"

ဝင်းမွန်သီနှင့် ကျင်ကျင်တို့ စကားကောင်းနေစဉ် အိပ်ရာမှ နိုးလာသော ဆန်ဆန်က ဧည့်ခန်းထဲသို့ ရောက်လာသည်။

"အန်တီ သားနိုးပြီ"

"ဟုတ်ပါရဲ့၊ ကလေးနိုးတာကို အန်တီက မသိလိုက်ဘူး"

ဝင်းမွန်သီက ဆန်ဆန်ရဲ့အနားကိုရောက်သွားပြီး ကောက်၍ ချီလိုက်သည်။

"သား ဘာစားမလဲ၊ ဘာသောက်မလဲ"

"အန်တီကျွေးတာ စားမယ်"

"ဒါဆိုလာ၊ ထမင်းစားခန်းမှာပဲ ကျွေးမယ်"

"မေမေဆူလိမ့်မယ်"

ဆန်ဆန်က မိခင်ဆူမှာကြောက်ပြီး မျက်နှာငယ်နှင့်ပြောသည်။

"မေမေ အိမ်မှာမရှိတုန်း စားတာပဲသားရယ်၊ ရပါတယ်"

ကျင်ကျင်က ထိုသို့ပြောလိုက်တော့မှ ဆန်ဆန်က ပြုံးသည်။

"ဒါဆို သား ထမင်းစားခန်းမှာ စားမယ်"

"ဟုတ်ပြီ ကျင်ကျင်နဲ့ မမလဲ မောပြီ၊ အမောပြေ အအေး သောက်ကြရအောင်"





ထမင်းစားစားပွဲမှာထိုင်ပြီး သုံးယောက်သား အအေးနှင့် ဖျော်ရည်ကိုသောက်သည်။

"ဦးစောနောင်က မနက်စာကိုလဲ အိမ်ပြန်မစားဘူးနော်"

"စားခဲ့ပါတယ်၊ မနက်စာကို အိမ်မှာ ဒေါ်မေမျိုးတို့ ညီအစ်မပဲ စားတာများတယ်၊ ညစာကျပြန်တော့ ဦးစောနောင်တစ်ယောက်ပဲ စားတယ်၊ တစ်ခါတလေ ဧည့်ခံပွဲတွေနဲ့ဆိုရင် ညစာကိုပါ အပြင်မှာ စားတတ်တယ်"

"ဟင်းတွေက နေ့တိုင်း ပိုနေတာပေါ့နော်"

"ဟုတ်တယ်၊ ဒါပေမယ့် လွှင့်မပစ်ပါဘူး၊ နောက်ဖေးက မာလီအိမ်က အကုန်ယူတယ်လေ"

"တော်သေးတာပေါ့၊ စားမယ့်သူမရှိတော့ အလဟဿ မဖြစ်ဘူးပေါ့"

"မမကျင်"

"ဘာလဲ ဆန်ဆန်"

"သား စာတွေတတ်နေပြီ၊ မမကျင်ကို ဆိုပြမယ်"

"နေ့တိုင်း သား ဆိုပြပြီးပြီလေ"

"ဟင့်အင်း၊ ထပ်ဆိုဦးမယ်"

"ကဲ ဒါဖြင့်လဲ ဆို၊ နားထောင်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆန်ဆန်က ဘုရပြီးသောစာများကို ဆိုပြသည်။ ဝင်းမွန်သီနှင့် ကျင်ကျင်က လက်ခုပ်လက်ဝါးတီးပြီး အားပေးတော့ အလွန်သဘောကျနေသည်။

"ပျော်လား ဆန်ဆန်"

"ပျော်တယ် မမကျင်"

ဆန်ဆန်လေး ပျော်နေသည်ကိုကြည့်ပြီး ဝင်းမွန်သီက ကြည်နူးနေသည်။

"မမကျင် သားလိုစာတတ်လား"

"မတတ်ပါဘူးကွယ်"

"ဘာလို့လဲ"

"သားလို မမကျင်က ဉာဏ်မှမကောင်းတာ"

ကျင်ကျင်က ထိုသို့ပြောတော့ ဆန်ဆန်က ပိုပြီး ကျေနပ်သွားသည်။ ကြည်လင်စွာပြုံးနေသော သူ့မျက်နှာလေးကိုကြည့်ပြီး ဝင်းမွန်သီက ရယ်သည်။

"သားက နောက်ထပ် စာတွေအများကြီးရဦးမှာ သိလား"

"ဟုတ်တာပေါ့၊ သားက စာတွေအများကြီးတတ်မှာ"

"သား စာတွေအများကြီးတတ်အောင် အန်တီသင်ပေးမယ်၊ သားက မမကျင်ကို ပြန်သင်ပေးလိုက်နော်"





"ခု သင်ရမှာလား"

"မဟုတ်ဘူးလေ၊ သား အများကြီးတတ်မှ သင်ပေးပေါ့"

"မမကျင်က သင်မှာလား"

"သင်ပါမယ် ဆရာရယ်"

သုံးယောက်သား သဘောကျစွာ ရယ်လိုက်ကြသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ပါတီပွဲအတွက် ယောက်ျားအလုပ်သမားငါးဦးက ခြံထဲမှာ ပြင်ဆင်ရှင်းလင်းရန် ရောက်လာသည်။ အိမ်အတွင်းဘက်ကို ကျင်ကျင်တစ်ယောက်တည်း ပြင်ဆင်ရသဖြင့် ဝင်းမွန်သီက ကူညီလုပ်ကိုင်ပေးသည်။

မွေးနေ့ပွဲလုပ်ချင်သော ဒေါ်မေမျိုးက ပါးစပ်ကနေ တစ်နေ့စာ စီစဉ်ခိုင်းသွားပြီး တစ်နေ့လုံး အိမ်ကပ်သည်မရှိပါ။ ဝင်းမွန်သီကို တောင့်စေ့အောင် ခိုင်းသွားသေးသည်။

"ဝင်းမွန်သီ အားတဲ့အချိန် ကျင်ကျင်ကို ကူညီလုပ်ပေးလိုက်"

"ဟုတ်ကဲ့ မမမျိုး"

"ဆန်ဆန်က ချိုပိုးထားရတဲ့ ကလေးမမဟုတ်တာ၊ အားတဲ့အချိန်တွေ ရှိနေသားပဲ"





"ဟုတ်ကဲ့ပါ"

ဒေါ်မေမျိုးနှင့် မဆုံလိုက်နှင့်၊ ဆုံလိုက်သည်နှင့် ဝင်းမွန်သီကို အမိန့်အာဏာတွေ တကယ်ပေးပါသည်။ ဝင်းမွန်သီက အမြဲခေါင်းကလေး တညိတ်ညိတ်နှင့် နာခံလိုက်သည်။

"အန်တီလေး အိမ်မှာ ပွဲတီလုပ်ဦးမလို့လားဟင်"

"အင်း ...သားက ပါတီအကြောင်း သိနေပြီကိုး"

"သိတယ်၊ အိမ်မှာ ခဏခဏလုပ်တယ်၊ ဆူညံနေတာပဲ၊ အရက်တွေလဲ သောက်တယ်၊ ကလဲ ကတယ်"

"သားက အဲဒါတွေသိလား"

"မေမေက သားကို ဧည့်သည်တွေအနား မလာခိုင်းပါဘူး၊ သားက ချောင်းကြည့်ထားတာ"

"ဟုတ်လား"

"လူကြီးတွေပျော်တာ သားတို့ကလေးတွေနဲ့လဲ မတူဘူးနော်"

"ဘယ်တူမလဲ သားရယ်"

"အန်တီကရော လူကြီးတွေလို ပျော်ချင်လား"

"ဟင့်အင်း၊ သားလိုပဲ ကလေးလို ပျော်ချင်တယ်"

"ဒါဆို ပျော်ရအောင်၊ သေနတ်ပစ်တမ်း ကစားမယ်"

"ဟုတ်ပြီ၊ အန်တီကပဲ ရန်သူလုပ်ရမှာလား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"လူလည်လေးနော်"

ဆန်ဆန်ရဲ့ခေါင်းလေးကိုပုတ်ပြီး ဝင်းမွန်သီက ပြောတော့ ဆန်ဆန်က ရယ်နေသည်။ နေ့လယ်ခင်း ဆန်ဆန်အိပ်သည့်အချိန်မှာ ဝင်းမွန်သီက ကျင်ကျင်ကို ကူညီလုပ်ကိုင်ပေးသည်။

* * *

ဒေါ်မေမျိုးတို့ တောင့်တနေသော ပါတီပွဲကြီးနေ့ကိုရောက်ပါပြီ။ ခြံထဲမှာ ကားတွေရော လူတွေရော ပြည့်ကျပ်နေသည်။ မီးရောင်စုံအောက် စိန်ရောင်ရွှေရောင်တွေက ပြိုးပြိုးပြက်ပြက်ပါ။

ဆန်ဆန်နှင့် ဝင်းမွန်သီက အခန်းထဲမှာပါ။ ပါတီပွဲကျင်းပသည့် နေရာသို့ လာခွင့်မရှိသော ဆန်ဆန်နှင့်အတူ အခန်းအောင်းနေလိုက်သည်။

"သားလေး၊ ဒီမှာ မုန့်တွေအများကြီး ယူလာခဲ့တယ်၊ စားလေ"

"အန်တီလဲ စားလေ"

"စားမှာပေါ့"

"ဖေဖေရော အန်တီ"

"မပြောတတ်ဘူး၊ ဧည့်သည်တွေနဲ့နေမှာပေါ့"

"မေမေ တခြားလူကြီးတွေနဲ့ ကနေပြီလား၊ အန်တီလေး သွားချောင်းပါလား"





"မသွားချင်ပါဘူး သားရယ်"

"မေမေက ဦးဦးမောင်နဲ့ အမြဲတွဲကတယ်၊ အန်တီမျိုးကလဲ ကတတ်ပဲသိလား"

ဆန်ဆန်က သူတွေ့ကြုံဖူးသည်များကို လူတတ်ကြီးလုပ်ပြီး ပြောပြသည်။

"ဖေဖေကရော ဘယ်သူနဲ့တွဲကလဲ"

"ဖေဖေက ဘယ်သူနဲ့မှ မကဘူး၊ သူ့ဟာသူထိုင်ပြီး အရက်သောက်နေတာပဲ"

"ဆန်ဆန့်အဖေက အရက်သောက်တယ် ဟုတ်လား"

"အဲလိုပါတီလုပ်ရင် သောက်တယ်"

ဝင်းမွန်သီက စဉ်းစားနေသည်။ သူ ဇလပ်မြိုင်ကိုရောက်သည်မှာ တစ်လနီးပါရှိနေပြီ။ ဦးစောနောင်မူးရူးပြီး ပြန်လာသည်ကို တစ်ခါမျှမတွေ့ဖူးပါ။ ညစဉ်ညတိုင်းလိုလို အပြင်ကပြန်လာတိုင်း ဆန်ဆန်ကို ဝင်နှုတ်ဆက်သည့်အခါ မမူးကြောင်း ဝင်းမွန်သီတွေ့ရသည်ပဲ"

"ပါတီလုပ်တဲ့အခါ သူ စိတ်ညစ်လို့ အရက်ကိုပဲဖိသောက်တာထင်တယ်"

"အန်တီ ဘာတွေငေးနေတာလဲ၊ မုန့်စားလေ"

"အေးပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



မုန့်စားပြီး ဆန်ဆန်က ကာတွန်းအခွေကြည့်မည်ဆို၍ ဖွင့်ပြလိုက်သည်။ ကာတွန်းကြည့်ရင်းနှင့် ဆန်ဆန်က ငိုက်မျဉ်းအိပ်ပျော်သွားလေသည်။ ဆန်ဆန်ကို အိပ်ရာပေါ်သို့ ပြောင်းရွှေ့လိုက်သည်။

ဆန်ဆန် အိပ်ပျော်သွားပြီမို့ ဝင်းမွန်သီ အားသွားပါပြီ။ အလုပ်တွေနှင့် ဂျင်ခြေလည်နေမည့် ကျင်ကျင်ကို ကူညီရန် ထွက်လာသည်။

ကျင်ကျင်က အိမ်ထဲကို ပစ္စည်းတစ်ခု လာယူရင်းနှင့် ဝင်းမွန်သီကို တွေ့သွားသည်။

"မမ အားပြီလား"

"အားပြီ၊ ဘာကူပေးရမလဲ"

"ခြံထဲကို ရေခဲတုံးတွေ သွားပို့ပေးပါ"

ဝင်းမွန်သီက အဝတ်အစား လတ်လတ်ဝတ်ထားသည်မို့ ခြံထဲဆင်းရမှာ တော်ပါသေးရဲ့လို့တွေးသည်။ ကျင်ကျင်ပို့ခိုင်းသောရေခဲတုံးများကို သွားပို့သည်။

"ဝင်းမွန်သီ ဒီဘက်စားပွဲကို ယူလာခဲ့"

ဒေါ်မေမျိုးက လှမ်းမှာသည်။ ထိုစားပွဲဆီသို့ လှမ်းခေါ်၍ ဝင်းမွန်သီက ထိုစားပွဲအနားသို့ ရောက်သွားသည်။

"သူက ဘယ်သူလဲ မမမျိုး"

"ဆန်ဆန်ရဲ့အထိန်းလေး ဝင်းမွန်သီတဲ့"





"ဟုတ်လား၊ မှတ်ထားနော်၊ ကိုယ့်နာမည်က မောင်မောင်တင့်၊ သူက သင်းသင်းကြူ၊ ဒီက အန်တီမေရီ၊ အားလုံးက မမမျိုးရဲ့မိတ်ဆွေရင်းတွေပဲ"

"ဟုတ်ကဲ့ပါ"

"ဟိုစားပွဲကို ရေခဲတုံးသွားထည့်ပေးလိုက်ဦး"

"ဟုတ်ကဲ့ မမမျိုး"

ဒေါ်မေမျိုးက ခပ်ကြော့ကြော့ပုံစံနှင့် ခိုင်းသည်။ ဝင်းမွန်သီက စားပွဲတွေကို ရေခဲတုံးလိုက်ဖြည့်ပေးနေသည်။ ထိုစားပွဲပေါ်တွင် စားစရာများ စုံလင်စွာရှိနေသည်။

ဘူဖေးခေါ် ကိုယ်တိုင်ယူစားစနစ်နှင့် ပြုလုပ်ထားသဖြင့် ထိုစားပွဲရှည်ကြီးပေါ်က စားစရာနှင့် ဖျော်ရည်များကို လိုသလို သာရောက်ထည့်ယူပြီး ကိုယ့်စားပွဲမှာ ကိုယ်ထိုင်စားကြသည်။

"မမမေမျိုးရဲ့ ကောင်မလေးက တော်တော်ကြည့်ကောင်းတယ်နော်"

သင်းသင်းကြူရဲ့စကားကို မောင်မောင်တင့်က ထောက်ခံသည်။ ဒေါ်မေရီက သတိပေးသည်။

"သတိထားဦးနော်၊ ကိုစောနေဖင် သူ့နောက်ပါသွားဦးမယ်"

"အဲဒီအတွက် စိတ်ချပါ မမမေရီ၊ ကိုစောနောင်က တုတ်နဲ့ထောက်ထုတ်တောင် မေမျိုးအနားက သွားမှမဟုတ်ဘူး"

"သေချာလို့ချည်လား မေမျိုး"



www.burmeseclassic.com

www.burmeseclassic.com



"သေချာပါတယ်၊ မယုံရင် မမမေရီ စောင့်ကြည့်လေ"

ဒေါ်မေမျိုးက ဝင့်ကြွားသည့်ဟန်နှင့် ပြောသည်။ စောနောင်သည် စိတ်ထားသိမ်မွေ့နူးညံ့လွန်းသည်။ ထိုစိတ်ထားပေါ်မှာ မေမျိုးက အခွင့်အရေးတွေ အပြည့်ယူထားသည်။

စောနောင်ရဲ့ဘက်ကစပြီး ဘယ်တော့မှ ကွဲကွာစကားကို ပြောမည်မဟုတ်သည်ကို မေမျိုးက ကောင်းကောင်းသိနေသည်။

"မချစ်မနှစ်သက်တဲ့သူနဲ့ ပေါင်းသင်းနေရတာ မမမျိုး စိတ်မဆင်းရဲဘူးလား"

သင်းသင်းကြူက မေးသည်။ မေမျိုးက သဘောကျစွာ ရယ်သည်။

"ဘာစိတ်ဆင်းရဲစရာလိုသလဲ သင်းသင်းရယ်၊ မမမျိုးက ကိုယ်ထင်သလို နေနေရတာပဲ၊ စိတ်ချမ်းသာသလိုနေတာ၊ သူမှတားပိုင်ခွင့် မရှိတာပဲကွယ်"

"မမမျိုးတို့က အမည်ခံလင်မယားဘဝနဲ့ ဘယ်လောက်အထိ နေဦးမှာလဲ"

မောင်မောင်တင့်က အများရှေ့မှာ မအောင့်အီးနိုင်ဘဲ မေးသည်။

"အခုလောလောဆယ် လမ်းခွဲဖို့အစီအစဉ် လုံးဝမရှိဘူး"

"ဘာဖြစ်လို့လဲဟင်"

"ကိုယ်အကြောင်းနဲ့ကိုယ်ပေါ့ကွယ်"





မေမျိုးက ပါးနပ်စွာ စကားကိုဖြတ်လိုက်သည်။ မောင်မောင်တင့်က ရှေ့ဆက်မတိုးသာဘဲ ပါးစပ်ပိတ်ထားလိုက်ရသည်။ ညည်သည်တွေနည်းနည်းပါးသွားသည်။

ခြံထဲမှာ သီချင်းဖွင့်ပြီး ကသည့်လုပ်ငန်းစပါပြီ။ ဝင်းမွန်သီအား ကျင်ကျင်က လက်တို့ပြီးအိမ်ထဲသို့ ခေါ်သွားသည်။

"လာ မမ၊ သူတို့ ကကြတော့မယ်၊ မျက်စိနောက်တယ်၊ အိမ်ထဲသွားကြရအောင်"

ခြံထဲမှာ ပွားထားသော စားပွဲထိုးသုံးယောက်ကား စားသောက်ပြီးသည့်ပန်းကန်များကို သိမ်းဆည်းနေသည်။

"ကျန်တဲ့အလုပ် စားပွဲထိုးတွေလုပ်လိမ့်မယ်၊ ကျင်ကျင်တို့ အိပ်ကြရအောင်"

"ဖြစ်ပါ့မလား၊ တော်ကြာ မမမျိုးက ခိုင်းချင်လို့ခေါ်ရင်ကော"

"မာလီကြီးရှိတယ်၊ လုပ်ပေးလိမ့်မယ်၊ သူတို့က ညနှစ်နာရီလောက်အထိ ကကြမှာ၊ ကျင်ကျင်က အိပ်ချင်ပါပြီ"

"ဒါဆို မမလဲအိပ်မယ်"

"အိပ်ပါ မမ"

ဝင်းမွန်သီက ဆန်ဆန်ရဲ့အခန်းဆီသို့ လျှောက်လာခဲ့သည်။ ဆန်ဆန်ရဲ့ခုတင်ပေါ်သို့ လှမ်းကြည့်ပြီး ဝင်းမွန်သီ မျက်လုံးပြူးသွားသည်။

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



ဝင်းမွန်သီက လုံးဝမပျော်လင့်ထားသော မြင်ကွင်းကို တွေ့လိုက်ရသည်။ ဆန်ဆန်လေးအား ဖက်ပြီး စောနောင်က အိပ်ပျော်နေသည်။

"သူ့ကလေးတစ်ယောက်တည်းမို့ လာအိပ်ပေးတာထင်ပါရဲ့"

ဝင်းမွန်သီက ခြေသံလုံလုံနှင့် သူ့အခန်းဆီသို့ ဝင်လိုက်သည်။ ဆန်ဆန်အခန်းနှင့် သူ့အခန်းကို ကူးသည့်တံခါးကို ပိတ်လိုက်သည်။

အဝတ်အစားလဲပြီး အိပ်ရာပေါ်လှဲသည်။ ပင်ပန်းထား၍ ခေါင်းနှင့် ခေါင်းအုံးထိသည်နှင့် အိပ်ပျော်သွားသည်။

* * *

နောက်တစ်နေ့နံနက် ဝင်းမွန်သီက အိပ်ရာကထပြီး ရေမိုးချိုး ပြင်ဆင်ပြီး ဆန်ဆန်အခန်းသို့ ကူးလိုက်သည်။ အခန်းထဲတွင် စောနောင်မရှိတော့ပါ။ ဆန်ဆန်က တစ်ယောက်တည်း နှစ်ခြိုက်စွာ အိပ်ပျော်နေသည်။

"သူ အိပ်ရာက စောစောထသွားပြီကိုး"

"အဲဒါလဲ ကောင်းပါတယ်၊ မတော်လို့ မမမျိုးမြင်ရင် မကောင်းဘူး"

စောနောင်သည် သားထံလာအိပ်သည်ဖြစ်ပေမယ့် သူ့အခန်းနှင့် တွဲလျက်မို့ အများအမြင်မှာ မသင့်တော်မှာကို ဝင်းမွန်သီက





စိုးရိမ်သည်။ ဆန်ဆန်အိပ်ရာကနိုးတော့ မျက်နှာသစ် ကျွေးမွေးနေစဉ် စောနောင် ပြန်ရောက်လာသည်။ အလုပ်သွားရန် ဝတ်စားပြင်ဆင်ပြီး ဖြစ်နေသည်။

"ဖေဖေ အလုပ်သွားတော့မလို့လား"

"ဟုတ်တယ်"

သားရဲ့ပါးပြင်ကို ငုံ့နမ်းပြီး ဖြေသည်။ ဝင်းမွန်သီကို ကြည့်လိုက်ပြီး တောင်းပန်စကားဆိုသည်။

"ညက သားဆီမှာ ဝင်းမွန်သီဆီက ခွင့်မတောင်းဘဲ ကိုယ် အိပ်လိုက်ရတယ်၊ အဲဒါ ဘာကြောင့်လဲဆိုတာ ပြောပြရဦးမယ်"

"ဟုတ်ကဲ့"

"ညက သားကိုလာကြည့်တဲ့အချိန်မှာ သားက ငိုနေတယ်၊ သူပြောတော့ အိပ်မက်ပြီး လန့်နိုးတာတဲ့၊ ဒါနဲ့ သူ့ကိုချော့သိပ်လိုက်ရတယ်၊ ကိုယ့်ကို မပြန်ရဘူးဆိုပြီး အတင်းသူနဲ့ အိပ်ခိုင်းတယ်"

"ကိုယ့်အခန်းကို ခေါ်သွားပြီး သိပ်မလို့ဘဲ၊ ဝင်းမွန်သီ ပြန်လာရင် သူ့ကိုမတွေ့မှာစိုးလို့ ခေါ်မသွားဘဲ အိပ်လိုက်တယ်"

"ကျွန်မက ခြံထဲမှာ ကူလုပ်ပေးနေရတာနဲ့ မအားဘူး ဖြစ်သွားတယ်၊ ဆန်ဆန်ကို စိတ်မချလို့ လာကြည့်မယ်လုပ်ပေမယ့် အလုပ်က မပြတ်တာနဲ့ မလာနိုင်ဘူး၊ ကလေးကို ပစ်ထားမိတာ ကျွန်မရဲ့ ပေါ့လျော့မှုပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို အပြစ်မတင်ပါဘူး ဝင်းမွန်သီ၊ ခြံထဲမှာ မင်းကို မေမျိုးတို့ညီအစ်မ ခိုင်းနေတာ ကိုယ်သိပါတယ်"

"ကျွန်မရဲ့ပေါ့ဆမှုကြောင့် ဦးစောနောင် အလုပ်ပိုသွားရတာကို ခွင့်လွှတ်ပါ၊ နောက်ကို ဒါမျိုး မဖြစ်စေရပါဘူး"

"မင်းမှာ အပြစ်မရှိပါဘူး၊ ပြီးတော့ သားလေးရဲ့ ဆန္ဒကို တစ်ခါတလေ ဖြည့်ဆီးပေးရတာ ကိုယ်ကျေနပ်ပါတယ်"

"ဟုတ်တယ်၊ ဖေဖေနဲ့ တစ်ခါတလေ သားပါ အိပ်မယ်နော်"

"အေးပါကွာ"

"ဖေဖေ၊ ဒီနေ့ အလုပ်က စောစောပြန်လာမှာလား"

"အလုပ်အားရင် ပြန်ခဲ့မှာပေါ့သားရယ်"

"သားနဲ့အန်တီအတွက် အပြန် ဖာလူဒါဝယ်ခဲ့ပါ"

"သားက စားချင်လို့လား"

"ဟုတ်ကဲ့"

"ဒီလိုလုပ်လေ၊ ညနေဘက်မှာ ဖေဖေ ကားပြန်ပို့ပေးလိုက်မယ်၊ အန်တီနဲ့သား ဆိုင်မှာသွားစားကြလေ"

"တကယ်လား ဖေဖေ"

"တကယ်ပို့ပေးမှာပါ၊ ညနေ ထမင်းစောစောစားထား လိုက်နော်"





"ဟုတ်ကဲ့"

"ဖာလူဒါက မုန့်တည့်ပါ့မလားရှင်"

"တစ်ခါတလေပဲ ရပါတယ်"

ဦးစောနောင်က ဆန်ဆန်နဲ့ ဝင်းမွန်သီကို နှုတ်ဆက်ပြီး ထွက်သွားသည်။ ဝင်းမွန်သီက ဆန်ဆန်ကို နံနက်စာ ကြာဆံကြော်ကို ပန်းကန်ပြောင်အောင် ကျွေးလိုက်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"မောင်မောင် ဆိုလိုတာက"

"မမျိုးကို ကျွန်တော် အတည်လက်ထပ်ယူချင်ပြီ"

"ခုရော ဘာထူးလဲ"

"ဖြည်းဖြည်းစိစဉ်ကြတာပေါ့"

"မမျိုးကလဲ အသားလွတ် အချိန်ဆွဲနေတယ်"

"ကဲ မောင်မောင်၊ ဂျီကျမနေနဲ့၊ ဘာလိုချင်သလဲ ပြော၊ ဝယ်ပေးမယ်"

"တကယ်ဝယ်ပေးမှာလား"

"ဝယ်ပေးမှာပေါ့"

"ဒါဆို မော်တော်ဆိုင်ကယ်တစ်စီး လိုချင်တယ်"

"ရပါတယ်၊ မနက်ဖြန်ဝယ်ပေမယ်၊ ဟုတ်ပြီလား"





နေက်တစ်နေ့မှာ မေမျိုးက မောင်မောင်တင့်ကို မော်တော်ဆိုင်ကယ်တစ်စီး ဝယ်ပေးလိုက်သည်။ နားပူနားဆာလုပ်နေသော မောင်မောင်တင့်ကို ချွေးသိပ်လိုက်ခြင်းပါ။

သင်းသင်းကြူက မေမျိုးအိပ်သို့ အမြဲလိုလို ဝင်ထွက်နေသူဖြစ်သည်။ မေမျိုး စောနောင်အပေါ်မှာ ဆက်ဆံရေး ကျဲသည့်ကိစ္စကို သင်းသင်းကြူက သိသည်။

"မမျိုးရဲ့ယောကျ်ားက တကယ်အေးတယ်နော်၊ မမျိုး လုပ်ချင်တာလုပ်နေတာ ဘာမှမပြောဘူးနော်"

"ပြောရင်ကော ရမှာလား သင်းသင်းရယ်၊ မေမျိုးက မပြောရဲအောင် လုပ်ထားတာ တွေ့တယ်မဟုတ်လား၊ ဘယ်လောက်မီးသေလဲ"

"ဟုတ်ပါ့၊ ကိုစောနောင်ကြီးက တကယ့်ကို ရေခဲတုံးကြီးပဲ၊ သင်းတောင် သူ့ကို သနားလာပြီ"

"ဟင်း ...ဟင်း၊ သင်းသင်က သူ့ကို သနားတယ် ဟုတ်လား၊ မေမျိုးရဲ့သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးလုပ်ပြီး သူ့ကို သနားရသေးလားကွယ်"

သင်းသင်းကြူကို ရယ်မောပြီး မေမျိုးက ပြောသည်။ သင်းသင်းကြူက စောနောင်ကို ခင်မင်မှုတွေ ပြနေသည်ဆိုတာကို မေမျိုးက ကောင်းကောင်းသိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သင်းသင်းကြူ တစ်နေ့မှာ အကြောင်းမရှိအကြောင်းရှာပြီး စောနောင်ရဲ့ကုမ္ပဏီရုံးခန်းသို့ ရောက်သွားသည်။ သင်းသင်းကြူကို တွေ့လိုက်ရ၍ စောနောင်က အံ့သြနေသည်။

"သင်းသင်းကြူ၊ ကျွန်တော့်ရုံးခန်းကို ဘာလာလုပ်တာလဲဟင်"

"ကိစ္စရှိလို့ပေါ့ ကိုစောနောင်ရယ်၊ ဘာလဲ သင်းသင်းလာတာ မကြိုက်ဘူးလား"

"ဟုတ်ပါဘူး၊ အံ့သြလို့ပါ"

"သင်းရဲ့မိတ်ဆွေတစ်ဦးက သွင်းကုန်ကိစ္စနဲ့ပတ်သက်ပြီး ပြောဖို့ ကိုစောနောင် ကူညီနိုင်မလားလို့ပါ"

"ပြောပါ၊ ကျွန်တော် ဘာကူညီပေးရမလဲ"

"သင်းရဲ့မိတ်ဆွေတွေနဲ့ တွေ့ပေးချင်တယ်"

"ရပါတယ်၊ ဘယ်တော့လောက် တွေ့ချင်တာလဲ"

"မနက်ဖြန်ကျရင် သင်းက ကိုစောနောင်နဲ့ သူတို့ကို ဒင်နာ ပေးမယ်၊ အဲ့ဒီမှာ ဆုံကြတာပေါ့နော်"

"ကောင်းပါပြီ၊ ကျွန်တော်လာခဲ့ပါမယ်"

"မနက်ဖြန်ညနေ ခြောက်နာရီ အီကွေတိုးရီးရယ်ကို လာခဲ့ ပါနော်"

"စိတ်ချ၊ လာခဲ့မယ် သင်းသင်း"

"ဒါဆို သင်းပြန်မယ်၊ ကျေးဇူးပဲ ကိုစောနောင်"





သင်းသင်းကြူ စောနောင်ရုံးခန်းကနေ အောင်မြင်စွာ ပြန်သွားသည်။

စောနောင်က ညနေရုံးမှအပြန် ဆန်ဆန်အတွက် မုန့်ဝင်ဝယ် သည်။ အိမ်ကို စောစောပြန်ရောက်သည်။ သူပြန်ရောက်သည့် အချိန်မှာ ဆန်ဆန်က မအိပ်သေးပေ။

"သားရေ၊ ဒီမှာ ဖေဖေ မုန့်တွေဝယ်လာတယ်"

"ဟာ ... မုန့်တွေအများကြီးပဲ၊ သားကြိုက်တာတွေ ဖေဖေ ဝယ်ခဲ့တာကိုး"

"ဟုတ်တယ်လေ၊ ဒီနေ့ ဖာလူဒါ သွားသောက်ဖြစ်သေးလား"

"ဆန်ဆန်က ချောင်းနည်းနည်းဆိုးနေတာနဲ့ မသွားဖြစ်ဘူး"

"ဟုတ်လား၊ ချောင်းဆိုးနေရင် ပျောက်သွားမှပဲ သွားစား ပေါ့နော်"

"ဟုတ်ကဲ့ ဖေဖေ"

"ဖေဖေ ရေချိုးပြီး ထမင်းစားဦးမယ်"

"ဖေဖေ့အခန်းကို သားလိုက်ခဲ့မယ်"

"လာ သွားမယ်"

သားကိုကောက်ချီပြီး စောနောင်က အခန်းထဲမှ ခေါ်သွား သည်။ ဝင်းမွန်သီက ကျင်ကျင်ထံ ကူလုပ်ရန် ထွက်လာသည်။

"မမ ထမင်းစားတော့မလား"

"ဦးစောနောင် စားပြီးမှစားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"တူတူစားလိုက်ပါလား"

"ဟင့်အင်း၊ ပြီးမှ ကျင်ကျင်နဲ့စားမယ်"

ဝင်းမွန်သီက ကျင်ကျင်ကိုကူပြီး ထမင်းခူးခပ်ပေးသည်။

စောနောင်က ရေချိုးပြီး သားနှင့်အတူ ထမင်းစားခန်းသို့ ရောက်လာသည်။

"ဝင်းမွန်သီရော စားပြီးပြီလား"

စားပွဲမှာဝင်ထိုင်ရင်းနှင့် ဝင်းမွန်သီကို မေးသည်။

"မစားသေးပါဘူး"

"တစ်ခါတည်း ဝင်စားပါလား"

"နောက်မှစားမယ်"

"တစ်ယောက်တည်း စားရတာပျင်းလို့ လာပါ၊ ဝင်စားပါ"

စောနောင်က ခေါ်နေတော့ ဝင်းမွန်သီက မငြင်းကောင်း၍ ဝင်စားသည်။

"ဖေဖေ သားကို တစ်ဇွန်းခွံ့ကျွေး"

"ဪ သားက စားချင်တယ် ဟုတ်လား၊ မစပ်အောင် ဖေဖေလုပ်ပေးမယ်"

ဟင်းအသားကို ငရုတ်သီးကုန်အောင် ထမင်းဖြူနှင့်နယ်လိုက်ပြီးမှ ထမင်းဖြူနှင့် ဟင်းကိုခပ်ပြီး ခွံ့လိုက်သည်။

"စားလို့ကောင်းလား သား"

"ကောင်းတယ်"





"နောက်ထပ် စားဦးမလား"

"တော်ပြီ ဖေဖေ"

"ညနေက သူ ထမင်းအတော်စားထားတယ်"

သားအဖနှစ်ယောက်ရဲ့ ကြည်နူးစရာမြင်ကွင်းကို ကြည့်ပြီး ဝင်းမွန်သီကပြောသည်။

"ဝင်းမွန်သီရောက်ပြီးမှ သားက ပြည့်ပြည့်ဖြိုးဖြိုး ဖြစ်လာတယ်"

"ထမင်းကို ချော့ကျွေးပေါ့၊ တစ်ပန်းကန်တော့ ကုန်ပါတယ်"

"ဆန်ဆန်လေးအတွက် မမရောက်လာတာ သိပ်အဆင်ပြေတာပဲနော် ဆရာ"

"ဟုတ်တယ် ကျင်ကျင်ရယ်၊ သူရောက်ပြီးမှ အလုပ်လုပ်ရင် နောက်ဆံမတင်းဘဲ လုပ်နိုင်တော့တယ်"

"မမသာ ဆန်ဆန်လေးနဲ့ အမြဲနေပေးနိုင်ရင် ကောင်းမယ်နော်"

"စိတ်ချပါ ကျင်ကျင်ရယ်၊ ဒီအိမ်ရှင်တွေ မနှင်ထုတ်မချင်း ဒီက နေပေးမှာပါ"

"ဝင်းမွန်သီကို ဒါလောက်ကျေးဇူးတင်နေတာ၊ ဘယ်နှင်ထုတ်ပါမလဲ"

"ဟုတ်တယ် မမရဲ့"



www.burmeseclassic.com

www.burmeseclassic.com



စောနောင်က ရယ်မောပြောဆိုသောစကားကို ကျင်ကျင်က ထောက်ခံသည်။ အားလုံးရဲ့မျက်နှာပေါ်ဝယ် အပြုံးကိုယ်စီရှိနေကြသည်။

"ဩော် ကျင်ကျင်၊ မနက်ဖြန်ညနေ ဆရာ ထမင်းမစားဘူးနော်"

"ဟုတ်ကဲ့"

"ဖေဖေက မနက်ဖြန်ညနေ မိုးချုပ်မှ ပြန်မှာလား"

"ဟုတ်တယ်သား"

"သား အိပ်သွားရင်လဲ လာနှုတ်ဆက်နော်"

"အေးပါ သားရယ်"

ထမင်းစားသောက်ပြီး ဝင်းမွန်သီက ကျင်ကျင်ကို ကူညီလု ကိုင်ပေးနေစဉ် သားအဖနှစ်ယောက် ထွက်သွားသည်။

"ဆရာက နေ့တိုင်း ဒီနေ့လို ဆန်ဆန်ကို အချိန်ပေးနိုင် သိပ်ကောင်းမှာပဲ"

"သူက အလုပ်သိပ်များတဲ့သူဆိုတော့ နေ့တိုင်း ဒီ မလုပ်နိုင်ဘူးလေ"

"အားနေတဲ့အမေကလဲ ကလေးနားမကပ်ဘူး မမရယ်"

ဝင်းမွန်သီက ပင့်သက်တစ်ချက် ရှိုက်လိုက်သည်။ နှစ်ယော တစ်ကမ္ဘာ တည်နေကြသော သားအဖကို လွမ်းစွာသနားနေသ





ကျင်ကျင်ကို အလုပ်တွေပြီးအောင် လုပ်ပေးပြီး ထမင်းစားခန်းမှ ထွက်လာသည်။ ဆန်ဆန်မှာ သူ့အခန်းထဲမှာ ရှိနေမလားလို့ ထင်ပြီး အခန်းကိုပြန်သည်။ ဆန်ဆန်က ရှိမနေပါ။

"ဆန်ဆန် သူ့အဖေအခန်းကို လိုက်သွားတယ်ထင်တယ်"

ဆန်ဆန်အဆင်သင့်အိပ်ရန် အိပ်ရာကို ပြင်ဆင်ထားသည်။ အခန်းထဲမှာ ခြင်တွေကို အောင်းမနေစေရန် ခြင်းဆေးကို ပက်ဖျန်းထားသည်။

လုပ်စရာအလုပ်တွေအားလုံး ပြီးစီးသွားပြီမို့ တီဗွီကို ဖွင့်ပြီး ကြည့်နေသည်။ ညရှစ်နာရီထိုး၍ သတင်းလာနေချိန်မှာ စောနောင်က အခန်းထဲသို့ သားကိုပွေ့ချီရင်းနှင့် ရောက်လာသည်။

"ကိုယ့်ခုတင်ပေါ်မှာ အိပ်ပျော်သွားလို့ ခေါ်ခဲ့တယ်"

"ဟုတ်လား"

ဆန်ဆန်ကို သူ့ခုတင်ပေါ်တွင် ညင်သာစွာ သိပ်လိုက်သည်။

"ဒီနေ့ သူ အရမ်းပျော်နေတယ်"

"အဖေနဲ့ နေရတာကိုး"

"အေးဗျာ၊ သားလေးကို ကျွန်တော်ပေးနိုင်တဲ့ အချိန်က သိပ်ပြီး နည်းနေတယ်"

"အမြဲမနေနိုင်တောင် ဒီလို တစ်ခါတလေနေရရင် မဆိုးပါဘူး"

"ဒါနဲ့ သားလေးကို စာသင်ရတာ ဘယ်လိုနေလဲ"

www.burmeseclassic.com

www.burmeseclassic.com



"နောက်ပိုင်း စာလုံးတွေများလာတော့ နေ့တိုင်း အသစ်သင်လို့ မရဘူး၊ သုံးရက်တစ်ခါလောက် အသစ်တက်ပေးတယ်"

"ဟုတ်လား"

"သူ့ဦးနှောက်လေး လက်ခံနိုင်သလောက်ပဲ ကျွန်မက ဖြည်းဖြည်းချင်း သင်ပေးနေပါတယ်၊ မနိုင်ဘဲ အတင်းလုပ်ခိုင်းရင် ကလေး ပင်ပန်းသွားမှာ စိုးရိပ်လို့ပါ"

"အခုလို သားလေးရဲ့အကျိုးအတွက် အစစအရာရာ ထည့်စဉ်းစားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဝင်းမွန်သီ"

"ဒါက ကျွန်မရဲ့ အလုပ်ပါ ဦးစောနောင်"

ကျေးဇူးအတင်မခံချင်သော စေတနာရှင်မလေးကို လေးစားစွာ စောနောင်က ကြည့်လိုက်သည်။ ပြီးတော့ ဆန်ဆန်ရဲ့ခုတင်အနားမှ ထွက်သွားသည်။

ဝင်းမွန်သီက အိပ်ချင်စိတ်မရှိသေး၍ ဆန်ဆန်နီးမှာစိုး၍ တီဗွီကို အသံတိုးတိုးလေး ဖွင့်ပြီးကြည့်နေသည်။

* * *

နောက်တစ်နေ့နံနက်မှာ မေမျိုးက ထူးဆန်းစွာ ဆန်ဆန်ရဲ့ အခန်းကို ရောက်လာသည်။ သုံးထပ်အိမ် ဇလပ်မြိုင်ဂေဟာရဲ့





အပေါ်ဆုံးထပ်မှာနေသော မေမျိုးက ဆန်ဆန်ရဲ့အခန်းကို တကူးတက လာခဲ့သည်။

"မေမေ သားဆီလာတယ်"

မိခင်ကိုမြင်ပြီး ဆန်ဆန်က ဝမ်းသာအားရနှင့်ပြောသည်။ သနားစရာကောင်းသည့်ဆန်ဆန်က မိခင်ကို ပြေးဖက်သည်။

"ဆန်ဆန်လေး ဝလာတယ်နော်"

"ဟုတ်ကဲ့ မမမျိုး၊ သုံးပေါင်တက်လာတယ်"

"အဲဒါ ဝင်းမွန်သီ ကောင်းကောင်းကြည့်လို့ပေါ့၊ မဟုတ်ဘူးလား"

"ဟုတ်တယ် မေမေ၊ သားကို မမက ကောင်းကောင်းကြည့်တယ်"

"မောင်စောက ဝင်းမွန်သီကို ငှားလိုက်တာ သိပ်မှန်သွားပြီပေါ့၊ မောင်စောနဲ့ အစကတည်းက သိကြတာလား"

"မဟုတ်ပါဘူး မမမျိုး၊ သတင်းစာထဲက ကြော်ငြာတွေ့လို့ ကျွန်မ လာလျှောက်တာပါ"

"ဩော်"

"မင်းလို စိတ်ရှည်တဲ့လူမျိုးတစ်ယောက် ဆန်ဆန့်အနားမှာ ရှိတာ ဟန်ကျတယ်၊ မမမျိုးက ကလေးဆိုရင် စိတ်မရှည်ဘူး၊ ပြီးတော့ မမာတဲ့ကလေးကိုကြည့်ရတာ မကြည့်တတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



တာဝန်မဲ့လွန်းသော မိခင်တစ်ယောက်ရဲ့စကားကို မေမျိုးက မရှက်မကြောက် ခပ်ပေါ့ပေါ့လေး ပြောသည်။

"ငွေသာအကုန်ခံနိုင်တယ်၊ လူ့အပင်ပန်း မခံနိုင်ဘူးလေ"

မေမျိုးရဲ့စကားကိုကြားရပြီး ဝင်းမွန်သီရဲ့ရင်ထဲမှာ နင့်သွားသည်။

"မောင်စောက ကလေးလိုချင်လို့ ယူလိုက်တာ၊ မွေးပြီးမှ မှားမှန်းသိရတယ်၊ မမမျိုးတို့နှစ်ယောက်က သွေးက အိပ်(ချ) ချင်း မတည့်တာ ဆန်ဆန်လေးမွေးပြီးမှ သိတယ်လေ"

မေမျိုးက စီးကရက်တစ်လိပ်ကို ဟန်ပါပါ မီးညှိပြီး တစ်ချက် ရှိုက်ဖွာပြီးမှ ဆက်သည်။

"ဒီလိုဖြစ်မယ်မှန်းသိရင် အစကတည်းက ကလေးမယူပါဘူး"

ဆန်ဆန်က သိပ်နားလည်ပုံမရသော်လည်း မျက်နှာငယ်လေး နှင့် သူ့မိခင်ကို မော့်ကြည့်နေသည်။

"မေမေ သားကို မချစ်ဘူးလားဟင်"

"ချစ်တော့ချစ်ပါတယ်ကွာ၊ ဒါပေမယ့် သားကိုမြင်တိုင်း မေမေ စိတ်ဆင်းရဲတယ်"

ကလေးတစ်ယောက်ရှေ့မှာ မပြောသင့်သောစကားကို မေမျိုး က ပြောသည်။ မေမျိုး သည်လောကအတွေးအခေါ်ညံ့တာ ဦးနှောက် မှ ကောင်းရဲ့လားလို့ ဝင်းမွန်သီက ထင်သည်။





"ဆန်ဆန်၊ ဒီမှာသားကို မေမေထက်ချစ်ပြီး ဂရုစိုက်နိုင်တဲ့ အန်တီရှိနေပြီပဲ၊ သားပျော်ပျော်နေနော်၊ မေမေ့ကို ခဏခဏ မတွေ့ ချင်နဲ့တော့"

မေမျိုးက သူပြောချင်တာပြောပြီး အခန်းထဲမှ ပြန်ထွက်သွားသည်။ ဆန်ဆန်က ငိုမဲ့မဲ့လေး ကျန်ရစ်ခဲ့သည်။

"မေမေက သားကို မချစ်ဘူးနော်"

"မဟုတ်တာသားရယ်၊ စောစောကပဲ သားကို ချစ်တယ်လို့ မေမေက ပြောသွားတယ် မဟုတ်လား"

ထွက်ခွာသွားသော မေမျိုးရဲ့ရင်ထဲက ခံစားချက်ကို ဘယ်သူမှ မသိလိုက်ပါ။ မေမျိုးသည် မိဘများပေးစား၍ စောနောင်ကို ယူခဲ့ရ သော်လည်း စောနောင်ကို သိပ်ချစ်သွားသည်။

ဒါကြောင့် စောနောင်လိုချင်သော သားသမီးကို ကလေးမလို ချင်ဘဲနှင့် မွေးပေးခဲ့သည်။ မေမျိုးက အနစ်နာခံလိုက်သော်လည်း စောနောင်ရဲ့မေတ္တာကို သူ မရရှိလိုက်ပါ။

ငယ်စဉ်ကတည်းက ဆိုရှယ်ကျပြီး နေခဲ့သော မေမျိုးက အိမ်ထောင်ကျသော်လည်း မပြင်ပါ။ ဤသည်ကို စောနောင်က ကြည့်မရပါ။ မချစ်မနှစ်သက်သည့်အပြင် သူ လက်မခံနိုင်သော အကျင့်စရိုက်များကြောင့် မေမျိုးကို ကြည့်မရအောင် ဖြစ်သည်။ မေမျိုးက ထိုအဖြစ်ကို မခံမရပ်နိုင်ဖြစ်ပြီး စောနောင်ကို စိတ်နာ လာသည်။

www.burmeseclassic.com



လူစဉ်မမီသော ကလေးတစ်ယောက်ကို မွေးမိသည်ဆိုပြီး ကလေးအဖေကိုရော၊ ကလေးကိုပါ နာကြည်းနေသည်။

တရားသဘော နားမလည်သလို နှလုံးသွင်းရန်လည်း မသိသော မေမျိုးမှာ သနားကြင်နာ၊ စာနာမှုတွေ ပျောက်ဆုံးနေသည်။

ဆန်ဆန်ကို မြင်တွေ့ရလေတိုင်း မေမျိုးရဲ့ရင်မှာ ဖုံးဖုံးနှစ်နှစ်ကြီးကို ခံစားရ၍ တတ်နိုင်သမျှ ဆန်ဆန်နှင့် မတွေ့အောင်နေသည်။

ဇလပ်မြိုင်သည် သူ့ကို ပျော်ရွှင်မှု လုံးဝမပေးနိုင်သည့်နေရာလို့ သတ်မှတ်ထားသည်။ သူ့ရဲ့ပျော်ရွှင်မှုတို ဇလပ်မြိုင်ရဲ့အပြင်မှာ ရှာသည်။

စောနောင်ရဲ့ လျစ်လျူရှုမှုကို မောင်မောင်တင့်ရဲ့ ကြင်နာယုယမှုနှင့် အစားထိုးလိုက်သည်။

* * *





## အခန်း (၁၂)

စောနောင်က ညစာစားပွဲမှာ သင်းသင်းကြူရဲ့ မိတ်ဆွေများနှင့်တွေ့ဆုံသည်။ အလုပ်အကြောင်း ဆွေးနွေးတိုင်ပင်သည်။ သူ့တို့နှင့်လက်တွဲပြီး သွင်းကုန်ကိစ္စပြုလုပ်ရန် သဘောတူလိုက်သည်။

စားသောက်ပြီး နှုတ်ဆက်ကာ လူစုခွဲလိုက်ကြသည်။ သင်းသင်းကြူက စောနောင်နှင့်အတူ ကျန်ရစ်ခဲ့သည်။

"ကိုစောနောင်၊ သင်းကို ပြန်လိုက်ပို့ပေးနော်"

"သင်းသင်းကြောင့် ကိုယ် အောင်မြင်တဲ့အလုပ်တစ်ခု ဖြစ်မြောက်သွားတာပဲ၊ လိုက်ပို့ပေးရမှာပေါ့"

လုပ်ငန်းတစ်ခု အဆင်ပြေသွားသည့်အတွက် စောနောင်ကကျေနပ်ဝမ်းသာနေသည်။ သင်းသင်းကြူ ထိုအလုပ်ကြောင့် စောနောင်နှင့် ပို၍ ခင်မင်ရင်းနှီးမှုရသည့်အတွက် ဝမ်းသာနေသည်။

"ကိုစောနောင်နဲ့သင်း မိတ်ဆွေရင်းချာတွေ ဖြစ်သွားပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဗျာ"

"အကူအညီလိုလို့ သင်းတောင်းရင် မမေ့နဲ့နော်"

"ကောင်းပါပြီ သင်းသင်း"

စောနောင်က သင်းသင်းကြူကို လိုက်ပို့ပေးသည်။ အိမ်ကို သူပြန်ရောက်တော့ တော်တော်မိုးချုပ်နေပြီ။

"ဒီအချိန်လောက်ဆို ဝင်းမွန်သီလဲ အိပ်နေလောက်ပြီ၊ သားဆီကို သွားဖို့ မသင့်တော့ဘူး၊ မနက်မှပဲ သားနဲ့တွေ့တော့မယ်"

သူ့အခန်းသို့ တန်းတန်းစေ့မတ်ပြန်ပြီး အဝတ်အစားလဲ၊ ရေချိုးပြီးမှ အိပ်ရာဝင်သည်။

* * *

နောက်တစ်နေ့နံနက် ရုံးသွားရန် ပြင်ဆင်ပြီးမှ ဆန်ဆန် အခန်းသို့ လာသည်။

"ဟာ ...ဖေဖေက ဒီနေ့ သိပ်လှတာပဲ"

အပြာရောင်ယောပုဆိုး တိုက်ပုံကြည်ပြာနှင့် စောနောင်ကို ဆန်ဆန်က ချီးကျူးလိုက်သည်။

"ဟုတ်လား၊ ခါတိုင်းနေ့က ဖေဖေ မလှဘူးလား"

"လှတယ်၊ သားအဖေက အမြဲလှတယ်"





ဆန်ဆန်က စကားတတ်သလို စကားကိုလည်း ပီးပီသသ ပြောနိုင်လာ၍ စောနောင်က ဝမ်းသာနေသည်။

"ဖေဖေ့ကို လှတယ်ပြောတဲ့အတွက် မနက်ဖြန် ရုံးပိတ်ရက်မှာ သားကို အပြင်လျှောက်လည်ဖို့ လိုက်ပို့မယ်"

"ဟုတ်လား ဖေဖေ၊ တကယ်ပို့မှာလား"

"ပို့မှာပေါ့"

"ဒါကြောင့် ဖေဖေ့ကို ချစ်တာ"

ဆန်ဆန်က ဖခင်ရဲ့ပါးကို ရှုတ်ခနဲနမ်းပြီး ပြောသည်။ စောနောင်ကလည်း သားကိုနမ်းသည်။

"ကဲ ဖေဖေသွားမယ်နော်"

"ဟုတ်ကဲ့"

စောနောင်က အခန်းထဲမှ ပြန်ထွက်သွားသည်။ ဝင်းမွန်သီက ဆန်ဆန်ကို စာသင်ပေးသည်။ စာသင်လို့ပြီးတော့ ဆန်ဆန်က အခန်းထဲမှာ ကစားစရာနှင့် ကစားနေသည်။ နံနက်စာ ထမင်းကျွေး ချိန်ရောက်ပြီမို့ ထမင်းစားခန်းကို ဆန်ဆန်အတွက် ထမင်းယူရန် ထွက်လာသည်။

ထမင်းစားခန်းထဲမှာ မေမျိုး၊ မျိုးမျိုးမြတ်၊ သင်းသင်းကြူနှင့် စောင်မောင်တင့်တို့ အတူထမင်းစားနေသည်ကို တွေ့ရသည်။ မညိုကို ဘူးဆန်းစွာ မေမျိုးအနားတွင် မတွေ့ရပါ။

"ဟော ...ဝင်းမွန်သီပါလား"



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်တင့်က လှမ်းနှုတ်ဆက်၍ သူတို့အားလုံးကို ပြုံးပြီး ပြန်နှုတ်ဆက်သည်။

"ထမင်းစားတော့မလို့လား ဝင်းမွန်သီ"

"မစားသေးပါဘူး မမမျိုး၊ ဆန်ဆန်အတွက် ထမင်းလာယူတာပါ"

"သြော်"

မေမျိုးက လှမ်းမေးဖော်ရသော်လည်း မျိုးမျိုးမြတ်က ဝင်းမွန်သီကို လုံးဝ လှည့်မကြည့်ပါ။ သူ့ဘာသာ ထမင်းကို ငုံ့စားနေသည်။

"မမမေ၊ မညိုက ဘယ်သွားတာလဲ"

"သူ့အမျိုးတွေဆီ သွားမယ်ဆိုပြီး ဒီနေ့ခွင့်ယူသွားတာပဲ"

"ဟုတ်လား၊ ဒါဆို မမမေ ဒီနေ့ အဖော်မရှိဘူးပေါ့"

"ဘာလို့မရှိရမှာလဲ၊ ဒီမှာ မောင်မောင်ရော သင်းသင်းရော ရှိနေတာပဲ"

"ဘယ်မှမထွက်ဘဲ အိမ်မှာနေမယ်ပေါ့"

"ဝေးသေး၊ စားပြီးတာနဲ့ သွားကြမှာ"

"ဒီနေ့ ဘယ်အိမ်မှာသွားပြီး ဂဏန်းပေါင်းမှာလဲ"

"မောင်မောင့်အိမ်မှာလေ၊ လိုက်မလား"

"ဟင့်အင်း၊ မလိုက်ဘူး မမမေ ဒီနေ့ သူငယ်ချင်းတွေနဲ့ သန်လျင်သွားကြမလို့"

"ဟုတ်လား"





"မျိုးမှာ သုံးစရာပိုက်ဆံ ပြတ်နေပြီ၊ ပေးခဲ့ဦးနော်"

"အေးပါ၊ ထမင်းစားပြီး ပေးမယ်"

မျိုးမျိုးမြတ်က သဘောကျစွာပြုံးသည်။ အစ်မဆီက တောင်းလျှင် တောင်းသလိုရ၍ ကျေနပ်နေသည်။

"ကိုကိုကြီးနဲ့ မမမေက သိပ်ကွာတယ်၊ ကိုကိုကြီးက မမမေလို မဟုတ်ဘူး၊ အရမ်းကပ်စေးနဲတာပဲ"

စည်းစနစ်နှင့်ထားသော အစ်ကိုကြီးနှင့် အစ်မကို မျိုးမျိုးမြတ်က မကြည်ပါ။ ထင်တိုင်းကျဲ၍ မရသဖြင့် အစ်ကိုကြီးနှင့် ကြာကြာ မနေနိုင်ပါ။

မေမျိုးက စားသောက်ပြီး လက်ဝါးဖြန့်တောင်းနေသော မျိုးမျိုးမြတ်လက်ထဲသို့ ငွေစာစ်ထပ် ထည့်ပေးလိုက်သည်။

"ဒါကြောင့် မမမေကို ကျစ်တာ"

မျိုးမျိုးမြတ်က လိုချင်တာရ၍ မေမျိုးရဲ့ပါးကို ရွှတ်ခနဲနမ်းပြီး အနားက ပြေးထွက်သွားသည်။

"မမမျိုးက ညီမကို သိပ်ပြီးအလိုလိုက်တယ်နော်"

မောင်မောင်တင့်က အစွမ်းကုန်ပြုံးလိုက်သည်။ မေမျိုးနှင့် မောင်မောင်တင့်တို့ ဆက်ဆံပုံကို တစ်စေ့တစ်စောင်း အကဲခတ်နေသော ကျင်ကျင်က မနစ်မြို့ပါ။ သူတို့အားလုံး ထမင်းစားခန်းမှ ထွက်သွားပြီးနောက် ကျင်ကျင်က ထမင်းစားပွဲပေါ်က စားသောက်ပြီးသော ပန်းကန်များကို သိမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝင်းမွန်သီက ဆန်ဆန်ကို ထမင်းခွံ့ကျွေးပြီး သူ့ ထမင်းစားခန်းဆီသို့ လာသည်။

"မမမျိုးတို့ စားပြီးကြပြီလား"

"စားပြီးလို့ အပြင်တောင် ထွက်သွားကြပြီလေ"

"ဟုတ်လား"

ဆန်ဆန့်ရဲ့အခန်းက ကားသံကိုမကြားရ၍ ဝင်းမွန်သီက သူတို့ထွက်သွားသည်ကို မသိပါ။

"ကျင်ကျင်ရော မမနဲ့ အတူစားပါလား"

"လာလေ စားမယ်"

"မမကို ပြောရဦးမယ်"

"ဘာများလဲ ကျင်ကျင်"

"ကိုမောင်မောင်တင့်နဲ့ ဒေါ်မေမျိုးတို့ဆက်ဆံပုံက တစ်မျိုးပဲ သိလား"

"ဘယ်လိုတစ်မျိုးလဲ"

"မရိုးသားတဲ့ပုံပဲ"

"ဟာ ... ကျင်ကျင်ရာ၊ ပေါက်ကရတွေ မပြောစမ်းပါနဲ့"

"တကယ်ပြောတာ၊ ကျင်ကျင်အကဲခတ်တာ မမှားနိုင်ပါဘူး"

"ကဲပါ ကျင်ကျင်ရယ်၊ သူတို့ ဘာလုပ်လုပ် မမတို့နဲ့ မဆိုင်ပါဘူး၊ တော်ကြာ ကြားသွားမှဖြင့် အိမ်က ခေါင်းနဲ့ဆင်းနေရပါဦးမယ်"

"ဘယ်သူမှ မရှိကြပါဘူး မမရယ်"





"ဒေါ်မေမျိုးက တကယ်သာ ဖောက်ပြန်နေရင် ဆရာ သနားပါတယ်"

"ဘာတတ်နိုင်မှာလဲ ကျင်ကျင့်ရယ်၊ အဲဒါ သူတို့လင်မယား ရဲ့ ကိစ္စပဲ"

"မညိုက သူတို့အကြောင်း ကောင်းကောင်းသိမှာပဲ"

"မညိုက မမမျိုးလူဆိုတော့ မမမျိုးကို ကာကွယ်မှာပေါ့"

"ဟုတ်တယ်၊ ဒေါ်မေမျိုးရဲ့ မကောင်းကြောင်းကို ပြောမှာ မဟုတ်ဘူး၊ တားမှာလဲမဟုတ်ဘူး၊ ဒေါ်မေမျိုးအကြိုက်ကိုလိုက်ပြီး ဆောင်နေမှာပဲ"

ကျင်ကျင်က ထမင်းစားရင်းနှင့် မေမျိုးတို့အကြောင်းကို ပြည့်စုံအောင် ပြောနေသည်။ ဝင်းမွန်သီက နားထောင်သော်လည်း ဝင်ရောက်မပြောပါ။

* * *

နောက်တစ်နေ့နံနက်မှာ ဆန်ဆန်က အပြင်သွားရမှာကို ဆန္ဒစောပြီး အိပ်ရာက စောစောထသည်။

"ဆန်ဆန်လေး အိပ်ရာထတာ စောလှချည်လား"

"ဒီနေ့ ဖေဖေနဲ့ လျှောက်လည်မှာလေ"

"ဟုတ်သားပဲ၊ ဒါကြောင့် သားက ဝီရိယရှိနေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"သား မျက်နှာသစ်မယ်"

"ဟုတ်ပြီ၊ သစ်ရမှာပေါ့"

ဝင်းမွန်သီက ဆန်ဆန်ကို မျက်နှာသစ်ပေးပြီး နံနက်စာကို ကျွေးသည်။ ဆန်ဆန်က အစားကို သွက်သွက်စားပြီး ဝင်းမွန်သီကို ပြောသည်။

"သားကို အဝတ်အစားလဲပေးလေ"

"ဟုတ်ပါပြီကွယ်၊ လဲပေးမှာပေါ့"

ဆန်ဆန်က အဝတ်အစားလဲနေချိန်မှာ စောနောင်က အခန်းထဲသို့ ရောက်လာသည်။

"ဟာ...သားလေးက အဝတ်အစားတောင် လဲပြီးပြီ"

"ဟုတ်တယ် ဖေဖေ"

"ဝင်းမွန်သီက အဝတ်အစား မလဲတော့ဘူးလား"

"ကျွန်မ မလိုက်တော့ပါဘူး၊ သားအဖနှစ်ယောက် လွတ်လွတ်လပ်လပ်သွားပါ"

"ဟာ...အန်တီလိုက်ရမယ်၊ အန်တီမပါရင် သား မသွားဘူး"

ဆန်ဆန်က ခြေဆောင့်ပြီး ငိုမဲ့မဲ့နှင့် ဖြေသည်။ ဝင်းမွန်သီက အကျဉ်းအကျပ် တွေ့နေသည်။

လိုက်ခဲ့ပါ ဝင်းမွန်သီ၊ သားလေးစိတ်ချမ်းသာအောင် ကူညီလိုက်ပါ"





စောနောင်နှင့်အတူသွားရမှာ မဝံ့မရဲဖြစ်နေ၍ မလိုက်ချင်သည်ကို ငြင်းမရတော့။ ဝင်းမွန်သီက လိုက်ရန် သဘောတူလိုက်သည်။

"ဒါဆို အဝတ်အစားလဲမလို့ ခဏစောင့်နော်"

"လုပ်ပါ၊ ဖြည်းဖြည်းလုပ်ပါ"

ဝင်းမွန်သီက ခပ်သွက်သွက်လေး ပြင်ဆင်လိုက်သည်။ ရိုးရိုးယဉ်ယဉ်လေးနှင့် လှနေသော ဝင်းမွန်သီကို စောနောင်က ချီးကျူးစကားပြောသည်။

"မဆိုးဘူး၊ ဝင်းမွန်သီက မြန်မြန်ပြင်ဆင်တတ်သားပဲ"

စောနောင်ရဲ့ကားရှေ့ခန်းမှာ ဆန်ဆန်က ထိုင်ပြီး ဝင်းမွန်သီက တမင်နောက်ခန်းမှာပဲ ထိုင်လိုက်သည်။

"အရင်ဦးဆုံး ရွှေတိဂုံဘုရားသွားကြမယ်နော်၊ သားကို ဘုရားမပို့ဖြစ်တာ ကြာပြီမဟုတ်လား"

"ဟုတ်တယ် ဖေဖေ၊ သား ဘုရားရှိခိုးမယ်"

"သားက ဘုရားစာရလို့လား"

"ရတယ် ဖေဖေ၊ ဩကာသကို အန်တီက သင်ပေးတယ်"

"ဟုတ်လား"

"ညအိပ်ခါနီးတိုင်း အန်တီက ဘုရားစာသင်ပေးတယ်၊ သားက လိုက်ဆိုရတယ်"

www.burmeseclassic.com



"ဟုတ်လား၊ ဖေဖေ့သားလေး ဒီလောက်လိမ္မာနေတာ ဖေဖေ မသိဘူးကွာ"

ဆန်ဆန်က ကျေနပ်သွားပြီးနေသည်။ ရွှေတိဂုံဘုရားပေါ်သို့ ဓာတ်လှေကားဖြင့် တက်သည်။ စောနောင်က သားကိုချီထားသည်။ ဘုရားရင်ပြင်ပေါ်ရောက်မှ အောက်ချပေးသည်။ လဲကျမှာစိုး၍ ဆန်ဆန်ရဲ့လက်ကို တွဲထားသည်။

စေတီတော်ကြီးကို လက်အုပ်ချီပြီး ဖင်ဘူးတောင်းထောင်အောင် ရှိခိုးနေသော ဆန်ဆန်ကိုကြည့်ပြီး စောနောင်က သဘောကျနေသည်။

"သားလိမ္မာယဉ်ကျေးအောင် သင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဝင်းမွန်သီ"

ဘုရားဝတ်ပြုပြီး ဖင်ပြင်တော်ပေါ်မှ ဆင်းခဲ့ကြသည်။ ဆန်ဆန်ကို ကစားရန် ဟက်ပ်ီးဝေါလ်သို့ ခေါ်သွားသည်။ ဆန်ဆန်က သိပ်ကစားချင်၍ ကစားသော်လည်း အခြားကလေးများကဲ့သို့ အားသွန်ခွန်စိုက် မကစားနိုင်ရှာပါ။

စောနောင်ရဲ့ရင်ထဲမှာ သားကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေသည်ဆိုတာကို ဝင်းမွန်သီက သိလိုက်သည်။

"သားရယ်၊ ချွေးတွေရွှဲနေပြီ၊ ကစားတာတော်တော့နော်"

"ဟုတ်ကဲ့"



"ချွေးနဲ့ပြန်အအေးမိမှာစိုးရတယ်၊ အဝတ်အစားလဲလိုက်ဦးနော်"

"ဪ၊ ဝင်းမွန်က သားအတွက် အဝတ်အစားကိုပါ ထည့်ခဲ့တာကိုး"

"ဟုတ်ကဲ့၊ လိုအပ်မယ်ထင်လို့ ထည့်ခဲ့တာပါ"

ဆန်ဆန်အတွက် အကွက်စေ့အောင် ပြုစုတတ်သော ဝင်းမွန်သီကို စောနောင်က စိတ်ထဲက ထပ်ပြီးချီးကျူးလိုက်ပြန်သည်။

"ကဲ ... ကစားလို့မောပြီ၊ သား ဆာရောပေါ့"

"ဟုတ်တယ်၊ သားဆာပြီ"

"ဒါဆို ဒီကန်တော်မင်း ရှမ်းကန်မှာပဲ မနက်စာ စားကြမယ်နော်၊ သဘောတူလား"

"တူတယ် ဖေဖေ"

စောနောင် သားကို သဘောကျစွာ ရယ်လိုသည်။ ရှမ်းကန်စားသောက်ဆိုင်ဆီသို့ ကားကိုမောင်းထွက်ခဲ့သည်။ ကားပါကင်မှာ ကားကိုရပ်ပြီး ရေပေါ်တွင်ထိုးထားသော တံတားပေါ်သို့ တက်လိုက်သည်။

"ဖေဖေ၊ သား ဒီကို မရောက်ဖူးဘူးနော်"

"ဟုတ်တာပေါ့"

စားပွဲမှာထိုင်ပြီးသည့်အခါ စောနောင်က ဝင်းမွန်သီအား ကြိုက်တာမှာခိုင်းသည်။

www.burmeseclassic.com



"ဆန်ဆန်နဲ့တည့်တာကိုပဲ ရွေးမှာမယ်နော်"

"ဝင်းမွန်သီ ကြိုက်တာလဲမှာပါ"

"တော်ပါပြီ၊ ဆန်ဆန်စားတာပဲ လိုက်စားမယ်၊ တော်ကြာ ဟင်းတွေအများကြီး မကုန်ဘဲနေပါမယ်"

ပိုက်ဆံကို အလဟဿမသုံးဘဲ စေ့စပ်သေချာသော ဝင်းမွန်သီရဲ့ အကျင့်စရိုက်ကို ထပ်၍သိရပြန်သည်။

"ဝင်းမွန်သီရယ်၊ မင်းဟာလေ ချီးကျူးစရာတွေနဲ့ ပြည့်နှက်နေတဲ့ မိန်းကလေးပါလား"

ရင်ထဲကနေ အထင်ကြီးလေးစားစွာ ဝင်းမွန်သီကို ပြောလိုက်သည်။ ပိုက်ဆံကို တန်ဖိုးမထား၊ ရေလိုသုံးဖြုန်းနေသော မမျိုးနှင့် သိပ်ကိုကွာခြားပါလားလို့ နှိုင်းယှဉ်ကြည့်သည်။

စားသောက်ဖွယ်ရာများ ရောက်လာတော့ ဆန်ဆန်ကို သူ့ဘာသာသူ မစားခိုင်းဘဲ ဝင်းမွန်သီက ခွံ့ကျွေးသည်။

ဝင်းမွန်သီ ဆန်ဆန့်အပေါ် စိတ်ရှည်ပြီး မေတ္တာထားသည်ကို တွေ့ရပြီး စောနောင်က ကျေနပ်ရပြန်သည်။

* * *





## အခန်း (၁၃)

ကိုယ်ကျင့်တရား ညံ့ဖျင်းပြီး ရုပ်ချောင်ပွေချင်သော မောင်မောင်တင့်က မညိုကိုပါ ထိကပါး ရိကပါး ပြုသည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး မမျိုးနှင့် မောင်မောင်တင့်တို့ စကားများကြသည်။ မောင်မောင်တင့်ရဲ့အိမ်သို့ မမျိုးက တမင်ပင် တစ်ယောက်တည်း ထွက်လာခဲ့သည်။

"ဟော ...မမမျိုး၊ တစ်ယောက်တည်းပါလား၊ မညိုမပါဘူးလား"

"ဘာလဲ မညိုမပါလို့ ဝမ်းနည်းသွားပြီလား"

"ဟာ ...ဘာဆိုင်လို့လဲ၊ မမမျိုးလဲ ကျွန်တော်က မမမျိုးဒီလို တစ်ယောက်တည်းပဲ လာစေချင်တာပါ"

"ဟုတ်မှလဲပြောပါ မောင်မောင်ရယ်"

"ဟုတ်ပါတယ် မမမျိုးရယ်၊ ဘာပြုလို့ ကျွန်တော့်ကို မယုံရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ယုံချင်စရာမှ မကောင်းတာ၊ မင်း မညီ့အပေါ်မှာ ဘာတွေကြံနေတယ်ဆိုတာ ငါသိတယ်"

မောင်မောင်တင့်က ရယ်မောခြင်းကို ဖန်တီးယူလိုက်သည်။ မေမျိုးက သူ့ကို စူးရှသောအကြည့်နှင့် တည်တည်ကြီး ကြည့်နေသည်။

"မမမျိုးကလဲဗျာ၊ မဟုတ်တာတွေ စွပ်စွဲနေပြန်ပြီ"

"မောင်မောင်၊ မင်း ငါ့ကို လက်တစ်လုံးခြားလုပ်ဖို့ မကြိုးစားနဲ့နော်"

"ဘာလဲ မမမျိုးက သဝန်တိုတာလား"

"မင်းပဲစဉ်းစားကြည့်ပေါ့"

မောင်မောင်တင့်က မေမမျိုးသဝန်တိုသည်ဆို၍ အကြိုက်တွေ့သွားသည်။

မေမျိုးသည် စောနောင်ကို စိတ်နာနာနှင့် လျှော့က်လုပ်နေသော်လည်း တကယ်တမ်း စောနောင်နှင့် ခွဲရမှာကို ဝန်လေးနေသည်။ ပြီး စောနောင်နှင့် တအိမ်တည်းနေမှသာ တစိမ့်စိမ့်နှင့် စောနောင် စိတ်ဆင်းရဲအောင် လုပ်နိုင်မည်လေ။

သူ့ကို မချစ်မနှစ်သက်သော စောနောင်ကို ကောင်းကောင်းကြီး စိတ်ဒုက္ခရောက်စေချင်သည့်ဆန္ဒက ရင်နှင့်အပြည့်ပါ။

မောင်မောင်တင့်က မေမျိုးရဲ့စိတ်ကိုစမ်းပြီး နည်းမျိုးစုံကို သုံးနေသည်။ တကယ်တမ်းကျတော့ ရွှေတွင်းကြီးဖြစ်နေသည့် မေမျိုး





ကို လုံးဝ လက်လွှတ်မခံနိုင်ပါ။ ငွေမက်၍သာ မေမျိုးကို တွယ်ဖက်နေရသော်လည်း သက်တူရွယ်တူ နုပျိုသောမိန်းမများနှင့်လည်း သာယာမှုကို ရှာချင်သေးသည်။

မေမျိုးရဲ့စိတ် အငြိုအငြင်ကို မခံနိုင်၍ မောင်မောင်တင့်က မေမျိုးကို ချွဲပျစ်ပြီး နူးနပ်ရပြန်သည်။ မေမျိုးရဲ့ဒေါသတွေ အရည်ပျော်ကျသွားရပြန်သည်။

* * *

မေမျိုးက မောင်မောင်တင့်နှင့် ပြေလည်သွားသော်လည်း မောင်မောင်တင့်ကို အပြည့်အဝ မယုံကြည်ပါ။ ထို့အတူ မညီ့ကိုလည်း ယုံကြည်မှု လျော့ပါးသွားပါသည်။ သူတို့နှစ်ယောက်ကို အမြဲသတိနှင့် စောင့်ကြည့်နေသည်။

တစ်နေ့သောညမှာ မညီ့က သူ့မိသားစုတွေထံသွားလည်မည်ဆိုပြီး မေမျိုးထံမှ ခွင့်နှစ်ရက်ယူသွားသည်။ မေမျိုးက မညီ့မရှိသည့် နှစ်ရက်စလုံးမှာ မောင်မောင်တင့်ကို လုံးဝအလစ်မပေးပါ။

ပါတီပွဲတစ်ခုကိုတက်ကြရာ အိမ်ပြန်ဖို့စိတ်ကူးသည်။

မေမျိုးက သူ့ကို အတင်းဖမ်းထားသည်၊ သူက အတင်းရုန်းထွက်သည်။ ရုန်းရင်းနှင့် မေမျိုးက ချော်ကျသွားသည်။ အရှိန်လွန်ပြီး လှေကားပေါ်က တလိမ့်ခေါက်ကွေး ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်တင့်က ပထမ ကြောင်ကြည့်နေပြီးမှ လှေကားပေါ်မှ ပြေးဆင်းခဲ့သည်။ အောက်ဆုံးထပ်ကိုရောက်ပြီး သိပြီးသား အိမ်ဘေးလှေကားကနေ ခြံထဲဆင်းလိုက်သည်။

မေမျိုး ဘယ်လိုဖြစ်ပြီး ကျန်ရစ်ခဲ့ပြီလဲဆိုတာ သိချင်သော်လည်း သူ့အနားမှာရှိ၍ မဖြစ်သဖြင့် ရှောင်ထွက်ခဲ့သည်။ ခြံထဲသို့ ရောက်ပြီး သစ်ပင်တစ်ပင်မှနေ ခြံစည်းရိုးရှိ အုတ်တံတိုင်းကို ကျော်တက်ပြီး တစ်ဖက်ကို ခုန်ဆင်းထွက်ပြေးခဲ့သည်။

မေမျိုးက လှေကားတစ်လျှောက် တလိမ့်ခေါက်ကွေးကျပြီး လှေကားခြေရင်းမှာ ခွေခွေလေးဖြစ်နေသည်။ မေမျိုးပြုတ်ကျသံက တစ်အိမ်လုံးမှာ ဟိန်းနေအောင် မြည်သွားသည်။

အိပ်ပျော်နေသော ဝင်းမွန်သီက ထိုအသံကြောင့် လန့်နိုးသည်။ အိပ်ရာပေါ်မှနေ အသံလာရာဆီသို့ ပြေးခဲ့သည်။ ထိုအတူ စောနောင်ကလည်း ဒုတိယထပ်မှနေ၍ ဝင်းမွန်သီထက် ပို၍ကျယ်လောင်သော အသံကို ကြားရပြီး အခန်းထဲက ပြေးထွက်ခဲ့သည်။

စောနောင်က ဒုတိယလှေကားရဲ့ အစွန်ဆုံးဘက်မှာနေသဖြင့် အခန်းကနေ လှေကားဆီသို့ အခန်းလေးငါးခန်းကို ဖြတ်ကျော်ပြီးမှ လှေကားထိပ်သို့ ရောက်သည်။ ဝင်းမွန်သီကလည်း လှေကားပေါ် ပြေးတက်လာသည်။ ဝင်းမွန်သီနှင့် စောနောင်တို့နှစ်ဦး ပြိုင်တူလိုပင် မေမျိုးရဲ့အနားသို့ ရောက်လာသည်။





လှေကားနားတွင် ခေါင်းကရော ပါးစပ်ကပါ သွေးတွေကျနေသော မေမျိုးကိုတွေ့ရသည်။ ထိတ်လန့်စရာကောင်းသော မြင်ကွင်းကိုကြည့်ပြီး ဝင်းမွန်သီက မူးမိုက်ကျသွားသည်။

"ဟာ ...ဝင်းမွန်သီ"

ဝင်းမွန်သီရဲ့ကိုယ်လေးကို လှမ်းထိန်းလိုက်သည်။ ထိုစဉ်မှာပဲ ကျင်ကျင်ကပါ လန့်နိုးပြီး သူတို့အနားသို့ ရောက်လာသည်။

"ဆရာ ဘာတွေဖြစ်ကုန်တာလဲ"

"မမမျိုး လှေကားပေါ်က လိမ့်ကျတယ်၊ သူ့ကိုမြင်ပြီး ဝင်းမွန်သီ မေ့သွားတယ်၊ ဝင်းမွန်သီကို ကြည့်လိုက်ဦး"

စောနောင်က ကျင်ကျင်လက်ထဲသို့ ဝင်းမွန်သီ ထည့်လိုက်ပြီး သူက မေမျိုးကိုကြည့်သည်။ မေမျိုးရဲ့နှခေါင်းဝမှာ စမ်းသပ်ကြည့်လိုက်တော့ အသက်လုံးဝမရှူတော့ဘူးဆိုတာ သိရသည်။

"ဟာ ...ဒုက္ခပါပဲ၊ မမမျိုး သေပြီထင်တယ်"

ထိတ်ထိတ်ပျာပျာနှင့် ဒေါက်တာမြဖူးထံသို့ ချက်ချင်း တယ်လီဖုန်းဆက်ခေါ်သည်။

"စောနောင်၊ မေမျိုးကိုမထိနဲ့၊ မကိုင်နဲ့ဦးနော်၊ ငါ ခုချက်ချင်း လာခဲ့မယ်"

"ကောင်းပြီ သူငယ်ချင်း"

"သတိလစ်နေသော ဝင်းမွန်သီက ကျင်ကျင်ပြုစု၍ ပြန်ပြီး သတိရလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝင်းမွန်သီကို ညှော်ခန်းကိုခေါ်သွား ကျင်ကျင်"

"ဟုတ်ကဲ့"

ဝင်းမွန်သီတို့ ထွက်သွားပြီး စောနောင်က မေမျိုးနှင့် ခပ်လှမ်းလှမ်းမှာ ထိုင်ပြီး အသက်မဲ့နေသော မေမျိုးရဲ့ခန္ဓာကိုယ်ကိုကြည့်ပြီး စိတ်မကောင်းပါ။

မချစ်မနှစ်သက်ဘဲ လက်ထပ်ခဲ့ရသော်လည်း လင်မယားဆိုသော သံယောဇဉ်ဖြင့် မေမျိုးအပေါ်မှာ သံယောဇဉ် နည်းနည်းတော့ ရှိပါသည်။ ယခုလို မရှုမလှ သေဆုံးသွားရသည်ကို သူ အလွန်ပဲ စိတ်မကောင်းဖြစ်နေသည်။

စောနောင် တွေဝေငိုင်နေသည့်အချိန်မှာပဲ ဒေါက်တာမြဖူးက ရောက်လာသည်။ ဒေါက်တာမြဖူးကိုတွေ့တော့ စောနောင်က အားတက်သွားသည်။

"သူငယ်ချင်းရယ် မေမျိုးရဲ့အဖြစ်ကို ကြည့်ပါဦး"

"သူငယ်ချင်း စိတ်အေးအေးထား၊ ငါ အားလုံး စီစဉ်ပေးမယ်"

ဒေါက်တာမြဖူးက လက်အိတ်စွပ်ပြီး မေမျိုးကို စမ်းသပ်ကြည့်သည်။ မေမျိုး တကယ်ပင် သေဆုံးသွားပါပြီ။

"စိတ်မကောင်းစရာပဲကွာ၊ မမမျိုး ဆုံးပြီ"

"ဖြစ်ရလေကွာ"

"ဘယ်လိုဖြစ်တာလဲ ပြောစမ်းပါဦး စောနောင်ရာ"





"ငါ အိပ်ပျော်နေတာ၊ လေ့ကားက တစ်ခုခုပြုတ်ကျသံကြားလို့ ပြေးထွက်ကြည့်လိုက်တော့ မမမျိုးကို အဲဒီပုံစံနဲ့ တွေ့လိုက်ရတာပဲ"

"မင်း တစ်ယောက်တည်း တွေ့တာလား"

"မဟုတ်ဘူး၊ ဝင်းမွန်သီလဲ ငါနဲ့ပြိုင်တူလိုလို မမမျိုးအခန်းကို ရောက်လာတယ်"

"ရဲစခန်းကို အကြောင်းကြားလိုက်မယ်၊ ရုတ်တရက် သေတယ်ဆိုတော့ တိုင်မှဖြစ်မယ်"

"မင်းပဲ ကောင်းသလို ကြည့်စီစဉ်ပါ"

ဒေါက်တာမြဖူးက ရဲစခန်းသို့ တယ်လီဖုန်းနဲ့ဆက်ပြီး အကြောင်းကြားသည်။ ဆယ့်ငါးမိနစ်အကြာမှာ စခန်းမှူးနှင့် ရဲသားနှစ်ယောက် ရောက်လာသည်။

ပထမဦးဆုံး စောနောင်ကို စစ်ဆေးမေးသည်။ ပြီးနောက် ဝင်းမွန်သီကို မေးသည်။ အဖြစ်အပျက် အကုန်လုံးကို မထိန်ချန်ဘဲ စောနောင်ရော ဝင်းမွန်သီပါ ဖြေသည်။

နောက်ဆုံးမှ စခန်းမှူးက ကျင်ကျင်ကို စစ်ဆေးမေးပြီး မေမျိုးရဲ့အလောင်းကို စစ်ဆေးသည်။ မေမျိုးရဲ့အလောင်းကို မလိုက်စဉ် မထင်မှတ်သော ပစ္စည်းလေးတစ်ခုကိုတွေ့၍ စခန်းမှူးက ကောက်ယူကြည့်သည်။

"ဟင် ...ကြယ်သီးလေးပါလား"



www.burmeseclassic.com

www.burmeseclassic.com



ကြယ်သီလေးကို ကောက်ကိုင်ကြည့်ပြီး သေသေချာချာ လေ့လာသည်။ မေမျိုးရဲ့အင်္ကျီကိုကြည့်လိုက်တော့ မေမျိုးအင်္ကျီပေါ်မှာ ထိုကြယ်သီးမျိုး လုံးဝမရှိပါ။

"ဒါ သေဆုံးသူ ဒေါ်မေမျိုးရဲ့ကြယ်သီး မဟုတ်တာ သေချာတယ်၊ ဒါ တခြားတစ်ယောက်ရဲ့ ကြယ်သီးပဲ"

"ဟာင် ...ဒါဆို မမမျိုးက သူ့ဘာသာသူ လိမ့်ကျတာမဟုတ်ဘူးလား"

"မဟုတ်ဖို့များတယ်၊ ဒီအိမ်ထဲမှာ ကျွန်တော်ရယ်၊ ဝင်းမွန်သီရယ်၊ ကျင်ကျင်ရယ်ပဲရှိတာ၊ ဘယ်သူက တွန်းချမှာလဲ"

"အင်းလေ၊ ကျွန်တော်တို့ကတော့ အမှုမှန်ကို ပေါ်အောင် စစ်ရမှာပဲ"

"စစ်ပါဗျာ၊ မမမျိုးက တကယ်ပဲ သူတစ်ပါးတွန်းကျလို့ သေရတယ်ဆိုရင် အမှုမှန်ကို ကျွန်တော်လဲ သိပ်သိချင်တယ်၊ တရားခံ ဘယ်သူလဲဆိုတာ မြန်မြန်သာ ရှာပေးပါ"

"စိတ်ချပါ ဦးစောနောင်၊ ပထမဦးဆုံး ဒီကြယ်သီးက ဘယ်အင်္ကျီက ပြုတ်တာလဲဆိုတာ ရှာရမှာပဲ"

"ကျွန်တော့်အင်္ကျီတွေ ကြည့်ချင်းလား၊ ရပါတယ်၊ ကျွန်တော့် အခန်းထဲမှာ သွားရှာပါ"

"ဒါ ယောကျ်ားရုပ်အင်္ကျီက ကြယ်သီးပဲ"





"ကျွန်တော့်ကို အားမနာပါနဲ့၊ တစ်အိမ်လုံးမှာ ရှာနိုင်ပါတယ်၊ မမမျိုး လိမ့်ကျသံကြားပြီး အိမ်မှာရှိတဲ့ ကျွန်တော်တို့သုံးယောက်လုံး အနားက မခွာကြသေးပါဘူး၊ အဲဒီတော့ တကယ်လို့ တွန်းချတာတောင် ကျွန်တော်တို့သုံးယောက် မဖြစ်နိုင်ဘူး"

"ဒီလိုမျိုး ကြယ်သီးတစ်လုံးလပ်နေတဲ့ အင်္ကျီကိုရှာရမှာပဲ"

"ရှာပါ၊ ကျွန်တော့်အခန်းတင်မဟုတ်ဘူး၊ တစ်အိမ်လုံးကို ရှာနိုင်ပါတယ်"

စောနောင်ကိုယ်တိုင်က လိုလိုလားလား ရှာခိုင်းသည်။ ရဲသားနှစ်ဦးက တစ်အိမ်လုံးမှာ မွှေနှောက်ရှာသော်လည်း ကြယ်သီးတစ်လုံး မပါသည့် အင်္ကျီကို မတွေ့ပါ။

"သဲလွန်စက ရှာမရပါလား"

စခန်းမှူးက စိတ်ရှုပ်စွာနှင့်ပြောသည်။ ဆရာဝန်က သေဆုံးချိန်ကို တွက်ပြီးပြောသည်။ သေဆုံးသည့်အချိန်နှင့် စောနောင်တို့သုံးယောက် မေမျိုးကိုတွေ့သည့်အချိန်က ငါးမိနစ်ပင် မရှိပါ။

စောနောင်သာ တွန်းချရိုးမှန်လျှင် ငါးမိနစ်အတွင်းမှာ ရုပ်အင်္ကျီလဲပစ်နိုင်မည် မဟုတ်ပေ။ မေမျိုးလှေကားပေါ်က ကျခဲ့ပြီးပြီးချင်း သူတို့သုံးယောက် မေမျိုးအနားသို့ ပြိုင်တူရောက်ခဲ့သည်ဆိုသည်မှာလည်း အမှန်အကန်ဖြစ်နေသည်။

"ဒေါ်မေမျိုးရဲ့အလောင်းကို ရန်ကုန်ဆေးရုံကြီး ရင်ခွဲရုံကိုပို့ပြီး ကျွန်တော်တို့ ထပ်မံစစ်ဆေးပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ စခန်းမှူးကြီးတို့ ကျေနပ်တဲ့အထိ စစ်ဆေးနိုင်ပါတယ်"

မေမျိုးရဲ့အလောင်းကိုရန်ကုန်ဆေးရုံကြီးသို့ ယူသွားကြသည်။ အိမ်မှာ ကျင်ကျင်နှင့် ဝင်းမွန်သီသာ ကျန်ရစ်ခဲ့သည်။ ကျင်ကျင်က တရှုပ်ရှုပ်နှင့် ငိုနေသည်။

"မမရယ် ဒေါ်မေမျိုးကို ကျင်ကျင်မုန်းပေမယ့် အဲလိုကြီးတော့ မသေစေချင်ပါဘူး"

"ဘယ်သူမျှား တွန်းချလိုက်ပါလိမ့်နော်၊ တွေးလိုက်တိုင်း မမကြောက်တယ် ကျင်ကျင်"

"ကျင်ကျင်လဲ ကြောက်တယ်"

နှစ်ယောက်သား ဧည့်ခန်းထဲမှာ ပူးပူးကပ်ကပ်ထိုင်ပြီး ကြောက်နေကြသည်။ ထိုစဉ်မှာ ရုတ်တရက် ဆန်ဆန်ရဲ့ ငူးငူးဝါးဝါးငိုသံ ကြားလိုက်ရသည်။

"ဟာ ... ဆန်ဆန်လေး နိုးပြီ"

ကျင်ကျင်နှင့် ဝင်းမွန်သီက ဆန်ဆန်အခန်းသို့ တစ်ဟုန်ထိုး ပြေးသွားသည်။ ခုတင်ပေါ်မှာ ကြောက်လန့်တကြီး အော်ငိုနေသော ဆန်ဆန်ကိုတွေ့ရသည်။

"ဆန်ဆန်လေး ဘာဖြစ်လို့လဲ သားရယ်၊ ဘာဖြစ်လို့လဲ"

ဝင်းမွန်သီက ဆန်ဆန်ရဲ့ကိုယ်လေးကို တင်းတင်းဖက်လိုက်ပြီး ချော့သည်။





"သား ကြောက်တယ်၊ သားကြောက်တယ်"

"ဘာကိုကြောက်တာလဲကွယ်"

"သားကို အိပ်မက်ထဲမှာ သရဲကြီးတွေ လိုက်ဖမ်းတယ်"

"မဟုတ်တာ သားရယ်၊ သရဲဆိုတာ မရှိမှမရှိဘဲ"

"ရှိတယ်၊ မေမေ့ကိုလဲ ဖမ်းတယ်၊ သားကိုလဲ ဖမ်းတယ်"

ကျင်ကျင်နှင့် ဝင်းမွန်သီတို့နှစ်ယောက် ကြက်သီးတွေ ဖြန်းခနဲ ထပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်သည်။

"အိပ်မက်ပဲ သားရယ်၊ တကယ်မှ မဟုတ်တာ၊ မကြောက်နဲ့တော့နော်၊ သားအနားမှာ အန်တီရှိတယ်"

"သားကို ဖက်ထားပါ အန်တီ၊ သား ကြောက်တယ်"

"ကျင်ကျင်ရယ် ရေတစ်ခွက် ခပ်ပေးပါ"

သိပ်ကို ထိတ်လန့်တုန်လှုပ်နေသော ဆန်ဆန်ကို ရေတိုက်ပြီး ဝင်းမွန်သီက ချော့သိပ်လိုက်သည်။

"ကလေးရဲ့အိပ်မက်ကလဲ တိုက်ဆိုင်လိုက်တာနော်"

"ဟုတ်ပါ့ မမရယ်"

ဆန်ဆန့်အခန်းမှာပင် ဝင်းမွန်သီရော ကျင်ကျင်ပါ နေလိုက်ကြသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

မေမျိုးကို မွှခင်းစစ်ဆရာဝန်က စစ်ဆေးပြီး မေမျိုးသည် လေကားပေါ်မှ ကျသည့်အရှိန်နှင့် ဇက်ကျိုးသေဆုံးကြောင်းကို စစ်ချက်ထွက်သည်။ မေမျိုးသေဆုံးသဖြင့် မေမျိုးရဲ့မိတ်ဆွေ အပေါင်းအသင်းတွေ ရင်ထုမနာ ဖြစ်ကြသည်။

နောက်တစ်နေ့နံနက်မှ အိမ်ပြန်လာသော မျိုးမျိုးမြတ်က အစ်မရဲ့အဖြစ်ဆိုးကိုသိပြီး လူးလိမ့်ငိုကြွေးသည်။ စခန်းမှူးက ကြယ်သီးတွေ့သည့်ကိစ္စကို အပြင်သို့ မပေါက်ကြားရန် ပိတ်ထားသည်ကိုတော့ စောနောင်ရော ဝင်းမွန်သီပါ ထိုအကြောင်းကို ဘယ်သူ့ကိုမှ မပြောပါ။ မေမျိုး လေကားပေါ်မှ လိမ့်ကျပြီး သေဆုံးသည်ဆိုသော သတင်းကိုပဲ လွှင့်လိုက်သည်။

မေမျိုးရဲ့ အသုဘကြောင့် အိမ်မှာ ရုတ်ရုတ်သဲသဲ ဖြစ်နေသည်။ ဆန်ဆန်လေးကို မေမျိုးလိမ့်ကျသေဆုံးသည်ကို မပြောဘဲ ဖုံးထားသည်။





"ဝင်းမွန်သီ၊ သားကို တစ်နေရာကို ခေါ်သွားရင်ကောင်းမယ်"

"ဟုတ်တယ် ဦးစောနောင်၊ ကလေးကို ဒီအကြောင်းတွေ လုံးဝ ပေးမသိသင့်ဘူး"

"ပုသိမ်ကို သွားမလား၊ ဟိုမှာ နေရေးထိုင်ရေး ကိုယ်အားလုံး စီစဉ်ပေးလိုက်မယ်"

"ဟုတ်ကဲ့"

"အဲဒါကောင်းတယ် စောနောင်၊ ကလေးအတွက် လိုအပ်တဲ့ ဆေးတွေလဲ ပေးလိုက်မယ်"

ဒေါက်တာမြဖူးက ထောက်ခံသည်မို့ စောနောင်က ချက်ချင်းပင် ပုသိမ်ပို့ရန် စီစဉ်သည်။

"ဝင်းမွန်သီ၊ နှစ်နာရီအတွင်းမှာ သားနဲ့အသုံးအဆောင်တွေကို ယူသွားနိုင်အောင် စီစဉ်လိုက်မလား"

"စီစဉ်နိုင်ပါတယ်"

"ဒါဆို အသင့်ပြင်ထားလိုက်၊ ကိုယ် အပြင်ခဏသွားပြီး ပြန်လာမယ်"

"ဟုတ်ကဲ့"

"ဒီမှာ စောနောင်၊ ဆန်ဆန်လေးကို ငါပို့ပေးမယ်၊ အဲ့ဒီအတွက် မင်း ဦးနှောက်မခြောက်နဲ့"

"မင်က အားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အားပါတယ်ကွာ၊ ပုသိမ်နဲ့ဒီ ဘာကြာတာမှတ်လို့၊ မှန်မှန်မောင်းရင်တောင သုံးနာရီ မကျော်ဘဲ ရောက်တာပဲ"

"ဒါဆို ကျေးဇူးပဲ သူငယ်ချင်း"

ဝင်းမွန်သီက ခပ်သွက်သွက်ပင် ဆန်ဆန်ရဲ့ အဝတ်အစား အသုံးအဆောင် ရှာစားစရာ အချို့ကိုယူသည်။ ဆေးများကိုလည်း အသေအချာထည့် ထုပ်ပိုးသည်။ ဆန်ဆန်ကိုစွပြီးမှ သူ့အဝတ်အစားများကို ထည့်သည်။

စောနောင်က သူတို့အိမ်သားများကို ကြပ်မတ်ထားသော စခန်းမှူးထံ အကြောင်းကြားပြီး ဝင်းမွန်သီတို့ ရန်ကုန်က ထွက်ခွာမည့် အကြောင်းကို အကြောင်းကြားသည်။ သူတို့အလိုရှိပါလျှင် ဝင်းမွန်သီအား အချိန်မရွေးနှုန့်ခေါ်နိုင်သည်ကိုပါ ပြောထားသည်။

အားလုံးပြင်ဆင်ပြီးသောအခါ ဒေါက်တာမြဖူးက လာခေါ်သည်။ စောနောင်က သူ့သားကိုချီပြီး ကားနားအထိ လိုက်ပို့သည်။

"သားလေး၊ အန်တီနဲ့ ကောင်းကောင်းနေနော်"

"ဖေဖေပါ သွားတို့နဲ့ လိုက်ခဲ့ပါလား"

"သားတို့သွားနှင့်ပါ၊ ဖေဖေ ဒီကအလုပ်တွေပြီးရင် လိုက်ခဲ့မယ်"

"ငါတို့သွားမယ် စောနောင်"

"ကောင်းပါပြီ၊ ကျေးဇူးသိပ်တင်ပါတယ် သူငယ်ချင်း"





"မင်းနဲ့ငါကြားမှာ ကျေးဇူးဆိုတဲ့စကား ပြောစရာလိုသေးလို့လား"

"မလိုမှန်းသိပေမယ့် သိပ်ကျေးဇူးတင်လို့ပါကွာ"

"ဖေဖေ တာ့တာ"

ဒေါက်တာမြဖူးက ကားကိုမောင်းထွက်လာသည်။ ဆန်ဆန်က သူ့အဖေကို လက်တပြပြနှင့် ကားပေါ်ပါလာသည်။ ဒေါက်တာမြဖူးက ကားကို မှန်မှန်မောင်းလာသည်။ လမ်းတွင် တွေ့သမျှသည် ဆန်ဆန်အတွက် အသစ်အဆန်းတွေချည်းမို့ အမေးအမြန်းက ထူနေသည်။

ဆန်ဆန်မေးသမျှကို ဝင်းမွန်သီက စိတ်ရှည်လက်ရှည်နှင့် ဖြေပေးသည်။

"ဝင်းမွန်သီက ဆန်ဆန့်အပေါ် စေတနာထားတာ သည်းခံတာတွေ့ရတော့ ကျွန်တော် အရမ်းဝမ်းသာပါတယ်၊ ဒီကလေးရဲ့ လိုအပ်ချက်တွေကို ဝင်းမွန်သီက ဖြည့်ဆီးပေးနေတာကို ကျေးဇူးတင်ပါတယ်ဗျာ"

"မိဘစုံရှိပြီး မေတ္တာငတ်နေတဲ့ ကလေးကို ကျွန်မ သနားလွန်းလို့ပါ"

"စောနောင်က သားအပေါ် သိပ်ချစ်ရှာပါတယ်"

"ဟုတ်ပါတယ်၊ သူ့ရဲ့မေတ္တာကြောင့် အဲ့ဒီကလေးက ပျော်ရွှင်မှု ရခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



လမ်းမှာ စကားတပြောပြောနှင့် မောင်းလာခဲ့ရာ နှစ်နာရီကျော်ကျော်မှာပဲ ပုသိမ်မြို့သို့ ရောက်ခဲ့ပါသည်။

"ကားရှင်းတဲ့အချိန် ထွက်လာတာ ဟန်ကျတယ်၊ မုန့်ထားတာထက် ပိုစောရောက်တယ်"

ဒေါက်တာမြဖူးက ဝင်းမွန်သီတို့တည်းမည့် အိမ်သို့ လိုက်ပို့သည်။ အိမ်စောင့်လင်မယားနှစ်ယောက်သာရှိသော အိမ်ကြီးတစ်အိမ်သို့ ဝင်းမွန်သီတို့ ရောက်သွားပါသည်။

"ဆရာစောနောင်က အကြောင်းကြားထားလို့ မမလေးတို့ရောက်မယ့်အချိန်ကို မျှော်နေတာပါ"

အိမ်ရှေ့သို့ ကားဆိုက်လိုက်သည်နှင့် အိမ်စောင့်လင်မယားက ပျာပျာသလဲ ထွက်ကြိုသည်။ ကားပေါ်က ပစ္စည်းတွေကို ကူချပေးသည်။

"အခန်းတွေ ပြင်ထားတယ်၊ တစ်ခါတည်း အခန်းထဲယူသွားလိုက်မယ်နော်"

"ဟုတ်ကဲ့"

"အန်တီ၊ သား ဗိုက်ဆာပြီ"

"ကား စီးရတာနဲ့ သားက ဗိုက်ဆာနေပြီကိုး"

"ကလေးဆာရင် ကျွေးပါ၊ အားလုံး အဆင်သင့် ချက်ပြုတ်ပြင်ဆင်ထားပါတယ်"





ခဏတစ်ဖြုတ်နားပြီး ဆန်ဆန်ကို ထမင်းကျွေးသည်။ ဆန်ဆန်က ထမင်းစားပြီး အိပ်ပျော်သွားသည်။

"ဒေါက်တာ ဒီမှာ တစ်ညအိပ်ပြီး မနက်မှ ပြန်ပါလား"

"မဖြစ်ဘူး ဝင်းမွန်သီ၊ ညနေလောက်ဆိုရင် ကိုယ်ပြန်မယ်"

"မိုးချုပ်ကြီး တစ်ယောက်တည်း ဖြစ်ပါ့မလား"

"အဲဒီအတွက် မပူနဲ့၊ ရန်ကုန်ကိုပြန်လိုက်မယ့် မိတ်ဆွေတစ်ယောက်ရှိတယ်"

"ဪ ဟုတ်လား၊ အဖော်ရှိတော့ တော်သေးတာပေါ့နော်"

ထမင်းစားသောက်ပြီး ဒေါက်တာမြဖူးက တရေးတမောအိပ်လိုက်သည်။ ညနေမှာ အိပ်ရာကထ၊ ရေမိုးချိုး စားသောက်ပြီး ပြန်သွားသည်။

* * *

မောင်မောင်တင့်က မေမျိုးရဲ့ မိတ်ဆွေများနှင့်အတူ ဇလပ်မြိုင်သို့ မေမျိုးနာရေးကိစ္စအတွက် ဟန်မပျက်လာသည်။ မေမျိုးမိတ်ဆွေများက စုတ်တသပ်သပ်နှင့် မေမျိုးသေဆုံးရသည်ကို နှမြောတသစွာ ပြောနေသည့်စကားဝိုင်းမှာ မင်သေသေနှင့် ဝင်ပါသည်။

"သိပ်ခင်ရတဲ့ မမေမျိုး အခုလို ငယ်ငယ်နဲ့ သေဆုံးသွားတာ အရမ်းနှမြောတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



မမျိုးသေမှ မမျိုးကောင်းကြောင်း၊ အသေစောကြောင်း နှမြောကြောင်းကို ပြောလို့မဆုံးအောင် ရှိနေကြသည်။ မညို ဆွေမျိုးတွေအိမ်မှ ပြန်လာသည်။ ဇလပ်မြိုင်မှာ လူတွေအများကြီး တွေ့ရပြီ။ မမျိုးသေဆုံးသွားသည်ကို သိရပြီး မယုံနိုင်လောက်အော ခံစားလိုက်ရသည်။

မမျိုးကို ဆရာတစ်ဆူလို ကိုးကွယ်အားထားနေသော မညို အတွက် မမျိုးသေဆုံးရခြင်းက ဘယ်လိုမှ အစားထိုးလို့ မရသော ဆုံးရှုံးမှုကြီးပါ။

မညိုက မချိတင်ကဲ ရင်ထဲကစကားတွေ တွတ်ထိုပြီး သဲ ထန်ထန် ငိုကြွေးနေသည်။ မမျိုးရဲ့ အစ်ကိုမျိုးမြင့်က နိုင်ငံခြား သို့ ခေတ္တသွားနေသဖြင့် အသုဘကို မလာနိုင်ပါ။ မျိုးမျိုးမြတ်တ ယောက်သာ မမျိုးရဲ့ ဆွေမျိုးအရင်းအချာအဖြစ် ရှိနေသည်။

မမျိုးရဲ့အလောင်းကို စောနောင်က လှပခမ်းနားစွာပဲ မြေ လိုက်သည်။ မမျိုးရက်လည်သည့် ညနေမှာ ရှေ့နေတစ်ဦးက မမျိုးရဲ့သေတမ်းစာကို စောနောင်နှင့် မျိုးမျိုးမြတ်ကို အသိပေးသည်

"ဒေါ်မမျိုးက သူ့ပိုင်ဆိုင်သမျှကို တစ်ဝက်စီ ခွဲခဲ့ပါတယ် တစ်ဝက်က ဦးစောနောင်နဲ့ သား ဆန်ဆန်အတွက်၊ နောက်တစ်ဝ က သူသိပ်ချစ်တဲ့ သူ့ညီမ မျိုးမျိုးမြတ်အတွက်ပါ"

"သူ့အမွေကို တစ်ပြားမှ ကျွန်တော် မလိုချင်ပါဘူး"

"ခင်ဗျားမလိုချင်ရင် ခင်ဗျားသားကိုပဲ အကုန်လွှဲလိုက်ပ





"ကလေးအတွက် ကျွန်တော် အဖေတစ်ယောက်လုံး ရှိနေတာပဲ၊ မလိုပါဘူး"

"အမေရဲ့အမွေကို သား ပိုင်ဆိုင်ခွင့်ရှိပါတယ်၊ ခင်ဗျားမလိုချင်ရင် သားကိုပဲ အကုန်လွှဲပေးလိုက်ပေါ့"

"ကောင်းပါပြီ၊ ရှေ့နေကြီး ကျေနပ်သလိုလုပ်ပါ"

စောနောင်က သူ့မှာ အောင်မြင်နေသော ကိုယ်ပိုင်စီးပွားရေးတွေရှိနေသည်။ မမျိုးရဲ့ ပိုင်ဆိုင်မှုကို သူ လုံးဝ မလိုလားပါ။ ဒါကြောင့် ရှေ့နေကြီးက ဆန်ဆန် အသက်ပြည့်အရွယ်ရောက်သည့်အခါ မိခင်ရဲ့အမွေများကို လွှဲပေးရန် စီစဉ်လိုက်သည်။

မမျိုးရဲ့အလောင်းဘေးမှာ ကျန်ရစ်ခဲ့သော ကြယ်သီးလေးနှင့် ပတ်သတ်ပြီး အစဖော်မရအောင် ဖြစ်နေသည်။ ထိုကြယ်သီးသည် အစကတည်းက လှေကားမှာရှိနေခြင်းလော။ ဒါမှမဟုတ် မမျိုးကို တွန်းချသူထံက ပြုတ်ကျခဲ့သော ကြယ်သီးပေလား။ မမျိုးက သူ့ဘာသာ လှေကားပေါ်က ပြုတ်ကျခြင်းပေလာ။ စုံစမ်းသူတွေအတွက် မြောက်မြားစွာသော အတွေးများကို ဖြစ်စေသည်။

မမျိုးရက်လည်ပြီးနောက် စိတ်ထဲမှာ ထွေပြားနောက်ကျိနေ၍ စောနောင်က အလုပ်က ခဏနားလိုက်သည်။ စိတ်ချရသော သူ့ရဲ့ မန်နေဂျာရော အတွင်းရေးမှူးကိုပါ အလုပ်တွေလွှဲခဲ့ပြီးမှ ပုသိမ်သို့ လိုက်လာခဲ့သည်။

"ဟာ ... ဖေဖေ လိုက်လာတယ်၊ ပျော်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဆန်ဆန်က ဖခင်ကိုတွေ့ရ၍ ဝမ်းသာစွာ ထခုန်သည်။ စောနောင်က ဆန်ဆန်ကို ကောက်ချီလိုက်ပြီး ဝင်းမွန်သီကို လှမ်းကြည့်ပြီး မေးသည်။

"နေရထိုင်ရတာ အဆင်ပြေလား"

"ပြေပါတယ်၊ ဒီမှာ နေရတာ ဆန်ဆန်ရော ကျွန်မပါ ပိုပြီး ပျော်ပါတယ်"

မမျိုးရဲ့ ကြောက်စရာကောင်းသော အဖြစ်တွေနဲ့ ဝေးရာမှာ နေရသည်မို့ ဝင်းမွန်သီက စိတ်ချမ်းသာပါသည်။

"ဖေဖေ သားတို့ကို ပြန်လာခေါ်တာလား"

"မဟုတ်ပါဘူး သားရယ်၊ ဒီမှာပျော်ရင် သားတို့နေကြပါ"

"ဖေဖေက ပြန်မှာလား"

"ချက်ချင်းကြီး မပြန်သေးပါဘူး"

"ဖေဖေလဲ ဒီမှာပဲ နေလိုက်ရင်ပြီးရော"

"ရန်ကုန်မှာ အလုပ်တွေရှိနေတာ သားရယ်၊ ဖေဖေက အမြဲ နေလို့ ဘယ်ရမလဲ"

"ဒါဆို သားဆီကို ခဏခဏလာနော်"

"သားက ရန်ကုန် မပြန်ချင်ဘူးလား"

"ဟင့်အင်း ဒီမှာနေချင်တယ်"

"သား သဘောပါ၊ သားနေချင်တဲ့နေရာမှာ နေနော်"

စောနောင်က ပုသိမ်မှာ တစ်ပတ်ခန့်နေပြီးမှ ပြန်သွားသည်၊





တစ်ယောက်ကိုတစ်ယောက် မေတ္တာအပြည့်အဝ ပေးနေသည့် သားအဖကိုကြည့်ပြီး ဝင်းမွန်သီကလည်း ကြည်နူးနေသည်။

"ဝင်းမွန်သီ ကိုယ်ပြန်မယ်၊ အကြောင်းကိစ္စရှိရင် ချက်ချင်း ကိုယ့်ဆီ ဖုန်းဆက်နော်"

"ဟုတ်ကဲ့၊ ဆန်ဆန်အတွက် စိတ်ချပါ ဦးစောနောင်"

စောနောင်ပြန်သွားပြီး ဝင်းမွန်သီနှင့် ဆန်ဆန်တို့နှစ်ယောက် အဖော်ပြုပြီး နေကြသည်။ ညနေတိုင်းလိုလို ဆန်ဆန်ကို အပြင်သို့ လမ်းလျှောက်ခေါ်သွားသည်၊

ဆန်ဆန်ရဲ့ ကျန်းမာရေးက တစ်နေ့တခြား တိုးတက်လာသည်။ စောနောင်က တစ်ပတ်မှာ စနေ၊ တနင်္ဂနွေနှစ်ရက်ကို အားအောင် လုပ်ယူထားပြီး ပုသိမ်မြို့သို့ ရောက်ရောက်လာတတ်သည်။

အချိန်တွေ တရွေ့ရွေ့ကုန်ဆုံးပြီး မမျိုး သေဆုံးသွားသည် ကလည်း ခြောက်လပင် ရှိသွားသည်။ ချောက်ချားစရာကောင်းသော မမျိုးအဖြစ်ကို ဝင်းမွန်သီက မေ့စပြုလာသည်။

တစ်နေ့မှာ စောနောင်ရောက်လာသည်ကိုမသိဘဲ ခြံထဲမှာ ဝင်းမွန်သီနှင့် ဆန်ဆန်က ဆော့ကစားနေသည်။ ရယ်မောပျော်ရွှင် နေသော သူတို့နှစ်ယောက် အသံမပေးဘဲ စောနောင်က တိတ်တဆိတ် ရပ်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝင်းမွန်သီက ရယ်မောပျော်မြူးနေပုံ၊ သားလေးက ခုန်ပေါက်နေပုံတို့သည် သူ့အတွက် ဝမ်းသာကြည်နူးစရာ အကောင်းဆုံးပန်းချီကားချပ် တစ်ချပ်ပါပဲ။

"ဆန်ဆန်ရေ၊ အန်တီကို မိတ်ဆက်ပေးလိုက်"

ဆန်ဆန်ကို စပြီး လှည့်ထွက်အလိုက်မှာ ဝင်းမွန်သီက စောနောင်ကို တွေ့သွားသည်။ စူးရှစွာကြည့်နေသော သူ့အကြည့်ကြောင့် ရင်ခုန်သွားပြီး ရှက်ဝဲဝဲဖြစ်သွားသည်။

"ဟင် ...ဦးစောနောင်၊ ဘယ်တုန်းက ရောက်လဲ"

"ကြာလှပြီ၊ ဝင်းမွန်သီတို့နှစ်ယောက်ကို ကြည့်ကောင်းကောင်းနဲ့ ရပ်ကြည့်နေတာလေ"

ဝင်းမွန်သီရဲ့ မျက်နှာလေး ရဲခနဲဖြစ်သွားသည်။ ဆန်ဆန်က ဖခင်ကိုတွေ့ပြီး ပြေးလာသည်။

"ဖေဖေလာပြီ"

"သားလေး နေကောင်းလား"

"ကောင်းတယ် ဖေဖေ"

"ဖေဖေကို လွမ်းလား"

"လွမ်းတယ် ဖေဖေ"

သားအဖနှစ်ယောက် အလွမ်းသယ်နေသည်ကို ဝင်းမွန်သီက ပြုံးပြီးကြည့်နေသည်။





"သား အန်တီဆီကို လာပါဦး၊ ဖေဖေ ခရီးပန်းလာတယ်။ အနားပါစေဦး"

"ဖေဖေ ရေချိုးမလို့လား"

"ဟုတ်တယ် သား"

"ရေချိုးပြီးရင် သားနဲ့ကစားနော်"

"အေးပါ သားရယ်"

သိတတ်လိမ္မာရေးခြားရှိသည့် သိမ်မွေ့နူးညံ့လွန်းသည့် ဝင်းမွန်သီအား စောနောင်က တစိုက်မတ်မတ် ကြည့်လိုက်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ညဘက်မှာ လသာသဖြင့် သုံးယောက်သား လသာဆောင်မှာ ထိုင်ကြသည်။ အိမ်စောင့်အမျိုးသမီးက လက်ဖက်ရည်၊ ရေနွေးကြမ်းတို့ကို လုပ်ပေးသည်။

လက်ဖက်လေး တမြုံ့မြုံ့စားပြီး ရေနွေးကြမ်းသောက်လိုက် စကားပြောလိုက်နှင့် အလွန်အေးချမ်းသော အချိန်ကာလကို စောနောင်က ရရှိနေသည်။

ဆန်ဆန်က စကားပြောရင်းနှင့် အိပ်ပျော်သွားသည်။ ဝင်းမွန်သီက စိတ်ချမ်းမြေ့သော အချိန်ကာလလေးကို ဖြတ်တောက်ပစ်ရမှာ နှမြောနေသည်။

"ဆန်ဆန် အိပ်သွားပြီ။ သူ့ကို သွားသိပ်လိုက်ဦးမယ်"

"ရပါတယ် ကိုယ်သွားလိုက်မယ်၊ ဝင်းမွန်သီ ဒီမှာ နေပါဦး"

"ကျွန်မလဲ အိပ်တော့မယ်"





"စောပါသေးတယ် ဝင်းမွန်သီရယ်၊ မင်းကို ပြောစရာရှိလို့ စောင့်ပါဦး"

စောနောင်က ပြောပြောဆိုဆိုနှင့် ဆန်ဆန်လေးကို ကောက်ချီသွားသည်။ ဝင်းမွန်သီက စောနောင်စောင့်ဆိုင်းထား၍ လသာဆောင်မှာစောင့်ပြီး ကျန်ရစ်ခဲ့သည်။ စောနောင်က ဆန်ဆန်ကို အိပ်ရာပေါ်တက် ခြင်ထောင် သေသေချာချာချပြီးမှ ရောက်လာသည်။

ဝင်းမွန်သီထိုင်နေသည့်အနားမှာ ထိုင်ချလိုက်သည်။ ပြုံးချိုသောမျက်နှာနှင့် ဝင်းမွန်သီကိုကြည့်ပြီး မေးသည်။ လရောင်တွေ ပက်ဖျန်းထားသော မွတ်မွတ်စင်စင် လှပနေသည့် ဝင်မွန်းသီရဲ့ မျက်နှာလေးကို မြတ်နိုးစွာ ကြည့်နေသည်။

"ဒီမှာနေရတာ ပျော်လား ဝင်းမွန်သီ"

"ဟုတ်ကဲ့၊ ပျော်ပါတယ်"

"သားလေးက ဒီက မပြန်ချင်အောင် ဖြစ်နေတယ်"

"ဒီမှာ ကစားဖော်တွေလဲ ရနေပြီလေ"

"ဟုတ်လား၊ ဒါကြောင့် ပျော်နေတာနေမှာ"

"ဇလပ်မြိုင်မှာရော အဆင်ပြေရဲ့လား"

"မျိုးမျိုးကို သူ့အစ်ကိုက ခေါ်သွားပြီး အိမ်မှာ ကျင်ကျင်တစ်ယောက်တည်းလေ။ အိမ်ကြီးအကြီးကြီးမှာ လူမရှိဘဲနေရတာ ချောက်ချားတယ်လို့ ကျင်ကျင်က ပြောတယ်။ ဝင်းမွန်သီတို့ကို ပြန်လာပါတော့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ကျွန်မတို့ပြန်လာသင့်ပါပြီ၊ ဆန်ဆန်အတွက်နဲ့ အလုပ်များတဲ့ကြားက ဒီကို ပြေးပြေးလာရတာ ဦးစောနှောင်လဲ ပင်ပန်းလှပြီ"

"ဝင်းမွန်သီ"

စောနှောင်က လေးလေးနက်နက် ဝင်းမွန်သီကို ခေါ်လိုက်သည်။ သူ့အကြည့်က လွန်စွာတည်ငြိမ်နေသည်။

"ကိုယ့်ရင်ထဲမှာ ဝင်းမွန်သီအတွက် ပြောချင်တဲ့စကားတွေ ရှိတယ်၊ အဲ့ဒီစကားတွေကို မပြောခင် ကိုယ့်ကို အခွင့်အရေးသမား၊ သားကို ကြည့်ပေးတဲ့ ကျေးဇူးကိုမှမထောက်ဘဲ စော်ကားတယ်ဆိုတဲ့ အမြင်မျိုး မဖြစ်ဖို့ ကြိုတင်တောင်းပန်ပါရစေ"

"ဦးစောနှောင်က ဘာပြောမှာမို့လို့လဲ"

တည်ငြိမ်မှုမရှိသောအသံနှင့် ဝင်းမွန်သီက စိတ်လှုပ်ရှားစွာ မေးသည်။

"ကိုယ် ဝင်းမွန်းသီကို လက်ထပ်ပါရစေ"

"ရှင်"

ဝင်းမွန်သီက တအံ့တသြ ပါးစပ်လေး ဝိုင်းသွားရသည်။ ပြူးကြောင်ကြောင်မျက်လုံးလေးနှင့် စောနှောင်ကို ကြည့်နေသည်။

"ဟုတ်တယ် ဝင်းမွန်သီ၊ ကိုယ့်နှလုံးသားထဲမှာ မင်းကို မချစ်ဖူးတဲ့ အချစ်တွေနဲ့ ချစ်နေပါတယ်၊ မမမျိုးကို မိဘတွေကို မလွန်ဆန်နိုင်လို့ လက်ထပ်ခဲ့ရပေမယ့် ကိုယ်မချစ်ခဲ့ပါဘူး၊ သူနဲ့ကိုယ်က





အတိအလင်း မကွာခဲ့ပေမယ့် သားလေးမွေးပြီးကတည်းက လင်ခန်း မယားခန်းပြတ်ခဲ့တာ ကြာပါပြီ"

"မမမျိုးကြောင့် ခြောက်သွေ့ခဲ့တဲ့ ကိုယ့်ရဲ့နှလုံးသား ချောင်းတောမှာ မထင်မှတ်တဲ့ စိုပြည်မှုတွေ ဖြစ်လာရပါတယ်၊ အဲဒါက ဝင်းမွန်သီဆိုတဲ့ အေးမြကြည်လင်တဲ့ စမ်းချောင်းလေးက ချောင်းတောထဲမှာ ဖြတ်ဆင်းခဲ့ပါပြီ၊ ဒါကြောင့် ချောက်ချားပူပြင်းတဲ့ နေရာမှာ စိမ်းလန်းစိုပြည်တာတွေက အစားဝင်ခဲ့ပါပြီ ဝင်းမွန်သီရယ်"

"အမိုက်ဟာယ်မဲ့နေတဲ့ ကိုယ့်ဘဝလေးက မင်းကိုတွေ့မှ အမိုက်ဟာယ် တွေနဲ့ ပြည့်နှက်ပြီး နေချင်စဖွယ် ဖြစ်လာပါပြီ၊ မင်းကို သိပ်လိုအပ် နေတဲ့ မင်းမရှိရင်မဖြစ်တဲ့ ကိုယ်နဲ့သားလေးဘဝထဲကို ရဲရဲကြီး ဝင်ခဲ့ပါလား ဝင်းမွန်သီရယ်"

ဝင်းမွန်သီရဲ့ အစိမ်းသက်သက် နှလုံးသားလေးက ပထမဦးဆုံးအကြိမ် အချစ်နဲ့ တွေ့ထိရပြီး ဖျပ်ဖျပ်ခုန်လာပြီ။ သနားကရုဏာသက်မိရာကနေ စောနှောင်အပေါ် သံယောဇဉ် တွယ်နေမိပြီဆိုတာ တစ်ထိုင်တည်းမှာပင် ဝင်းမွန်သီ သိလိုက်ပါပြီ။

"ခေါင်းကြီးမငုံ့ထားပါနဲ့ ဝင်းမွန်သီရယ်၊ ကိုယ့်ကို ကြည့်ပါဦး"

ဝင်းမွန်သီက တဖြည်းဖြည်း ခေါင်းလေးမော့ပြီး စောနှောင်ကို ကြည့်သည်။ အကြည့်ချင်း ဂဟေဆက်မိကြသည်။

"ဝင်းမွန်သီကို ကိုယ်သိပ်ချစ်နေပြီ၊ ကိုယ့်ကို လက်ထပ်ခွင့် ပေးပါနော်"



www.burmeseclassic.com

www.burmeseclassic.com



*"မွန်သီလဲ ဦးစောနောင်တို့ သားအဖကို သနားကရုဏာသက်*ရာကနေ သံယောဇဉ်ဖြစ်နေပါပြီ"

ဝင်းမွန်သီက ရင်ထဲကခံစားချက်ကို မဖုံးကွယ်ဘဲ ရိုးရိုးရှင်းရှင်းလေးပင် ပြန်ဖြေလိုက်သည်။

"ဟင် ...ဒါဆို မွန်သီက ကိုယ့်ကို လက်ခံပြီပေါ့နော်၊ ကိုယ့်ကို လက်ထပ်မယ်ပေါ့"

တစ်ခါမျှ မတွေ့ခဲ့ရဖူးသော ပျော်ရွှင်မှုကို စောနောင်ရဲ့ မျက်နှာပေါ်တွင် တွေ့ရှိလိုက်ရသည်။

"လက်ထပ်ဖို့က မစောလွန်းဘူးလားဟင်"

"မစောပါဘူး မွန်သီရယ်၊ အခုလို ကိုယ်တို့အတူနေကြတာ အများအထင်လွဲစရာဖြစ်ပြီး မွန်သီရဲ့သိက္ခာတွေ ပွန်းပဲ့နိုင်တယ်"

မေမျိုးမရှိတော့သဖြင့် သူတို့နှစ်ယောက်သည် တစ်အိမ်တည်းနေပြီး ရင်းရင်းနှီးနှီး ရှိနေခြင်းက မလိုသူတွေအတွက် ကဲ့ရဲ့စရာဖြစ်နေမှာကို ဝင်းမွန်သီလည်း တွက်ဆမိသည်။

"ကိုယ်နဲ့သားဟာ မွန်သီမရှိဘဲ ဘယ်လိုမှ ရပ်တည်နိုင်မှာမဟုတ်တော့ဘူး"

ဝင်းမွန်သီကလည်း စောနောင်တို့ သားအဖနှင့် လုံးဝကွေကွင်းပြီး မနေနိုင်တော့ပါ။ ဒါကြောင့် စောနောင်ကို လက်ထပ်ရန် သဘောတူလိုက်သည်။





"ဒီမှာပဲ ကိုယ်တို့ လက်ထပ်လိုက်ကြမယ် ဝင်းမွန်သီ၊ ဘယ်လိုသဘောရသလဲ"

"မွန်သီ့မှာ မိဘမောင်နှမ မရှိပါဘူး၊ မွန်သီ့သဘောထားနဲ့ မွန်သီဆုံးဖြတ်လို့ရတာမို့ ကိုနောင်ရဲ့ သဘောအတိုင်း စီစဉ်ပါ"

"ဒါဆို ကိုယ်တို့ ရုံးတက် လက်မှတ်ထိုးပြီး ဒီမှာပဲမင်္ဂလာဆွမ်းကျွေးမယ်၊ ကျေနပ်လား"

"ဆန်ဆန်လေးရဲ့ သဘောကိုရော မမေးတော့ဘူးလား"

"ဆန်ဆန်က သဘောတူမှာပါ"

ဝင်းမွန်သီရဲ့ကိုယ်လေးကို ကြည်နူးယုယစွာ ပိုက်ထွေးရင်း စောနောင်က ပြောသည်။

"မွန်သီရယ်၊ ကိုယ့်ကို လက်ထပ်ခွင့်ပေးတာ ကျေးဇူးတင်ပါတယ်၊ မွန်သီဟာ ကိုယ့်ဘဝပဲ၊ ကန္တာရထဲက အိုအေစစ်လေးပါပဲ"

"ကိုနောင်ကလဲ မွန်သီရဲ့ ပထမဦးဆုံး အချစ်ပါပဲ၊ ခုမှ မွန်သီလေ အချစ်ဆိုတာကို နားလည်လာရပါပြီ"

"မုဆိုးဖိုတစ်ယောက်အနေနဲ့ နုနုထွတ်ထွတ်လေးဖြစ်တဲ့ မွန်သီဆိုတဲ့ အပျိုစင်လေးအပေါ်မှာ ကိုနောင် တရားရဲ့လား မသိဘူး"

"ဘာဆိုင်လို့လဲ ကိုနောင်ရယ်၊ အိမ်ထောင်တစ်ခုရဲ့ သာယာချမ်းမြေ့မှုကို မရရှိခဲ့တဲ့ ကိုနောင်အတွက် ဘယ်သူ့ထက်ပိုယုယုယုထိုက်တန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနှစ်ဦး ရင်ထဲကခံစားချက်ကို ထိမ်ချန်ခြင်းမရှိဘဲ တစ်ယောက်ကိုတစ်ယောက် ရင်ဖွင့်နေကြသည်။ ပတ်ဝန်းကျင်မှာ ပို၍ အေးစိမ့်လာပြီး လမင်းကြီးက တရွေ့ရွေ့ လှုပ်ရှားသွားသည်ကိုလည်း သတိမပြုမိကြပါ။

ညဥ့်အတော်နက်သည်အထိ လသာဆောင်မှာနေပြီးမှ ကိုယ့်အခန်းသို့ ကိုယ်စီပြန်သည်။

*　*　*

နံနက်စွောစောစာကို သုံးယောက်သား မျက်နှာစုံညီစားသည်။ ဝင်းမွန်သီက ဆန်ဆန်ကို ဂရုတစိုက် ကျွေးသည်။ စားသောက်ပြီး စောနောင်က ဆန်ဆန်ကို မေးသည်။

"သားလေး၊ ဖေဖေ တစ်ခုမေးမလို့ သား မှန်မှန်ဖြေနော်"

"ဟုတ်ကဲ့"

"သား အန်တီကိုချစ်လား"

"ချစ်တယ်၊ သိပ်ချစ်တယ်"

"အန်တီနဲ့ ခွဲရောခွဲနိုင်လား"

"ဟင့်အင်း၊ အန်တီက သားကို ထားခဲ့မှာလား၊ ထားခဲ့ရင် သားငိုမှာပဲ"

မျက်နှာလေးငိုမဲ့မဲ့နှင့် ဆန်ဆန်က အသက်မရှူတမ်းကို စကား ပြောလိုက်သည်။





"မငိုပါနဲ့သားရယ်၊ အန်တီက သားကို မထားခဲ့ပါဘူး သားနဲ့ တစ်သက်လုံးနေဖို့ သားရဲ့မေမေ လုပ်ပေးမယ်တဲ့၊ သား ကြိုက်လား"

"သားမှာ မေမေရှိပြီးသားလေ"

"အဲ့ဒီမေမေက သားနဲ့မတွေ့နိုင်တဲ့ အဝေးကြီးကို သွားပြီ"

"မေမေက ဘာလို့သွားတာလဲဟင်"

"ဖေဖေတို့နဲ့ မနေချင်တော့လို့ပေါ့ကွာ"

"ဟုတ်လား၊ မေမေက သားကိုမချစ်ဘူးနော်"

"သားကို သားမေမေက ချစ်ပါတယ်ကွာ၊ ဒါပေမယ့် အဲဒီ အဝေးကြီးကိုမသွားရင် မဖြစ်လို့သွားရတာပါ"

"ဟုတ်လား၊ သားကိုတောင် တာ့တာမလုပ်သွားဘူး"

ဆန်ဆန်က မျက်ရည်လေးဝဲဝဲနှင့် ပြောသည်။ မိခင်ကို တမ်းတရှာသော ကလေးကိုကြည့်ပြီး ဝင်းမွန်သီက စိတ်ထိခိုက်ရပါသည်။

"ကဲ ... ဖေဖေမေးတာ ဖြေပါဦး"

"သား ဘာကိုပြောရမှာလဲ"

"အန်တီကို မေမေတော်မလားလို့"

"အန်တီက သားမေမေတော်လိုက်ရင် သားနဲ့က အမြဲနေမှာ လား"



www.burmeseclassic.com

www.burmeseclassic.com



"နေမှာပေါ့ သားရဲ့"

"ဒါဆို မေမေတော်မယ်"

"အန်တီလို့ မခေါ်ဘဲ မေမေလို့ ခေါ်မှာလား"

"ခေါ်မယ်"

ဆန်ဆန်က ရယ်မောပြောပြီး ဝင်းမွန်သီကို ပြေးဖက်ကာ မေမေဟု ခေါ်သည်။

"သား အန်တီ့ကို မေမေတော်လိုက်တဲ့အတွက် ဘာမှ မနစ်နာစေရပါဘူးကွယ်၊ သားအတွက် အဆပေါင်းများစွာတိုးပြီး ဖြည့်ဆည်းပေးသွားမယ်"

ဆန်ဆန် နားမလည်နိုင်သော စကားတွေပါသည့် စကားကို ဝင်းမွန်သီက လှိုက်လှိုက်လှဲလှဲပြောသည်။

"ကဲ ...မွန်သီရေ သားက သဘောတူပြီ၊ လက်ထပ်ဖို့ ကိုယ် အမြန်ဆုံး စီစဉ်လိုက်တော့မယ်"

"ကိုနောင့်သဘောပါပဲ"

"ကိုယ်တို့သုံးယောက် သာယာချမ်းမြေ့တဲ့အိမ်ထောင်တစ်ခု ကို တည်ထောင်နိုင်မှာပါ မွန်သီရယ်"

ချစ်မေတ္တာတွေ ပြည့်ဝစွာပါသော နက်ရှိုင်းသောအကြည့်နှင့် စောနောင်က ဝင်းမွန်သီကို ကြည့်လိုက်သည်။

* * *





စောနောင်က အသိမိတ်ဆွေ သိပ်မရှိလှသော ပုသိမ်မှာ သူတို့မင်္ဂလာဆောင်အတွက် သံဃာများကို ဆွမ်းကျွေးရန် စီစဉ်သည်။

တစ်ပတ်အတွင်းမှာပဲ စောနောင်နှင့် ဝင်းမွန်သီက ရုံးမှာတက်ပြီး လက်မှတ်ထိုးကာ မင်္ဂလာဆွမ်းကျွေးသည်။

မင်္ဂလာဦးညမှာ စောနောင်က အချစ်ရဆုံး မိန်းကလေးကို ရင်မှာပွေ့ဖက်ပြီး ပြောသည်။

"ကိုယ်တို့မင်္ဂလာဆောင်က ပကာသနမပါတဲ့ သိပ်ကိုမွန်မြတ်တဲ့ မင်္ဂလာဆောင်ပဲနော်"

"ဟုတ်ပါတယ် ကို နောင်၊ သံဃာတော်တွေအတွက် မင်္ဂလာစရိတ်ကို လှူဒါန်းလိုက်တော့ အရမ်းကုသိုလ်ရတာပဲ"

"မွန်သီက လောဘနည်းပြီး သိပ်ပြည့်ဝတယ်၊ ဒါကြောင့် ကိုယ်က သိပ်ကို မြတ်နိုးရတာပေါ့"

ပုပင်သောကတွေကင်းစင်နေသော ချစ်လင်ရဲ့ မျက်နှာပြုံးပြုံး ကိုကြည့်ပြီး ဝင်းမွန်သီက စောနောင်ရဲ့ရင်ခွင်ထဲ ခေါင်းလေးထိုးဝင်လိုက်သည်။

"ကိုနောင်တို့သားအဖကို မွန်သီ သိပ်ချစ်တယ်၊ တစ်သက်လုံး ကိုနောင့်ကို ပျော်ရွှင်စိတ်ချမ်းသာဖို့ မွန်သီလေ အစွမ်းကုန် လိုက်လျော မယ် သိလား"

"မွန်သီရဲ့စကားတွေကို ကိုနောင် လှိုက်လှိုက်လှဲလှဲ ယုံကြည်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာမြဖူးက နိုင်ငံခြားသွားနေတော့ မွန်သီတို့လက်ထပ်တာ မသိသေးဘူးပေါ့နော်"

"နိုင်ငံခြားက တစ်လလောက်ပဲ သွားတာပါ၊ ပြန်လာမှပဲသူ့ကို အသိပေးတော့မယ်"

"သူ ဘာပြောမလဲမသိဘူး နော်"

"သူ ဝမ်းသာမှာပါ၊ ကိုယ့်ရဲ့အိမ်ထောင်ရေး အဆင်မပြေခဲ့တာကိုကြည့်ပြီး သူပါရော စိတ်မကောင်းဖြစ်ခဲ့ကြရတာပဲ"

"သူသဘောတူတယ်ဆိုရင် တော်သေးတာပေါ့"

"မွန်သီရယ် ကိုယ်တို့လက်ထပ်လိုက်လို့ မင်းလေး ဘယ်တော့မှ နောင်တမရစေရဘူး သိလား၊ မွန်သီ စိတ်ချမ်းသာအောင် ကြင်နာယုယသွားမယ် သိလား"

"ကိုနောင့်ကို မွန်သီယုံပါတယ်၊ ဒါကြောင့်လဲ ကိုနောင်တို့သားအဖနှစ်ယောက်ရဲ့ဘဝထဲ ဝင်ခဲ့တာပေါ့"

ကြင်စဦး ဇနီးမောင်နှံက ကြည်နူးဆွတ်ပျံ့ဖွယ်ကောင်းသောစကားတွေ ပြောမဆုံးအောင်ပါပဲ။

* * *



## အခန်း (၁၆)

စောနောင်က လက်ထပ်ကာ သုံးလေးရက်နေပြီး ပြန်သွားသည်။ သူတို့ရဲ့မင်္ဂလာသတင်းကို သတင်းစာထဲ ထည့်မည်လို့ ပြောသွားသည်။

ရန်ကုန်သို့ ဝင်းမွန်သီရော ဆန့်ဆန်ပါ ပြန်မလိုက်ချင်သေး၍ ပုသိမ်မှာပဲ ထားခဲ့သည်။ စောနောင်နှင့် ဝင်းမွန်သီတိတို့နှစ်ယောက်ရဲ့ မင်္ဂလာသတင်းကို သတင်းစားထဲမှာ တွေ့ပြီး ဓမ္မမျိုးရဲ့အပေါင်းအသင်းတွေက တအံ့တသြဖြစ်နေသည်။

ကဲ့ရဲ့ခြင်း၊ ဝေဖန်ခြင်း၊ ကောင်းချီးပေးခြင်း စသည့် ဆက်ဆံမှုအမျိုးမျိုးကို စောနောင်က ခံစားလိုက်ရပါသည်။

"ကိုစောနောင် ဒီလိုကြီး ရုတ်တရက် လက်ထပ်လိမ့်မယ်လို့ သင်း မထင်ခဲ့ဘူး"

www.burmeseclassic.com



သင်းသင်းက တအံ့တသြနှင့်ပြောသည်။ မောင်မောင်တင့်က စောနောင်ကွယ်ရာမှာ အတင်းပြောသည်။

"ကိုစောနောင်လေ သူနဲ့ အဆင့်အတန်းမတူတဲ့ မိန်းကလေးကိုယူတာ အံ့သြစရာပဲ မမမျိုး မသေခင်ကတည်းကများ ငြိနေကြလား မသိဘူး"

ဒေါ်မေရီကလည်း ဝေဖန်လိုက်ပြန်သည်။

သူတို့ ဝေဖန်ပြစ်တင်သောစကားများကို ဝင်းမွန်သီက မကြားသော်လည်း ထိုသို့ ကဲ့ရဲ့ရှုတ်ချမည်ဆိုတာ ကြိုတင်သိပြီးသားပါ။

စောနောင်ရောက်လာသောအခါ ထိုအကြောင်းများကို ဝင်းမွန်သီက မေးသည်။

"ကိုနောင်နဲ့ မွန်သီတို့လက်ထပ်တာ မမမျိုးအပေါင်းအသင်းတွေက ကြိုက်ကြမှာမဟုတ်ဘူးနော်"

"အမျိုးမျိုး ဝေဖန်ကြတာပေါ့၊ ဒါပေမယ့် သူတို့ကို ဂရုစိုက်စရာမလိုပါဘူး မွန်သီရယ်၊ ကိုယ်တို့က မဟုတ်မှန်တာ လုပ်တာမှ မဟုတ်ဘဲ"

"ရန်ကုန်ပြန်ရမှာတောင် ကြောက်တယ်"

"ဘာလို့ကြောက်ရမှာလဲ မွန်သီရယ်၊ ကိုယ့်ကိုချစ်ရင် အားလုံးကို သတ္တိရှိရှိ ရင်ဆိုင်လိုက်ပါကွယ်"

"မွန်သီ ကြိုးစားပါ့မယ် ကိုနောင်"





"မွန်သီကို လက်ထပ်ဟန်းနီးမွန်းတောင် မခေါ်ရသေးဘူး"

"ရပါတယ် ကိုနောင်မှ မအားတာ"

"ဒီတစ်ပတ် ကိုယ် သုံးလေးရက်အားတယ်၊ ချောင်းသာကို သွားလည်ကြရအောင်"

"သွားလေ"

"မနက်စောစောထွက်မယ်၊ ပြင်ထားနော်"

"ဟုတ်ကဲ့"

* * *

ချောင်းသာကမ်းခြေသို့ရောက်ပြီး ချောင်းသာဟိုတယ်မှာ တည်းသည်။ ရောက်ရောက်ချင်း ပင်လယ်လှိုင်းသံများကိုကြားပြီး ဆန်ဆန်က မေးသည်။

"မေမေ၊ အဲ့ဒီ ဝုန်းဝုန်းဆိုတာ ဘာသံကြီးတွေလဲ"

"လှိုင်းသံကြီးတွေပေါ့ သားရဲ့"

"ကဲ ... ဟိုသားအမိ အခန်းထဲက ထွက်ကြလေ၊ ကမ်းခြေကို သွားရအောင်"

"ရေထဲ ဆင်းတော့မလို့လား"

"မဆင်းသေးဘူးလေ လျှောက်ကြည့်မလို့"

"လာပြီ ကိုနောင်ရေ"



www.burmeseclassic.com

www.burmeseclassic.com



ဆန်ဆန် အိမ်သာသွား၍ ဘောင်းဘီပြန်ဝတ်ပေးပြီး ဝင်းမွန်သီကပြောသည်။

"သားရေ၊ လာ သွားစို့၊ ဟိုမှာ ဖေဖေစောင့်နေတယ်"

ဆန်ဆန်ကို အလယ်ကထားပြီး ကမ်းခြေဆီသို့ လျှောက်လာခဲ့သည်။ ဆန်ဆန်က ဝမ်းသာအားရ အော်သည်။

"ဟာ ... မေမေ၊ ရေတွေအများကြီးပဲနော်"

"ပင်လယ်ကြီးလေ သားရဲ့"

"တဝုန်းဝုန်းနှင့် တိုက်ခတ်လာသော လှိုင်းတွေကိုမြင်ပြီး ဆန်ဆန် ကြောက်သွားသည်။

"အဲ့ဒီအသံကြီးကို သားကြောက်တယ်"

"အဲ့ဒါ လှိုင်းသံ သားရဲ့၊ ဟောကြည့်၊ လှိုင်းလုံးကြီးထက်လာပြီးနောက်တော့ အသံကြားရမယ်"

"အဲ့ဒီရေတွေကို သားကြောက်တယ်"

"ဖေဖေတို့ရှိတာပဲ၊ သား မကြောက်ဘူးလေ"

ကမ်းခြေမှာ ခဏတစ်ဖြုတ် လမ်းလျှောက်ပြီး ထမင်းစားချိန်မှီ ဟိုတယ်သို့ ပြန်ခဲ့သည်။

နေ့လယ်ခင်းမှာ နေပူသေး၍ အခန်းထဲမှာပဲ နေကြသည်။ ညနေ သုံးနာရီလောက်မှာ ရေကစားရန် ကမ်းခြေသို့ ဆင်းခဲ့ကြသည်။

ကမ်းခြေသို့ရောက်တော့ ဆန်ဆန်က ရေကိုကြောက်သည်ဆိုပြီး ငိုသည်။





"ဒါဆို သား အဲ့ဒီအရိပ်မှာထိုင်နေ၊ ဖေဖေ မေမေတို့ ရေထဲဆင်းမယ်နော်"

"သား မလိုက်ဘူး၊ ထိုင်နေမယ်"

ရေစပ်သို့ ဆင်းလိုက်ပြီး တက်လာသောလှိုင်းကို ကြောက်ပြီး ဝင်းမွန်သီက ကမ်းခြေပြန်ပြေးသည်။ စောနောင်က သူ့လက်ကိုဆွဲပြီး ရယ်မောကာ ရေထဲသို့ အတင်းဆွဲခေါ်သည်။

"ကိုယ် အနားမှာရှိတာပဲ၊ မွန်သီကလဲ ကြောက်တာလွန်ရော"

"အဲ့ဒီလှိုင်းတွေကို ကြောက်တာ ဘယ်တတ်နိုင်မလဲ"

"ဒီလှိုင်းက ကြောက်စရာမလိုဘူး၊ စီးတတ်ရင် သိပ်ကောင်းတာ၊ ကိုယ်ပြမယ် ဒီလိုစီး၊ လှိုင်းလာရင် ကိုယ်ကိုဖော့လိုက်"

စောနောင်သင်ပေးသည့်အတိုင်း စီးပြီး ဝင်းမွန်သီက ပျော်သွားသည်။ ဆန်ဆန်က ကမ်းခြေကနေ သူတို့ကိုကြည့်ပြီး လက်ခုပ်လက်ဝါးတီးကာ ရယ်နေသည်။

တစ်နာရီလောက် ရေထဲနေပြီး ကမ်းခြေမှာထိုင်နေသော ဆန်ဆန်ကိုသနား၍ ရေပေါ်သို့ တက်လာကြသည်။

ဟိုတယ်သို့ပြန်ပြီး ရေမိုးချိုးသည်။ ညနေဘက်မှာ ကမ်းခြေမှာ လမ်းလျှောက်ပြီး မှောင်မှ ဟိုတယ်ပြန်ပြီး ညနေစာစားသည်။ ဆန်ဆန်က လေကောင်းလေးသန့်ရပြီး အစားအသောက်ကို ပိုစားလာသည်။

ချောင်းသာတွင် သုံးရက်နေပြီး ပုသိမ်သို့ ပြန်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပုသိမ်မှာ နှစ်ရက်နေပြီး စောနောင်က ပြန်သွားသည်။ စောနောင်ပြန်သွားတော့ ဝင်းမွန်သီတို့နှစ်ယောက် ပျင်းပြီး ကျန်ရစ်ခဲ့သည်။

ချစ်မိတော့ တစ်ရက်လေးဝေးသည်ကို တစ်ကမ္ဘာလို့ပင် ထင်နေသူက ဝင်းမွန်သီပါ။

* * *

တစ်နေ့သောညမှာ ဆန်ဆန်က အဖျားသွေးဝင်လာသည်။ ဝင်းမွန်သီက ဆန်ဆန်ကို ပါလာသည့်ဆေးတွေ တိုက်သည်။ နောက်တစ်နေ့အထိ ဆန်ဆန်က အဖျားမကျ၍ ဆရာဝန်ပြရသည်။

စောနောင် ဖုန်းဆက်သည့်အခါ ဆန်ဆန် ဖျားနေသည့် အကြောင်းကို ပြောပြသည်။

"သားက တော်တော်အဖျားကြီးလား မွန်သီ"

"တစ်ရာလေးအထိတောင် တက်သွားတယ်၊ ခုတော့ ဆရာဝန်က ဆေးထိုးပေးလို့ သက်သာနေပါပြီ"

"ဒါဆို မနက်ဖြန် ကိုယ်ထွက်လာခဲ့မယ်"

စောနောင်က နံနက်စောစော ကုမ္ပဏီသို့သွားရန် ပြင်ဆင်နေစဉ် တယ်လီဖုန်းလာသည်။

"ဟဲလို"





"ဟော့ကောင်၊ ငါပြန်ရောက်ပြီ"

"ဟာ...မြဖူး၊ မင်း ဘယ်တုန်းက ပြန်ရောက်တာလဲ"

"ခုနကပဲ ရောက်ရောက်ချင်း မိန်းမက မင်းရဲ့မင်္ဂလာသတင်း ပြောလို့ အရမ်းပျော်တယ်၊ ဝင်းမွန်သီက မင်းသားအတွက် အသင့်တော်ဆုံး အမေပဲ"

"ဟုတ်တယ် သူငယ်ချင်း၊ ငါတို့သားအဖအတွက်များ သူလူဖြစ်လာသလားပဲ"

"ဟော့ကောင်၊ မွန်းမနေနဲ့ ငါကိုကျွေးဦးလေ"

"ကျွေးမယ်"

"ဘယ်တော့လဲ၊ မနက်ဖြန်လား"

"မနက်ဖြန် ပုသိမ်လိုက်သွားရမယ်၊ သား ဟိုမှာ ဖျားနေတယ်"

"ကျန်းမာရေးမကောင်းတဲ့ ကလေးကို ဘာလို့ အဝေးကြီးပို့ထားရလဲကွာ"

"သူတို့နှစ်ယောက်စလုံး ဟိုမှာပျော်ကြတယ်"

"ဒီကို ပြန်လာခိုင်းပါကွာ၊ ဆန်ဆန်လေးကို ငါ မျက်ခြည်ပြတ်လို့ မဖြစ်ဘူး"

"ကောင်းပါကွာ၊ ခေါ်ခဲ့မယ်၊ ခက်တာက ဝင်းမွန်သီက ရန်ကုန်ပြန်ရမှာ ကြောက်နေတယ်"

"ဘာပြုလို့လဲ"

"ငါတို့ မေမျိုးတို့ အသိုင်းအဝိုင်းထဲ မဝင်ရဲရှာဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လဲကွာ၊ မေမျိုးသေပြီးမှ မင်းတို့ တိတိလင်းလင်း ယူကြတာပဲ"

"ဟုတ်ပါတယ် သူငယ်ချင်း၊ ပတ်ဝန်းကျင်ကို ရဲရဲရင်ဆိုင်ပါလို့ သူ့ကို အားပေးနေရတယ်"

"မေမျိုးတို့နဲ့ ဘာမှမဆိုင်ဘူး၊ ဝင်းမွန်သီဟာ တကယ့်အိမ်ရှင်မကောင်း တစ်ယောက်ဖြစ်တယ်ဆိုတာကို ငါယုံတယ်"

"ဟုတ်ပါတယ်၊ ဒါကြောင့်လဲ သားကို စိတ်ချလက်ချနဲ့ ထားခဲ့တာပေါ့၊ ဝင်းမွန်သီက အတော်ပြည့်ဝတဲ့ မိန်းကလေးပါ၊ ဆင်းရဲပေမယ့် ခေတ်ပညာလဲ တတ်ပါတယ်"

"ဟိတ်ကောင်၊ ကိုယ့်ငါးချဉ်ကိုယ် ချဉ်လှချည်လားကွ"

"ချစ်တော့လဲ မွှန်းမိတာပေါ့ကွာ"

သူငယ်ချင်းနှစ်ယောက် သဘောကျစွာ ရယ်လိုက်ကြသည်။

"ဆန်ဆန်ကို ရန်ကုန် ပြန်ခေါ်ခဲ့ပါ၊ သူ့ကို ချက်အပ်ပ်လုပ်ရဦးမယ်"

"ကောင်းပါပြီ"

"ကဲ ... ဒါဆို နောက်မှတွေ့မယ်"

"ဟုတ်ပြီ၊ သူငယ်ချင်း"

ဒေါက်တာမြဖူးက တယ်လီဖုန်းကို ချသွားသည်။ စောနောင်က ခရီးသွားဖို့ ပြင်ဆင်ပြီး စောစောပင် အိပ်ရာဝင်သည်။

* * *





နောက်တစ်နေ့နံနက် ခရီးမသွားမီ စောနောင်ကို နံနက်စောစောကို ကျင်ကျင်က ပြင်ဆင်ကျွေးသည်။

"ကျင်ကျင်ရေ၊ ငါမရှိတုန်း အိမ်ကို ကောင်းကောင်းကြည့်နော်"

"ဟုတ်ကဲ့ ဆရာ၊ မမတို့က ဘယ်တော့ ပြန်လာမှာလဲ"

"သားလေး ကျန်းမာရေးကြောင့် ဒီကို မြန်မြန်ပြန်ခေါ်ရမှာပဲ"

"မြန်မြန်ပြန်ခဲ့ပါလို့ မမကို ပြောပေးပါနော်၊ ကျင်ကျင်တစ်ယောက်တည်းနေရတာ လွမ်းလှပြီ"

"ငါလဲ သူ့ကို လွမ်းတာပဲ"

"လွမ်းရင် ခေါ်လိုက်ပေါ့ ဆရာရယ်"

ဝင်းမွန်သီနှင့် အိမ်ထောင်ကျပြီးမှ ပျော်တတ်၊ ရွှင်တတ်လာသော စောနောင်ကိုကြည့်ပြီး ကျင်ကျင်က ရယ်သည်။

"မရယ်နဲ့၊ လွမ်းတယ်ဆိုတဲ့ အဓိပ္ပာယ်ကို ငါလဲ အခုမှ သိတာ"

"ဆရာပျော်နေတာမြင်တော့ ကျင်ကျင် ဝမ်းသာလိုက်တာ"

ကျင်ကျင်က ပွင့်လင်းစွာ ထိုသို့ပြောလိုက်သည်။

ဇလပ်မြိုင်မှာ မတွေ့ဖူးခဲ့သော စိုပြည်သာယာမှုကို ကျင်ကျင် စတင်တွေ့ရှိနေပါသည်။

"ကဲ ...ကျင်ကျင်၊ ငါသွားမယ်"

"ဟုတ်ကဲ့ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



စောနောင်က နံနက်စောစော ကားရှင်းသည်မို့ သွက်သွက် မောင်းသည်။

* * *

တစ်လမ်းလုံး မနားဘဲမောင်းခဲ့ရာ ပုသိမ်သို့ နံနက်ကိုးနာရီ မထိုးမီ ရောက်လာသည်။ ကားသံကြား၍ ဝင်းမွန်သီက ထွက်ကြို သည်။

"မွန်သီ၊ သားလေး ဘယ်လိုနေလဲ"

"အဖျားတော့ ကျသွားပြီ၊ ဒါပေမယ့် သိပ်အားနည်းနေတယ်"

ဝင်းမွန်သီက စောနောင်ရဲ့လက်ထဲက ခရီးဆောင်အိတ်ကို လှမ်းယူသည်။ စောနောင်က မပေးဘဲ လစ်လပ်နေသော လက်တစ်ဖက် ဖြင့် ဝင်းမွန်သီရဲ့ပခုံကို ဖက်လိုက်သည်။

"သား၊ အခု ဘယ်မှာလဲ"

"အခန်းထဲမှာ အိပ်နေတုန်းပဲ"

"မွန်သီ၊ သားအတွက် ပင်ပန်းနေပြီထင်တယ်၊ မျက်နှာလေး ချောင်ကျသွားတယ်"

"ဟိုနှစ်ရက် အဖျားသိပ်ကြီးတော့ သားအတွက် အရမ်းစိုးရိမ် သွားတယ်"

"ကိုယ်လာပြီပဲ၊ မွန်သီ နားလို့ရပါပြီ"





"သားအတွက် စိတ်မချလို့ မနားနိုင်သေးပါဘူး ကိုနောင်ရယ်"

ဆန်ဆန်အိပ်နေသောအခန်းထဲသို့ ဝင်းမွန်သီနှင့်အတူ ဝင်ခဲ့ သည်။ ခုတင်ပေါ်တွင်အိပ်နေသော ဆန်ဆန်ရဲ့အနားသို့ စောနောင် က ကပ်သွားသည်။ သားရဲ့မျက်နှာကို ငုံ့ကြည့်သည်။

နိုးသွားမည်ကို စိုးရိမ်၍ ဆန်ဆန်ကို မထိမတို့ပါ။ ခုတင်အနား ကနေခွာပြီး ဝင်းမွန်သီကိုခေါ်ကာ ခုတင်ပေါ်တွင် ထိုင်လိုက်သည်။

"ကိုနောင် သိပ်ပြီးပင်ပန်းနေပြီနော်၊ ပုသိမ်နဲ့ ရန်ကုန်ကို ကူးချည်သန်းချည်လုပ်နေရတယ်"

"အဲဒီအကြောင်းတွေ မွန်သီနဲ့ တိုင်ပင်ချင်လို့"

"ဘာများလဲ ကိုနောင်"

"ဒေါက်တာမြဖူး မနေ့ညက နိုင်ငံခြားက ပြန်ရောက်လာ တယ်၊ သား နေမကောင်းတဲ့အကြောင်း ပြောပြတယ်၊ သူက ရန်ကုန်မှာ သားကို သူနဲ့နီးနီးကပ်ကပ် နေစေချင်တယ်၊ ဒါမှ အနီး ကပ်ကုသမှုကို လုပ်ပေးနိုင်မှာတဲ့"

"ဟုတ်တယ်နော်၊ သားလေး ကျန်းမာရေးက အရေးကြီးတယ် ဆိုတာ မွန်သီ သိပါတယ်"

"မွန်သီ ဇလပ်မြိုင်ကို မပြန်ချင်ဘူးဆိုတာ သိလို့ ခေါ်ရမှာ ခက်နေတယ်၊ ကိုယ်ဘယ်လိုဆုံးဖြတ်ရမှန်း မသိဘူး၊ ပြီးတော့ ဆွေမျိုးနဲ့ ဆွေကျင့်ကလဲ မွန်သီကိုလွမ်းလို့ ပြန်လာပါတဲ့"

စောနောင်ရဲ့မျက်နှာကို စေ့စေ့ကြည့်ပြီး ဝင်းမွန်သီက မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနောင်က မွန်သီတို့ကို ရန်ကုန်ကို ပြန်စေချင်တယ် မဟုတ်လား"

"မွန်သီ ဆန္ဒမရှိတာကို မတိုက်တွန်းချင်ဘူးကွာ"

"ဆန္ဒထက် ဖြစ်သင့်ဖြစ်ထိုက်တာက ပိုအရေးကြီးပါတယ် ကိုနောင်ရယ်၊ သားလေးက ဒေါက်တာမြဖူးနဲ့ နီးနီးနေမှ ဖြစ်မှာကို မွန်သီ သိတယ်၊ သားလေးကို မွန်သီ ဦးစားပေးရမှာပေါ့"

"ဒါဆို ရန်ကုန် ပြန်လိုက်မှာလား"

"ဟုတ်ကဲ့၊ သားလေးအားရှိအောင် တစ်ရက်နှစ်ရက်နေပြီး ရန်ကုန်ကို အပြီးပြန်လိုက်ခဲ့ပါမယ်"

"တကယ်လား မွန်သီရယ်"

"တကယ်ပေါ့ ကိုနောင်"

"သိပ်ကိုသိတတ်နားလည်လွန်းတဲ့ မိန်းမအလိမ္မာလေးရတာ ကိုယ် သိပ်ကံကောင်းတယ်"

"သိပ်ကိုကြည်နူးယုယတဲ့ ယောက်ျားကိုရတာ မွန်သီ ကံကောင်းပါတယ်"

"ဟုတ်ပြီ၊ ကံကောင်းတဲ့ ကိုယ်တို့လင်မယား သန်ဘက်ခါ ရန်ကုန် ပြန်မယ်နော်"

"ဟုတ်ကဲ့ပါ ကိုနောင်ရယ်"

ဆန်ဆန်က အိပ်ရာနိုးပြီး အသံလာရာသို့ လှမ်းအကြည့် ဖခင်ကိုတွေ့၍ ဝမ်းသာသွားသည်။





"ဖေဖေ"

"ဟာ . . . သားလေးနိုးပြီကိုး"

စောနောင်တို့နှစ်ယောက် ဆန်ဆန်အနားသို့ ရောက်သွားသည်။ စောနောင်က ခုတင်ပေါ်မှာ တင်ပါးလွှဲထိုင်ပြီး သားကို ပွေ့လိုက်သည်။

"သား ကိုယ်မပူတော့ဘူးနော်"

"သား နေကောင်းပါပြီ ဖေဖေ"

"တော်ပါသေးရဲ့ကွာ၊ သားလေး အရမ်းဖျားနေပြီလားလို့ ဖေဖေ စိတ်ပူနေတာ"

အလွမ်းသယ်နေသော သားအဖနှစ်ယောက်ကို ကြည်နူးပြုံးတွေနှင့် ဝင်းမွန်သီက ကြည့်နေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

"မွန်သီအတွက် ကိုနောင် ကားတစ်စီး ဝယ်ထားတယ်၊ ကားမောင်းသင်ပေးမယ်၊ အမောင်းသင် လိုင်စင်တောင် ကိုယ်လုပ်ပေးထားတယ်၊ ခြောက်လပြည့်သွားပြီ"

"ဟင် ...ကိုနောင်က ဘယ်တုန်းက လုပ်ထားတာလဲ၊ မွန်သီလဲ မသိလိုက်ပါလား"

"ဒီလိုပဲ ကြိုတင်ပြင်ဆင်ထားလိုက်တာပါ"

"ကြည့်စမ်း၊ ကိုနောင်က မွန်သီကို လက်ထပ်ခွင့်မတောင်းခင်ကတည်းက စီမံကိန်းချထားတယ်ပေါ့"

"အဲဒီလို မဟုတ်ပါဘူးကွာ၊ အဲဒီအချိန်တုန်းကသာ သွားချင်တဲ့နေရာ သွားနိုင်အောင် မွန်သီကို ကားမောင်းသင်ပေးထားရင် ကောင်းမယ်ဆိုတဲ့ စိတ်ကူးနဲ့ပါ"

"ဪ ဒီလိုလား"





"ဒီလိုဟာတွေ ဟိုလိုဟာတွေ လုပ်မနေနဲ့၊ ညနေ ကားမောင်းသင်ရမယ်"

ဝင်းမွန်သီအား ကားမောင်းသင်ပေးပြီး ယာဉ်မောင်းလိုင်စင်ကိုပါ စောနောင်က လုပ်ပေးထားသည်။ စောနောင် မအားသည့်အခါတွေမှာ ဝင်းမွန်သီက သူ့ကားလေးကို ကိုယ်တိုင်မောင်းပြီး ဆန်ဆန်ကို ကစားကွင်းတွေဆီသို့ လိုက်ပို့သည်။

စောနောင်နှင့် မေမျိုးတို့ရဲ့ အပေါင်းအသင်းတွေနှင့် မဆုံဖြစ်အောင် ခပ်ခွာခွာနေခဲ့သော်လည်း တစ်နေ့မှာ ဒေါ်မေရီ ဖိတ်သည့်ပွဲသို့ မလွှဲမရှောင်သာ သွားခဲ့ရပြီ။ ပြန်လာပြီး ဝင်းမွန်သီက တစ်ယောက်တည်း အတွေးတွေနှင့် အတိတ်ဆီ ရောက်သွားပြီး အတိတ်ကနေ ပစ္စုပ္ပန်ကို ပြန်ရောက်လာသည်။

ညဉ့်နက်သည်အထိ အိပ်မပျော်သေးပါ။ အိမ်ရှေ့မှာ ကားရပ်သံကြားရသည်။ စောနောင် ပြန်ရောက်ပြီဆိုသည်ကို သိလိုက်သည်။ ခဏအကြာမှာ စောနောင်က အခန်းထဲသို့ ရောက်လာသည်။

"ဟင် ...မွန်သီ မအိပ်သေးဘူးလား"

"ဟုတ်တယ်၊ မျက်စိကြောင်နေတယ်"

"စောစောပြန်မလို့ဘဲ၊ ဒေါ်မေရီက အတင်းဆွဲထားတာနဲ့ အားနာပြီး နေလိုက်ရတယ်၊ မွန်သီက ကိုယ်နဲ့အတူ ပြန်သင့်တာကို စောင့်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအသိုင်းအဝန်းမှာ မွန်သီ ကြာကြာမနေချင်ဘူး၊ နေရတာ သိပ်မွန်းကျပ်တာပဲဟာ"

"ဒါပေမယ့် သူတို့နဲ့မတွေ့ချင်ဘူး၊ မွန်သီ စိတ်ကျဉ်းကျပ်လွန်းလို့ပါ"

"ဖိတ်ထားတာ မသွားတော့လဲ ဘယ်ကောင်းမလဲ မွန်သီရယ်"

"နောက်ဆို ကိုနောင်ပဲသွားပါ၊ မွန်သီ မလိုက်ချင်ဘူး"

မောင်မောင်တင့် ကြားထဲက ကတုံးကတိုက်လုပ်သည့် စကားတွေက ဝင်းမွန်သီရဲ့ရင်ထဲကို သံသယတွေ နည်းနည်းထည့်လိုက်နိုင်ပါသည်။

ဧလပ်မြိုင်ကို ပြန်ရောက်လာကတည်းက ပုသိမ်မှာလောက် မပျော်ဘဲ ပျော်ရွှင်မှုတွေ လျော့ပါးသွားသည်ကို ဝင်းမွန်သီက ခံစားနေပါသည်။

"ကဲပါ မွန်သီရယ်၊ ငြင်းခုန်မနေပါနဲ့တော့၊ မိုးချုပ်ပြီ အိပ်ကြရအောင်"

သင်းသင်းကြူနှင့်ပတ်သက်ပြီး ဝင်းမွန်သီရဲ့ရင်ထဲမှာ ရှင်းလင်းခြင်းမရှိသည်က အမှန်ပါ။ စောနောင်ကို ဖွင့်မေးရန် စောလွန်းသေးသည်လို့ယူဆပြီး ရေငုံနှုတ်ပိတ် နေလိုက်သည်။

စောနောင်က အိပ်ပျော်သွားသော်လည်း ဝင်းမွန်သီက တွေးရင်း အိပ်မပျော်သေးပါ။

* * *





နောက်တစ်နေ့နံနက် ခေါင်းကြည်လင်ခြင်းမရှိဘဲ အိပ်ရာကနေ ဝင်းမွန်သီက နိုးသည်။ ဝတ္တရားမပျက် စောနောင်နှင့် ဆန်ဆန်ကို ပြုစုပေးသည်။

နံနက်စာ အတူတကွ စားနေစဉ်မှာ စောနောင်က ဝင်းမွန်သီကို မေးသည်။

"မွန်သီ ဘာဖြစ်လို့ မျက်နှာညှိုးနေတာလဲ"

"ခေါင်းကိုက်လို့ပါ"

"ခေါင်းကိုက်ရင် ဆေးသောက်ပြီး အိပ်ရာမှာ လှဲနေပါလား"

"ရပါတယ်"

"သားကို ကျင်ကျင်နဲ့ထားလိုက်လေ"

"သိပ်ကိုက်တာ မဟုတ်ပါဘူး၊ ည ဆေးသောက်ထားတယ်၊ ပျောက်သွားမှာပါ"

"ညက စိတ်ညစ်ပြီး ခေါင်းကိုက်သွားတာလား"

"အဲဒီအသိုင်းအဝိုင်းထဲကိုဝင်ရတာ မွန်သီ သိပ်အားငယ်တယ်"

"ဘာပြုလို့လဲ မွန်သီရယ်၊ အားလုံးက ပျူပျူငှာငှာနဲ့ မွန်သီကို ကြိုဆိုကြသားပဲ"

"ဒါပေမယ့် သူတို့တွေနဲ့ ရင်ဆိုင်ရတိုင်း စိတ်ထဲမှာ အသိကအောက် ဖြစ်လို့ပါ"

"ဒါဆို မလွှဲသာမှပဲ နောက်ဆို သွားမယ်လေ"

www.burmeseclassic.com



"ကိုနောင်သွားပါ၊ မွန်သီမပါလဲ ဖြစ်တာပဲဟာ"

"မွန်သီမပါဘဲ ကိုယ် ဘယ်ကိုမှ မသွားချင်ဘူးဆိုတာ သိရက်သားနဲ့ကွာ"

ဝင်းမွန်သီက ရင်ထဲမှာရှိသော စကားတွေကို ရင်ထဲမှာပဲ ပြောလိုက်သည်။

"ကိုနောင်ရယ်၊ မွန်သီထက် ပွဲတိုးတဲ့ သင်းသင်းကြူ ကိုနောင့် အနားမှာ ရှိနေပြီပဲ၊ မွန်သီပါစရာ မလိုပါဘူး"

ဝန်တိုမိသောစိတ်ကို ဝင်းမွန်သီက မနည်းကြီးကို ချိုးနှိမ်လိုက်သည်။

"ကဲ ... ကိုယ် အလုပ်သွားတော့မယ်၊ လိုက်မပို့နဲ့တော့နော်"

နေ့တိုင်း ကားအနားထိ လိုက်ပို့တတ်သော ဝင်းမွန်သီကို ခေါင်းကိုက်နေသည်ဆို၍ စောနောင်က လိုက်မပို့ခိုင်းတော့ပါ။

"ဖေဖေသွားမယ်"

ဆန်ဆန်ရဲ့ပါးကိုနမ်းပြီး ဝင်းမွန်သီရဲ့နဖူးကို နမ်းသည်။ သူတို့နှစ်ယောက်ကို နှုတ်ဆက်ပြီး ထွက်သွားသည်။ ဝင်းမွန်သီရဲ့ စိတ်ထဲမှာ ဇလပ်မြိုင်သို့ ပြန်ရောက်ပြီးမှ စောနောင်ရဲ့အချစ်တွေ သူ့အပေါ် လျော့ပါးသွားသည်လို့ ခံစားမိသည်။

ဆန်ဆန်ကို စာသင်ပေးနေစဉ် အခန်းထဲသို့ မထင်မှတ် မမျှော်လင့်ထားသောသူတစ်ယောက် ရောက်လာသည်။

"ဟင် ... မျိုးမျိုး၊ ဘယ်တုန်းက ရောက်တာလဲ"





"အခုပဲ"

မျိုးမျိုးမြတ်က ဝင်းမွန်သီကို မလိုမုန်းထားသော အကြည့် တွေနှင့် ကြည့်သည်။

"မမမျိုးရဲ့အလောင်း မြေကျတာမှ မကြာသေးဘူး၊ မမမျိုးရဲ့ နေရာကို ချက်ချင်း ဝင်လုလိုက်တယ်နော်၊ ဘယ်တုန်းကတည်းက ကြံထားတာလဲ ဝင်းမွန်သီ"

မျိုးမျိုးမြတ်က ဝင်းမွန်သီကို နင့်နင့်သီးသီး ပြောသည်။ ယဉ်ကျေးမှုအရ ဝင်းမွန်သီရဲ့ အမည်ရှေ့မှာ မမလို့ ထည့်၍ပင် မခေါ်ပါ။

"အကြံအစည်က ကြီးပါပေ့၊ ပွဲလန့်တုန်း ဖျာခင်းတဲ့နေရာမှာ စပါယ်ရှယ်ပဲ"

"ကိုနောင်နဲ့ ဝင်းမွန်သီက ဘယ်တုန်းကတည်းက တိတ်တိတ် ခိုးစားနေကြတာလဲ"

ဝင်းမွန်သီ သည်းခံနိုင်သော အတိုင်းအတာကို လွန်လာပြီမို့ မျိုးမျိုးမြတ်ကို ရင်ဆိုင်လိုက်သည်။

"စကားပြော မိုက်ရိုင်းလှချည်လား မျိုးမျိုး၊ မင်းထက် ကို့ အသက်ကြီးတယ်၊ မမိုက်ရိုင်းနဲ့"

"မတန်မရာ ငါ့အစ်မနေရာမှ မြိန်မြိန်ကြီး ခံစားနေရသော ငါလုံးဝ မကြည်ဖြူနိုင်ဘူး"

"မကြည်ဖြူနိုင်ရင် ကိုနောင်နဲ့ ရှင်းလေ၊ တို့ကိုလာပြောမနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ပြောရမှာပဲ၊ နင့်ကိုလဲပြောမယ်၊ ကိုနောင့်ကိုလဲ ပြောမယ်"

"အန်တီမျိုး မေမေ့ကို စိတ်မဆိုးပါနဲ့"

ဆန်ဆန်က မျိုးမျိုးမြတ်အနားသို့သွားပြီး မျက်နှာကို မော့ကြည့်ပြီးပြောသည်။

"အောင်မယ်၊ မေမေတွေ ဘာတွေခေါ်လို့၊ နင်ကပါ နင့်ကို

၄ မွေးထုတ်တဲ့အမေကို မေ့သွားပြီလား"

"သားရဲ့ ဟိုမေမေကို မမေ့ပါဘူး၊ ဒီမေမေကိုလဲ သားချစ်တယ်"

"အေး ချစ်ကြ ...ချစ်ကြ၊ သားအဖနှစ်ယောက်လုံးကို စည်းရုံးနိုင်တာ နင်သိပ်တော်တယ်"

"မျိုးမျိုး၊ မင်တို့စိတ်နဲ့ နှိုင်းယှဉ်ပြီး ပြောမနေနဲ့၊ တို့က မေတ္တာသန့်သန့်နဲ့ သူတို့သားအဖကို ချစ်တာ၊ ဘာကိုမှ မမျှော်ကိုးဘူး၊ မင်း ဘယ်လိုပြောပြော တို့ လိပ်ပြာသန့်တယ်"

"အေးလေ၊ ကိုယ့်ကိုကို ဒီလိုပဲကာကွယ်မှာပေါ့"

"မျိုးမျိုး၊ မင်း ဒီလိုပဲ ဆော်ကားတဲ့စကားတွေ ပြောနေမယ်ဆိုရင် တို့အနားက ထွက်သွားပါ"

"ဩော် ဇလပ်မြိုင်ရဲ့ အသစ်စက်စက် အရှင်သခင်မက ငါ့ကို နှင်တယ်ပေါ့"

"စကားကို မင်းလိုရာ ဆွဲမတွေးနဲ့၊ တို့က တို့အနားက ထွက်သွားခိုင်းတာ၊ ဇလပ်မြိုင်က ထွက်သွားခိုင်းတာ မဟုတ်ဘူး"





"ဇလပ်မြိုင်က ငါ့ကို နှင် မောင်ထုတ်လို့ ရမယ်များထင်သလား၊ ငါက နေပိုင်ခွင့်ရှိလို့ကို နေနေတာ၊ ဇလပ်မြိုင်ကို အပိုင်စီးဖို့ ခန္ဓာကိုယ်နဲ့ရင်းတဲ့လူ မဟုတ်ဘူး"

မျိုးမျိုးမြတ်ပြောပြီး အနိုင်နှင့်ပိုင်းကာ ထွက်သွားသည်။ င်းမွန်သီရဲ့ရင်ထဲမှာ နင့်သီးရက်စက်စွာ အပြောခံလိုက်ရသည့်အတွက် လွန် ဝမ်းနည်းသွားသည်။ စိတ်ထိခိုက်စွာ ဆန်ဆန်ရဲ့ရှေ့မှာပဲ တ်မထိန်းနိုင်ဘဲ ငိုမိသည်။

"မေမေ မငိုပါနဲ့၊ မေမေငိုရင် သားလဲ ငိုချင်တယ်"

ဆန်ဆန် ဝင်းမွန်သီကို ငိုမဲ့မဲ့နှင့် လာဖက်သည်။

ဇလပ်မြိုင်ကို ပြန်ရောက်ပြီးမှ စိတ်ရှုပ်စရာတွေနှင့်ပင် င်းမွန်သီက ရင်ဆိုင်နေရသည်။ ဆင်းရဲသဖြင့် အားငယ်နေရသော င်းမွန်သီအပေါ် သူတို့က ဖိအားတွေ အမျိုးမျိုးပေးနေကြပြီ။

"ကိုနောင့်ကို လက်ထပ်မိတာ ငါ မှားပြီလား၊ သူ့တစ်မျက်နှာခဲကြည့်ပြီး သူ့ကိုချစ်တဲ့စိတ်နဲ့ သူတို့အသိုင်းအဝန်းထဲကို ိုက်မိတယ်"

"သင်းသင်းကြူနဲ့ သူက ဘာတွေလဲ၊ ဘယ်လိုပတ်သက်နေလဲ၊ ကိုနောင်သာ ငါ့ကို တကယ်မချစ်ဘဲ ငါ့ကွယ်ရာမှာ တိုင်ကြနေရင် သူကိုလက်ထပ်လိုက်တာ ငါ အမှားကြီးမှားပြီပေါ့"

"မေမေ စိတ်ညစ်နေလားဟင်"

"မညစ်ပါဘူး သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ညစ်ရင် အန်တီမျိုးကို အိမ်မှာမထားနဲ့လေ၊ မောင်းထုတ်လိုက်ပေါ့"

"အို ...သားရယ်၊ အဲဒီလို မပြောနဲ့၊ အန်တီမျိုးကြားပြီး သားကို ရိုက်လိမ့်မယ်"

"အန်တီမျိုးကို သားမချစ်ဘူး"

တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုသောစကားသည် လွန်စွာမှန်သည်။ မျိုးမျိုးမြတ်က ဆန်ဆန်ကို မချစ်သလို ဆန်ဆန်ကလည်း သူ့ကို မချစ်ပါ။

မေမျိုးနှင့် မျိုးမျိုးမြတ်တို့ နှစ်ယောက်စလုံးသည် သိပ်ပြီး တစ်ကိုယ်ကောင်းဆန်သည့် မိန်းမတွေ ဖြစ်ကြသည်။ သူတို့ ပျော်ပါး သုံးဖြုန်းဖို့လောက်သာ စိတ်သန်ကြသည်။ သနားစရာကောင်းသော ဆန်ဆန်လေးကို မေတ္တာမပေးနိုင်ကြပါလား။

ဆန်ဆန်က ဝင်းမွန်သိရဲ့မျက်နှာကို အရိပ်တကြည့်ကြည့် ကြည့်နေသည်ကို ကလေးစိတ်မကောင်းမှာစိုးပြီး ဝင်းမွန်သိက မျက်နှာကို ရွှင်ပျအောင် ပြင်လိုက်သည်။

"ကဲပါသားရယ်၊ ထမင်းသွားစားကြမယ်"

"မေမေရော စားမှာလား"

"သားနဲ့အတူ စားမှာပေါ့"

ဆန်ဆန်နှင့်အတူ ထမင်းစားလိုက်သည်။ စောနောင် ထိုနေ့ နံနက်စာ ထမင်းစားမပြန်ပါ။





ထမင်းစားသောက်ပြီး ဆန်ဆန် ကစားသည်။ ဝင်းမွန်သိက ကျောင်ကျောင်နှင့် အလုပ်ကူလုပ်ပေးလိုက်သည်။ နေ့လယ်တွင် ဆန်ဆန် အိပ်နေသည့်အချိန်မှာ တယ်လီဖုန်းလာသည်။

"ဟဲ့လို"

"ဝင်းမွန်သိလား"

"ဟုတ်ပါတယ်ရှင်"

"ကိုမောင်မောင်တင့်ပါ"

"ဟုတ်ကဲ့ ပြောပါ"

"ဝင်းမွန်သိ၊ မင်းကို သတင်းတစ်ခု ပြောမလို့"

"ဘာများလဲရှင်"

"ကိုစောနောင်နဲ့ သင်းသင်းကြူတို့ သိပ်ပြီး တွဲနေကြတယ်၊ ဒီနေ့ မနက်စာကို သူတို့ ရွှေရှမ်းကန်မှာ စားနေကြတယ်၊ ဝင်းမွန်သိ မယုံရင် သွားကြည့်ပါလား"

"မနက်စာ သွားစားတာပဲရှင်၊ ချိန်းတွေ့တာမှ မဟုတ်ဘဲ၊ သွားစားပါစေ"

"သိပ်ပြီး သဘောထားကြီးမနေနဲ့ ဝင်းမွန်သိ၊ တော်တော်ကြာ သင်းသင်းကြူနောက်ကို ပါသွားဦးမယ်"

"အစကတည်းက ကိုနောင်က သင်းသင်းကြူကို သိကျွမ်းခဲ့တာပဲ၊ သူ့ကို စိတ်ဝင်စားရင် ကျွန်မကို ဘယ်လက်ထပ်မလဲ၊ သင်းသင်းကြူကို လက်ထပ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို စေတနာနဲ့ပြောတာပါ၊ ဝင်းမွန်သီ မင်းအတွက် မိတ်ဆွေကောင်းလိုရင် ကိုယ့်ကို မမေ့နဲ့၊ မင်းကို ကိုယ်ကူညီမယ်"

"ကျွန်မက ဘယ်သူ့အကူအညီကိုမှ မလိုချင်ပါဘူး၊ ကျွန်မ အတွက် မိတ်ဆွေဆိုတာလဲ မလိုပါဘူး"

မောင်မောင်တင့်ကို စိတ်ထဲမှာ မတွေ့လှသဖြင့် စကားကို ဂျစ်ကန်ကန် မာဆတ်ဆတ်လေး ပြောပစ်လိုက်သည်။

"အဲဒီလို ငြင်းပယ်ဖို့ သိပ်စောသေးပါတယ် ဝင်းမွန်သီရယ်"

"ရပါတယ်၊ ကျွန်မယောက်ျားကို ကျွန်မ ပြည့်ပြည့်ဝဝ ယုံကြည်တယ်"

"အေးလေ၊ တစ်နေ့ မင်း ကိုယ့်အကူအညီကို လိုမှာပါ၊ အဲ့ဒီ ကျရင် ကိုယ့်ဘက်က ကူညီဖို့အသင့်ပါ"

မောင်မောင်တင့်က နှုတ်ဆက်ပြီး တယ်လီဖုန်းကို ချသွားသည်။ ဝင်းမွန်သီရဲ့ ရင်ထဲမှာ သံသယမီးတွေ ပိုပြီး တောက်လောင် အောင် မောင်မောင်တင့်က မီးမွှတ်လိုက်ပြီ။

"တွေးနေကြာတယ်၊ ဟုတ်မဟုတ် ရွှေရှမ်းကန်ကို သွားကြည့် မယ်"

ဝင်းမွန်သီကကားနှင့် အင်းယားလမ်းရှိ ရွှေရှမ်းကန်သို့ ထွက်ခဲ့သည်။ လမ်းမပေါ်ကနေ ကန်ဘက်သို့ ကားကိုချိုးဝင်လိုက် သည်။ စားသောက်ဆိုင်ရှေ့သို့ ကားကိုမောင်းခဲ့သည်။





စားသောက်ဆိုင်ရှေ့ ကားများရပ်နားနေသည့်နေရာတွင် စောနောင်ရဲ့ကားနှင့် သင်းသင်းကြူတို့ရဲ့ကား နှစ်စီးယှဉ်ရပ်ထားသည် ကို တွေ့ရသည်။

"ကိုမောင်မောင်တင့်ပြောတာ မှန်နေပါလား"

"ကိုနောင် ငါ့ရဲ့ကွယ်ရာမှာ သင်းသင်းကြူနဲ့ ရှုပ်နေကြပြီ လား"

ဝင်းမွန်သီက ကားကိုမောင်းထွက် လှည့်ပြန်လာသည်။ သင်းသင်းကြူနှင့် စောနောင်တို့ နှစ်ယောက်တည်း အတူစားနေသည် လို့ပင် ကောက်ချက်ချလိုက်သည်။

တစ်နေ့လုံး မရွှင်ပျသော နှလုံးသားကို ပိုက်ထွေးပြီး စောနောင် ပြန်အလာကို စောင့်စားနေသည်။ ညနေစောင်းအထိ စောနောင်က အိမ်ပြန်မလာသေးပါ။

စောနောင် ပြန်အလာကို မစောင့်ဘဲ ထမင်းစားထားလိုက် သည်။ ည ရှစ်နာရီထိုးပြီးလောက်မှ စောနောင်က ပြန်လာသည်။ ဝင်းမွန်သီနှင့်ဆုန်ဆန် တီဗွီကြည့်နေသည့်အနားသို့ စောနောင်က ရောက်လာသည်။

"ဖေဖေ ပြန်လာပြီ"

စောနောင်ကိုတွေ့၍ ဆန်ဆန်က ပြေးဖက်သည်။ ဝင်းမွန်သီ ကား ထိုင်နေမြဲထိုင်နေသည်။ ကြိုနေကျ ပြုမူသည့်ဟန် ဝင်းမွန်သီမှာ ရှိမနေပါ။ ဝင်းမွန်သီရဲ့ ထူးခြားပုံကို စောနောင်က ရိပ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မွန်သီ ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား"

"ခေါင်းနည်းနည်းကိုက်လို့ပါ"

"ဆေးမသောက်ဘူးလား"

"သောက်ပြီးပါပြီ၊ မနက်က ကိုနောင် ဘာလို့ ထမင်းစား မပြန်တာလဲဟင်"

"ညည့်သည်တွေနဲ့အတူ ရွှေရှမ်းကန်မှာ ထမင်းစားလိုက်တယ်၊ ဆောရီးပဲ၊ မွန်သီကို ထမင်းမပြန်စားဘူးလို့ ဖုန်းမဆက်မိဘူး"

ဝင်းမွန်ရဲ့ရင်ထဲမှာ ကျင်ခနဲခံစားလိုက်ရသည်။ စောနောင် သူ့ကိုညာလိုက်ပြီဆိုသော အသိနှင့် ရင်ထဲမှာ စူးစူးနစ်နစ်ကြီးကို နာကျင်သွားပါသည်။ ရွှေရှမ်းကန်မှာ သင်းသင်းကြူနှင့်အတူ သွားစား သည်ကို သူ တပ်အပ်မြင်ခဲ့သည်ကို စောနောင်က လိမ်ညာသည်။

ဆန်ဆန်က အဖေကိုကပ်နေပြီး အိပ်ရာဝင်ချိန်မှာ ပုံပြောခိုင်း သည်။ ခေါင်းကိုက်သည်ကို အကြောင်းပြပြီး ဝင်းမွန်သီက အိမ်ရာ ထဲ စောစောဝင်သည်။ အိပ်မပျော်သော်လည်း စောနောင်ဝင်လာသည့် အခါမှာ အိပ်ပျော်ချင်ယောင် ဆောင်နေလိုက်သည်။

* * *





## အခန်း (၁၈)

နောက်တစ်နေ့ နံနက်စောစောမှာပဲ စောနောင်က အလုပ်ထွက် သွားသည်။ ကိုးနာရီကျော်ကျော်လောက်မှာ မျိုးမျိုးမြတ်နှင့်အတူ သူတို့ရဲ့အစ်ကိုကြီး မျိုးမြင့်တို့ ရောက်လာသည်။

"ကိုကြီး ဒီမှာလေ မမမျိုးနေရာကို အမြိန့်သားဝင်ပြီး လက်ဝါးကြီးအုပ်ထားတဲ့ ဝင်းမွန်သီ"

မိုက်ရိုင်းစော်ကားသော မျိုးမျိုးမြတ်ကို မတုံ့ပြန်နိုင်ဘဲ သူ့ကို အလွန်စက်ဆုပ်သောအကြည့်နှင့် ကြည့်နေသော မျိုးမြင့်ကို ပြန်ကြည့် နေမိသည်။

"မင်းက ရုပ်ကလေးပြပြီး ဗိုလ်မြိုင်ကို အပိုင်စီးလိုက်ပြီပေါ့"

"ရှင်တို့ ဘယ်လိုလူတွေလဲ၊ အသားလွတ် ဘာလို့ စော်ကား နေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့လိုလူမျိုးကို ဒါလောက်ပဲပြောတာ ကျေးဇူးတင်ဦး"

"နေစမ်းပါဦး၊ ကျွန်မက ရှင်တို့ထိခိုက်နစ်နာအောင် ဘာများ လုပ်နေလို့လဲ"

"မင်းနဲ့စောနောင်နဲ့ပေါင်းပြီး လူ့လောကထဲက ငါ့ညီမကို မောင်းထုတ်လိုက်ကြတာ မေ့သွားပြီလား"

"အို ... ဘာဆိုလိုတာလဲ၊ သူ့ဘာသာ လေ့ကားကကျပြီး သေသွားတာပဲ"

"လေ့ကားက ရိုးရိုးသားသားကျတာ မဟုတ်ဘူး၊ တစ်ယောက် ယောက်က တွန်းချတာ"

"မျက်မြင်သက်သေဖြစ့်မရှိဘဲ သေချာလုချည်လား"

"မျက်မြင်သက်သေမရှိပေမယ့် အဲဒီအဖြစ်က သိပ်သေချာ တယ်၊ မင်း ဒါမှမဟုတ် စောနောင်က တွန်းချတာ၊ ရဲစခန်းမှာ ငါ တိုင်ချက်ဖွင့်ခဲ့ပြီးပြီ၊ မင်းတို့နှစ်ယောက် ရင်ဆိုင်ဖို့ပြင်ထား၊ အမှန် တရားမပေါ်မချင်း ငါ ကြိုးစားမယ်ဆိုတာ မြဲမြဲမှတ်ထား"

ဝင်းမွန်သီသည် ဘယ်လိုမိန်းမမျိုးလဲဆိုတာ သိချင်၍ မျိုးမြင့် က ကိုယ်တိုင်လာကြည့်ပြီး ကောင်းကောင်းကြီး ကြိမ်းဝါးသွားသည်။

သူတို့ပြန်သွားပြီး ဝင်းမွန်သီက အလွန်စိတ်ညစ်စွာ ကျန်ရစ် ခဲ့သည်။ တစ်ယောက်တည်း ငေးငေးငူငူထိုင်နေစဉ်မှာ တယ်လီဖုန်း လာသည်။

"ဝင်းမွန်သီ စိတ်ညစ်နေပြီလား"





"ဟင် ... ကိုမောင်မောင်တင့်၊ ရှင်ဘာလို့ အဲဒီလို ပြောနိုင် တာလဲ"

သူခံစားနေရသည့် ကိစ္စကို မောင်မောင်တင့်က တိတိကျကျ သိနေသည့်အတွက် ဝင်းမွန်သီက အလွန်အံ့ဩနေသည်။

"မနေ့ညက ကိုမျိုးမြင့်တို့နဲ့ ကိုယ် ဆုံမိတယ်၊ ကိုမျိုးမြင့်က သူ့ခံစားချက်တွေကို ရင်ဖွင့်တယ်၊ မမမျိုးသေဆုံးရတာနဲ့ပတ်သက်ပြီး သူ အတော်ခံပြင်းနေတယ်၊ တစ်စုံတစ်ယောက်က တွန်းချတာလို့ သေချာပေါက်တွက်နေတယ်"

"မဖြစ်နိုင်တာပဲ"

"သေသေချာချာတွေးရင် ကွင်းဆက်တွေက မိတာမို့ သူပြော တာ သိပ်ကိုဖြစ်နိုင်တာပဲ"

"ရှင်းရှင်းပြောစမ်းပါ၊ ဘယ်လို သေသေချာချာတွေးရင်လဲ"

"ရှင်းပါတယ် ဝင်းမွန်သီ၊ စောနောင်က မမမျိုးကို စိတ်ကုန်နေ တဲ့အချိန်မှာ ဝင်းမွန်သီနဲ့ ဆုံတယ်၊ ဝင်းမွန်သီရဲ့ အလှမှာ ယစ်မူးပြီး မမမျိုးကို ပိုစိတ်ကုန်မှာပေါ့"

"ဒါကြောင့် မမမျိုးကို သူ့ရဲ့လမ်းမှာ ခလုတ်ကန်သင်းဖြစ်နေ လို့ မသိမသာ ခိုးကြောင်ခိုးဝှက်နဲ့ ဖယ်ရှားလိုက်တာပေါ့"

"သေသေချာချာတွေးရင် အဖြေပေါ်ပါတယ်၊ မမမျိုးသေပြီး ခြောက်လပဲ ရှိသေးတယ်၊ ဝင်းမွန်သီကို သူ လက်ထပ်ခဲ့တာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပြောတာတွေ ဘာတစ်ခုမှ မဟုတ်ဘူး၊ မမမျိုးဆုံးပြီးမှ သူ ကျွန်မကို မေတ္တာသက်ဝင်ပြီး လက်ထပ်ခွင့်တောင်းတာ"

"မင်း သိပ်ပြီးတော့ ကိုစောနောင်ကို ယုံမနေနဲ့၊ တစ်နေ့နေ့မှာ မင်းကို သူရိုးသွားတဲ့အခါမှာ မမမျိုးရဲ့ လမ်းစဉ်ကို မင်းလိုက်ရမှာ မေ့မနေနဲ့ဦး"

မောင်မောင်တင့်ရဲ့စကားကြောင့် ဝင်းမွန်သီက ကြက်သီးမွေးညင်းတွေထသွားသည်။ ရိုးရိမ်ထိတ်လန့်သည့်အတွေးမှာ သူ့ရင်ထဲသို့ ဝင်လာသည်။

"မင်းကို စေတနာနဲ့ ကိုယ်က အကြံပေးတာနော်၊ ကိုစောနောင်ကို သိပ်ပြီးမယုံနဲ့"

"ရှင်တော်တော် စိတ်ထားယုတ်ညံ့ပါလား၊ ဘာလို့ လင်မယားတွေ မသင့်မြတ်အောင် လုပ်ချင်ရတာလဲ"

"ဘုမသိဘမသိ အအတာတာနဲ့ မင်း ဒုက္ခရောက်မှာကို မကြည့်ရက်လို့ပေါ့"

"ကျွန်မ ရှင့်ကို မယုံဘူး၊ ကိုနောင် ကျွန်မကို ဘယ်လောက်အလေးထားတယ်ဆိုတာ ကျွန်မကိုယ်ကျွန်မ အသိဆုံးပဲ"

"အချစ်စိတ်တွေ မွန်ပြီး ဘာကိုမှ မှန်မှန်ကန်ကန် မမြင်နိုင်တဲ့ မင်းကို သနားလိုက်တာ။ ဒါပေမယ့် ကိုယ်ပြောထားမယ်နော်၊ မင်း အကူအညီလိုရင် ကိုယ့်ဆီက အချိန်မရွေး ရနိုင်တယ်"

"ဘယ်တော့မှ ရှင့်ဆီက အကူအညီကို တောင်းမှာမဟုတ်ဘူး"





ဝင်းမွန်သီက စိတ်ဆိုးဆိုးနှင့် စကားကို ဖြတ်လိုက်ပြီး တယ်လီဖုန်းကို ချလိုက်သည်။ မောင်မောင်တင့်ရဲ့စကားကို မယုံသော်လည်း မောင်မောင်တင့်က သူ့အတွေးထဲသို့ သံသယအစိတ်အပိုင်းများ ထည့်လိုက်ပါပြီ။

"ဖလပ်မြို့ကို ပြန်ရောက်ပြီးမှ ကိုနောင် ငါ့အပေါ် ဆက်ဆံရေးပြောင်းလာတယ်။ အဲဒါဆို မောင်မောင်တင့်ပြောသလိုများ ဖြစ်နေပြီလား"

"ကိုနောင်နဲ့ သင်းသင်းကြူတို့ ငါ့ကွယ်ရာမှာ မရိုးမသားဆက်ဆံနေကြပြီလား"

ထိုအတွေးများကို တွေးမိစဉ်ခိုက်မှာ ဝင်းမွန်သီရဲ့ရင်ထဲတွင် လွန်စွာ ပူလောင်ပြင်းပြခြင်းကို ခံစားလိုက်ရသည်။

"သူနဲ့အဆင့်အတန်းချင်း သိကွာတဲ့ ငါ့အပေါ်မှာ ကိုနောင် စိတ်ကုန်ပြီး အသစ်ရှာနေပြီလား"

"ပြီးတော့ မမမျိုးကို သူ ကွာရှင်းလို့ မရလို့ အပြတ်ရှင်းလိုက်တော့တာလား"

စောနောင်ကို သိပ်ချစ်၍ လက်ထပ်ခဲ့သော်လည်း အကြောင်းတွေဖန်လာ၍ စောနောင်အပေါ်မှာ သံသယတွေ ဝင်စပြုလာသည်။

စောနောင်အား ရဲစခန်းက ခေါ်စစ်ဆေးသည်ကို ဝင်းမွန်သီက မသိနိုင်ပါ။ သူ့ကို သံသယရှိစွာ စစ်ဆေးခံလိုက်ရသည့်အတွက် စောနောင်က လွန်စွာစိတ်ညစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ခေါ်စစ်ဆေးခံရသည်ကို ဝင်းမွန်သီအား လုံးဝ ပြောမပြပါ။ အိမ်ပြန်ရောက်သည့်အခါမှာလည်း စိတ်မကြည်မလင် ဖြစ်နေသည်။

"ဒီအတိုင်း ငါတစ်ယောက်တည်းလိုက်ပြီး ခံစားနေလို့ မရတော့ဘူး တစ်ယောက်ယောက်ကို တိုင်ပင်ချင်တယ်"

"ဟုတ်ပြီ၊ မြဖူးကို ဒီအကြောင်းတွေ ဖွင့်တိုင်ပင်မယ်"

ထိုသို့တွေးပြီး ညနေရုံးကအပြန်မှာ ဒေါက်တာမြဖူးထံသို့ စောနောင်က ရောက်သွားသည်။ စောနောင်ကိုမြင်လိုက်သည်နှင့် ဒေါက်တာမြဖူးက စောနောင် တစ်စုံတစ်ရာအတွက် ရောက်ရောက် နေပြီဆိုတာ သိသည်။

"မင်း ဘာဖြစ်လာလဲ စောနောင်"

"ဖြစ်တာမှ တကယ့်ကို မဟာအမှုထုပ်ကြီးပဲ မြဖူးရာ"

"ဟုတ်လား၊ ဘာတွေလဲ ပြောစမ်းပါဦး"

"မမမျိုး သေတဲ့ကိစ္စ မပြီးသေးဘူး၊ အခု တစ်ပတ်ပြန်ကျော့လာပြန်ပြီ"

"ဟင် ... ဟုတ်လား၊ ပြောစမ်းပါဦး"

မျိုးမြင့်က မသင်္ကာဖြစ်ပြီး ရဲစခန်းမှာ တိုင်ချက်ဖွင့်သည့် အကြောင်းကို ပြောပြသည်။

"ဒါဆို မင်း ပြန်စစ်ဆေးခံရမယ်ပေါ့"

"ဟုတ်တယ်၊ ဒါကြောင့် ငါ စိတ်ညစ်နေတာ"





"မသင်္ကာမှုနဲ့ မင်းကို ဖမ်းမချုပ်တာ တော်သေးတာပေါ့"

"ဒါပေမယ့် ငါ့ကို စောင့်ကြည့်နေကြတယ်၊ ရန်ကုန်ကနေ ဘယ်မှ သွားခွင့်မပေးထားဘူး"

"ဒုက္ခပါပဲကွာ၊ မင်းက မမမျိုးကို ဒီလို သတ်မလားကွာ"

"အေးလေ၊ ဘယ်သူတွေကများ ကိုမျိုးမြင့်ကို ချွန်တွန်း လုပ်လိုက်လဲ မသိပါဘူး"

စောနောင်ကို သိပ်မုန်းနေသော မောင်မောင်တင့်က စောနောင် ဒုက္ခရောက်စေလို၍ မျိုးမြင့်ကို အပင့်အထောင်လုပ်လိုက်သည်ကို ဘယ်သူမှ မသိကြပါ။

"စိတ်မညစ်ပါနဲ့ သူငယ်ချင်းရာ၊ မင်းအတွက် ငါ ကယ်နိုင်တာ အားလုံး ကူညီပေးမယ်"

"ငါ့ကို မသင်္ကာမှုနဲ့ စစ်ဆေးနေတာ မွန်သီကို အသိမပေးဘူး"

သူငယ်ချင်းနှစ်ယောက် အချိန်ကြာမြင့်စွာ စကားပြောပြီးမှ စောနောင်က အိမ်သို့ပြန်သည်။

ယခုတလော စောနောင်က အမြဲလိုလို အိမ်ပြန်နောက်ကျနေသည်။ ထိုအပြစ်က စောနောင်နှင့် သင်းသင်းကြူတို့ကို ဝင်းမွန်သီအတွက် သံသယကို ပိုဖြစ်စေသည်။

စောနောင်၏ အိမ်ပြန်ရောက်သည့်အချိန်မှာ ဆန်ဆန်ကာ အိပ်ပျော်သွားသည်။ ဝင်းမွန်သီက လသာဆောင်မှာထိုင်ပြီး အတွေး နယ်ချဲ့ရင်း စိတ်မချမ်းမသာ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရဲ့ ကွယ်ရာမှာ ကိုနောင်နဲ့သင်းသင်းကြူ ဘယ်တွေသွားပြီး ပျော်ပါးနေကြလဲ မသိဘူး"

ဝင်းမွန်သီရဲ့ရင်ထဲမှာ ချစ်သူကို အလုခံရပြီး အနုကျွဲခတ်တာထက် အဆပေါင်းများစွာ ခံစားနေရသည်။

"ကိုနောင်ရယ်၊ မွန်သီရဲ့ရင်ထဲက ကလီစာတွေ အကုန်ကို ကျွဲခတ်ခံရသလို မွကြေကုန်ပါပြီ"

စိတ်ဆင်းရဲလှစွာနှင့် ရှိသည်။ ကားဝင်းလာသံကြားရပြီး မျက်ရည်စများကို မြန်မြန်သုတ်ပစ်လိုက်သည်။ စောနောင်ကို သွားမကြိုပါ။ လသာဆောင်မှာ ထိုင်မြဲထိုင်နေသည်။

စောနောင်က အိမ်ထဲဝင်လာသည်။ ဇနီးနှင့် သားကိုမတွေ့၍ ကျောင်ကျောင်ကိုမေးသည်။

"ကျောင်ကျောင် နင့်အစ်မရော"

"အပေါ်ထပ်မှာပါ၊ ဆရာ ထမင်းစားမှာလား"

"မစားတော့ဘူး"

စောနောင်က စိတ်အလွန်ညစ်ညူးနေပြီး ထမင်းပင် စားချင်စိတ် မရှိတော့ပါ။

"ကျောင်ကျောင် ငါ့ကို မိုင်လိုတစ်ခွက်ဖျော်ပြီး လာပို့"

"ဟုတ်ကဲ့"

စောနောင်က ဆန်ဆန်ရဲ့ အခန်းသို့ဝင်သည်။ အိပ်ပျော်နေသော ဆန်ဆန်ရဲ့နဖူးကို ငုံ့နမ်းပြီး အခန်းထဲမှ ထွက်လာသည်။ သူ့အခန်း





သို့ ဝင်သည်။ ဝင်းမွန်သီအား အခန်းထဲမှာ မတွေ့၍ လသာဆောင်သို့ ထွက်ကြည့်သည်။

"မွန်သီက ဒီမှာကိုး"

"ဪ ကိုနောင် ပြန်လာပြီလား"

ဝင်းမွန်သီက စောနောင်ပြန်လာသည်ကို မသိဟန်ဆောင်ပြီး မေးသည်။

"ဘာတွေတွေးနေတာလဲ မွန်သီ"

ရွှင်ပျခြင်းမရှိသော ဝင်းမွန်သီရဲ့မျက်နှာကို စူးစမ်းသောအကြည့်နှင့် ကြည့်နေသည်။

"ဘာရယ်မဟုတ်ပါဘူး၊ ဟိုတွေးဒီတွေးပါ"

"နေရောကောင်းရဲ့လား"

"ကောင်းပါတယ် ကိုနောင်၊ မျိုးမျိုးနဲ့ တွေ့သေးလားဟင်"

"ဟင့်အင်း၊ မတွေ့ဘူး"

"ဒီကို မျိုးမျိုးလာသွားတယ်"

"ဘယ်တုန်းကလဲ"

"မနက်ကပါ၊ သူ့အစ်ကိုလဲပါတယ်"

"ဟုတ်လား၊ ဘာတွေပြောသွားလဲ"

"မမမျိုးသေဆုံးရတာနဲ့ပတ်သက်ပြီး မကျေနပ်ကြဘူး၊ သူတို့ရဲကိုတိုင်မယ်လို့ ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမမျိုးသေဆုံးတာနဲ့ပတ်သက်ပြီး ကိုယ်တို့ကို စစ်ဆေးပြီးသားပဲ၊ ဘာလို့ အခုမှ သူက လာပြီး ပြဿနာရှာလာတာလဲ"

"သူက အခုမှ နိုင်ငံခြားက ပြန်လာတာတဲ့၊ မမမျိုးသေဆုံးတာကို သွေးရိုးသားရိုး မဟုတ်ဘူးလို့ သူတို့ ထင်နေကြတယ်"

"စိတ်ရှုပ်လိုက်တာကွာ၊ မမမျိုးက သေသွားတာတောင် နှိပ်စက်နေသေးတယ်"

စောနောင်ကို လေ့လာသုံးသပ်သော အကြည့်များနှင့် ဝင်းမွန်သီက ကြည့်နေသည်။

"ကဲပါကွာ အဲဒါတွေကို မေ့ထားလိုက်၊ ကိုနောင် ရေချိုးလိုက်ဦးမယ်"

ဝင်းမွန်သီရဲ့ခေါင်းလေးကို နှစ်သိမ့်သည့်အနေနှင့် ပွတ်သပ်လိုက်ပြီး လသာဆောင်ကနေ စောနောင်ကအခန်းထဲကို ဝင်သည်။

ရေချိုးပြီး ဝင်းမွန်သီက အနားမှာလာထိုင်ပြီး စကားပြောသည်။ သူတို့နှစ်ယောက်ကြားမှာ ပျော်ရွှင်နွေးထွေးမှုတွေ အလွန်ပင်နည်းသွားပြီဆိုတာ ဝင်းမွန်သီ ခံစားနေမိသည်။

ဝင်းမွန်သီက အနားတွင်ကပ်ထိုင်ပြီး ဝင်းမွန်သီရဲ့ပခုံးကို စောနောင်က ခပ်ဖွဖွပင် ဖက်လိုက်သည်။

"သားကော နေကောင်းရဲ့လား"

"ကောင်းပါတယ်"





"အခုတလော အလုပ်တွေရှုပ်နေတာနဲ့ သားကိုတောင် ဂရုမစိုက်နိုင်ဘူးကွာ"

"ကိုနောင်ရယ်၊ အလုပ်ရှုပ်တာ စီးပွားရေးကိစ္စမှ ဟုတ်ရဲ့လား၊ သင်းသင်းကြူရဲ့ အပေါ်းတော်မြဲလုပ်နေလို့ မအားတာမဟုတ်လား"

ထိုစကားကို ဝင်းမွန်သီက ရင်ထဲက ပြောလိုက်သည်။ စောနောင်က အခြားစကားများကို ပြောသော်လည်း မမမျိုးနှင့်ပတ်သက်ပြီး အစစ်ဆေးခံနေရသည့်ကိစ္စကို ပြောမပြပါ။

"အေးလာပြီ၊ အခန်းထဲ ဝင်ကြရအောင်နော်"

ဝင်းမွန်သီရဲ့လက်ကလေးကိုဆွဲပြီး အခန်းထဲသို့ ခေါ်ခဲ့သည်။ ဝင်းမွန်သီ အိပ်ပျော်သွားသော်လည်း စောနောင်က အိပ်မရသေးပါ။

ပင့်သက်ချပြီး တွေးလိုက်တိုင်း အိပ်ရာပေါ်ကနေပြီး မိုင်ပေါင်းများစွာ ပြေးခဲ့ရသလို စိတ်ရောလူပါ မောနေသည်။

"မမမျိုးရယ်၊ ကျွန်တော့်ကို ဒီလောက်နှိပ်စက်ရရင် တော်လောက်ပါပြီ။ ကျွန်တော့်ဘဝကို အေးအေးချမ်းချမ်း ဆက်ပြီး ရှင်သန်ပါရစေ"

"တစ်စုံတစ်ယောက်ကြောင့် မမမျိုးသေခဲ့တာဆိုရင်လဲ အဲဒီတစ်စုံတစ်ယောက်ကို အမြန်ရှာတွေ့အောင် ကူညီလိုက်ပါတော့"

သေဆုံးသွားပြီဖြစ်သော မမျိုးကို ရင်ထဲကနေ တောင်းဆိုနေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

နောက်တစ်နေ့နံနက်မှာ မောင်မောင်တင့်က ဝင်းမွန်သီထံသို့ ဖုန်းဆက်ပြန်သည်။

"ဝင်းမွန်သီရေ ကိုစောနောင်ကို သိပ်လွှတ်မထားနဲ့၊ သင်းသင်းနဲ့သူက အခုတလော အတွဲများတယ်၊ တွေ့လိုက်တိုင်း နှစ်ယောက်တစ်တွဲတွဲပဲ"

"ကိုမောင်မောင်တင့်ရယ် သူများအကြောင်း ပြောရတာ မမောဘူးလား၊ ကျွန်မက ကျွန်မယောကျ်ားကို ယုံတယ်"

"ယုံရင် ဒုက္ခကောင်းကောင်းကြီး တွေ့မယ်၊ မမမျိုတုန်းကလဲ အဲဒီလိုပဲလေ၊ ကိုစောနောင်က အခြားတစ်ယောက်နဲ့ ဖြစ်နေတာ မယုံဘူးလေ၊ နောက်ဆုံးတော့ သူ သေသွားရတာပဲ မဟုတ်လား"

မောင်မောင်တင့်ရဲ့စကားများကို ကြားရပြီး ဝင်းမွန်သီရဲ့ ရင်ထဲမှာ လွန်စွာ အနှောင့်အယှက် ဖြစ်သွားသည်။





"ဝင်းမွန်သီကို မမမျိုးလို ဖြစ်မှာစိုးလို့ ကိုယ်က စေတနာနဲ့ အသိပေးတာပါ"

"ရှင်ပြောချင်တာ ဒါပဲမဟုတ်လား"

ဝင်းမွန်သီက တယ်လီဖုန်းခွက်ကို ချလိုက်သည်။ မမျိုးသေဆုံးရသည့်မြင်ကွင်းကို ပြန်မြင်ပြီး ကျောရိုးတစ်လျှောက် အလွန်အေးသော ရေခဲရေနှင့် လောင်းချခံရသလို အေးစိမ့်သွားသည်။

ကြက်သီးမွေးညင်းများထအောင် စိတ်ချောက်ချားသွားသည်။ မောင်မောင်တင့်ရဲ့စကားက သူ့ကို အလွန်ပင် ကသိကအောက် ဖြစ်သွားစေပါသည်။

ဝင်းမွန်သီနှင့် ဆန်ဆန် ထမင်းစားနေစဉ်မှာပဲ မျိုးမျိုးမြတ်က ရောက်လာသည်။ ဝင်မွန်သီတို့ ထမင်းစားပွဲအနားသို့ ဟန်ပါပါနှင့် လျှောက်လာပြီး မထီတရီမျက်နှာထားနှင့် ဝင်းမွန်သီကိုမေးသည်။

"ကိုစောနောင်ရော"

"ဒီအချိန် အလုပ်မှာနေမှာပေါ့"

"သူ့ရုံးရောက်ခဲ့တယ်၊ မတွေ့ခဲ့ဘူး"

မျိုးမျိုးမြတ်ရဲ့စကားကြောင့် ဝင်းမွန်သီရဲ့ရင်ထဲမှာ ထစ်ခနဲဖြစ်သွားရပြန်သည်။

"ရုံးမှာမေးကြည့်တော့ မမသင်းနဲ့ထွက်သွားတယ်တဲ့"

ဝင်းမွန်သီက ဟန်မပျက် ထမင်းကို ဆက်စားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ပြန်လာလားလို့ လာကြည့်တာ၊ ခက်တာပဲ ကိုစောနောင်ကို ဘယ်မှာရှာရမှန်း မသိဘူး"

"မျိုးမျိုးက သူနဲ့ သိပ်တွေ့ချင်လို့လား"

"ဟုတ်တယ်၊ အရေးကြီးလို့ တွေ့ချင်တာ"

မျိုးမျိုးမြတ်က အလိုမကျသည့် မျက်နှာရှစ်ခေါက်ချိုးနှင့် ပြောသည်။

"ဒါဆို ညမှပဲ တွေ့လို့ရမှာပဲ"

စိတ်မရှည်သည့်ပုံစံနှင့် မျိုးမျိုးမြတ်ပြောပြီး တစ်ဆက်တည်း ကျင်ကျင်ကို အမိန့်ပေးသည်။

"ကျင်ကျင် ငါ့အခန်းကို ရှင်းထားပေး၊ ဒီမှာ ပြန်လာနေမလို့"

မျိုးမျိုးမြတ်ပုံစံက ခပ်ကြောကြောနှင့်ပါ။ ဖေပေ်မြိုင်ရဲ့ အိမ်ရှင်မ ဝင်းမွန်သီထံတွင် ခွင့်မတောင်းဘဲ သူလုပ်ချင်တာကို လုပ်သည်။

"ငါသွားမယ်၊ အခန်းကို ရှင်းထားနော်"

"ဟုတ်ကဲ့ပါ"

သူ့ထက် အသက်ကြီးသော ကျင်ကျင်ကိုပါ မောက်မာစွာ ဆက်ဆံပြောဆိုပြီး ထွက်သွားသည်။ မျိုးမျိုးထွက်သွားပြီးမှ ကျင်ကျင်က မျက်နှာရှစ်ခေါက်ချိုးနှင့် ပြောသည်။

"မျိုးမျိုးက ဘာလို့ ဒီမှာလာနေမှာလဲ မသိဘူး၊ တကယ်ဆိုရင် ဒီအိမ်က သူနဲ့ ဘာဆိုင်လို့လဲ"





"ကျင်ကျင်ရယ် ကြားသွားလို့ အကောခံရပါဦးမယ်၊ ဒီအိမ်မှာ သူနေပိုင်ခွင့် ရှိပါတယ်"

"သူလာနေရင် ကျင်ကျင် စိတ်ညစ်ရမှာ မမရဲ့၊ ဟိန်းလိုက် ဟောက်လိုက်နဲ့ လူကို ဘယ်တော့မှ ကောင်းကောင်းမဆက်ဆံဘူး"

"သူလာနေရင် မမလဲ စိတ်ညစ်မှာပါ၊ မမကို သူက လုံးဝ လိုလားတာမှ မဟုတ်ဘဲ"

"သားကိုလဲ အန်တီမျိုးက မချစ်ဘူး"

ဆန်ဆန်က သူ့ရဲ့ခံစားချက်ကို ဝင်ပြောသည်။ ဝင်းမွန်သီက အနီးကပ် မွှေနှောက်မည့်သူတစ်ယောက် ရောက်လာပြီမို့ စိတ်အလွန် ညစ်နေပါပြီ။

ဆန်ဆန်က တစ်ဖက်ခြံက ကိုတူးရောက်လာသဖြင့် ထမင်းစားပြီး ကစားနေသည်။ စောနောင်နှင့် သင်းသင်းအကြောင်းက သူ့ခေါင်းထဲသို့ ဝင်လာပြန်သည်။

"ကိုမောင်မောင်တင့်က သူ့အကူအညီလိုရင် သူ့ဆီလာဖို့ လိပ်စာပေးထားတယ်၊ လိုက်သွားပြီး မေးဦးမယ်၊ ကိုနောင်နဲ့ သင်းသင်းအကြောင်း သူ ဘယ်လောက်သိနေပြီလဲဆိုတာ"

ထိုသို့ စိတ်ကူးပေါက်ပြီး ဆန်ဆန်ကို ကိုတူးနှင့် ထားခဲ့ကာ ဝင်းမွန်သီက မောင်မောင်တင့်အိမ်သို့ ထွက်လာသည်။ သိပ်မရှာလိုက် ရပါ။ မောင်မောင်တင့်ရဲ့အိမ်ကို တွေ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်တွေနှင့် အုပ်ဆိုင်းနေသော ပျဉ်ထောင်အိမ်သေးသေးကို တွေ့သည်။ ခြံရှေ့တွင် ကားရပ်ပြီး ခြံထဲသို့ ဝင်းမွန်သီက လမ်းလျှောက်ဝင်လာသည်။

ပျဉ်ထောင်အိမ်သေးရဲ့ တံခါးက ပိတ်ထားသည်။ တံခါးခေါက်မည်လို့ လက်ကိုရွယ်လိုက်ပြီးမှ အတွင်းက စကားသံကြောင့် လက်ကို ရပ်တန့်လိုက်သည်။

"မောင်မောင်၊ မင်း ဘယ်လိုအချိုးပြောင်းနေတာလဲ"

"ဘာပြောလို့လဲ"

"မမမျိုးလို ငါ့ကို မင်းက လုပ်ချင်နေပြီလား"

"မမမျိုးကို ငါ ဘာလုပ်လို့လဲ"

"ဘာလုပ်လဲဆိုတာ မင်းကိုယ်မင်း အသိဆုံးပေါ့"

ဝင်းမွန်သီက အိမ်ထဲက အမျိုးသမီးရဲ့ အသံကိုကြားဖူးနေသည်။ ဘယ်သူဘယ်ဝါဆိုတာ အမည်ဖော်ပြ၍မရအောင် ဖြစ်နေသည်။

"တွေ့တုန်းတွေ့ခိုက် ရန်မဖြစ်ပါနဲ့ဟာ၊ လာပါ ငါ့အနားကို တိုးစမ်းပါဦး"

အိမ်တွင်းမှာ ဖြစ်ပျက်နေသော အခြေအနေကို ခန့်မှန်းမိပြီး အိမ်ထဲဝင်ရန် မသင့်တော့သည်မို့ ဝင်းမွန်သီက ခြေသံလုံလုံနှင့် နောက်ကြောင်းပြန်လှည့်ခဲ့သည်။





ကားဆီသို့ လျှောက်လာပြီး ကားတံခါးဖွင့်ကာ ကားထဲဝင်လိုက်သည်။ ဝင်းမွန်သီရဲ့ခေါင်းထဲမှာ တွေးတောစရာတွေ အများကြီးပါလာသည်။

"မောင်မောင်တင့်နဲ့ စကားပြောနေတာ ဘယ်သူလဲ"

"အဲဒီမိန်းမကိုကြည့်ရတာ မမမျိုးရဲ့အကြောင်းကို ကောင်းကောင်းသိနေသလိုပဲ"

"ပြီးတော့ မမမျိုးနဲ့ မောင်မောင်တဲ့ရဲ့ ဆက်ဆံရေးကရော ဘယ်လိုလဲ"

တွေးတောစရာ တစ်ပုံတစ်ပင်နှင့်အိမ်သို့ ပြန်လာသည်။ ဘယ်အလုပ်ကိုမှ စိတ်ဝင်တစား မလုပ်နိုင်လောက်အောင် ဝင်းမွန်သီက တွေးစရာတွေ ခေါင်းထဲမှာ ပြည့်နေသည်။

"မောင်မောင်တင့်နဲ့ မမမျိုးတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးက ဘယ်လိုလဲဆိုတာ ငါ သိပ်သိချင်တယ်"

* * *

မောင်မောင်တင့်နှင့် မညိုညည် မမျိုးရှိစဉ်ကတည်းက တစ်ယောက်နှစ်တစ်ယောက် ငြိနေသည်။ မညိုက သူတို့လုပ်ရပ်လုံလုသည်လို့ ထင်ခဲ့သော်လည်း အကင်းပါးသော မမျိုးက ကောင်းကောင်းကြီး ရိပ်စားမိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမျိုးသေဆုံးပြီးနောက် မညိုချက်ချင်းပဲ ဇလပ်မြိုင်ကို ပြန်လာသည်။ မေမျိုးသေဆုံးရခြင်းသည် မရိုးသားဟု သူ့စိတ်ထဲမှာ ထင်သည်။ မေမျိုးသေဆုံးမည့် ညက အခြေအနေတွေကို နောက်တစ်နေ့တွင် ဒေါ်မေရီထံမှာ တီးခေါက်ကြည့်သည်။

"အန်တီမေရီ၊ မမမျိုး မနေ့က ပါတီကို ဘယ်သူနဲ့ပါလာလဲဟင်"

"မောင်မောင်တင့်နဲ့ လာတာလေ၊ မိုက်ကယ်ရဲ့ပါတီမှာ လူတွေများလိုက်တာကွယ် မပြောပါနဲ့၊ မေမျိုးကလဲ မနေ့ညက သိပ်ကိုလှနေတာပဲ"

"မေမျိုးပြန်တော့ရော ဘယ်သူနဲ့အတူ ပြန်သွားလဲဟင်"

"မောင်မောင်နဲ့ပဲပေါ့၊ မညိုမရှိတော့ မောင်မောင်က မေမျိုးကို ဘော်ဒီဂတ် လုပ်ပေးနေတာပေါ့"

ဒေါ်မေရီထံမှာ သိချင်သည့်အကြောင်းအရာများကို သိရပြီး မညိုက မောင်မောင်တင့်အိမ်ကို ထွက်လာခဲ့သည်။ မောင်မောင်တင့်သည် မေမျိုးရဲ့ အသုဘအတွက် မေမျိုးအိမ်မှာ ရှိနေသည်ဆိုတာ သိလျက်နှင့် မောင်မောင်တင့်အိမ်ကို ထွက်ခဲ့ခြင်းပါ။

မောင်မောင်တင့် သူ့အိမ်မှာ မရှိခိုက် သူ့အိမ်ကိုသွား၍ စနည်းနာရန် ဖြစ်သည်။ မောင်မောင်တင့်က အိမ်စောင့်ကောင်လေးတစ်ယောက်ကို အဖော်ပြုပြီးနေသည်မို့ ထိုကောင်လေးနဲ့ တွေ့ရန် ထွက်ခဲ့ခြင်းပါ။





"ကောင်လေးမနေ့ညက မောင်မောင် ဘယ်အချိန် ပြန်ရောက်လဲ"

"ညက နှစ်နာရီလောက် ပြန်ရောက်တယ်"

"ဟုတ်လား၊ မင်း တံခါးဖွင့်ပေးရတာပေါ့"

"ဟုတ်ပါတယ်၊ ဘာဖြစ်လို့မေးတာလဲ မမ"

"ဘာမှ မဟုတ်ပါဘူးကွယ်"

"ကောင်လေးရေ၊ မောင့်မောင့်အခန်းထဲမှာ တို့ရဲ့လက်ကိုင်ပဝါကျန်ခဲ့လို့ ဝင်ယူဦးမယ်နော်"

"ဘယ်တုန်းက ကျန်ခဲ့တာလဲ"

"ဟိုတစ်နေ့ကပါ"

အိမ်ကို တရင်းတနှီး ဝင်ထွက်နေသည့်အထဲမှာ မေမျိုးအပြင် မညိုပါ ရှိနေသည်မို့ ကောင်လေးက ဘာမှ မပြောပါ။ မညိုက မောင်မောင်တင့်ရဲ့အခန်းထဲဝင်ပြီး မွှေနှောက်ရှာသည်။

မေမျိုးသေဆုံးမှုအတွက် မောင်မောင်တင့်ကို မညိုကအလွန်သံသယဖြစ်နေသည်။ မေမျိုးအလောင်းအနားက ရှပ်အင်္ကျီကြယ်သီးတစ်လုံးကို ကောက်ရသည့်အကြောင်းကို ကျင်ကျင်ထံမှ မညိုကသိလိုက်သည်။

မောင်မောင်တင့်ရဲ့ အဝတ်ဗီရိုမှာမညိုက မွှေနှောက်ရှာလိုက်သည်။ ကြယ်သီးတစ်လုံးလွတ်နေသော ရှပ်အင်္ကျီကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင် မောင်မောင်များ မမမျိုးကို တွန်းချသတ်လိုက်တာလား"

မညိုက အတော်လေး ထိတ်ထိတ်လန့်လန့် ဖြစ်သွားသည်။

သေချာပေါက် မပြောနိုင်သော်လည်း ထိုရုပ်အင်္ကျီသည် သက်သေတစ်ခု ဖြစ်နိုင်သည်ကိုသိ၍ အင်္ကျီကိုတိတ်တဆိတ် သူ့ပိုက်ဆံအိတ်ထဲသို့ ထည့်ခဲ့သည်။

မညိုက ရုပ်အင်္ကျီကို သူ့ရဲ့ညီမ မဖြူအိမ်မှာသွားထားပြီး ဇလပ်မြိုင်သို့ပြန်လာသည်။ သူပြန်ရောက်သည့်အချိန်မှာ မောင်မောင်တင့်က ဇလပ်မြိုင်မှာ ရှိမနေတော့ပါ။

မောင်မောင်တင့်က အိမ်ပြန်ရောက်ပြီး အိမ်စောင့်ကောင်လေး ပြောပြ၍ မညိုလာသွားသည်ဆိုတာ သိလိုက်သည်။

"သူဘာလာလုပ်တာလဲ"

"အစ်ကို့ဆီပါ ခဏတဲ့"

"ဇလပ်မြိုင်မှာရှိနေတာ သိလျက်သားနဲ့ သူဒီကိုဘာလာလုပ်တာလဲ"

မညိုမှာ သူ့အကြောင်းကို ရိပ်စားနေမိပြီလားဆိုပြီး မောင်မောင်တင့်ကစိတ်အလွန်ချောက်ချားနေသည်။ မညိုနှင့် နှစ်ယောက်တည်းတွေ့ရန်ကြိုးစားသော်လည်း မေမျိုးအသုဘကိစ္စနှင့် မညိုကမအား၍ တွေ့ခွင့်မရပါ။

မေမျိုးကိစ္စပြီးမှ မညိုနှင့်တွေ့သည်။ မညိုက ဘွင်းဘွင်းပဲသူ့ကို မေးသည်။





"မောင်မောင် မမမျိုးကိုလှေကားပေါ်က မောင်မောင်တွန်းချလိုက်တာမဟုတ်လား"

"မဟုတ်ပါဘူး မညိုရယ်"

"ငါ့မှာ ခိုင်လုံတဲ့ အထောက်အထားရှိနေတယ်၊ နင်မညာနဲ့"

မောင်မောင်တင့်က ညာ၍မရသဖြင့် မညိုကိုအမှန်အတိုင်း ဖွင့်ပြောသည်။

မေမျိုးကို သူတမင်တွန်းချခြင်း မဟုတ်ကြောင်း၊ မတော်တဆဖြစ်သွားကြောင်းကို ပြောပြသည်။

"ဒါနဲ့ မညိုက ဘယ်လိုလုပ်ပြီး မောင်မောင့်ကို ထင်လိုက်တာလဲ"

"ခိုင်လုံတဲ့ အကြောင်းရှိလို့ပါဆို"

"အဲဒါ မောင်မောင်ကိုပြောပြလေ"

"ဟင့်အင်း မပြောဘူး"

မညိုက ရုပ်အင်္ကျီကိစ္စကို ထိန်ဝှက်ထားသည်။ မောင်မောင်တင့်က သူ့ကိုကြွေနေသော မညိုကို ယောကျ်ားမာယာနှင့် အပြတ်ကို သိမ်းသွင်းပါတော့သည်။ မောင်မောင်တင့်ကို နိုင်ကွက်တစ်ခုဖြင့် မညိုက အပိုင်ကိုင်ထားလိုက်သည်။

မျိုးမျိုးမြတ်နဲ့ မောင်မောင်တင့်က ပြန်ဆုံသည့်အခါ မျိုးမျိုးမြတ်အပေါ်မှာ စိတ်ဝင်စားမှုတွေ ပြရသည်။ ဤသည်ကိုမြင်ပြီး မညိုက ခံရပ်နိုင်ဖြစ်သဖြင့် မောင်မောင်တင့်နှင့် စကားများနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ ဝင်းမွန်သီက ရောက်လာပြီး မညီနှင့် မောင်မောင်တင့်တို့ရဲ့ စကားတစ်စွန်းတစ်စကို ကြားသွားသည်။ အိမ်ပြန်ရောက်ပြီး သူကြားခဲ့ရသော ရင်းနှီးဖူးသည့် အသံရှင်ကို ဖော်ထုတ်၍ မရအောင် ရှိနေသည်။

* * *

မေမျိုးကိုမချစ်မနှစ်သက်ဘဲ မေမျိုးရဲ့ဥစ္စာပစ္စည်းကို ချူချင်၍ မောင်မောင်တင့်က မေမျိုးကို ချဉ်းကပ်ခဲ့သည်။ မေမျိုးကို အပိုင်ကြံသော်လည်း မေမျိုးကို သူမရရှိခဲ့ပါ။ တကယ်တမ်းကျ မေမျိုးသည် စောနောင်ကို အပြတ်မကွာရှင်းနိုင်သည်ကို သူတွေ့ရသည်။

ဒါကြောင့် မောင်မောင်တင့်က စောနောင်ကို အလွန်မုန်းနေသည်။

စောနောင်ဒုက္ခရောက်အောင် လုပ်ချင်ပေမယ့် ဘယ်လိုလုပ်ရမှန်းမသိပါ။

မျိုးမျိုးမြတ်ကို သူချဉ်းကပ်ပြန်သည်။ မေမျိုးသေဆုံးရသည်မှာ ရိုးသားပုံမရှိသော အတွေးစကို မျိုးမျိုးမြတ်ရဲ့ ဦးခေါင်းထဲ ထည့်ပေးလိုက်သည်။ ထိုသတင်းက မျိုးမျိုးမြတ်ဆီသို့ ရောက်သွားပြီး ကိုး ကာအကျယ်တဝင့် ဖြစ်လာသည်။





စောနောင်အား မသင်္ကာမှုနှင့် စစ်ဆေးနေသည်ကို သိပြီး မောင်မောင်တင့် အလွန်ပျော်နေသည်။ အမွေတွေအများကြီး ရလိုက်သော ချောချောလှလှ နုနုငယ်ငယ် မျိုးမျိုးမြတ်ကို မောင်မောင်တင့်က မျက်စိကျပြန်သည်။

"မမမျိုးဆီက မရလိုက်တဲ့ ချမ်းသာကြွယ်ဝမှုတွေကို မျိုးမျိုးမြတ်ဆီက ရအောင်ယူရမယ်"

"ဟုတ်တယ်၊ မျိုးမျိုး ငါ့အပေါ် ပစ်ကျသွားအောင် ငါကြိုးစားရမှာပဲ"

အကြံကြီးစွာနှင့် စနစ်တကျစီစဉ်သော မောင်မောင်တင့်ရဲ့ ညွှတ်ကွင်းထဲသို့ မျိုးမျိုးမြတ်က တည့်တည့်ကြီး တိုးဝင်လာသည်။

မျိုးမျိုးမြတ်ကို သူ့လက်ဝယ် အမွေတွေရရှိရေးကို မောင်မောင်တင့် ဉာဏ်နီ၊ ဉာဏ်နက်တွေနှင့် အကြံပေးသည်။ မျိုးမျိုးမြတ်က သူ့ကိုအတော်လေး ချစ်ခင်သက်ဝင်နေသည်မို့ မျိုးမျိုးမြတ်သည် မောင်မောင်တင့် ကြိုးဆွဲရာကသည့် ကြိုးရုပ်ကလေးဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

စောနောင်ပြန်လာသည့်အချိန်ကို မျိုးမျိုးမြတ်က စောင့်ဆိုင်းနေသည်။ စောနောင်ပြန်ရောက်ရောက်ချင်း ဆီး၍တွေ့သည်။

"ဟင်...မျိုးမျိုး ဘယ်တုန်းကရောက်လဲ"

"မနက်ကတည်းကရောက်တာ၊ မျိုးဒီမှာ ခဏလာနေတာ"

"ဪ ဟုတ်လား၊ နေပါ၊ ရပါတယ်"

"မမမေ ပိုင်ဆိုင်ခဲ့တဲ့အိမ်မှာ ကိုစောနောင် ခွင့်မပြုလဲ မျိုးနေခွင့်ရှိပါတယ်"

အပိုင်လိုချင်စိတ်နှင့် ပြောနေသော မျိုးမျိုးမြတ်ကိုတုပြီး စောနောင်က မပြောတော့ပါ။

"နေပါ၊ နေချင်သလောက်နေရတယ်"

"နေတာထက် အရေးကြီးတာပြောမလို့"

"ဘာလဲ ပြောလေ"

"မမမေထားခဲ့တဲ့ အမွေတွေ မျိုးလိုချင်ပြီ"





"အဲဒါ မျိုးမျိုး အသက်နှစ်ဆယ်ပြည့်ရင် တစ်ပြားမှမလျော့ဘဲ ရမှာပါ။ စိတ်ချနေပါ၊ မျိုးမျိုး"

"မျိုးက အခုလိုချင်တာ"

"အခုမှ ဆယ့်ကိုးနှစ်ရှိသေးတာ၊ ဘယ်ရဦးမှာလဲ"

"တစ်နှစ်တည်းနဲ့ ဘာလို့ ကပ်သက်နေရတာလဲ ကိုစောနောင်"

"အဲဒီကိစ္စ ငါနဲ့မဆိုင်ဘူး၊ ရှေ့နေနဲ့ နင့်ဘာသာပြော"

"ကိုစောနောင်က မျိုးကို အမွေတွေ မပေးချင်လို့ တမင်ညစ်နေတာ မဟုတ်လား"

"မဆိုင်တာ မပြောနဲ့၊ နင့်အစ်မရဲ့အမွေကို ငါ လုံးဝ မမက်ဘူး"

"မမက်ရင် ရှေ့နေကို ပြောပေးပေါ့"

"မျိုးမျိုး အသာလွတ်လာပြီး ပြဿနာရှာမနေနဲ့၊ ငါနဲ့မဆိုင်ဘူးလို့ ပြောပြီးသားမဟုတ်လား"

စောနောင်က မျိုးမျိုးမြတ်ကို ဟောက်ပြီး သူ့အခန်းဆီသို့ ထွက်လာခဲ့သည်။ အခန်းထဲသို့ ဝင်လိုက်သည်။

"ဘယ်လိုဟာတွေလဲ မသိဘူး၊ အစ်မကတစ်မျိုး၊ ညီမက တစ်မျိုး၊ အတော်ရှုပ်တယ်"

"ကိုနောင် ဘယ်သူ့ကို ပြောနေတာလဲ"

"ဘယ်သူရှိရမလဲ၊ မျိုးမျိုးပေါ့၊ အမွေကိစ္စကို ပြဿနာရှာနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ရှာနေတာလဲ"

"အသက်နှစ်ဆယ်ပြည့်မှရမယ့် သူ့အမွေကို အခုလိုချင်ပြီတဲ့"

"အဲဒါ ကိုနောင်နဲ့မှ မဆိုင်ဘဲ၊ လွဲထားတဲ့ရွှေနေကို သူပြောရှာမှာပေါ့"

"ကိုယ် အဲလိုပဲ သူ့ကိုပြောလိုက်တယ်၊ တော်တော့်မလွယ်တဲ့ မိန်းကလေး၊ ကပ်ပြီး ဂျီကျနေတယ်"

"ဘာကြောင့် အမွေတွေကို အလောတကြီး လိုနေတာလဲ မသိဘူး၊ သူ့အစ်ကိုကို အဲဒီအကြောင်း ပြောလိုက်ရင် ကောင်းမယ်"

"တော်ပါပြီ မွန်သီရယ်၊ သူတို့နဲ့ မပတ်သက်ချင်ဘူး၊ ခပ်ကင်းကင်းနေတာပဲ ကောင်းတယ်"

မျိုးမြင့်က မကျေနပ်ပြီးတိုင်တန်းသည့်အတွက် သူ အစစ်ခေါ်ခံနေရသည်ကို ဝင်းမွန်သီအား ပြောမပြတော့ပါ။

"မွန်သီကိုပဲ ကိုယ်သနားတယ်၊ ကိုယ်တို့နှစ်ယောက် အေးအေးဆေးဆေး နေရမယ့်အချိန်မှာ ပြဿနာတွေ ရှုပ်နေတယ်"

"ဘာပြဿနာတွေလဲ ကိုနောင်"

"မျိုးမျိုးတို့ မောင်နှမတွေလေ"

"အမှုမှန်ကို မြန်မြန်ပေါ်စေချင်ပါပြီ ကိုနောင်ရယ်"

စိတ်ညစ်နေ သည့်လင့်ယောက်ျားကို အားပေးနှစ်သိမ့်နိုင်စွမ်း မရှိအောင် ဝင်းမွန်သီကလည်း စိတ်ညစ်နေသည်။





"မနက်ဖြန် ရွှေနေနဲ့တွေ့ပြီး ဒီကိစ္စကို အပြတ်ဖြတ်မယ်၊ မျိုးမျိုး နောက်ထပ်လာပြီး ကိုယ့်ကို မနှယ်အောင် လုပ်ရမယ်"

စိတ်ကြည်လင်ခြင်းမရှိသော စောနောင်က ရေချိုးပြီး ခုတင်ပေါ်မှာ လှဲနေလိုက်သည်။ ဝင်းမွန်သီက ဆန်ဆန်နှင့် အဖော်လုပ်ပေးရင်း ဆန်ဆန်အနားမှာပဲ အိပ်လိုက်သည်။

စောနောင်များ လာခေါ်လေမလားလို့ မျှော်လင့်မိသော်လည်း စောနောင်က ပေါ်မလာပါ။

"ငါ့ကို သူ အလေးမထားတော့တာ သေချာပြီ၊ သူ လုံးဝ ဂရုမစိုက်လို့သာ လာမခေါ်တာပေါ့"

ဝင်းမွန်သီက ဝမ်းနည်းစွာနှင့် တွေးနေသည်။ သင်းသင်းကြူနှင့် စောနောင် ငြိစွန်းနေကြပြီလို့ တပ်အပ်တွေးလိုက်သည်။

ဝင်းမွန်သီက ထုံးစံအတိုင်းနံနက်စောစော အိပ်ရာက နိုးသည်။ မျက်နှာသစ် သနပ်ခါးလိမ်းပြီး အောက်ထပ်သို့ ဆင်းခဲ့သည်။ ကျင်ကျင် နံနက်စာ ပြင်နေသည်ကို ကူလုပ်ပေးသည်။

စောနောင်က အိပ်ရာနိုး၊ ရေမိုးချိုးပြီး ထမင်းစားခန်းသို့ လာသည်။

"မွန်သီ ညက သားနဲ့အိပ်တယ် ဟုတ်လား"

"ဟုတ်တယ်၊ သားကို ပုံပြောပြရင်းနဲ့ သားအိပ်တော့ မွန်သီပါ အိပ်ပျော်သွားတယ်"

"ဒီနေ့ညနေ မြဖူး သားကို လာကြည့်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ကိုယ် ဒီနေ့မနက်စာ ထမင်းပြန်မစားဘူး"

ဘာကြောင့်လဲဟု ဝင်းမွန်သီက မမေးတော့ပါ။ မေးလျှင် အဖြေမှန်မရမည့်အတူတူ မမေးတာဘဲ ကောင်းသည်လို့ ယူဆသည်။

စောနောင်သွားပြီးနောက် ဆန်ဆန်ကိုခေါ်ပြီး ဈေးဝယ်ထွက် လာသည်။ ဆန်ဆန်က အပြင်ထွက်ရသဖြင့် ပျော်နေသည်။ ဆန်ဆန် က လမ်းရောက်တော့ အရုပ်ပူဆာ၍ ဆန်ဆန်အတွက် အရုပ်ဝယ် ပေးရန် ရှုပါဝမ်းသို့ သွားသည်။

ရှုပါဝမ်းမှာပဲ ဟင်းချက်ဖွယ်ရာများကိုဝယ်ရန် စိတ်ကူး လိုက်သည်။ ဈေးဝယ်နေစဉ် လုံးဝမမျှော်လင့်ထားသော မညိုနှင့် ဆုံသည်။

"သြော်ငွေးကတော်ကြီး ဈေးလာဝယ်တာလား"

မညိုက ရိုတိုတိုနှင့် မွန်သီကို နှုတ်ဆက်သည်။ မညိုရဲ့ဆက်ဆံ မှုကိုအရေးမစိုက်ဘဲ ဝင်းမွန်သီက ပြန်မေးသည်။

"မညို၊ ခု ဘယ်မှာနေတာလဲ"

"အန်တီမေရီရဲ့အိမ်မှာလေ"

"ဟုတ်လား"

"မျိုးမျိုး အိမ်ပြန်လာနေသလား"

"ဟုတ်တယ်၊ ပြန်လာနေတယ်"





"ဇလပ်မြိုင်မှာ တစ်ချိန်တုန်းက သူနေခဲ့သေးတာပဲ၊ ကိုနောင်နဲ့ ပတ်သက်နေတဲ့သူမို့ နေခွင့်ရှိနေသားပါ"

"သိပ်ပြီးသဘောထားကြီးပြလိုက်တာပေါ့၊ ဒါပေမယ့် မင်း ဘယ်လိုပဲကြိုးစားကြိုးစား မမမျိုးခြေရာကို မှနင်းနိုင်ပါဘူး၊ မင်း အဖြစ်က မတော်တဲ့ဖိနပ်ကို စီးနေတဲ့သူလိုပဲလေ"

မညိုက ဝင်းမွန်သီကို ခပ်နှိမ်နှိမ်လေး မခံချင်အောင် ပြောပြီး ထွက်သွားသည်။ မေမျိုးရဲ့ နေရာမှာ ရောက်နေသည့်သူကို မကျေနပ် သည့်သူတွေထဲမှာ မညိုလည်း ထိပ်ဆုံးကပါပဲ။

မညိုထွက်သွားပြီး ဝင်းမွန်သီက ဖျတ်ခနဲ တစ်စုံတစ်ခုကို သတိရလာသည်။

"ဟာ ...ကိုမောင်မောင်တင့်အိမ်မှာ အသံကြားခဲ့ပြီး ဘယ်သူ မှန်း မဖော်ခဲ့နိုင်တာ မညိုပါလား"

မညိုရဲ့အသံကို မှတ်မိသွားပြီး ဝင်းမွန်သီအတွက် တွေးတော စရာတွေ ရှိလာပြန်သည်။

"မောင်မောင်တင့်နဲ့ မညိုတို့က ဘယ်တုန်းကတည်းက မရှင်းမရှင်း ဖြစ်နေတာလဲ"

"မမမျိုး ရှိတုန်းကတည်းကလား"

"မညိုက ဘာလို့ မျိုးမျိုးကို မလိုမုန်းထား ဖြစ်နေတာလဲ၊ တကယ်လို့ မျိုးမျိုးဟာ သူသိပ်ချစ်နေတဲ့ မေမျိုးရဲ့ ညီမလေး



www.burmeseclassic.com

www.burmeseclassic.com



ဦးနောက်ခြောက်မိုက်မတတ် တွေးသော်လည်း တိကျသော အဖြေကို မရပါ။ ဈေးဝယ်ပြီး ဝင်းမွန်သီက အိမ်ပြန်လာခဲ့သည်။

* * *

မောင်မောင်တင့်နှင့် မျိုးမျိုးမြတ်တို့ ချိန်းတွေ့ကြသည်။ မောင်မောင်တင့်က ပါးနပ်သူပီပီ မျိုးမျိုးမြတ်ကို သူ့အိမ်သို့ မခေါ်ပါ။ လူရှင်းသော စကားသောက်ဆိုင်မှာ တွေ့ကြသည်။

"မျိုးလေးရေ၊ ကိုမောင်တော့ ရည်းစားဘဝက ကျွတ်ချင်ပြီကွာ၊ မျိုးလေးကို ပိုင်ဆိုင်ချင်ပြီ"

"မျိုးကလဲ မောင်နဲ့လက်ထပ်ချင်ပါပြီ၊ ဒါပေမယ့် အမွေတွေက မရသေးတော့ ခက်နေတယ်"

"ကိုစောနောင်ဆီက တောင်းလို့မရဘူးလား"

"သူနဲ့မဆိုင်ဘူး၊ ရွှေနေနဲ့ဆိုင်တာ"

"ကိုမောင်လေ သိပ်ချမ်းသာချင်တယ်ကွာ၊ ကိုမောင်ရဲ့ အစွမ်းအစနဲ့ မျိုးလေးကို ပြည့်ပြည့်စုံစုံ ထားချင်လို့"

မနူးမနပ် စိမ်းဆတ်ဆတ်လေး မျိုးမျိုးမြတ်က ချူပလီတတ်သော မောင်မောင်တင့်ရဲ့စကားများကို အမှန်တကယ် ထင်နေသည်။

"မျိုးလေးကို ကိုမောင်သိပ်ချစ်တယ်"

"မျိုးကလဲ ကိုမောင့်ကို သိပ်ချစ်တယ်"





"ဩော် မျိုးကို မှာထားရဦးမယ်"

"ဘာလဲ ကိုမောင်"

"ကိုမောင်တို့နှစ်ယောက် ချစ်ကြိုက်တာကို ဘယ်သူမှ မသိစေနဲ့ သိလား"

"ဘာပြုလို့လဲဟင်"

"ဖျက်ကြမှာစိုးလို့၊ ကိုမောင်နဲ့ မဝေးချင်ရင် မျိုးလေး သိုသိုသိပ်သိပ် နေရမယ် သိလား"

"အင်းပါ"

"မညိုကိုလဲ ပေးမသိနဲ့၊ တော်ကြာ မျိုးလေးရဲ့အစ်ကိုနားရောက်သွားပြီး ကိုမောင်တို့ကို ခွဲကြလိမ့်မယ်"

"သိပ် မစိုးရိမ်ပါနဲ့ ကိုမောင်ရယ်၊ သူတို့က ဘာအကြောင်းပြချက်နဲ့ ခွဲမှာလဲ"

"ကိုမောင်က မျိုးထက် အသက်အများကြီး ကြီးတော့ သဘောတူမှာ မဟုတ်ဘူးလို့ ကြိုသိနေတယ်"

"မျိုးက ဒီနေ့အထိ မျိုးလုပ်ချင်တာ လုပ်ခဲ့တာပဲ၊ ဘယ်သူမှ တားလို့မရဘူး ကိုမောင်"

"တခြား ကိစ္စတွေမှာဟုတ်တယ် အိမ်ထောင်ရေးမှာ မျိုးကို အလိုလိုက်ချင်မှ လိုက်မှာ ဘယ်သူမှမသိတာ အန္တရာယ်အကင်းဆုံးပါပဲ မျိုးရယ်"



www.burmeseclassic.com

www.burmeseclassic.com



လှည့်ပတ်၍ အယောင်ဆောင်သည့်နေရာမှာ ကျွမ်းကျင်လွန်းသော မောင်မောင်တင့်ကို မျိုးမျိုးမြတ်က မယှဉ်နိုင်ပါ။

မောင်မောင်တင့်နှင့် မျိုးမျိုးမြတ်တို့ ချိန်းတွေ့ပြီး ပြန်ထွက်လာမှ မောင်မောင်တင့်ရဲ့ ကားပေါ်တွင် မျိုးမျိုးမြတ်ကို မညိုက တွေ့လိုက်သည်။

ရိပ်ခနဲကားက ဖြတ်သွားပေမယ့် ကားပေါ်တွင် ပါသွားသော မျိုးမျိုးမြတ်ကို သေချာချာချာတွေ့လိုက်သည်။ မညိုက မောင်မောင်တင့်ကို အစွဲကြီးစွဲနေပြီမို့ ယခုလို တွေ့လိုက်ရတော့မညိုက မခံမရပ်နိုင်အောင် ဖြစ်ပါသည်။

"မောင်မောင်တင့်က ငါ့ကို လွယ်လွယ်နဲ့ ခေါက်လို့ရမယ်ထင်ပြီး လျှော့တွက်တာကို၊ မညိုတို့ ဘယ်လောက်အစွမ်းထက်တယ်ဆိုတာ ပြရဦးမှာပေါ့"

မညိုက အံတကြိတ်ကြိတ်နှင့် ကြုံးဝါးလိုက်သည်။ အမွေတွေ ရယူပိုင်ဆိုင်ရမည့် လှပငယ်ရွယ်သော မျိုးမျိုးမြတ်နှင့် သူ မယှဉ်နိုင်ဘူးဆိုတာ မညိုက သဘောပေါက်သည်။

"မျိုးမျိုးကို သူ အရချင်မှာပဲ၊ ငါ့ကို ကန်ထုတ်ပစ်မှာ သေချာတယ်"

"ဒီတော့ ငါ့ဘက်က လုပ်သင့်တာကို လုပ်ရတော့မယ်"





မောင်မောင်တင့်ကို မညိုက အစွဲကြီးစွဲနေပြီ။ ဘယ်နည်းနှင့်မှ မျိုးမျိုးမြတ်ရဲ့ လက်ထဲကို အပါမခံနိုင်ပါ။ မစားရလျှင် ထိုအမဲကို သဲနှင့်ပက်လိုက်ဖို့ မညို စိတ်ကူးလိုက်သည်။

ဒေါ်မေရီအိမ်တွင် မညိုက အလုပ်ဝင်နေသည်။ ဒေါ်မေရီ အိမ်သို့ ပြန်သည်။ သူ့တာဝန် ဝတ္တရားတွေ မပျက်ကွက်အောင် လုပ်သည်။

*

နေ့ခင်းဘက် ဒေါ်မေရီနားနေသည့်အချိန်မှာ ဝင်းမွန်သီထံ ဖုန်းဆက်သည်။

"ဝင်းမွန်သီ မညိုဆက်တာပါ"

"ဩော် ဘာကိစ္စရှိလို့လဲ မညို"

"မမမျိုးကို ဘယ်သူ လှေကားက တွန်းချတယ်လို့ ဝင်းမွန်သီ ထင်သလဲ"

"ဘယ်သူ့ထင်ရမှန်း မသိပါဘူး၊ တွန်းချတဲ့လူက ကိုနောင် မဟုတ်တာ သေချာတယ်လို့ ထင်တယ်"

"ဟုတ်တယ် ဝင်းမွန်သီ၊ ကိုစောနောင်မဟုတ်ဘူး"

"ဟင် ...ဒါဆို မညိုသိလား၊ ဘယ်သူလဲ"

ဝင်းမွန်သီက အလောတကြီး မေးလိုက်သည်။

"သေသေချာချာတော့ မဟုတ်ဘူး၊ သဲလွန်စတော့ ရှိနေပြီ"

"ဘယ်သူလဲ၊ ဝင်းမွန်သီကို ပြောပြပါ မညို"



www.burmeseclassic.com

www.burmeseclassic.com



"အခု လောလောဆယ် ပြောလို့မဖြစ်သေးဘူး"

"ဘာဖြစ်လို့လဲ"

"သေချာအောင်လုပ်ဦးမယ်"

"ဘယ်လောက်ကြာအောင် စောင့်ရမှာလဲ ဟင်"

"မညိုကို တစ်ရက်အချိန်ပေးပါ၊ မနက်ဖြန်နေ့ခင်း အန်တီမေရီတို့အိမ်ကို လာခဲ့ပါ။ ခြံထဲ ကန်စပ်မှာ တို့စောင့်နေမယ်၊ အိမ်ထဲမဝင်နဲ့နော်၊ အဲ့ဒီကို ဆက်ဆက်လာခဲ့"

မညိုက အချိန်ကိုပါ ပြောပြီး တယ်လီဖုန်းချသွားသည်။ မေမျိုးသေဆုံးရခြင်းရဲ့ တရားခံကို ဝင်းမွန်သီက သိလိုလှပါသည်။

တရားခံသည် စောနောင်မဟုတ်သည့်အတွက် စိတ်မှာ ပေါ့ပါးသွားသည်။

"ကိုနောင်ကို ငါသိပ်ချစ်တယ်၊ အဲ့ဒီအတွက်ကြောင့် ကိုနောင်ဒုက္ခရောက်မှာတို့ မလိုလားဘူး"

"သူ ငါ့အပေါ် သစ္စာမရှိဘဲ ဖောက်ပြန်တာတော့ ငါ့ရဲ့ကံတရားလို့ပဲ သတ်မှတ်ရမှာပဲ"

ထိုနေ့တစ်နေ့လုံး စိတ်တွေ ပျံလွင့်နေသဖြင့် ဘာအလုပ်ကိုမှ ဝင်းမွန်သီက မယ်မယ်ရရ မလုပ်နိုင်ပါ။ တွေးနေငေးနေသည်နှင့် အချိန်ကုန်သည်။

"မမ ဒီနေ့ ဘာဖြစ်နေတာလဲ၊ တစ်ခုခုကို တွေးနေသလိုပဲ"





"ဟုတ်တယ် ကျင်ကျင်"

"ဘာတွေ တွေးနေတာလဲ"

"မမမျိုးသေရတဲ့ ကိစ္စနဲ့ပတ်သက်ပြီးပေါ့"

"ဟာ ...ဒေါ်မေမျိုးဆုံးတာပဲ ကြာလှပြီ၊ အခုမှ ဘာလို့လျှောက်တွေးနေတာလဲ"

"မမျိုးသေဆုံးတဲ့အချိန်မှာ ဒီအိမ်မှာ မမတို့သုံးယောက်အပြင် သူစိမ်းတစ်ယောက် ရှိနေနိုင်မယ်လို့ ထင်လို့"

"မဟုတ်တာ မမရယ်၊ အဲ့ဒီနေ့က ဒေါ်မေမျိုး လိမ့်ကျကျချင်း သူ့အနားကို ကျင်ကျင်တို့ ရောက်ခဲ့တာပဲ၊ သူ့အနားမှာ ဘယ်သူမှ မရှိပါဘူး"

"ပြုတ်ကျခဲ့တဲ့ ကြယ်သီးရဲ့ ပိုင်ရှင်ကို သိချင်လိုက်တာ"

မညိုသည် ထိုကြယ်သီးပိုင်ရှင်ကို သိပုံပေါ်သည်မို့ ဝင်းမွန်သီက တွေးသည်။

"မညို ဘာတွေ ပြောမလဲ၊ ငါသိချင်လှပြီ"

* * *

ထိုနေ့ညနေမှာ ဒေါက်တာမြဖူးက ဆန်ဆန်ကို လာကြည့်သည်။ အိမ်မှာ စောနောင်ရှိမနေပါ။ ဆန်ဆန်ကို စမ်းသပ်ဆေးများပေးပြီး ဒေါက်တာမြဖူးက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆန်ဆန်က တော်တော်ကိုတိုးတက်လာတယ်၊ အဲ့ဒါ ဝင်းမွန်သီ ပြုစုမှုကောင်းလို့ပဲ"

ဝင်းမွန်သီက ပြုံးပြုံးလေးနှင့် ဒေါက်တာမြဖူး ချီးကျူးသည်ကို ခံယူလိုက်သည်။

"စောနောင်ကြီးရော ပြန်မလာသေးဘူးလား"

"ခုတလော သူ အိမ်မှာသိပ်မရှိဘူး၊ ပြီးတော့ တမှိုင်မှိုင် တတွေတွေနဲ့ ဘာဖြစ်နေလဲ မသိဘူး"

"စီးပွားရေးနဲ့ပတ်သက်ပြီး စိတ်ညစ်စရာတွေ ရှိနေတယ် ထင်တယ်"

စောနောင်က ပိတ်ထား၍ မေမျိုးကိစ္စနှင့် စောနောင် အစစ်အဆေးခံပြီး မသင်္ကာမှုနှင့် စွဲချက်တင်ခံရသည်ကို မပြောတော့ပါ။

"မွန်သီကို ဘာမှ ဖွင့်မတိုင်ပင်ဘူး၊ တစ်နေ့တခြား မွန်သီနဲ့ သူ ဝေးဝေးသွားသလို ခံစားနေရတယ် ကိုမြဖူးရယ်"

"သူ့ကိုအထင်မလွဲပါနဲ့ ဝင်းမွန်သီ၊ မင်းကို သူသိပ်ချစ်တယ်၊ မင်းကို လက်ထပ်ခွင့်ရတာ သူ့သိပ်ကံကောင်းတယ်လို့ မကြာမကြာ ပြောတယ်"

ဒေါက်တာမြဖူးကို ပြန်၍မချေပသော်လည်း ဝင်းမွန်သီက ခပ်မဲ့မဲ့လေး ပြုံးလိုက်သည်။

"သူ မွန်သီ့အပေါ် သစ္စာဖောက်နေတာ ကိုမြဖူး မသိဘူးနော်"





"အဲ့ဒီစိတ်ကြောင့် မွန်သီ ရူးမတတ် ခံစားနေရပြီ"

ဒေါက်တာမြဖူးက ဝင်းမွန်သီရဲ့ရင်ထဲက ခံစားချက်ကို မသိဘဲ ရယ်မောပြောဆိုပြီး ပြန်သွားသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

မညိုက မောင်မောင်တင့်နှင့် သွားမတွေ့ခင်မှာ မဖြူရဲ့ လက်ထဲမှာ မောင်မောင်တင့်ရဲ့ရုပ်အင်္ကျီကို ထားသည်။

"မဖြူ ငါပြောတာ သေသေချာချာနားထောင်နော်"

"ပြောပါ မညို"

"တကယ်လို့ မနက်ဖြန် နင့်ဆီကို ငါမလာရင် ဒီရုပ်အင်္ကျီကို ဝင်းမွန်သီကို ပေးလိုက်ပါ"

"ဝင်းမွန်သီဆိုတာ ဘယ်သူလဲ"

"ဒီမှာ သူ့ဖုန်းနံပါတ်၊ သူ့ကိုလာပြီးယူဖို့ ဖုန်းဆက်လိုက်နော်"

"ဟုတ်ကဲ့"

မညိုက ရဲဆေးတင်ပြီး အိမ်မှထွက်လာသည်။ မောင်မောင်တင့်နှင့် ညှိယူမည်။ သူ့ကို မောင်မောင်တင့် လက်ခံလျှင် ရုပ်အင်္ကျီ





ကို ဘယ်သူ့မှ မပေးဘဲ ဖျောက်ဖျက်ပစ်မည်။ အကယ်၍ မောင်မောင်တင့်က အကောက်ကြံလျှင် ထိုရုပ်အင်္ကျီကို ဝင်းမွန်သီထံသို့ ရောက်သွားပြီး ရဲအတွက် သဲလွန်စရမည်မှာ သေချာသည်။ ရုပ်အင်္ကျီ ခေါက်ထဲတွင် မောင်မောင်တင့်ရဲ့ ရုပ်အင်္ကျီဖြစ်သည်ကို ရေးသား ထားခဲ့သည်။

မဖြူကို မှာစရာရှိသည်များမှာပြီး မောင်မောင်တင့်ထံသို့ မညိုက ထွက်လာသည်။ မောင်မောင်တင့်က အိမ်မှာရှိမနေပါ။ ရောက်ရောက်ချင်း သူ့ထံသို့ ဖုန်းဆက်ရန် စာရေးခဲ့သည်။

မောင်မောင်တင့်က အိမ်ပြန်ရောက်လာပြီး မညိုရေးသော စာကို တွေ့သည်။ ချက်ချင်းပင် မညိုကို ဖုန်းဆက်သည်။ မညိုက ဒေါ်မေရီ အပြင်သွား၍ အိမ်မှာတွေ့နိုင်သည်ဆိုပြီး ခြံထဲမှာ ချိန်းလိုက်သည်။

မှောင်ရီပျိုးစအချိန်မှာ မောင်မောင်တင့်က ဒေါ်မေရီရဲ့ခြံကို ရောက်လာသည်။ နှစ်ယောက်သား ခြံထဲမှာ ဆုံကြသည်။

"ကိုမောင်မောင့်ကို အရေးတကြီး ဘာလို့ချိန်းတာလဲ မညို"

"နင်နဲ့ အပြတ်စာရင်းရှင်းမလို့"

"ဘာတွေလဲကွာ"

"နင် ဟန်ဆောင်မနေနဲ့၊ အခု နင် မျိုးမျိုးနဲ့ တွဲနေတယ်၊ မျိုးမျိုးကို လက်ထပ်မလို့ဆိုတာ ငါ သိပြီးပြီ"

"မဟုတ်ပါဘူး မညိုရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မောင်မောင်၊ နင် ညာဖို့မကြိုးစားနဲ့၊ မျိုးမျိုးနဲ့ငါ သိပ်ရင်းနှီးတာ နင် မေ့သွားပြီလား၊ မျိုးမျိုးကို နှစ်ခါ မအစ်လိုက်ရဘူး၊ အားလုံး ငါသိလိုက်ပြီ"

"ဟုတ်ပြီလေ၊ အဲဒီတော့ နင် ဘာဖြစ်ချင်လဲ"

"မျိုးမျိုးနဲ့ကိစ္စကို ဖျက်ပစ်ပြီး ငါ့ကိုပဲ နင်လက်ထပ်ရမယ်၊ ငါ့သဘောကိုလိုက်လျောရင် နင် မမမျိုးနဲ့ ဖြစ်ခဲ့တဲ့ကိစ္စကို ငါ ဖုံးထားလိုက်မယ်"

"မညို၊ နင်က ငါ့ကို ခြိမ်းခြောက်တာလား"

"မဟုတ်ဘူး၊ အပေးအယူလုပ်တာ"

"နေစမ်းပါဦး၊ နင်က ဘာလို့ မမျိုးသေတာနဲ့ပတ်သက်ပြီး သေချာပေါက်ကြီး ငါ့ကို စွပ်စွဲနေရတာလဲ"

"သက်သေ ခိုင်ခိုင်လုံလုံ ရှိလို့ပေါ့"

"အတည်ပေါက်နဲ့ ငါ့ကို နင် မခြိမ်းခြောက်နဲ့ မညို"

"ငါ့မှာ တကယ်ရှိတယ်၊ နင် သေသေချာချာ ပြန်စဉ်းစားပါဦး၊ မမမျိုးကို နင် သတ်လိုက်တုန်းက ရှပ်အင်္ကျီကြယ်သီးတစ်လုံး ကျန်ခဲ့တယ်၊ အဲဒါကို နင် သတိထားမိရဲ့လား"

"မဟုတ်တာတွေ မပြောနဲ့"

မောင်မောင်တင့်ရဲ့ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။ သူ့ကိုယ်သူပင် ရှပ်ကြယ်သီး ပြုတ်သည်ကို မသိလိုက်ပါလား။





"လျှောက်ပြောမနေနဲ့၊ ငါ့အင်္ကျီတွေမှာ တစ်ထည်မှ ကြယ်သီးပြုတ်တာ မရှိဘူး"

"ဟုတ်မှာပေါ့၊ လွှန်ခဲ့တဲ့ အင်္ကျီတွေမှာ ကြယ်သီးပြုတ်တာ မရှိဘူး၊ ကြယ်သီးပြုတ်နေတဲ့အင်္ကျီက ငါ့ဆီမှာ"

"ဟင် ... နင့်ဆီ ဘယ်တုန်းက ရောက်နေတာလဲ"

"ဒီလိုပဲပေါ့၊ နင့်ကို နိုင်လို့ရအောင် နိုင်ကွက်ရှာထားတယ်"

မောင်မောင်တင့်က ဓာချွေးတွေပျံလာသည်။

"အဲဒီအင်္ကျီ ငါ့ကို ပြန်ပေးပါ မညို"

"မပေးနိုင်ဘူး၊ ငါ့ကို လက်မခံရင် နင့်ကို လူသတ်မှုနဲ့ ထောင်ထဲကို ပို့ပစ်မယ်"

"ဒါဆို အဲဒီအင်္ကျီအကြောင်း ဘယ်သူမှ မသိသေးဘူးပေါ့"

"ဟုတ်တယ်၊ တိုးသာဆုတ်သာအောင် နင့်ကို အချိန်ပေးထားတာ"

မောင်မောင်တင့် ခေါင်းထဲမှာ အတွေးတစ်ခု ဝင်လာသည်။ မေမျိုးကို သူသတ်လိုက်သည်ဆိုသည်ကို မညိုတစ်ယောက်သာ သိသည်ပဲ။

"ဟုတ်ပြီ မညိုကို အစဖျောက်လိုက်ရင် ငါ့အကြောင်းတွေ ဘယ်သူမှ သိမှာမဟုတ်ဘူး"

"နင့်ကို မယူရင် ငါ့ကို တကယ် ရဲလက်အပ်မှာလား မညို"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်အိပ်မယ်၊ မစားရတဲ့အမဲ သဲနဲ့ဖက်ရမှာပဲ"

"ကောင်းပြီလေ"

မောင်မောင်တင့်က လျင်မြန်စွာ မညိုရဲ့ ဖက်ပိုးကို တစ်ချက် ရိုက်ချလိုက်သည်။ အမှတ်တမဲ့မို့ မညိုက ထိသွားပြီး မေ့မြောသွားသည်။

မေ့မြောနေသော မညိုကို ရေကန်စပ်သို့ ပွေ့ချီခဲ့သည်။ ဒေါ်မေရီရဲ့အိမ်က အင်းလျားကန်စပ်မှာရှိနေပြီး သူနှင့်မညို ချိန်းတွေ့သည်ကို ဘယ်သူမှ မသိသည့်အတွက် မောင်မောင်တင့်အဖို့ အစစ အရာရာ အဆင်ပြေသွားသည်။

မညိုရဲ့ကိုယ်ကို ရေကန်ထဲပစ်ချလိုက်သည်။ တဖြည်းဖြည်း မညို ရေထဲနစ်သွားသည်ကိုကြည့်ပြီး စိတ်ချလောက်မှ ဒေါ်မေရီခြံကနေ တိတ်တဆိတ် ပြန်ထွက်ခဲ့သည်။

"မှတ်ထား၊ သိပ်ကို လူစွာလုပ်ချင်တဲ့ မိန်းမ၊ ခံရပြီ"

မောင်မောင်တင့်က သူ့အကြောင်းကိုသိနေသော တစ်ဦးတည်းသောသက်သေ မညိုကို နှုတ်ပိတ်လိုက်သည်။

ဒေါ်မေရီက အပြင်ကပြန်လာပြီး မညိုကိုမတွေ့၍ မေးသည်။ အိမ်ကလူတွေက မညို အိမ်ပြန်မလာဘူးဟု ပြောသည်။ အားလုံးက မညို သူ့ညီမထံ ပြန်သည်ထင်နေသည်။

* * *





နောက်တစ်နေ့နံနက်မှာ သူတို့အိမ်ရဲ့ ကန်စပ်မှာ မညိုတစ်ယောက် အလောင်းပေါ်လာသည်။ ခြံစောင့်မာလီကတွေ့ပြီး အပြေးအလွှား လာပြောသည်။

မညိုရဲ့အလောင်းကို ဆေးရုံပို့ပြီးမှ ဒေါ်မေရီက ဝင်းမွန်သီထံသို့ ဖုန်းဆက်လိုက်သည်။

"ဝင်းမွန်သီလား"

"ဟုတ်ပါတယ်"

"အန်တီမေရီ ဆက်တာပါ၊ မောင်စောနောင် ရှိလား"

"အလုပ်ကို ထွက်သွားပါပြီ၊ အန်တီမေရီ ကိစ္စရှိလို့လားဟင်"

"ဝင်းမွန်သီရယ်၊ အန်တီတို့ အရမ်းစိတ်မကောင်း ဖြစ်နေတယ်ကွယ်"

"ဘာဖြစ်လို့လဲ အန်တီ"

"မညိုရယ်၊ မနေ့ညက သူ့ကိုယ်သူ သေကြောင်းကြံလိုက်တယ်"

"ရှင်"

ဝင်းမွန်သီက အလွန်အံ့သြသွားသည်။ ညနေဘက်မှာ မညိုနှင့်တွေ့ရန် ချိန်းထားပြီးဖြစ်သည်။ မညို သူ့ကိုယ်သူ သေကြောင်းကြံခြင်းမှာ မယုံကြည်နိုင်စရာပါပင်။

ဒေါ်မေရီက အဖြစ်အပျက်ကို အားလုံးပြောပြသည်။ မညိုအတွက် စိတ်ထိခိုက်ပြီး ငိုယိုရှင်းပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မနေ့ညက အိမ်မှာမတွေ့တော့ သူ့ညီမဆီ ပြန်သွားတယ် ထင်တာ၊ ဒီနေ့ အလောင်းကို ရေထဲမှာတွေ့မှ အန်တီတို့ အဖြစ်မှန် သိရတယ်ကွယ်"

"မညို သိပ်မိုက်တယ်၊ ဘာအကြောင်းရှိလို့ ဒီလို သူ့ကိုယ်သူ သေကြောင်းကြံတာလဲ မသိပါဘူးကွယ်၊ အခက်အခဲရှိလို့ပြောရင် အန်တီတို့ ကူရှင်းပေးနိုင်တာပေါ့"

"မညိုအတွက် ကျွန်မ စိတ်မကောင်းဖြစ်ရပါတယ် အန်တီ မေရီ"

ဒေါ်မေရီက ပြောပြီး ဖုန်းချသွားသည်။ ဝင်းမွန်သီက တယ်လီဖုန်းနားတွင်ထိုင်ပြီး တုန်လှုပ်ထိတ်လန့်စွာ တွေးနေသည်။

"မညိုက ငါ့ကို တစ်စုံတစ်ခုပြောတော့မှာ၊ မမမျိုးကို သတ်တဲ့ လူသတ်ကောင်ရဲ့ သဲလွန်စကို ပေးခါနီးမှာ ခုလိုသေတာ ရိုးရိုးသားသားမှ ဟုတ်ရဲ့လား"

"မညိုအတွက် စိတ်မကောင်းဘူး၊ ပြီးတော့ သူ့ဆီက ဘာမှ မသိလိုက်ရတာ နှမြောတာပဲ"

တစ်ယောက်တည်းတွေးပြီး ပျောက်သွားသော သဲလွန်စကို နှမြောတသနေသည်။

ဒေါ်မေရီက မညိုရဲ့အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ် ပေးလိုက်သည်။ မဖြူက အစ်မရဲ့အဖြစ်အပျက်ကို လက်မခံနိုင်လောက် အောင် ဖြစ်နေသည်။





မညို အသုဘရက်လည်ပြီး သည့်နေ့မှာ မညို မသေဆုံးမီက မှာခဲ့သောစကားကို သတိရသည်။

"ဟုတ်သားပဲ၊ မညိုက သူပြန်မလာရင် သူပေးခဲ့တဲ့ ရုပ်အကျႌ ကို ဝင်းမွန်သီကိုပေးဖို့ မှာသွားတယ်"

မဖြူကပေါ် အများသတ်မှတ်ချက်ချသလို မညို သူ့ကိုယ်သူ သေကြောင်း ကြံလိုက်သည်လို့ မှတ်ယူလိုက်သည်။ ပေးထားသော တယ်လီဖုန်းနံပါတ်ကို လှည့်လိုက်သည်။

တစ်ဖက်က ဝင်းမွန်သီက ဖုန်းကိုင်သည်နှင့်ဆုံသည်။

"မဝင်းမွန်သီလား"

"ဟုတ်ပါတယ်"

"ကျွန်မ မညိုရဲ့ညီမ မဖြူပါ"

"ဟုတ်လား၊ ဘာကိစ္စရှိလို့လဲဟင်"

"မညိုက ကျွန်မကို ရုပ်အကျႌတစ်ထည် ပေးခဲ့တယ်၊ အဲဒီ ရုပ်အကျႌကို မဝင်းမွန်သီကိုပေးဖို့ မှာသွားတယ်၊ အဲဒါ လာယူမလား"

ရုပ်အကျႌဆိုသော အသံကို ကြားသည်နှင့် ဝင်းမွန်သီက တုန်လှုပ်သွားသည်။

"ကောင်းပါပြီ၊ ကျွန်မ လာခဲ့မယ်၊ ဘယ်ကို လာရမလဲပြောပါ"

မဖြူက သူ့အိမ်သို့ခေါ်သည်။ ဝင်းမွန်သီက မဖြူပေးသော လိပ်စာအတိုင်း ထွက်လာသည်။ နာရီဝက်လောက်ပဲ ကြာလိုက်သည်။ မဖြူအိမ်သို့ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူက ဒီအင်္ကျီကိုပေးပြီး အသေအချာ မှာခဲ့လို့ပါ၊ သူပြန်ရောက်မလာရင် ဒီအင်္ကျီကို မဝင်းမွန်သီကို ပေးခိုင်းတယ်၊ ကျွန်မလဲ သူပြောတာကို ရိုးရိုးသားသားပဲထင်ပြီး ဘာမှ မေးမြန်းခဲ့ဘူး၊ ဒီလိုသာ သေကြောင်းကြံမယ်ဆိုရင် အဲဒီနေ့က သူ့ကို ပြန်မလွှတ်ပါဘူး"

မဖြူက ငိုရှိုက်ရင်း ရှင်းပြသည်။ ဝင်းမွန်သီအတွက် တွေးတောစရာတွေ ရှိနေသည်။

"မညိုက တကယ်ပဲ သူ့ကိုယ်သူ သတ်သေတာ ဟုတ်ပါ့မလား မဖြူ"

မဖြူက အလန့်တကြားနှင့် သူ့ကို ကြည့်နေသည်။

"မဝင်းမွန်သီက ဘယ်လိုထင်လို့လဲ"

"တစ်ယောက်ယောက်ကများ သတ်လိုက်သလားလို့၊ ထင်မိလို့ပါ"

အလောင်းကို စစ်ဆေးပြီး ကြည့်သေးတာပဲ၊ တခြား ဘာဒဏ်ရာမှ မရှိဘူးတဲ့"

မဖြူကို ဝမ်းနည်းကြောင်းပြောပြီး အားပေးနှစ်သိမ့်စကားကိုလည်း ဆိုလိုက်သည်။ ကားထဲသို့ရောက်တော့ ရုပ်အင်္ကျီကိုကြည့်လိုက်သည်။ အင်္ကျီမှာ ကြယ်သီးတစ်လုံး လွတ်နေသည်ပဲ"

ထိတ်လန့်မှုဖြင့် ဝင်းမွန်သီရဲ့လက်တွေ ၊ တဆတ်ဆတ် ခုန်နေသည်။





"ဟင် ... ဒီ ... ဒီအင်္ကျီက မမျိုးအလောင်းနားက တွေ့တဲ့ ကြယ်သီးမျိုးတွေနဲ့ပါလား၊ ပြီးတော့ လည်ပင်းနားက ကြယ်သီးတစ်လုံး မရှိပါလား"

"သေချာပြီ၊ ဒါ လူသတ်ကောင်ရဲ့ အင်္ကျီပဲ"

အင်္ကျီကို ဖြန့်ကြည့်လိုက်သည်။ စာရွက်ခေါက်လေး ကျလာ၍ အလျင်အမြန် ဖြန့်၍ ဖတ်လိုက်သည်။

"မောင်မောင်တင့်ရဲ့ ရုပ်အင်္ကျီ" ဟု ရေးသားထားသည်။

"ဟင် ... ဒါဆို လူသတ်သမားက မောင်မောင်တင့် ဖြစ်နေပြီပေါ့"

"သူ့အင်္ကျီဟုတ်မဟုတ် ငါ သေချာအောင် စုံစမ်းရမယ်"

ဝင်းမွန်သီက မောင်မောင်တင့်ရဲ့အိမ်ကို ကားမောင်းသွားသည်။ အိမ်ရောက်တော့ အစောင့်ကောင်လေးသာရှိသည်။ မောင်မောင်တင့်က ရှိမနေပါ။

ဝင်းမွန်သီအတွက် အခွင့်ကောင်းတစ်ခု ရသွားသည်။ ကောင်လေးကိုပဲ မေးမြန်းလိုက်သည်။

"ကလေး ဒီအင်္ကျီကို မြင်ဖူးလားဟင်"

"ဟာ ... ဒါ ဆရာ့အင်္ကျီက ကြယ်သီးပြုတ်နေလို့၊ အစားပြန်ရှာမရသေးလို့၊ သိမ်းထားရင်းက ပျောက်သွားတယ်၊ အစ်မ ယူသွားတာကိုး"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝင်းမွန်သီက အံကို ကျစ်ခနဲကြိတ်လိုက်သည်။

"တော်တော်ယုတ်မာတဲ့ မောင်မောင်တင့်ပဲ၊ သူက မမမျိုးကို သတ်ပြီး ကိုနောင့်အပေါ်မှာလွှဲချဖို့ ကြံသေးတယ်"

"ကျေးဇူးပဲနော်၊ အစ်မပြန်မယ်"

ဝင်းမွန်သီက ပြန်ဖို့လှည့်အထွက်မှာ အိမ်ထဲသို့ မောင်မောင်တင့်က ဝင်လာသည်။

"ဟင် ... ဝင်းမွန်သီက ဘာလုပ်တာလဲ၊ လက်ထဲက အင်္ကျီက ကိုယ့်အင်္ကျီပါလား"

"သေချာတယ်နော်၊ ရှင့်အင်္ကျီ"

မောင်မောင်တင့်က လွှတ်ခနဲပြောပြီး ပြန်ထိန်းလိုက်သည်။ ထိုအင်္ကျီသည် သူ့ကို ကြိုးစင်ပို့သည့် သက်သေပစ္စည်းပင် မဟုတ်ပါလား။

"မင်းဆီ ဒီအင်္ကျီက ဘယ်လိုရောက်လာတာလဲ"

"ရှင်သိစရာ မလိုပါဘူး"

ဝင်းမွန်သီက ပြောပြီး သူ့အိမ်ပေါ်မှ ဆင်းပြေးရန် ကြံသည်။ ပါးနပ်သော မောင်မောင်တင့်က ဝင်းမွန်သီရဲ့လက်ကို ဖမ်းဆွဲထားသည်။

"ဘာလုပ်တာလဲ၊ ကျွန်မလက်ကိုလွှတ်"

"ငါ့ကို ဘာမှ မဖြေရှင်းဘဲ ဒီလိုပြန်သွားလို့ မရဘူး ဝင်းမွန်သီ"





"ရှင့်မှာ တားပိုင်ခွင့်မရှိဘူး၊ ကျွန်မလက်ကို လွှတ်ပါ"

"ငါ့အကြောင်း မင်း ဘာတွေသိထားလဲ ပြောစမ်း"

"ဘာမှ မသိဘူး"

ဝင်းမွန်သီက လိမ္မာပါးနပ်စွာဖြင့် မုသားသုံးလိုက်သည်။ လူသတ်သမားကို ထိပ်တိုက်ရင်ဆိုင်ရင် အန္တရာယ်များသည်ကို ကြိုတင်တွက်မိသည်။

"ဒါဆို အင်္ကျီပြန်ပေးခဲ့"

"မပေးနိုင်ဘူး"

မောင်မောင်တင့်က အလွန်ဒေါသဖြစ်နေသည့် ဘီလူး သဘက်လို ကြောက်စရာကောင်းသည့် ပုံပေါက်နေသည်။

"ဒီအင်္ကျီကြောင့် လူတစ်ယောက် ကိစ္စတုံးသွားပြီ၊ မင်းရော အဲ့ဒီအထဲမှာ ပါချင်ပြီထင်တယ်"

"ရှင် မညိုကို သတ်လိုက်တယ် ဟုတ်လား"

"ငါ ပိပိရိရိ လုပ်ခဲ့တာကို မင်း ဘယ်လိုသိလဲ"

"ရှင့်အကြောင်းကို သိနေတာ မညိုတစ်ယောက်တည်းပဲ ရှိတာပဲ"

"ဝင်းမွန်သီ၊ မင်း သိပ်ကိုသိနေပါလား"

ဝင်းမွန်သီက ကြောက်သော်လည်း သိနေသည့်အကြောင်းများကို ဒေါသနှင့် လွှတ်ခနဲ ပြောမိပြန်သည်။

"မမမျိုးကို ရှင်သတ်လိုက်တာ မညိုပြောလို့ ကျွန်မသိပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မမျိုးကို ငါမသတ်ဘူး၊ မတော်တဆ တွန်းမိလိုက်တာ"

"ဒါပေမယ့် ရှင့်ကြောင့် မမျိုး သေတာပဲမဟုတ်လား"

ကောင်လေးက ချောင်းနားထောင်ပြီး ကြောက်လန့်လာသည်။

မောင်မောင်တင့်သည် လူသတ်သမားဆိုတာကို သိလိုက်ရပြီး ဝင်းမွန်သီကိုပါ တစ်ခုခုလုပ်မည်ဆိုတာ ကြိုတင်ခန့်မှန်းမိသည်။

"မဖြစ်ဘူး၊ အိမ်နီးနားချင်းတွေကို အကူအညီ တောင်းမယ်"

ခြံထဲက ထွက်ပြေးပြီးအိမ်နီးနားချင်း ယောကျ်ားသုံးလေးယောက်ကို အကူအညီတောင်းပြီး ခေါ်လာသည်။ မောင်မောင်တင့်နှင့် ဝင်းမွန်သီက ဒေါ်သနှင့် တစ်ယောက်နှင့်တစ်ယောက် အချီအချ ပြောနေသည်။

"ဝင်းမွန်သီ၊ နင်က နင်နဲ့မဆိုင်တဲ့ကိစ္စကို စပ်စုချင်တော့ နင့်သေတွင်း နင်တူးတာပဲ"

"ရှင်က ကျွန်မကိုပါ သတ်ဦးမယ်ပေါ့"

"ဟုတ်တယ်၊ သိပ်ပြီးသိနေတဲ့ နင့်ပါးစပ်ကို ပိတ်ရဦးမယ်"

"အနားမတိုးပါနဲ့နော်၊ အော်လိုက်မယ်"

"မအော်နိုင်ခင်မှာပဲ နင်သေရမယ်"

ဝင်းမွန်သီက ကြောက်လန့်တကြားနှင့် ပြေးသည်။ မောင်မောင်တင့်က အတင်းအလိုက်ဖမ်းသည်။

"သူဌေးမယားလုပ်ပြီး အေးအေးမနေချင်တဲ့မိန်းမ နင့်ကို ငရဲပြည်ပို့မယ်"





လူစိတ်ပျောက်ပြီး တိရစ္ဆာန်စိတ်ဝင်နေသော မောင်မောင်တင့်က ဝင်းမွန်သီရဲ့ လည်ပင်းကိုဖမ်း၍ ညှစ်သည်။ ဝင်းမွန်သီက ရုန်းသော်လည်း အားချင်းက မမျှပါ။

လည်ပင်းညှစ်ခံရသည့်အရှိန်နှင့် နာကျင်ပြီး အသက်ရှူကျပ်လာသည်။ ဝေဒနာဆိုးကြောင့် ဝင်းမွန်သီက မောဟိုက်လာသည်။

"ဟိတ်လူ၊ လွှတ်လိုက် လွှတ်လိုက်စမ်း"

မောင်မောင်ကတင့်ကို လှမ်းပြီးအမိန့်ပေးသံနှင့် ဆူညံသံကို ကြားပြီး ဝင်းမွန်သီ သတိလစ်သွားသည်။

"လူသတ်သမားကို ဝိုင်းဖမ်းကြ"

ကောင်လေး အကူအညီခေါ်ခဲ့သော ယောကျ်ားလေးယောက်က မောင်မောင်တင့်ကို ဝင်၍ချုပ်နှောင်ကြသည်။ ဝင်းမွန်သီက မေ့မြောပြီး ကြမ်းပေါ်သို့ ကျသွားသည်"

"ဟာ … ဟိုအမျိုးသမီးကို ကြည့်ဦး၊ အသက်မှ ရှိသေးရဲ့လား"

ဝင်းမွန်သီကို တစ်ယောက်က ပွေ့ထူလိုက်သည်။

"မသေဘူး၊ အသက်ရှူနေသေးတယ်"

"လွှတ်လွှတ်၊ ခင်ဗျားတို့ ဘာလုပ်တာလဲ"

မောင်မောင်တင့်က ဖမ်းချုပ်ထားသည့်လက်မှ အတင်းရုန်းသည်။ ထိုစဉ်မှာ မျိုးမျိုးမြတ်က ရောက်လာသည်။ အိမ်ထဲအရောက်မှာ တွေ့ရသောမြင်ကွင်းကို တအံ့တဩနှင့် ကြည့်နေသည်။

"မျိုးမျိုးရယ် ကိုမောင်ကို ကယ်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



“ရှင်တို့ ဘာလုပ်ကြတာလဲ၊ ကိုမောင့်ကို ဘာလို့ အနိုင်ကျင့်နေရတာလဲ”

“မိန်းကလေး ဒီလူက လူသတ်သမား၊ ဟိုမှာ သူ လည်ပင်းညှစ်လို့ သေတော့မလို့”

မျိုးမျိုးမြတ်က လှမ်းအကြည့် ဝင်းမွန်သီကို တွေ့သွားသည်။ အိမ်စောင့်ကောင်လေးက မျိုးမျိုးမြတ်ကို ရှင်းပြသည်။

“ဆရာက လူတွေ လျှောက်သတ်နေတာ၊ မမညိုကိုလဲ ဆရာသတ်လိုက်တာတဲ့”

“အို ...”

မယုံနိုင်လောက်သည့် စကားများကို ကြားရပြီး မျိုးမျိုးမြတ် လွန်စွာ တုန်လှုပ်သွားသည်။

“သူ့ကို ရဲစခန်းကို ခေါ်သွားမယ်”

“ဟုတ်တယ်”

“ကြိုးတုပ်ထားလိုက်ဦး၊ ဟိုမှာ မေ့နေတဲ့မိန်းကလေးကို သတိရအောင် လုပ်ကြဦး”

“ကိုမောင်၊ ရှင် တကယ်ပဲ လူသတ်ခဲ့ပြီလားဟင်”

မျိုးမျိုးမြတ်က ထိတ်လန့်ဝမ်းနည်းစွာနှင့် မေးသည်။ မောင်မောင်တင့်က မဖြေဘဲ ခေါက်ကြီးကို ငိုက်စိုက်ချထားသည်။ မျိုးမျိုးမြတ်က မေ့နေသော ဝင်းမွန်သီကိုကြည့်ပြီး ဘာလုပ်ရမည်ဆိုတာ ဖျတ်ခနဲ သတိဝင်သည်။





စောနောင်ဆီသို့ ဖုန်းဆက်ပြီး ဆရာဝန်ကိုပါ ခေါ်ခဲ့ဖို့ ပြောသည်။ ဝင်းမွန်သီကို မောင်မောင်တင့်က လည်ပင်းညှစ်သတ်သည့် အကြောင်းကို အတိုချုံးပြောပြသည်။

“မျိုးမျိုး၊ မွန်သီ မသေသေးဘူးဆိုတာ တကယ်လား”

“တကယ်ပါ၊ အမေးအမြန်းထူမနေနဲ့၊ ဆရာဝန်ခေါ်ပြီး ဒီကို မြန်မြန်လာခဲ့”

“အေး အေး၊ အခုချက်ချင်း လာပြီ”

ဝင်းမွန်သီ ဘာကြောင့် မောင်မောင်တင့်ဆီ ရောက်သွားပြီး ယခုလို ဖြစ်ရသည်ကို မတွေးနိုင်ဘဲ ဝင်းမွန်သီအတွက် စိုးရိမ်စိတ်တွေ ဝင်နေသည်။ ကားမောင်းရင်း ဆယ်လူလာနှင့် ဒေါက်တာမြဖူးထံ ဆက်သည်။ မောင်မောင်တင့်အိမ်ကို လိုက်ခဲ့ဖို့ မှာသည်။

“ဒုက္ခပဲ၊ စောနောင်တို့ ဘာတွေဖြစ်ကုန်ပြီလဲ”

ဒေါက်တာမြဖူးကလည်း ချက်ချင်းလိုက်လာခဲ့သည်။

* * *

အိမ်နီးနားချင်တွေ ဝိုင်းဝန်းပြုစုကြသဖြင့် ဝင်းမွန်သီက သတိရလာသည်။ လည်ပင်းက အလွန်နာနေ၍ စကားပြောဖို့ မရသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ရှေ့မှာ ဟိုင်းလပ်(စ်)ကားရှိတယ်၊ အဲဒါနဲ့ အားလုံး ရဲစခန်းကို သွားမယ်၊ ဒီအမျိုးသမီးပါ ခေါ်ခဲ့"

ချက်ချက်ချာချာရှိသော အိမ်နီးနားချင်းက ဦးဆောင်ပြီး စီစဉ်သည်။ မျိုးမျိုးမြတ်က အိမ်မှာစောင့်ကျန်ရစ်ခဲ့သော အိမ်အနားက အမျိုးသမီးကို မှာခဲ့သည်။

"တော်ကြာနေရင် ဦးစောနောင်တို့ ရောက်လာလိမ့်မယ်၊ ဒီက ရဲစခန်းကို လိုက်လာပါလို့ ပြောပေးပါနော်"

"စိတ်ချ ပြောလိုက်မယ်"

မောင်မောင်တင့်ရဲ့ အိမ်စောင့်ကိုပါခေါ်ပြီး ရဲစခန်းသို့ အုပ်စုလိုက်ကြီးထွက်ခဲ့ကြသည်။

* * *





## အခန်း (၂၂)

စောနောင်နှင့် ဒေါက်တာမြဖူးက မောင်မောင်တင့်အိမ်သို့ ရှေ့ဆင့် နောက်ဆင့် ရောက်လာကြပြီး ရဲစခန်းကို ထပ်လိုက်လာသည်။ သူတို့ရောက်သွားသည့်အချိန်တွင် ဝင်းမွန်သီက မောင်မောင်တင့်ကို တိုင်ချက်ဖွင့်နေသည်။

မောင်မောင်တင့်ရဲ့အကျီကို စခန်းမှူးလက်ထဲအပ်ပြီး အကျီအကြောင်းကို ပါးစပ်က ရှင်းပြ၍မရအောင် လည်ပင်းက အစ်ပြီး နာနေသဖြင့် စာဖြင့်ရေးပြသည်။

"မွန်သီ"

ရဲစခန်းသို့ စောနောင်က ရောက်လာပြီး ဝင်းမွန်သီအနားသို့ အပြေးအလွှား ရောက်လာသည်။

"စိုးရိမ်လိုက်ရတာ၊ ဘာတွေဖြစ်နေတာလဲ မွန်သီရယ်"



www.burmeseclassic.com

www.burmeseclassic.com



စောနောင်ကိုတွေ့ရပြီး ဝင်းမွန်သီက အားတက်သရောနှင့် ဖက်တွယ်လိုက်သသည်။ ဝမ်းနည်းစွာနှင့် ငိုသည်။

“ဒေါ်ဝင်းမွန်သီ စိတ်ကိုငြိမ်ငြိမ်ထားပါ၊ အန္တရာယ်ကနေ ခင်ဗျား လွတ်မြောက်ခဲ့ပြီပဲ”

စခန်းမှူးက ရေငုံနှုတ်ပိတ်နေနေသော မောင်မောင်တင့်ကို စစ်ချက်ယူ၍ ဖြေခိုင်းသည်။ လွဲရှောင်၍မရတော့ဘဲ မောင်မောင်တင့်က သူကျူးလွန်ခဲ့သည့် ပြစ်မှုများကို ဖွင့်ဟဝန်ခံသည်။

စခန်းက ကိစ္စများပြီးစီးတော့မှ ဝင်းမွန်သီကို စောနောင်က အိမ်ပြန်ခေါ်လာသည်။

ဒေါက်တာမြဖူးပါ အိမ်သို့ လိုက်လာခဲ့သည်။ မောင်မောင်တင့် အိမ်တွင် ကျန်ရစ်ခဲ့သော ဝင်းမွန်သီရဲ့ကားကို စောနောင်က တပည့်တစ်ယောက်ကိုလွှတ်ပြီး သွားယူခိုင်းသည်။

ဧလပ်မြိုင်ရဲ့ဧည့်ခန်းမှာ အားလုံးထိုင်ကြသည်။ ဒေါက်တာမြဖူးက ဝင်းမွန်သီရဲ့လည်ပင်းကို စမ်းသပ်ကြည့်သည်။ လက်ချောင်းရာများ ထင်းနေသောလည်ပင်းကိုကြည့်ပြီး စောနောင်က စိတ်မကောင်းပါ။

“တော်ပါသေးရဲ့၊ ဟိုကောင်လေးက ဉာဏ်ရှိပြီး အိမ်နီးနားချင်းတွေကို ခေါ်လို့”

“ဟုတ်တယ် စောနောင်၊ နောက် *နှစ်မိနစ်လောက်သာ* နောက်ကျရင် ဝင်းမွန်သီ သေနိုင်တယ်”





ကြောက်လန့်စိတ်တွေ မပြေသေးဘဲ ဝင်းမွန်သီက တရှုပ်ရှုပ်နှင့် ငိုနေသည်။ စောနောင်.၊ ချစ်ဇနီးကို ရင်ခွင်မှာ ပိုက်ထွေးလိုက်သည်။

မျိုးမျိုးမြတ်ကလည်း တရှုပ်ရှုပ် ငိုနေပြန်သည်။

“တိတ်ပါ မျိုးမျိုးရယ်၊ ဖြစ်ပြီးခဲ့တာတွေအတွက် စိတ်မကောင်းဖြစ်မနေနဲ့တော့၊ ဒီလူ့အကြောင်းကို စောစောသိရတာ မျိုးမျိုးကံကောင်းပါတယ်”

“မျိုးက သူ့အတွက် မငိုပါဘူး၊ မမမေ သူ့ကြောင့်သေသွားရတာကို မခံချင်ဘူး၊ ဝမ်းလဲ အရမ်းနည်းတယ်”

“အင်းလေ၊ လူယုတ်မာနဲ့ သွားပတ်သက်မိတော့ မမမျိုးတစ်ယောက် ကိုယ်ကျိုးနည်းရတာပေါ့”

စောနောင်က ပင့်သက်တစ်ခုကို နက်ရှိုင်းစွာချပြီး ပြောသည်။

“ဝင်းမွန်သီက ဒီအတိုင်းဆိုရင် တစ်ရက်နှစ်ရက် စကားပြောလို့ ရမှာမဟုတ်ဘူး၊ အစားအသောက်ကို အရည်လောက်ပဲသောက်နိုင်မှာပါ”

ဒေါက်တာမြဖူးက ကျန်လူများရဲ့ စကားကိုဖြတ်ပြီး ဝင်းမွန်သီအကြောင်းကို ပြောလိုက်သည်။

“ဆေးရုံတင်စရာ လိုသေးလား”

“မလိုပါဘူးကွာ၊ အိမ်မှာ ကောင်းကောင်းပြုစုလိုက်ပါ၊ နေ့တိုင်းငါလာကြည့်ပေးမယ်”



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမြဖူးက ဝင်းမွန်သီသောက်ရမည့်ဆေးတွေကို ဆေးသေတ္တာကနေ ထုတ်ပေးသည်။ ကျင်ကျင်က ဝင်းမွန်သီကို ပြုစုပေးရင်းနှင့် နားထောင်နေသဖြင့် အားလုံးကို သိရှိလိုက်ရသည်။

"မျိုးမျိုးလဲ လိမ်လိမ်မာမာနေနော်၊ မေမျိုး ဘယ်လိုဖြစ်သွားတယ်ဆိုတာ သင်ခန်းစာယူပါ"

"ဟုတ်ကဲ့ ကိုစောနောင်၊ မျိုး လိမ္မာပါတော့မယ်၊ မမမေရဲ့ အဖြစ်တွေကိုကြားရပြီး မျိုး မမမေကို အရမ်းသနားတယ်၊ မောင်မောင်တင့်က တကယ့်ကို လူယုတ်မာပဲ"

မျိုးမျိုးမြတ်က ခံပြင်းစွာ အံတကြိတ်ကြိတ်နှင့် ရှိနေသည်။

လူကိုယူပြီး ငွေကိုပါ အပိုင်စီးချင်သော ကောက်ကျစ်ယုတ်မာသည့် မောင်မောင်တင့် ဥပဒေကပေးသည့်အပြစ်ထက် ထပ်ပြီးတောင် ပေးလိုက်ချင်ပါသေးသည်။

"မျိုး ကိုကြီးဆီ ဖုန်းဆက်ပါရစေ"

"ဆက်ပါ မျိုးမျိုး၊ ကိုမျိုးမြင့် အခုမှ ကိုယ့်အပေါ် သံသယရှင်းမှာပါ"

"မောင်မောင်တင့် ခလောက်ဆန်လို့ ကိုကြီးက ကိုစောနောင်ကို အထင်လွဲတာပါ"

"အေးလေ ထားလိုက်ပါတော့"





မျိုးမျိုးမြတ်က မျိုးမြင့်ထံ ဖုန်းဆက်ပြီး အကျိုးအကြောင်း ရှင်းပြသည်။ ဒေါက်တာမြဖူးက ပြန်သွားသည်။ ဝင်းမွန်သီကို အခန်းထဲသို့ စောနောင်က ပွေ့ချီခဲ့သည်။

"မေမေ၊ မေမေ ဘာဖြစ်လို့လဲ"

ဆန်ဆန်က ငိုမဲ့မဲ့လေးနှင့် နောက်ကပြေးလိုက်လာပြီး မေးသည်။

"မေမေ နေမကောင်းဘူး၊ သား ငြိမ်ငြိမ်နေနော်"

"ဟုတ်ကဲ့ ဖေဖေ"

စောနောင်က ဝင်းမွန်သီကို ခုတင်ပေါ် တင်လိုက်သည်။ ဝင်းမွန်သီကို အဝတ်အစားလဲပေးပြီး အိမ်ရာပေါ် လှဲသိပ်စေသည်။

"မွန်သီ ခဏအိပ်ချင်ရင် အိပ်လိုက်နော်"

စောနောင်က ချစ်လှစွာသောဇနီးကို ကိုယ်တိုင်ပြုစုနေသည်။ ဆန်ဆန်က မျက်နှာငယ်လေးနှင့် ခုတင်ဘေးတွင်ထိုင်ပြီး ဝင်းမွန်သီကို ကြည့်နေသည်။

"ဖေဖေ၊ မေမေ့လည်ပင်းက ဘာဖြစ်တာလဲ"

အညိုအမည်းစွဲနေသော လည်ပင်းကိုကြည့်ပြီး မေးသည်။ သားအမိအရင်း မဟုတ်သော်လည်း အရင်းပမာ တစ်ဦးကိုတစ်ဦး သံယောဇဉ်တွယ်နေသေးသော သူတို့နှစ်ဦးကိုကြည့်ပြီး စောနောင်က ကျေနပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သားလေး ထမင်းစားပြီးပြီလား"

"မစားရသေးဘူး ဖေဖေ"

"ဒါဆို ကျင်ကျင်ကို ကျွေးခိုင်းလိုက်နော်၊ ဖေဖေ မေမေ့ကို ဆေးလိမ်းပေးလိုက်ဦးမယ်"

"ဟုတ်ကဲ့"

ဆန်ဆန်က ပြောစကားနားထောင်ကာ ဝင်းမွန်သီရဲ့အနားမှ ထွက်သွားသည်။ စောနောင်က ဝင်းမွန်သီရဲ့လည်းပင်းမှာ ဒေါက်တာ မြဖူးပေးခဲ့သော ဆေးကိုလိမ်းပေးသည်။

"အရမ်းနာလား မွန်သီ"

ဝင်းမွန်သီက ခေါက်ညိတ်ပြလိုက်သည်။

"တစ်ရက်နှစ်ရက်ဆိုရင် သက်သာသွားမှာ၊ မကြောက်နဲ့နော်"

ဝင်းမွန်သီက ခေါင်းညိတ်ပြီး ဖြေသည်။ စောနောင်က ဝင်းမွန်းသီရဲ့ နဖူးကို ငုံ့နမ်းလိုက်သည်။

"တော်ပါသေးရဲ့ကွာ၊ မွန်သီကို အချိန်မီ ကယ်နိုင်ကြလို့ မွန်သီ တစ်ခုခုများဖြစ်သွားရင် ကိုယ်ရူးမှာ"

စောနောင်ပြောသောစကားသည် ရင်ထဲကစကားမှ ဟုတ်ပါရဲ့လားလို့ ဝင်းမွန်သီက စူးစမ်းမိသောအကြည့်နှင့် ကြည့်နေသည်။

"မွန်သီရယ် နောက်ကိုဆိုရင်လေ တစ်ယောက်တည်း စွတ်ရွတ်ပြီးလျှောက်မလုပ်နဲ့နော်၊ ဘာပဲလုပ်လုပ် ကိုယ့်ကို တိုင်ပင်ပါနော်"





"ဒီလောက် အန္တရာယ်များတဲ့အလုပ်ကို တစ်ယောက်တည်း သွားလုပ်တဲ့ မွန်သီရဲ့သတ္တိကို ကိုယ် တကယ်ချီးကျူးတယ်၊ ဒါပေမယ့် နောက်တစ်ခါ ဒါမျိုးမလုပ်ဘူးလို့ ကိုယ့်ကို ကတိပေးပါ"

စောနောင်က ဝင်းမွန်သီရဲ့လက်ကလေးတွေကို ဆုပ်ကိုင်ပြီး ပြောနေသည်။ ကျင်ကျင်က ဆန်ဆန်ကို ထမင်းကျွေးပြီး ဝင်းမွန်သီ အတွက် ဟောလစ်တစ်ခွက် လာပေးသည်။

"ကဲ ဆေးသောက်ရအောင်နော် မွန်သီ"

ဆေးလုံးကို မနည်းကြီးမျိုချရပြီး ဟောလစ်ကို ခက်ခက်ခဲခဲ သောက်နေသော ဝင်းမွန်သီကို သနားကြင်နာသော မျက်လုံးတွေနှင့် စောနောင်က ကြည့်နေသည်။

ဟောလစ်တစ်ခွက်သောက်ပြီး ဝင်းမွန်သီက လည်ပင်းနာကျင်သွားပြန်သည်။ မောလျှစွာနှင့် ခေါင်းအုံးပေါ်မှာ မှီလိုက်သည်။

"မေမေ မောလားဟင်"

ဆန်ဆန်က ဝင်းမွန်သီကို ယပ်ခတ်ပေးပြီး မေးသည်။ ယပ်ခတ်ပေးနေသော ဆန်ဆန်ရဲ့လက်ကလေးကို ဖမ်းကိုင်လိုက်ပြီး မလုပ်ပေးရန် ဝင်းမွန်သီက တားလိုက်သည်။

"သားလေး ဒီနေ့ည ကျင်ကျင်နဲ့အိပ်နော်၊ မေမေ နေမကောင်းတော့ သားကို ပုံမပြောနိုင်ဘူး"

"ဟုတ်ကဲ့ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



စောနောင်က ဝင်းမွန်သီကို ကလေးတစ်ယောက်လို ပြုစု လိုက်သည်။

စောနောင်ကိုကြည့်ပြီး ရင်ထဲမှာ သံသယတွေ တစ်စွန်းတစ်စ ပြေပျောက်သွားသည်။

"သင်းသင်းကြူနဲ့ ကိုနောင်ကို ငါ အထင်လွဲတာဖြစ်မယ်ထင် ပါရဲ့"

စောနောင်ပေးသော ကြင်နာယုယမှုကို ကြည်နူးစွာ ခံယူ လိုက်သည်။

* * *

မောင်မောင်ရဲ့သတင်းက သူ့ရဲ့အသိုင်းအဝန်းထဲမှာ တစ်မု ဟုတ်ချင်း ပြန့်သွားသည်။ ကောက်ကျစ်ယုတ်မာသော မောင်မောင်တင့် ကို အားလုံးက ဝေဖန်ရှုတ်ချကြသည်။

သတင်းဆိုကြီးကလည်း သူ့ပတ်ဝန်းကျင်မှာ ပြန့်နှံ့သွားသည်။ ဒေါ်မေရီက အကြောင်းစုံကိုသိရပြီး ဝင်းမွန်သီကို နောက်တစ်နေ့မှာ လာကြည့်သည်။

စားသောက်ဖွယ်ရာများ တစ်ပွေ့တစ်ပိုက်နှင့် ရောက်လာသည်။ ဝင်းမွန်သီရဲ့ အိပ်ခန်းထဲသို့တိုင် ဒေါ်မေရီက ရောက်လာသည်။





ဒေါ်မေရီ အခန်းထဲအထိ လာကြည့်၍ ဝင်းမွန်သီက အံ့ဩ နေသည်။ လည်ပင်းက နာနေသော်လည်း မနေ့ကလောက် မဆိုး တော့ပါ။ ဒေါ်မေရီကို အသံအစ်အစ်နှင့် ထိုင်ခိုင်းသည်။

"စကားပြောလို့မရရင် မပြောပါနဲ့ကွယ်"

ဝင်းမွန်သီက သူ့လည်ပင်းကိုကိုင်ပြီး နာသည်လို့ပြောသည်

"ကံကောင်းလို့ပေါ့ ဝင်းမွန်သီရယ်၊ လူယုတ်မာလက်ေ တစ်ခုခုဖြစ်သွားရင် အန်တီတို့ စိတ်ကောင်းမှာမဟုတ်ဘူး၊ မောင်မော တင့်က အဆင့်ရှိသလောက် အချင်းမရှိတဲ့လူပဲ၊ သူ ဒီလော ယုတ်မာလိမ့်မယ်လို့ မထင်ခဲ့ဘူး"

ဒေါ်မေရီက မောင်မောင်တင့်ကို ကောင်းကောင်းကြီး ရှုတ် ဝေဖန်နေသည်။

"ယုံနိုင်စရာမရှိဘူး၊ အတော်ကို ပိရိနိုင်ကြတာပဲ၊ မေမ ကိုယ်ကျင့်တရားကို နိမ့်ကျလွန်းတာ အခုမှပဲ သိရတော့တယ်"

ဒေါ်မေရီက မေမျိုးကို အလွန်ခင်သော်လည်း မေမျိုးရဲ့စာရိ ကိုသိပြီး ရွံမုန်းသွားသည်။

"သေသွားတဲ့လူအကြောင်း မကောင်းမပြောချင်ပါဘူးကွ ဒါပေမယ့် မေမျိုးသိပ်မိုက်တယ်၊ မော်မောင်တင့်ကလဲ အကြော နဲ့ကို ယုတ်မာတယ်"

www.burmeseclassic.com



ဒေါ်မေရီက သူပြောချင်တာတွေကို တရစပ် ပြောနေသည်။ စကားမပြောနိုင်သော ဝင်းမွှန်သီက သူပြောနေသည်ကို နားထောင်နေသည်။

"ဝင်းမွှန်သီ ဆေးရုံပဲကွယ်၊ ကောင်းကောင်းနေမကောင်းတာကို အန်တီမေရီက လျှောက်ပြောနေမိပြီ"

"ရပါတယ် အန်တီ"

"ပြန်လိုက်ဦးမယ်နော်၊ လိုတာရှိရင် ပြောနော်၊ အားမနာနဲ့၊ အန်တီမေရီတို့ကို ဆွေမျိုးလို သဘောထားနော်"

ဒေါ်မေရီက အားပေးစကားပြောပြီး ပြန်သွားသည်။ ဒေါ်မေရီထံမှ ခင်မင်မှုကို ရလိုက်ပြီဆိုတာ ဝင်းမွှန်သီက သိသည်။

ထိုနေ့က ဒေါ်မေရီအပြင် စောနောင်ရဲ့မိတ်ဆွေသုံးလေးဦး ဝင်းမွှန်သီကို လာရောက်ကြည့်သည်။

သူတို့အားလုံးက အရေးတယူ ရှိကြပါလားလို့ ဝင်းမွှန်သီက ကျေနပ်ပီတိဖြာစွာ သိလိုက်ရသည်။

* * *

စောနောင်က ရုံးသွားပြီး အရေးကြီးသော ကိစ္စလောက်သာ လုပ်ပြီး ပြန်လာခဲ့သည်။

"မွှန်သီ နေကောင်းရဲ့လား"





"ကောင်းပါတယ်"

"မွှန်သီ့ကို စိတ်မချတာနဲ့ ကိုယ် ပြန်လာခဲ့တာ"

စောနောင်က အိမ်ထောင်ကျပြီးခါစလို ဝင်းမွှန်သီကို ဂရုစိုက်ကြင်နာမှုတွေ ပေးနေသည်။

"သင်းသင်းကြူနဲ့ ကိုနောင်ကို အထင်လွဲနေတာပါ၊ သင်းသင်းကြူအပေါ်မှာ သူ စိတ်ဝင်စားပြီး ငါ့ကို စိတ်ကုန်ရင် ဒီလို ကြင်နာယုယမှုတွေ ပေးပါ့မလား"

ထိုသို့ အတွေးပေါက်ပြီး ဝင်းမွှန်သီက စိတ်ချမ်းသာနေသည်။ ဒေါက်တာမြဖူးက နေ့တိုင်းလာကြည့်လေသည်။ တစ်ပတ်လောက်အကြာမှာ ဝင်းမွှန်သီ လုံးဝ နေကောင်းသွားပါသည်။

မောင်မောင်တင့်အား တရားရုံးတော်က စစ်ဆေးပြီးအမိန့်ချလိုက်သည်။ သူတစ်ပါးရဲ့ အသက်တွေကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သော မောင်မောင်တင့်က သူ့အသက်နဲ့ အလျော်ပြန်ပေးလိုက်ရပါပြီ။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

ဇလပ်မြိုင်မှာ အုပ်မိုးနေသော မေမျိုးရဲ့အရိပ်မည်းကြီးက လွင့်စဉ်ပျောက်ကွယ်သွားပါပြီ။ သာယာချမ်းမြေ့သော အိမ်ထောင်သည်ဘဝကို ဝင်းမွန်သီက ပြန်ရသော်လည်း သင်းသင်းကြူနှင့်ပတ်သက်သည့် သံသယတွေ တစ်ခါတစ်ခါ ပေါ်လာသည်။

မျိုးမျိုးမြတ်က အမြင်မှန်ရပြီး သူ့ဘဝကို အပြောင်းလဲကြီးပြောင်းလဲလိုက်သည်။ တစ်သက်လုံးက ချစ်ရကောင်းမှန်းမသိသော တူလေးကို ချစ်တတ်လာသည်။

မျိုးမျိုးမြတ်က သူ့ရဲ့အစ်ကိုကြီး မျိုးမြင့်တို့နှင့်အတူ သွားနေသည်။ ဇလပ်မြိုင်မှာ မျိုးမျိုးမြတ်မရှိတော့သဖြင့် ဝင်းမွန်သီတို့ဘဝက ပို၍ လွတ်လပ်နေသည်။

သင်းသင်းကြူက မကြာခဏဆိုသလို ဇလပ်မြိုင်ကို ရောက်လာတတ်သည်။ ဝင်းမွန်သီကို ခင်ခင်မင်မင် ဆက်ဆံသည်။





သင်းသင်းကြူနှင့် စောနောင်တို့ မကြာခဏ အပြင်မှာ အတူသွားလာသည်ဆိုတာကို ဝင်းမွန်သီက သိနေသည်။ မောင်မောင်တင့်ပြောခဲ့သော စကားတွေကို တစ်ခါတလေမှ ပြန်ကြားယောင်ပြီး သံသယစိတ်ကလေးတွေ ဝင်လာတတ်သည်။

*တစ်နေ့မှာ ဆန်ဆန်က တိုးတိုးနှင့် ခြံထဲမှာ ဆော့ကစားရင်း* လိမ့်ကျကာ ခေါင်းပေါက်သွားသည်။ ဝင်းမွန်သီက ဘာလုပ်ရမှန်းမသိအောင် ထိတ်လန့်သွားသည်။

စောနောင်ရုံးသို့ ဖုန်းဆက်သည်။ စောနောင်က အလွန်အရေးကြီးသောကိစ္စနှင့် အပြင်သွားသည်လို့ အတွင်းရေးမှူးမလေးက ပြောသည်။ ဒေါ်တာမြဖူးကို ဖုန်းဆက်ကြည့်ပြန်တော့လည်း ဒေါက်တာမြဖူးက အိမ်မှာရှိမနေပါ။

"ကျင်ကျင်ရေ၊ ဆန်ဆန်ကို မမ ဆေးခန်းတစ်ခုကို သွားပြမယ်၊ ကိုနောင်ဖုန်းဆက်ရင် ပြောလိုက်နော်"

"ဟုတ်ကဲ့ မမ"

ခေါင်းက သွေးတွေထွက်ပြီး အာပြဲငိုနေသော ဆန်ဆန်ကို ချော့မော့ပြီးကားနှင့် ခေါ်သွားသည်။ ရွှေဘုံသာလမ်းက ဆေးခန်းတစ်ခန်းမှာပြသည်။

ဆန်ဆန်ရဲ့ခေါင်းက တော်တော်ကွဲသွားသည်။ ချုပ်ရမည်ဆို၍ ဝင်းမွန်သီက ထုံဆေးဖြင့် ချုပ်ခိုင်းသည်။ ဆန်ဆန်ကို ကုသပြီးတော့ ဆေးခန်းမှ ပြန်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားရဲ့နောက်ခန်း ကူရှင်ပေါ်တွင် ဆန်ဆန့်ကို အိပ်စေပြီး ကားမောင်းထွက်ခဲ့သည်။ ကားမောင်းနေရင်းကနေ မမျှော်လင့်သော မြင်ကွင်းကို ဝင်းမွန်သီက တွေ့လိုက်သည်။

ရတနာဆိုင်တစ်ဆိုင်အတွင်းက စောနောင်နှင့် သင်းသင်းကြူ တို့ ရယ်မောထွက်လာသည်။ သင်းသင်းကြူက စောနောင် ဘာကို ပြောချ၍ သဘောကျသည်မသိ။ ရယ်မောပြီး စောနောင်ရဲ့လက်ကို ဖမ်းဆွဲလိုက်သည်။

ကားမောင်းနေရင်းနှင့် ကြည့်လိုက်သော ဝင်းမွန်သီက စောနောင်ရဲ့လက်မောင်းကို ဖက်လိုက်သည်လို ထင်သည်။

"ဟင် . . . အရေးကြီးတယ်ဆိုတာ ဒါလား"

ရင်ထဲမှာ ရှိရင်းစွဲသံသယက ဟုန်းခနဲထ၍ တောက်သည်။ ဒေါသဖြင့် ခပ်ပြင်းပြင်း အိမ်သို့ပြန်လာခဲ့သည်။

ဆန်ဆန်က ထိတ်လန့်ပြီး တစ်နေ့ခင်းလုံး ငိုယိုနေသည်။ စိတ်ညစ်ရသည့်ကြားထဲ ဆန်ဆန်က ငိုယိုနေသဖြင့် ဝင်းမွန်သီက ဆန်ဆန်ကိုပင် စိတ်ဆိုးချင်နေသည်။

"သားရယ် နာတာ အဲ့လိုငိုနေရင် ပိုဆိုးမှာပေါ့၊ တိတ်တော့ နော်၊ အနာပျောက်ဆေးတိုက်မယ်"

ဆန်ဆန်ကို ဆေးတိုက်ပြီး ချော့မော့သိပ်လိုက်သည်။ ညနေမှာ စောနောင်က အလုပ်မှ ပြန်လာသည်။ ကျင်ကျင်ကဆီးပြောလိုက် သဖြင့် ခေါက်ပေါက်သည်ဆိုတာ သိသွားသည်။





အလောတကြီးနှင့် စောနောင်က ဆန်ဆန့်အခန်းသို့ ဝင်လာသည်။

"မွန်သီ၊ သား ခေါက်ပေါက်လို့ဆို"

"ဟုတ်တယ်"

ဝင်းမွန်သီက လေသံပြတ်ပြတ်နှင့် ပြောသည်။

"သားကို ဘာလုပ်ပေးထားလဲဟင်"

"အခုမှလာပြီး အဖြစ်သဲမနေပါနဲ့ ကိုစောနောင်"

"မွန်သီ ကိုယ့်ကို ဘယ်လို လေသံနဲ့ ပြောတာလဲ"

ဝင်းမွန်သီက အရေးမလုပ်သည့်ဟန်နှင့် ဆန်ဆန်ရဲ့အခန်းမှ ထွက်လာသည်။ စောနောင်က သူ့အနောက်က အတင်းလိုက် လာသည်။

"နေဦး မွန်သီ၊ မင်း ဘာဖြစ်နေတာလဲ"

"ရှင်နဲ့ကွဲမလို့"

"ဘာ . . . ဘာပြောတယ်"

စောနောင်က အထိတ်တလန့် အော်လိုက်သည်။

"မင်းနဲ့သား ဒုက္ခတွေဖြစ်ကြလို့လဲ"

"သားနဲ့ ဘာမှမဖြစ်ဘူး၊ ကျွန်မ ဒေါသဖြစ်နေတာ ရှင့်ကိုပဲ"

"ဘာလို့လဲ မွန်သီ"

"သား ခေါင်းပေါက်တော့ ရုံးကိုဆက်တယ်၊ အရေးကြီးတဲ့ အလုပ်နဲ့ ရှင် အပြင်သွားတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



၆

"အင်းလေ၊ အဲ့ဒါဟုတ်တာပဲ"

"သင်းသင်းကြူနဲ့ လမ်းသလားပြီး ပျော်မြူးနေတာ အရေးကြီးတဲ့ အလုပ်လား"

"ဟာ ... မင်း ဘယ်လိုပြောလိုက်တာလဲ"

"ကြောင်မလိမ်ချင်စမ်းပါနဲ့၊ ရှင်နဲ့သင်းသင်းကြူကို ဆေးခန်းကအပြန် ရွှေဘုံသာလမ်းမှာ တွေ့ခဲ့တယ်"

ဝင်းမွန်သီကို ပါးစပ်အဟောင်းသားနှင့် စောနောင်က ကြည့်နေသည်။

"ရှင် သင်းသင်းကြူကို ခိုးကြောင်ခိုးဝှက် တွဲမနေပါနဲ့၊ ရှင်တို့ လွတ်လွတ်လပ်လပ် လက်ထပ်နိုင်အောင် ကျွန်မ ရှင့်ကို ကွာပေးမယ်"

"မွန်သီ၊ မင်းဘာသာ စွဲချက်တင်ပြီး စီရင်ချက်ချမနေနဲ့၊ ကိုယ်ရှင်းပြတာ နားထောင်ဦး"

"ဟင့်အင်း၊ ရှင်းမပြနဲ့၊ ကျွန်မကို ထပ်ပြီးလိမ်ညာတာ မခံစားနိုင်တော့ပါဘူး ဦးစောနောင်ရယ်၊ ကျွန်မကို အမြန်ဆုံး ကွာရှင်းပေးပါ"

ဝင်းမွန်သီက ဒေါသနှင့်ပြောရင်း ငိုသည်။

"ရှင်တို့နှစ်ယောက်အကြောင်းကို ကျွန်မသိနေတာ ကြာပြီ၊ မပြောချင်လို့ အောင့်အီးနေခဲ့တာ၊ ဒီနေ့တော့ လုံးဝ သည်းမခံနိုင်တော့ဘူး"





ဝင်းမွန်သီက ရင်ထဲမှာ ခံစားချက်တွေပြင်းထန်ပြီး ပေါက်ကွဲစွာ ပြောသည်။

"မွန်သီရယ်၊ ထင်ရာတွေ လျှောက်မပြောနဲ့ကွာ"

"တော်ပြီ ဦးစောနောင်၊ ကျွန်မကို ရှင် ဘာမှ ရှင်းပြမနေနဲ့၊ ရှင့်ကို မယုံဘူး"

ဝင်းမွန်သီက အခန်းထဲသို့ ပြေးဝင်ခဲ့သည်။ ဗီရိုကိုဖွင့်ပြီး အဝတ်အစားအချို့ကို ဆွဲချပြီး ခရီးဆောင်အိတ်ထဲ ထည့်သည်။

"အဲဒါ ဘာလုပ်တာလဲ"

"ဒီအိမ်က ဆင်းမလို့၊ ရှင်နဲ့အတူ မနေနိုင်ဘူး"

"ဇလပ်မြိုင်ကနေ မင်း တစ်ဖဝါးမှ ခွာဖို့မကြိုးစားနဲ့နော် မွန်သီ"

"ကျွန်မစိတ်နဲ့ ကျွန်မကိုယ် လုပ်ချင်တာလုပ်မယ်၊ သစ္စာမရှိတဲ့ ယောကျ်ားကို ကျွန်မ မပေါင်းနိုင်ဘူး"

"လျှောက်ပြောမနေနဲ့၊ ကျင်ကျင်ကြားရင် မရှက်ဘူးလား"

"ရှက်ရမှာက ရှင်ရှင့် ကျွန်မ မဟုတ်ဘူး"

"ခဏနေဦး၊ ဆင်းချင်ရင် ခဏစောင့်"

ဝင်းမွန်သီကို ထိုသို့ပြောပြီး စောနောင်က သင်းသင်းကြူထံသို့ ဖုန်းဆက်လိုက်သည်။ ဒေါသကြီးနေသော ဝင်းမွန်သီက စောနောင် ပြောသည့်စကားကို သေသေချာချာ မကြားလိုက်ပါ။

"မွန်သီနာရီဝက်လောက် သည်းခံပြီး စောင့်ပေးပါ"

www.burmeseclassic.com



"ဘယ်သူ့ကိုမှ မစောင့်နိုင်ဘူး၊ ဒီအိမ်မှာ တစ်မိနစ်တောင် မနေချင်တော့ဘူး သိလား"

"ဒွတ်လုပ်ရင် မင်းကို ကိုယ် အတင်းတားရမှာပဲ မွန်သီ"

"တားရဲရင် တားကြည့်လေ"

"အဲ့ဒီလို မပြောနဲ့၊ သိပ်ကိုတားရဲတယ်"

အခန်းထဲမှ ထွက်နေသော ဝင်းမွန်သီကို စောနောင်က ဖက်တွယ်ဖမ်းချုပ်ထားသည်။

"လွှတ်နော် ဦးစောနောင်၊ ရှင် ခွန်အားကိုးပြီး ကျွန်မကို အနိုင်မကျင့်နဲ့"

"အနိုင်ကျင့်တာ မဟုတ်ဘူး၊ မင်းကို မသွားစေချင်လို့"

ထိုသို့ငြင်းခုန်နေကြစဉ် အိမ်ရှေ့မှ ကားရပ်သံကြားသည်။

"ကဲလာ ဧည့်ခန်းထဲသွားမယ်"

"မလိုက်ဘူး"

"မလိုက်ရင် ပွေ့ချီခေါ်သွားမှာနော်၊ သူများတွေရှေ့ အဲ့ဒီလို လိုက်ရမှာ မရှက်ရင် လုပ်ကြည့်လေ"

စောနောင်က တကယ်လုပ်တော့မည့်ပုံစံနှင့်ပါ။ ဝင်းမွန်သီက သူ့လက်ကို စောနောင်ရဲ့လက်ကနေ စောင့်ရုန်းလိုက်သည်။

"လာခဲ့ အသာတကြည်လိုက်ခဲ့နော်"

စောနောင်နှင့်အတူ ဧည့်ခန်းဆီသို့ လိုက်ခဲ့သည်။





ဧည့်ခန်းတွင် သင်းသင်းကြူနှင့် အမျိုးသားတစ်ယောက်ကို တွေ့ရသည်။

"ကိုစောနောင် ဘာတွေအရေးကြီးလို့ သင်းတို့ကို ခေါ်လိုက်တာလဲ"

"သင်းသင်းနဲ့ လက်ထပ်မယ့်သူကို သူ သိပ်တွေ့ချင်နေလို့ ဒီကို အလည်ခေါ်လိုက်တာ"

"သြော် ဖြစ်ရမယ်၊ ချက်ချင်းလာခဲ့ပါဆိုတော့ သင်းက သန့်သွားတာပဲ"

"မွန်သီရေ သူက ကိုအောင်ခိုင်တဲ့၊ မကြာခင် သင်းသင်းနဲ့ လက်ထပ်တော့မှာ"

"ဟုတ်တယ် ဝင်းမွန်သီ၊ သင်းက လက်ထပ်ပြီးရင် ကိုအောင်နဲ့ စင်ကာပူကို လိုက်သွားတော့မှာပါ"

ဝင်းမွန်သီက သူ အထင်လွဲခဲ့ပါလားဆိုပြီး မျက်နှာပူနေသည်။ သင်းသင်းကြူတို့စုံတွဲက အိမ်မှာ အတော်ကြာအောင် စကားစမြည် ပြောဆိုပြီး ပြန်သွားသည်။

သင်းသင်းကြူတို့ပြန်သွားပြီး ဝင်းမွန်သီက အပေါ်ထပ်သို့ တက်ရန် ဟန်ပြင်သည်။ စောနောင်က သူ့လက်ကို ဖမ်းဆွဲထားသည်။

"နေဦး စာရင်းရှင်းရဦးမယ်"

ဝင်းမွန်သီကို နှစ်ယောက်ထိုင် ဆိုဖာပေါ်မှာ ထိုင်ခိုင်းပြီး သူပါ ဝင်းမွန်သီအနားတွင် ထိုင်လိုက်သည်။

www.burmeseclassic.com



“နေ့ခင်းက မွန်သီတွေ့လိုက်တာ ကိုယ့်ကို သင်းသင်းက အကူအညီတောင်းလို့ လိုက်သွားတာ၊ သူက အောင်ခိုင်အတွက် စိန်လက်စွပ် ဝယ်ပေးချင်လို့ လိုက်ဝယ်ပေးပါဆိုလို့ လိုက်သွားရတယ်”

“အဲဒါ သိပ်အရေးကြီးတဲ့ အလုပ်လား”

“အဲ့ဒါကို သိပ်အရေးကြီးတယ်လို့ ကိုယ် မပြောရပါလား”

“ရုံးကို ဖုန်းဆက်တော့ သိပ်အရေးကြီးတဲ့အလုပ်နဲ့ အပြင်သွားတယ်လို့ ပြောတယ်”

“ဟုတ်တယ်၊ အဲ့ဒါ အရေးကြီးတဲ့ အလုပ်လုပ်ပြီးမှ သင်းသင်းနောက်ကို လိုက်သွားတာ”

ဝင်းမွန်သီက အထင်နှင့် ဇွတ်ထင်ခဲ့သည်မှာ မှားသွားပြီမို့ မအီမလည် မျက်နှာထားနှင့် ရှိနေသည်။

“မွန်သီက ဘာလို့ ဒီလောက် အူတို သဝန်တိုကြောင်နေရတာလဲ၊ ကိုယ် မွန်သီ့ကို သိပ်ချစ်တာကို မသိဘူးလား”

“အထင်လွဲစရာတွေဖြစ်တော့ အထင်လွဲတာပေါ့”

“ကိုယ့်ကို တကယ်ချစ်ရင် မင်း ကိုယ့်ကို ယုံရမှာပေါ့”

“တကယ်ချစ်လို့ သူများနောက် အပါမခံနိုင်တာပေါ့”

“စောစောကများ ဒေါသကြီးနေလိုက်တာ၊ ကိုယ့်ကို စားတော့ဝါးတော့မယ့်အတိုင်းပါ ”





ဝင်းမွန်သီက ရှက်ရယ်ရယ်သည်။ သိပ်ချစ်ကြသူ နှစ်ယောက်ကြားမှာ သံသယဆိုတာ မထားသင့်ကြောင်း ဝင်းမွန်သီက ဆင်ခြင်မိသည်။

“မွန်သီကို ကိုယ် ဘယ်လောက်ချစ်တယ်ဆိုတာ သိသင့်ပါပြီကွာ၊ ကိုယ့်မေတ္တာကို မွန်သီ အထင်သေးတယ်”

“သိပ်ချစ်လို့ သဝန်တိုမိတာ အပြစ်လား ကိုနောင်ရယ်”

“ဟုတ်တယ်၊ အပြစ်မှ အကြီးအကျယ် အပြစ်ပဲ”

စောနောင်က မျက်နှာထားတည်တည်နှင့် မွန်သီကို ပြောသည်။

“ဒါဆို ကိုနောင်က မွန်သီစိတ်ဆိုးခဲ့တာကို ခွင့်မလွှတ်ဘူးပေါ့”

“ကိုယ့်ရဲ့နှလုံးသားကို သက်သေတိုင်ပြီး သိပ်ကိုချစ်ခဲ့တာကို နားမလည်တဲ့ မိန်းမကို ဆုံးမရဦးမယ်၊ လာခဲ့”

ဝင်းမွန်သီကို သူ့ရဲ့ရင်ခွင်ထဲမှာ တင်းတင်းပွေ့ဖက်လိုက်ပြီး

“နောက်ကို ဘာအကြောင်းနဲ့မှ အိမ်ပေါ်ကဆင်းဖို့ မကြိုးစားနဲ့၊ ကိုယ် လုံးဝ ခွင့်မလွှတ်ဘူးနော်”

“ဟုတ်ပါပြီ ကိုနောင်ရယ်၊ မွန်သီ မှားပါတယ်၊ နှလုံးသားကို သက်သေပြုပြီး ချစ်နေတဲ့ယောကျ်ားကို မွန်သီ ဘယ်တော့မှ အထင်မလွဲတော့ပါဘူး”

တစ်ဦးကိုတစ်ဦး နားလည်ခွင့်လွှတ်သော အပြုံးများနှင့်ကြည့်ပြီး ရယ်လိုက်ကြသည်။

ထားဝရလေးစားချစ်ခင်လျက်
မိုးစာလျှန်းဝေ



www.burmeseclassic.com